# ကိုရီးယားနိုင်ငံ၏ အဂတိလိုက်စားမှုဖြစ်နိုင်ခြေ ဆန်းစစ်လေ့လာချက်အား မိတ်ဆက်ခြင်း

## ဥပဒေကြမ်းများ၊ ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများရှိ အဂတိလိုက်စားမှုဖြစ်နိုင်ခြေများအား ဆန်းစစ်လေ့လာလျှော့ချနိုင်စေမည့် နည်းလမ်းအထောက်အကူ

Anti-Corruption & Civil Rights Commission

UNDP
Empowered lives.
Resilient nations.



UNDP ဆိုးလ်မူဝါဒစင်တာ

# ကျေးဇူးတင်လွှာ

ဤစာအုပ်တွင် ပါရှိသည့် နည်းပညာရပ်ပိုင်းဆိုင်ရာ အဓိကအပိုင်းအား ကိုရီးယားသမ္မတနိုင်ငံ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် နိုင်ငံသားအခွင့်အရေးများ ကော်မရှင်၏ <အဂတိလိုက်စားမှု၏ သက်ရောက်မှု ဆန်းစစ်လေ့လာချက်လက်စွဲ > နှင့် ရည်ညွှန်းကိုးကားချက်များအပိုင်းတွင် ဖော်ပြထားသော စာရွက်စာတမ်းများမှ ရယူထားခြင်း ဖြစ်ပါသည်။

**ရေးသားသူအဖွဲ့**

- Mr. Chankyu Kim ၊ အတိုင်ပင်ခံအရာရှိ၊ UNDP ဆိုးလ်မူဝါဒစင်တာ (USPC)
- Ms. Ahjung Lee ၊ မူဝါဒကျွမ်းကျင်ပညာရှင် (USPC)

**အကြံပေး အဖွဲ့**

- Mr. Injong Kim ၊ ညွှန်ကြားရေးမှူး၊ အဂတိလိုက်စားမှုဖြစ်နိုင်ခြေ ဆန်းစစ်ရေးဌာနခွဲ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် နိုင်ငံသားအခွင့်အရေးများကော်မရှင် (ACRC)
- Mr. Euy-Whan Kim ၊ မူဝါဒဆိုင်ရာ အကြံပေးအရာရှိ၊ မူဝါဒနှင့် အစီအစဉ် ပံ့ပိုးမှုဗျူရို (UNDP)
- Mr. Hyeon-woo Seo၊ ဒုတိယညွှန်ကြားရေးမှူး၊ အဂတိလိုက်စားမှုဖြစ်နိုင်ခြေ ဆန်းစစ်ရေးဌာနခွဲ (ACRC)
- Ms. So-yeong Yoon၊ ဒုတိယညွှန်ကြားရေးမှူး၊ နိုင်ငံတကာဆက်ဆံရေးဌာနခွဲ (ACRC)

**တည်း ဖြတ်သည့်အဖွဲ့**

- Ms. Hye-Jin Park ၊ ဆက်သွယ်ရေးနှင့် မိတ်ဖက်ပြုရေး ကျွမ်းကျင်ပညာရှင် (USPC)၊
- Ms. Gichung Lee ၊ မူဝါဒအစီအစဉ်အရာရှိ (USPC)၊
- Ms. Sonheong Jang, မူဝါဒအစီအစဉ်အရာရှိ (USPC)၊
- Ms. Daeun Jung၊ အလုပ်သင် (USPC)၊
- Mr. Doo Hyun Nam၊ အလုပ်သင် (USPC)
- Ms. Kirsty Goodman ၊ အလုပ်သင် (USPC).

## အလှူရှင်မိတ်ဖက်

ဤသုတေသနသည် ကိုရီးယားသမ္မတနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ UNDP ဆိုးလ်မူဝါဒစင်တာ အတွက် ရက်ရောစွာ ပံ့ပိုးကူညီမှုကြောင့် ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ပါသည်။

## သက်ဆိုင်မှုမရှိကြောင်း ရှင်းလင်းချက်

ဤစာအုပ်တွင် ဖော်ပြပါရှိသော အမြင်များသည် စာရေးသူများ၏ အမြင်သာ ဖြစ်ပြီး UNDP အပါအဝင် ကုလသမဂ္ဂအဖွဲ့ သို့မဟုတ် အဖွဲ့ဝင်နိုင်ငံများ၏ အမြင်များကို ကိုယ်စားပြုခြင်း မရှိပါ။ UNDP သည် လူမှုအဖွဲ့အစည်းအတွင်းရှိ လူထုလူတန်းစားအလွှာအားလုံးနှင့် ပူးပေါင်းလက်တွဲကာ အရေးပေါ်အခြေ အနေများကို ခံနိုင်ရည်ရှိသည့်၊ နိုင်ငံသားတိုင်း၏ ဘဝအရည်အသွေးကို တိုးတက်မြင့်မားစေမည့် ဖွံ့ဖြိုးတိုးတက်မှုအား စဉ်ဆက်မပြတ်ရရှိအောင် ဆောင်ရွက်နေသည့် နိုင်ငံများ တည်ဆောက်ရာတွင် ပံ့ပိုးကူညီပေးလျက်ရှိပါသည်။ နိုင်ငံ ပေါင်း၊ နယ်မြေပေါင်း ၁၇၀ ကျော်တွင် လုပ်ငန်းများ ဆောင်ရွက်နေသည့် ကျွန်ုပ်တို့သည် ကမ္ဘာလုံးဆိုင်ရာ အမြင်နှင့် ဒေသန္တရ အသိပညာများကို ပံ့ပိုးပေးနိုင်ပြီး လူများအား စွမ်းဆောင်ရည်မြှင့်တင်ပေးကာ ဘေးဒဏ်ကြံ့ကြံ့ခံနိုင်စွမ်း ရှိသော နိုင်ငံများ တည်ဆောက်နိုင်ရန် ကူညီပေးနေပါသည်။

## စီမံချက်မန်နေဂျာ

Ms. Ahjung Lee၊ UNDP ဆိုးလ်မူဝါဒစင်တာ၊ အီးမေးလ် - ahjung.lee@undp.org

## ဆက်သွယ်ရန်

Copyright ⓒ UNDP
မူပိုင်ခွင့်များအားလုံး ထိန်းသိမ်းထားပါသည်။
ကိုရီးယားသမ္မတနိုင်ငံတွင် ပုံနှိပ်ထုတ်ဝေသည်။

# ဥပဃောဗဇ္ဥ

ကမ္ဘာနှင့်တစ်ဝှမ်းတွင် အုပ်ချုပ်ရေးလုပ်ငန်းစဉ်အားနည်းမှုနှင့် အဂတိလိုက်စားသည့် စနစ်များ အမြစ်တွယ် နေမှုတို့သည် လူသားဖွံ့ဖြိုးမှုအတွက် အဓိကစိန်ခေါ်မှုတစ်ခုအဖြစ် ရှိနေပါသည်။ အဂတိလိုက်စားမှုသည် ဖွံ့ဖြိုးမှုအရင်းအမြစ်များကို အလဟဿ ပြုန်းတီးစေရုံသာမက လူဘောင်အဖွဲ့အစည်းကို ပေါင်းစည်းပေး ထားသော လူမှုရေးဆက်နွယ်မှုများကို ထိခိုက်ယိုယွင်းစေပြီး နိုင်ငံရေးစနစ်အပေါ် ပြည်သူများ၏ ယုံကြည်မှု ကို လျော့နည်းစေပါသည်။ အဂတိလိုက်စားမှုအား ကိုင်တွယ်ဖြေရှင်းရန်အတွက် ထိရောက်သော နည်းလမ်း များကို မရှာဖွေလျှင် ကျွန်ုပ်တို့သည် နိုင်ငံတကာ အသိုင်းအဝိုင်းမှ သဘောတူချမှတ်ထားသော စဉ်ဆက် မပြတ်ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်များ (SDGs) ပြည့်မြောက်အောင် ဆောင်ရွက်နိုင်မည်မဟုတ်ပါ။

ထို့ကြောင့် ဤစာအုပ်တွင် ကိုရီးယားနိုင်ငံရှိ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် နိုင်ငံသားအခွင့်အရေးများ ဆိုင်ရာ ကော်မရှင် (ACRC) ၏ အဂတိလိုက်စားမှုဖြစ်နိုင်ခြေ ဆန်းစစ်လေ့လာချက် (CRA)  အား အဂတိ လိုက်စားမှုတားဆီးကာကွယ်ရေးအတွက် ထိရောက်သော နည်းလမ်းတစ်ခုအဖြစ် နမူနာတင်ပြထားပါသည်။ ၂၀၀၆ခုနှစ်မှစတင်၍ ကိုရီးယားနိုင်ငံတွင် CRA သည် ဥပဒေပြုသည့်လုပ်ငန်းစဉ်အတွင်း စနစ်ကျ၍ ရှင်းလင်း သည့် ဆန်းစစ်လေ့လာမှုမူဘောင်တစ်ခုကို အသုံးပြုခြင်းဖြင့် ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများ အတွင်းရှိ အဂတိလိုက်စားမှုဖြစ်နိုင်ခြေများကို ရှာဖွေဖော်ထုတ်ကာ လျှော့ချပေးနိုင်ရန် အထောက်အကူပြုခဲ့ပါသည်။ ဥပဒေပြုသည့် လုပ်ငန်းစဉ်အတွင်း အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးကို လုပ်ဆောင်လိုသော နိုင်ငံများ သည် CRA နည်းစနစ်အား စံအဖြစ် ထားရှိခြင်းဖြင့် အကျိုးများနိုင်ပြီး တစ်ဖက်တွင်လည်း မိမိနိုင်ငံ၏ အခြေ အနေများနှင့် လိုက်လျောညီထွေဖြစ်အောင် ပြင်ဆင်ပြောင်းလဲမှုများ ပြုလုပ်ရန်လည်း လိုအပ်ပါလိမ့်မည်။ ဤစာအုပ်တွင် CRA နည်းစနစ်နှင့်စပ်လျဉ်းသည့် နည်းပညာပိုင်းဆိုင်ရာ အသေးစိတ်အချက်အလက်များနှင့် အတူ ယင်းအား အသုံးချရန်အတွက် အကြံပြုချက်များအား တင်ပြပေးထားပါသည်
။

၂၀၁၅ခုနှစ်မှစတင်၍ ACRC နှင့် UNDP ဆိုးလ်မူဝါဒစင်တာ (USPC) တို့ ပူးပေါင်းကာ ကိုရီးယားနိုင်ငံ၏ အဂတိလိုက်စားမှုတိုက်ဖျက်ရေး မူဝါဒများနှင့် ရရှိခဲ့သော သင်ခန်းစာများအား  USPC ၏ ဖွံ့ဖြိုးမှုအတွက် အဖြေများ ပူးပေါင်းရှာဖွေခြင်း (DSP) အဂတိလိုက်စားမှုတိုက်ဖျက်ရေးအစီအစဉ်မှတစ်ဆင့် မျှဝေပေးခဲ့ပါ သည်။  DSP အစီအစဉ်အောက်တွင် ပူးပေါင်းဆောင်ရွက်ခဲ့သည့် ပထမကာလ အပိုင်းအခြားအတွင်း  ACRC ၏ အဂတိလိုက်စားမှုတိုက်ဖျက်ရေး လုပ်ဆောင်မှု ဆန်းစစ်ချက် (AIA) အား ဗီယက်နမ်နိုင်ငံသို့ မျှဝေပေး ခဲ့ပါသည်။ ယင်းသို့ မျှဝေပေးခဲ့ခြင်းကြောင့် ဗီယက်နမ်နိုင်ငံ၏ AIA အား ချမှတ်နိုင်ခဲ့ရုံမျှမက  နိုင်ငံတွင်းရှိ ပြည်နယ် ၆၃ ခုစလုံးတွင် ရှေ့ပြေးစမ်းသပ်အကောင်အထည်ဖော်မှုကို အောင်မြင်စွာ ဆောင် ရွက်နိုင်ခဲ့ပါ သည်။ ၂၀၁၈ခုနှစ် ဇန်နဝါရီလတွင် ACRC နှင့် USPC တို့သည် ပူးပေါင်းဆောင်ရွက်မှု၏ ဒုတိယ ကာလ အပိုင်းအခြားကို စတင်ခဲ့ပြီး ကျွန်ုပ်တို့၏ အသိပညာမျှဝေမှုအစီအစဉ်အတွက် CRA အား ရွေးချယ်ခဲ့ ပါသည်။ ACRC ၏ လက်တွေ့လုပ်ဆောင်မှုမှ ရရှိလာသော အသိပညာများအား UNDP ၏ ကမ္ဘာလုံးဆိုင်ရာ ကွန်ရက်၊ နိုင်ငံအဆင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများနှင့် ပေါင်းစပ်လိုက်ခြင်းဖြင့် ကျွန်ုပ်တို့၏ ပူးပေါင်းဆောင်ရွက်မှုသည် မိတ်ဖက်နိုင်ငံများ၏ အဂတိလိုက်စားမှု တိုက်ဖျက်ရေးတွင် ဆန်းသစ်သော အတွေးအကြံ များနှင့် ပြင်းပြသော ဆန္ဒများကို ရရှိစေလိမ့်မည်ဟု မျှော်လင့်ပါသည်။

နောက်ဆုံးအနေဖြင့် ဤစာအုပ်ကို ရေးသားပြုစုနိုင်ရန် ပါဝင်ကူညီပေးခဲ့ကြသော အဖွဲ့အသီးသီးအား ကျေးဇူးတင်ရှိကြောင်း အလေးအနက် ပြောကြားလိုပါသည်။



**Un Jong Pak**
ဥက္ကဋ္ဌ၊ အဂတိလိုက်စားမှု
တိုက်ဖျက်ရေး နှင့်
နိုင်ငံသားအခွင့်အရေးများ



**Balázs Horváth**
ညွှန်ကြားရေးမှူး၊ UNDP
ဆိုးလ်မူဝါဒစင်တာ

# မာတိကာ


အတိုကောက်ဝေါဟာရများစာရင်း ---- 4

၁။ ကိုရီးယားနိုင်ငံ၏ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအတွက် အဖွဲ့အစည်းဆိုင်ရာ မူဘောင်အား မိတ်ဆက်ခြင်း

- ကိုရီးယားနိုင်ငံ၏ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေများနှင့် အဖွဲ့အစည်းများအကြောင်း အကျဉ်းချုပ် တင်ပြခြင်း ---- 6
- အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် နိုင်ငံသားအခွင့်အရေးများကော်မရှင် (ACRC) အကြောင်း ---- 7
- ကိုရီးယားနိုင်ငံ၏ အဂတိလိုက်စားမှုဖြစ်နိုင်ခြေ ဆန်းစစ်မှု (Corruption Risk Assessemnt – CRA) ကို ပြုလုပ်နိုင်ရန် အားပေးထောက်ကူသော ပတ်ဝန်းကျင် ---- 10

၂။ အဂတိလိုက်စားမှုဖြစ်နိုင်ခြေ ဆန်းစစ်လေ့လာချက်

- အကျဉ်းချုပ်တင်ပြချက် ---- 12
- CRA နည်းလမ်း၏ အကျိုးကျေးဇူးများ ---- 14

၃။ ကိုရီးယားနိုင်ငံ၏ CRA နည်းစနစ်နှင့် စီမံဆောင်ရွက်မှုများ

- CRA ကို အထောက်အပံ့ပြုထားသည့် ဥပဒေရေးရာအခြေခံ ---- 18
- CRA မှ လွှမ်းခြုံသည့် အတိုင်းအတာ ---- 20
- CRA စံသတ်မှတ်ချက်များနှင့် ဆန်းစစ်လေ့လာရာတွင် စစ်ဆေးရမည့် အရာများစာရင်း (Checklists) ---- 23
- မကြာခဏမေးလေ့ရှိသော မေးခွန်းများ ---- 43

၄။ အက်ဥပဒေများနှင့် လက်အောက်ခံဥပဒေများ၊ အုပ်ချုပ်ရေး စည်းမျဉ်းများအတွက် ဆောင်ရွက်သော CRA

- အက်ဥပဒေနှင့် လက်အောက်ခံဥပဒေ မူကြမ်းများအား ဆန်းစစ်ခြင်း ---- 50
- တည်ဆဲ အက်ဥပဒေနှင့် လက်အောက်ခံဥပဒေများအား ဆန်းစစ်ခြင်း ---- 53
- အုပ်ချုပ်ရေးစည်းမျဉ်းမူကြမ်းများ ဆန်းစစ်ခြင်း ---- 55
- ပြဋ္ဌာန်းထားသော အုပ်ချုပ်ရေးစည်းမျဉ်းမူကြမ်းများ ဆန်းစစ်ခြင်း ---- 56

၅။ စည်ပင်သာယာ စည်းမျဉ်းစည်းကမ်းများအတွက် ဆောင်ရွက်သော CRA

- စည်ပင်သာယာစည်းမျဉ်းစည်းကမ်းမူကြမ်းများအား ဆန်းစစ်ခြင်း ---- 58
- ပြဋ္ဌာန်းထားသော စည်ပင်သာယာစည်းမျဉ်းစည်းကမ်းမူကြမ်းများအား ဆန်းစစ်ခြင်း ---- 60
- စည်ပင်သာယာစည်းမျဉ်းစည်းကမ်းများအား ACRC ၏ ဆန်းစစ်ချက် ---- 61

၆။ ပြည်သူ့ဝန်ထမ်းအဖွဲ့အစည်းများ၏ စည်းမျဉ်းစည်းကမ်းများနှင့် နည်းဥပဒေများအတွက် ဆောင်ရွက်သော CRA

- စည်းမျဉ်းစည်းကမ်းများနှင့် နည်းဥပဒေများအား ဆန်းစစ်ချက် ---- 64

၇။ CRA ကို စတင်မိတ်ဆက်ကျင့်သုံးရန်အတွက် မဟာဗျူဟာကျ ချဉ်းကပ်ဆောင်ရွက်နည်းများ - ရွေးချယ်ရန် နည်းလမ်းများနှင့် ထည့်သွင်းစဉ်းစား ရန် အချက်များ ---- 67

Annex [1]

- နောက်ဆက်တွဲစာတမ်း ၁ - အက်ဥပဒေများနှင့် လက်အောက်ခံဥပဒေများအတွက် CRA ဆန်းစစ်ချက်ပုံစံများနှင့် လမ်းညွှန်များ ---- 74
- နောက်ဆက်တွဲစာတမ်း ၂ - စည်ပင်သာယာစည်းမျဉ်းစည်းကမ်းများအတွက် ကနဦး CRA ဆန်းစစ်ချက် ဆောင်ရွက်ရန် အထောက်အကူများ ---- 91
- နောက်ဆက်တွဲစာတမ်း ၃ - စည်ပင်သာယာစည်းမျဉ်းစည်းကမ်းများအတွက် အသေးစိတ် CRA ဆန်းစစ်ချက် ဆောင်ရွက်ရန် အထောက်အကူများ ---- 92
- နောက်ဆက်တွဲစာတမ်း ၄ - စည်ပင်သာယာစည်းမျဉ်းစည်းကမ်းများအတွက် ရလဒ်များ အသိပေးအကြောင်းကြား သည့် ပုံစံ ---- 93
- နောက်ဆက်တွဲစာတမ်း ၅ - စည်းမျဉ်းများနှင့် နည်းဥပဒေများအတွက် ကနဦး CRA ဆန်းစစ်ချက် ဆောင်ရွက်ရန် အထောက်အကူများ ---- 94
- နောက်ဆက်တွဲစာတမ်း ၆ - စည်းမျဉ်းများနှင့် နည်းဥပဒေများအတွက် အသေးစိတ် CRA ဆန်းစစ်ချက် ဆောင်ရွက် ရန် အထောက်အကူများ ---- 95
- နောက်ဆက်တွဲစာတမ်း ၇ - စည်းမျဉ်းများနှင့် နည်းဥပဒေများအတွက် ရလဒ်များ အသိပေးအကြောင်းကြား သည့် ပုံစံ ---- 96
- နောက်ဆက်တွဲစာတမ်း ၈ - CRA အတွက် အကြံဉာဏ်များ တောင်းခံခြင်း ---- 97
- နောက်ဆက်တွဲစာတမ်း ၉ - အဂတိလိုက်စားမှုဖြစ်နိုင်ခြေ ဆန်းစစ်ချက် ဆောင်ရွက်ရန် လမ်းညွှန်များ ---- 98


[1] The templates in Annex 1-7 are taken from the “Operational Guidelines for Corruption Risk Assessment” described in Annex 8.

# အတိုကောက်ဝေါဟာရများစာရင်း

| | |
|---|---|
| ACRC | Anti-Corruption and Civil Rights Commission<br>အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် နိုင်ငံသားအခွင့်အရေးများ ကော်မရှင် |
| KICAC | Korea Independent Commission Against Corruption<br>ကိုရီးယားနိုင်ငံ သီးခြား လွတ်လပ်သော အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် |
| PPO | Public Prosecutors’ Office<br>အစိုးရရှေ့နေများရုံး |
| BAI | Board of Audit and Inspection<br>စာရင်းစစ်ခြင်းနှင့် စစ်ဆေးခြင်းဘုတ်အဖွဲ့ |
| POA | Prosecutors’ Office Act<br>အစိုးရရှေ့နေများရုံး အက်ဥပဒေ |
| KOFIU | Korea Financial Intelligence Unit<br>ကိုရီးယားနိုင်ငံ ငွေရေးကြေးရေး ထောက်လှမ်းရေးအဖွဲ့ |
| CPA | Criminal Procedure Act<br>ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ |
| CAAC | Central Administrative Appeals Commission<br>အဂတိလိုက်စားမှု တားဆီးကာကွယ်ခြင်းနှင့် အုပ်ချုပ်ရေးဆိုင်ရာ အယူခံမှုများ ဗဟိုကော်မရှင် |
| CPI | Corruption Perceptions Index<br>အဂတိလိုက်စားမှုဆိုင်ရာ သဘောထားအမြင်များ အညွှန်းကိန်း |
| CRA | Corruption Risk Assessment<br>အဂတိလိုက်စားမှုဖြစ်နိုင်ခြေ ဆန်းစစ်လေ့လာချက် |
| AIA | Anti-Corruption Initiative Assessment<br>အဂတိလိုက်စားမှုတိုက်ဖျက်ရေး လုပ်ဆောင်မှု ဆန်းစစ်ချက် |
| MP | Members of the Parliament<br>လွှတ်တော်ကိုယ်စားလှယ် |
| MOLEG | Ministry of Government Legislation<br>အစိုးရဥပဒေပြုရေးဝန်ကြီးဌာန |

၁။

# ကိုရီးယားနိုင်ငံ၏ အဂတိလိုက်စားမှု တိုက်ဖျက်ရေးအတွက် အဖွဲ့အစည်းဆိုင်ရာ မူဘောင်အား မိတ်ဆက်ခြင်း

# ၁။ ကိုရီးယားနိုင်ငံ၏ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအတွက် အဖွဲ့အစည်းဆိုင်ရာမူဘောင်အား မိတ်ဆက်ခြင်း

## ၁ - ကိုရီးယားနိုင်ငံ၏ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေများနှင့် အဖွဲ့အစည်းများအကြောင်း အကျဉ်းချုပ် တင်ပြခြင်း

၁၉၆၀ပြည့်လွန်နှစ်များမှ ၁၉၈၀ ပြည့်လွန်နှစ်များအထိ စက်မှုလုပ်ငန်းများ လျှင်မြန်စွာ တည်ထောင်ခဲ့သည့် ကာလအတွင်း ကိုရီးသားသမ္မတနိုင်ငံသည် အဂတိလိုက်စားမှုကို များစွာ အလေးမထားခဲ့ပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်ကိုသာ များစွာ အားထုတ်လုပ်ဆောင်ခဲ့ပါသည်။ သို့သော် ကိုရီးယားနိုင်ငံ၏ စီးပွားရေးကို အကြီးအကျယ်ထိခိုက်စေခဲ့သည့် ၁၉၉၇-၁၉၉၈ခုနှစ် အာရှစီးပွားရေးအကျပ်အတည်း ဆိုက်ရောက်ခဲ့ပြီးနောက်တွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးသည် ထိပ်တန်းအမျိုးသားဦးစားပေးကိစ္စရပ်တစ်ခု ဖြစ်လာခဲ့ပါသည်။ ထိုအကျပ်အတည်းကို ဆိုက်ရောက်စေခဲ့သည့် အကြောင်း အချက်များထဲတွင် စီးပွားရေး၊ လူမှုရေးနှင့် နိုင်ငံရေးကဏ္ဍများတွင် နေရာအနှံ့ဖြစ်ပေါ်ကာ အမြစ်တွယ်နေသည့် အဂတိ လိုက်စားမှုလည်း ပါဝင်ကြောင်းကို နိုင်ငံသားများ သိရှိလာခဲ့ပြီး အစိုးရအား အဂတိလိုက်စားမှုဆိုင်ရာ စိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းရန်အတွက် နိုင်ငံရေးနှင့် အဖွဲ့အစည်းဆိုင်ရာအရ လုပ်ဆောင်သင့်သည်များကို လုပ်ဆောင်ရန် တိုက်တွန်းခဲ့ကြပါသည်။

ထိုအတွက်ကြောင့် ၂၀၀၁ ခုနှစ်တွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေးအက်ဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး ကိုရီးယားနိုင်ငံ သီးခြား လွတ်လပ်သော အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် (သို့မဟုတ် KICAC) ကို ကိုရီးယားနိုင်ငံ၏ အမျိုးသားအဆင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး အဖွဲ့အစည်းတစ်ခုအဖြစ် ၂၀၀၂ခုနှစ်၊ ဇန်နဝါရီလတွင် တည်ထောင်ခဲ့ပါသည်။ ထို့ပြင် ကိုရီးယားနိုင်ငံသည် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေ (သတ်မှတ်ထားသော ငွေကြေးလွှဲပြောင်းမှုဆိုင်ရာ သတင်း အချက်အလက်များကို သတင်းပို့ခြင်းနှင့် အသုံးပြုခြင်းဆိုင်ရာ အက်ဥပဒေ) ကိုလည်း ၂၀၀၁ခုနှစ်၊ စက်တင်ဘာလတွင် ပြဋ္ဌာန်းခဲ့ပြီး အဆိုပါဥပဒေနှင့်အညီ ၂၀၀၁ခုနှစ်၊ နိုဝင်ဘာလတွင် ကိုရီးယားနိုင်ငံ ငွေရေးကြေးရေး ထောက်လှမ်းရေးအဖွဲ့ (KOFIU) ကို ဖွဲ့စည်းခဲ့ပါသည်။

KICAC သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး နည်းလမ်းများကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ အမျိုး သားအဂတိလိုက်စားမှုတိုက်ဖျက်ရေးမူဝါဒများကို ရေးဆွဲခြင်းနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း၊ ဥပဒေဆိုင်ရာနှင့် အဖွဲ့အစည်းစနစ်ဆိုင်ရာ မူဘောင်များကို ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ခြင်း၊ အဂတိလိုက်စားမှုကို တိုင်းတာခြင်း၊ အဂတိ လိုက်စားမှုတိုက်ဖျက်ရေး သင်တန်းအစီအစဉ်များကို ကျင်းပခြင်းတို့ ပါဝင်ပါသည်။ ၂၀၀၃ခုနှစ်၊ မေလတွင် နိုင်ငံတော် သမ္မတ၏ အမိန့်ဒီကရီဖြင့် ပြဋ္ဌာန်းခဲ့သော ပြည်သူ့အရာထမ်းများအတွက် ကျင့်ဝတ်အား အကောင်အထည်ဖော်မှုကို လည်း စောင့်ကြည့်လေ့လာခဲ့ပါသည်။ ထို့ပြင် အဂတိလိုက်စားမှုများကို သတင်းပို့မှုများအား လက်ခံခြင်းနှင့် ကိုင်တွယ်ခြင်း၊ သတင်းပို့တိုင်ကြားသူများကို ကာကွယ်စောင့်ရှောက်ခြင်းနှင့် ဆုချခြင်းများကဲ့သို့သော တုံ့ပြန်ဆောင်ရွက်မှုများကိုလည်း ဆောင်ရွက်ခဲ့ပါသည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေအရ ကိုရီးယားနိုင်ငံတွင် KICAC သည် အဓိကအားဖြင့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး လုပ်ငန်းများကို ဆောင်ရွက်ပြီး စုံစမ်းစစ်ဆေးနိုင်သည့် အခွင့်အာဏာများကို အစိုးရ ရှေ့နေများရုံး (Public Prosecutors Office - PPO)၊ ရဲတပ်ဖွဲ့နှင့် စာရင်းစစ်ခြင်းနှင့် စစ်ဆေးခြင်းဘုတ်အဖွဲ့ (Board of Audit and Inspection - BAI) တို့ထံ အပ်နှင်းထားပါသည်။

PPO ၏ အဂတိလိုက်စားမှုများအပါအဝင် ရာဇဝတ်ပြစ်မှုများကို စုံစမ်းစစ်ဆေး၊ တရားစွဲဆိုနိုင်သည့် အခွင့် အာဏာအား အစိုးရအရာရှိများရုံး အက်ဥပဒေ (POA)၊ ပုဒ်မ ၄ အရ အပ်နှင်းပေးထားပါသည်။ အဆိုပါ အက်ဥပဒေ၏ ပုဒ်မ ၄ (၂) တွင် လည်း PPO အား အခြားသော နိုင်ငံရေးအခွင့်အာဏာရှိသူများမှ သီးခြား လွတ်လပ်ခွင့်နှင့် ဘက်လိုက်ခြင်းကင်းစွာ ဆောင်ရွက်နိုင်ခွင့်များ အပ်နှင်းပေးထားပါသည်။ အဂတိလိုက်စားမှုများ ကို စစ်ဆေးဖော်ထုတ်အပြစ်ပေးခြင်းကို တာဝန်ယူဆောင်ရွက်ရသော PPO အား BAI နှင့် ရဲတပ်ဖွဲ့တို့က ပံ့ပိုး ကူညီပေးပါသည်။

BAI သည် နိုင်ငံတော်သမ္မတရုံးအောက်ရှိ စာရင်းစစ်ခြင်းနှင့် စစ်ဆေးခြင်းဆိုင်ရာ အမြင့်ဆုံးအဖွဲ့အစည်းဖြစ်ပြီး အစိုးရနှင့် အများပြည်သူဆိုင်ရာ အဖွဲ့အစည်းများအားလုံး၏ ငွေကြေးစီးဆင်းမှုများကို စိစစ်ပြီး အုပ်ချုပ်ရေး အဖွဲ့အစည်းများနှင့် ပြည်သူ့အရာထမ်းများ၏ လုပ်ငန်းတာဝန်များကို စစ်ဆေးပါသည်။ BAI အနေဖြင့် မှုမမှန်သော လုပ်ဆောင်ချက်များ ပြုလုပ်ထားသည့် ပြည်သူ့အရာထမ်းများအား အရေးယူရန်အတွက် သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းအား တောင်းဆိုနိုင်ပြီး သံသယရှိသည့် မည်သည့် ပြစ်မှုစွပ်စွဲချက်ကို မဆို စုံစမ်းစစ်ဆေးရေးအာဏာပိုင်များထံ တင်ပြကာ စုံစမ်းစစ်ဆေးစေရမည်ဖြစ်သည်။

ရဲတပ်ဖွဲ့သည်လည်း အဂတိလိုက်စားမှုများကို စုံစမ်းစစ်ဆေးနိုင်ပါသည်။ သို့သော် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ (Criminal Procedural Act - CPA) ပုဒ်မ ၁၉၆ အရ အစိုးရရှေ့နေတစ်ဦး၏ ညွှန်ကြားမှုအောက်တွင် ဆောင် ရွက်ရမည် ဖြစ်သည်။ CPA ပုဒ်မ ၂၄၆ တွင်လည်း ရာဇဝတ်မှုများကို တရားစွဲဆိုနိုင်သည့် အခွင့်အာဏာကို PPO အား သီးသန့်အပ်နှင်းထားပါသည်။

၂၀၀၈ခုနှစ်တွင် ကိုရီးယားနိုင်ငံ၏ အဂတိလိုက်စားမှုတိုက်ဖျက်ရေး မူဘောင်သည် ကဏ္ဍသစ်တစ်ရပ် ဖွင့်လှစ်ခဲ့ပါသည်။ ပိုမိုစွမ်းဆောင်ရည်ပြည့်ဝသော အုပ်ချုပ်ရေးလုပ်ငန်းစဉ်စနစ်တစ်ခု ဖြစ်လာစေရန်အတွက် KICAC ၊ ကိုရီးယားနိုင်ငံ၏ Ombudsman (အစိုးရဌာနများအပေါ် တိုင်ကြားချက်များကို စုံစမ်းတင်ပြရသော အစိုးရအရာရှိ)၊ အုပ်ချုပ်ရေးဆိုင်ရာ အယူခံမှုများကော်ရှင်တို့ကို ပေါင်းစည်းကာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် နိုင်ငံသားအခွင့်အရေးများကော်မရှင် (Anti-Corruption and Civil Rights Commission - ACRC) ကို ဖွဲ့စည်းခဲ့ပါသည်။ ထို့ပြင် အဂတိလိုက်စားမှု တိုက်ဖျက် ရေးအက်ဥပဒေကို ၂၀၀၈ခုနှစ်တွင် အသစ်ပြဋ္ဌာန်းလိုက်သည့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနှင့် နိုင်ငံသားအခွင့်အရေးများကော်မရှင် ဖွဲ့စည်းရေးနှင့် စီမံခန့်ခွဲရေး အက်ဥပဒေ (နောက်ပိုင်းတွင် "ACRC အက်ဥပဒေ" ဟု ဆက်လက်သုံးနှုန်း ခေါ်ဝေါ်သွားပါမည်) ဖြင့် အစားထိုးပယ်ဖျက်ခဲ့ပါသည်။

၂၀၁၁ခုနှစ်တွင် ကိုရီးယားအစိုးရသည် ပြည်သူ့ကျန်းမာရေး၊ ဘေးကင်းလုံခြုံရေး၊ သဘာဝပတ်ဝန်းကျင်၊ မျှတသော ယှဉ်ပြိုင်မှု၊ စားသုံးသူကာကွယ်စောင့်ရှောက်ရေးတို့နှင့်စပ်လျဉ်းသော အများပြည်သူအကျိုးစီးပွားကို ထိခိုက်စေသည့် ချိုးဖောက်မှုများအား သတင်းပို့တိုင်ကြားသူများ (whistleblowers) ကို ကာကွယ်စောင့်ရှောက်ပေးရန် ရည်ရွယ်လျက် ပြည်သူ့အကျိုးစီးပွား အတွက် သတင်းပို့တိုင်ကြားသူများ ကာကွယ်စောင့်ရှောက်ရေးအက်ဥပဒေကို ပြဋ္ဌာန်းခဲ့ပါသည်။ အဆိုပါဥပဒေအသစ်ကို မပြဋ္ဌာန်းမီက အများပြည်သူဆိုင်ရာကဏ္ဍရှိ အဂတိလိုက်စားမှုများ အား သတင်းပို့သူများကိုသာ ACRC အက်ဥပဒေက အကာအကွယ်ပေးပါသည်။ ယခုအခါ နိုင်ငံခြားမှ လာဘ်ပေးလာဘ်ယူမှုများအပါအဝင် ပုဂ္ဂလိက ကဏ္ဍမှ အဂတိလိုက်စားမှုများကို တိုင်□ကားသူများကိုလည်း ဥပဒေက ကာကွယ်စောင့်ရှောက်ပေးနေပြီဖြစ်ပါသည်။

၂၀၁၅ခုနှစ်တွင် ကိုရီးယားနိုင်ငံသည် မလျော်ကန်သော စည်းရုံးမှုနှင့် တံစိုးလက်ဆောင်အက်ဥပဒေ ကိုလည်း ပြဋ္ဌာန်းခဲ့ပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေသစ်အောက်တွင် အစိုးရအရာရှိများကို မလျော်ကန်သော စည်းရုံးမှု ပြုလုပ်သူ မည်သူမဆိုအား လာဘ်ပေးမှုကို ကျူးလွန်ခဲ့ခြင်းမရှိသည့်တိုင် အပြစ်ပေးခံရနိုင်ပါသည်။ အစိုးရအရာရှိများသည်လည်း ၎င်းတို့၏ ရာထူးတာဝန်များနှင့်ဆက်နွယ်၍ ဖြစ်စေ၊ အပြန်အလှန်အားဖြင့် မျက်နှာသာပေးမှုတစ်ခုခု ပြုလုပ်ပေးရန် အတွက်ဖြစ်စေ ကိုရီးယားဝမ်ငွေတစ်သန်းအထက် တန်ဖိုးရှိသော ငွေကြေး၊ လက်ဆောင်ပဏ္ဏာ သို့မဟုတ် ဧည့်ခံပြုစုမှု တစ်ခုခုကို လက်ခံခဲ့ပါက ပြစ်မှုဆိုင်ရာ ပြစ်ဒဏ်များ ချမှတ်ခံရနိုင်ပါသည်။ ထို့ပြင် ကုမ္ပဏီများသည်လည်း ၎င်းတို့၏ ဝန်ထမ်းများမှ အစိုးရအရာရှိများအား မလျော်ကန်သော စည်းရုံးမှု သို့မဟုတ် လာဘ်ပေးရန် ကမ်းလှမ်းမှုများ ပြုလုပ်ပါက ပြစ်ဒဏ်များ ရင်ဆိုင်ရမည်ဖြစ်ပါသည်။ ထိုဥပဒေသည် ကိုရီးယားလူမှုအဖွဲ့အစည်းတွင် သမိုင်းဝင်သည့် ကြီးမားကျယ်ပြန့်သော အပြောင်းအလဲကို ဖြစ်ပေါ်စေခဲ့ပါသည်။[2]

နိုင်ငံတွင် ကြီးမားသော အဂတိလိုက်စားမှုအရှုပ်တော်ပုံကြီးဖြစ်ခဲ့ကာ ယခင်သမ္မတအား စွပ်စွဲပြစ်တင်မှု ပြုခဲ့ပြီးနောက် ၂၀၁၇ခုနှစ်၊ မေလတွင် မွန်ဂျေအင်းအစိုးရ တက်လာသောအခါ ပြည်သူများ၏ ဆန္ဒအရ ပွင့်လင်းမြင်သာသော နိုင်ငံ တစ်နိုင်ငံဖြစ်ရေး ဆောင်ရွက်ခဲ့ပါသည်။ အစိုးရသစ်သည် အစိုးရ၏ မူဝါဒပန်းတိုင်များတွင် "လွဲမှားစွာ ကျင့်သုံးဆောင် ရွက်မှုများ ပပျောက်ရေး" နှင့် "အဂတိလိုက်စားမှုတိုက်ဖျက်ရေး ပြုပြင်ပြောင်းလဲမှု" များကို ထိပ်တန်းဦးစားပေးအဖြစ် သတ်မှတ်ခဲ့ပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို အရှိန်အဟုန်ဖြင့် တွန်းအားပေးဆောင်ရွက်ခဲ့ပါသည်။

သမ္မတမွန် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည့် ပထမအကြိမ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးမူဝါဒကောင်စီ အစည်းအဝေးကို ၂၀၁၇ခုနှစ်၊ စက်တင်ဘာလတွင် ကျင်းပခဲ့ပြီး ACRC က ၂၀၁၈ခုနှစ်၊ မတ်လ ၆ ရက်နေ့တွင် ပွင့်လင်းမြင်သာသော လူမှု အဖွဲ့အစည်းအတွက် အစိုးရ-ပုဂ္ဂလိက တိုင်ပင်ဆွေးနွေးမှုကောင်စီကို စတင်ဖွဲ့စည်းခဲ့ပြီး ထိုကောင်စီမှတစ်ဆင့် စီးပွားရေး လုပ်ငန်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်း၊ မီဒီယာနှင့် ပညာရှင်များက အဂတိလိုက်စားမှုတိုက်ဖျက်ရေးမူဝါဒများ ရေးဆွဲမှု နှင့် အကောင်အထည်ဖော်မှုလုပ်ငန်းစဉ်တွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြမည်ဖြစ်ပါသည်။

## ၂ - အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် နိုင်ငံသားအခွင့်အရေးများကော်မရှင် (ACRC) အကြောင်း တင်ပြချက်

၂၀၀၈ခုနှစ်တွင် ကိုရီးယားနိုင်ငံ၏ Ombudsman (အစိုးရဌာနများအပေါ် တိုင်ကြားချက်များကို စုံစမ်းတင်ပြရသော အစိုးရအရာရှိ)၊ ကိုရီးယားနိုင်ငံ၏ သီးခြားလွတ်လပ်သော အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် နှင့် အုပ်ချုပ်ရေး ဆိုင်ရာ အယူခံမှုများ ကော်မရှင်တို့ကို ပေါင်းစည်းကာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် နိုင်ငံသားများအခွင့်အရေး ကော်မရှင် (ACRC) ကို စတင်ဖွဲ့စည်းခဲ့ပါသည်။ ထိုအစိုးရအဖွဲ့အစည်းသုံးခုကို ပေါင်းစည်းလိုက်ခြင်း၏ ရည်ရွယ်ချက်မှာ တိုင်ကြားမှုများ၊ အဂတိလိုက်စားမှုများနှင့် အုပ်ချုပ်ရေးဆိုင်ရာ အယူခံမှုများကို လမ်းကြောင်းတစ်ခုတည်းမှ ကိုင်တွယ် ဖြေရှင်းခြင်းဖြင့် နိုင်ငံသားများ၏ အခွင့်အရေးများကို အားပေးမြှင့်တင်ခြင်းနှင့် ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ စွမ်းဆောင်ရည်ပြည့်ဝမှုနှင့် ထိရောက်မှုတို့ကို တိုးတက်လာစေရန် ဖြစ်ပါသည်။

ACRC ၏ လုပ်ငန်းတာဝန်များကို ACRC အက်ဥပဒေ၏ ပုဒ်မ ၁၂ တွင် ဖော်ပြထားပြီး ထိုလုပ်ငန်းတာဝန်များထဲတွင် အစိုးရ အဖွဲ့အစည်းများ၏ ဖြောင့်မတ်တည်ကြည်မှုအဆင့်နှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကြိုးပမ်းမှုများကို ဆန်းစစ် အကဲဖြတ်ခြင်း၊ အစိုးရအဖွဲ့အစည်းများအား အကြံပြုချက်များ ပေးခြင်း၊ ဥပဒေများနှင့် ဥပဒေကြမ်းများတွင် ပါရှိသည့် အဂတိလိုက်စားမှုကို ဖြစ်စေနိုင်သော အချက်များအား သုံးသပ်စစ်ဆေးခြင်း၊ ပြည်သူ့အရာထမ်းများအား အဂတိလိုက် စားမှုတိုက်ဖျက်ရေးဆိုင်ရာ သင်တန်းများ ပေးခြင်း၊ အဂတိလိုက်စားမှုဖြစ်နိုင်ခြေများကို အများပြည်သူ သိရှိအောင် အသိ ပညာပေးခြင်း၊ သတင်းပို့တိုင်ကြားသူများကို ကာကွယ်စောင့်ရှောက်ခြင်းနှင့် ဆုချီးမြှင့်ခြင်း၊ ပြည်သူ့အရာထမ်းများအတွက် ကျင့်ဝတ်ကို အကောင်အထည်ဖော်မှုအား စောင့်ကြည့်လေ့လာခြင်းတို့ ပါဝင်ပါသည်။ အများပြည်သူအကျိုးစီးပွားကို ထိခိုက်နိုင်သော အဂတိလိုက်စားမှု သို့မဟုတ် ချိုးဖောက်မှုတစ်ခုကို မည်သူမဆို ACRC သို့ သတင်းပို့ တိုင်ကြားနိုင် ပါသည်။ ACRC က သတင်းပို့တိုင်ကြားလာသည့် ကိစ္စကို စုံစမ်းစစ်ဆေးရန် လိုအပ်သည်ဟု တွေ့ရှိပါက စုံစမ်းစစ်ဆေးရေး အာဏာပိုင်ဖြစ်သည့် BAI သို့မဟုတ် သက်ဆိုင်ရာ အစိုးရအဖွဲ့အစည်း၏ ကြီးကြပ်ရေးအဖွဲ့ထံသို့ ထိုအမှုကိစ္စကို လွှဲပြောင်းပေးနိုင်ပါသည်။ စုံစမ်းစစ်ဆေးမှုပြီးဆုံးသည်နှင့်တစ်ပြိုင်နက် ACRC သည် သက်ဆိုင်ရာ စုံစမ်းစစ်ဆေးရေးအဖွဲ့အစည်းထံမှ ရလဒ်များကို စုစည်းရယူကာ ထိုအမှုကိစ္စများကို မည်သို့ ကိုင်တွယ်ဖြေရှင်းခဲ့ကြောင်း သတင်းထောက်များ အား အသိပေးပါသည်။

[2] ဥပဒေအပေါ် ပြည်သူတို့၏ သဘောထားအမြင်နှင့် ဥပဒေ၏ ထိရောက်မှုတို့အကြောင်းကို အောက်ပါဝက်ဆိုက်တွင် လေ့လာဖတ်ရှုပါရန်
http://www.acrc.go.kr/en/board.do?command=searchDetail&method=searchList&menuId=02031504

ACRC တွင် ကော်မရှင်အဖွဲ့ဝင် ၁၅ ဦး (ဥက္ကဋ္ဌတစ်ဦး၊ ဒုတိယဥက္ကဋ္ဌသုံးဦး၊ အမြဲတမ်းကောင်မရှင်အဖွဲ့ဝင် သုံးဦးနှင့် အမြဲတမ်းမဟုတ်သည့် ကော်မရှင်အဖွဲ့ဝင် ၈ ဦး) ရှိပါသည်။ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် ကော်မရှင်အဖွဲ့ဝင်များသည် တရားမမှုဆိုင်ရာ တိုင်တန်းချက်များကို ကိုင်တွယ်ဖြေရှင်းခြင်းနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဆောင်ရွက်ခြင်းများကို တရားမျှတ၍ သီးခြားလွတ်လပ်စွာ ဆောင်ရွက်နိုင်စွမ်းရှိသည်ဟု အသိအမှတ်ပြုခံရသည့်အတွက် ခန့်အပ်ထားသော သို့မဟုတ် တာဝန်ပေးအပ်ခံရသော အဖွဲ့ဝင်များ ဖြစ်ပါသည်။ ကော်မရှင်ဥက္ကဋ္ဌအား ကူညီပံ့ပိုးရန်အတွက် ဒုတိယဥက္ကဋ္ဌ များအား တရားမမှုဆိုင်ရာ တိုင်တန်းချက်များကို ကိုင်တွယ်ဖြေရှင်းခြင်း၊ အဂတိလိုက်စားမှု တားဆီးကာကွယ်ခြင်းနှင့် အုပ်ချုပ်ရေးဆိုင်ရာ အယူခံမှုများ ဗဟိုကော်မရှင် (CAAC) အား စီမံခန့်ခွဲခြင်းတို့ကို အသီးသီး တာဝန်ပေးအပ်ထား ပါသည်။

ACRC အတွင်းတွင် စီမံအုပ်ချုပ်ရေးနှင့် ရုံးလုပ်ငန်းပိုင်းဆိုင်ရာ ကိစ္စများအတွက်  အတွင်းရေးမှူး
အဖွဲ့တစ်ဖွဲ့ထားရှိ ပါသည်။ ကော်မရှင်ဥက္ကဋ္ဌသည် ဒုတိယဥက္ကဋ္ဌတစ်ဦးကို အထွေထွေအတွင်းရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်ထားပါသည်။ အထွေထွေအတွင်းရေးမှူးချုပ်သည် ကော်မရှင်ရုံးအဖွဲ့၏ ဌာနများကို ကြီးကြပ်ပါသည်။


ကော်မရှင်ရုံးအဖွဲ့အပြင် ကော်မရှင်၏ ပြောရေးဆိုခွင့်ရှိသူတစ်ဦးနှင့် ဥပဒေအကြံပေးအရာရှိများကလည်း ကော်မရှင် ဥက္ကဋ္ဌအား ကူညီပံ့ပိုးပေးပါသည်။ တစ်ဖက်တွင် စီမံကိန်းရေးဆွဲရေးနှင့် ပေါင်းစပ်ညှိနှိုင်းရေးရုံး၊ စာရင်းစစ်နှင့်စစ်ဆေးရေး ညွှန်ကြားရေးမှူးတို့က အထွေထွေအတွင်းရေးမှူးချုပ်အား ပံ့ပိုးကူညီပါသည်။ ACRC ရုံးချုပ်တွင် စီမံကိန်းရေးဆွဲရေးနှင့် ပေါင်းစပ်ညှိနှိုင်းရေးရုံး၊ ဗျူရိုငါးခု (အဂတိလိုက်စားမှုတိုက်ဖျက်ရေးဗျူရို၊ စစ်ဆေးရေးနှင့် ကာကွယ်စောင့်ရှောက်ရေး ဗျူရို၊  Ombudsman ဗျူရို၊ အုပ်ချုပ်ရေးဆိုင်ရာ အယူခံမှုဗျူရို၊ နှင့် အဖွဲ့အစည်းတိုးတက်ရေးဗျူရို)၊ ဒုတိယညွှန်□ကားရေးမှူးချုပ်ရုံး နှစ်ရုံးနှင့် ဌာနခွဲပေါင်း ၄၀ ရှိပါသည်။ ၂၀၁၈ခုနှစ်၊

ဒီဇင်ဘာလအထိ ACRC တွင် စုစုပေါင်း ဝန်ထမ်း ၄၆၈ ဦးရှိပြီး လက် အောက်ခံအဖွဲ့အစည်းနှစ်ခုတွင် နောက်ထပ် ဝန်ထမ်း ၅၆ ဦး (ACRC ဆိုးလ်တိုင်ကြားချက်များ လက်ခံရေးဌာနတွင် ၃၂ဦး နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးသင်တန်းကျောင်းတွင် ၂၄ ဦး) အလုပ်လုပ်နေပါသည်။

ACRC ဝန်ထမ်းများ

<table>
<tr><td rowspan="10">စုစုပေါင်း<br>၅၂၄</td><td>နိုင်ငံရေးတာဝန် ထမ်း ဆောင်သော အရာရှိများ</td><td>၄</td></tr>
<tr><td>အထူးပြု ဝန်ဆောင်မှု ပေးသော အရာရှိများ</td><td>၃</td></tr>
<tr><td>အကြီး တန်း နိုင်ငံ့ ဝန်ထမ်း များ</td><td>၁၆</td></tr>
<tr><td>အဆင့် ၃.၄</td><td>၁၄</td></tr>
<tr><td>အဆင့် ၄</td><td>၃၀</td></tr>
<tr><td>အဆင့် ၄.၅</td><td>၄၀</td></tr>
<tr><td>အဆင့် ၅</td><td>၁၈၆</td></tr>
<tr><td>အဆင့် ၆ နှင့် အောက်</td><td>၂၁၈</td></tr>
<tr><td>ပညာရပ်ဆိုင်ရာ အရာရှိများ</td><td>၇</td></tr>
<tr><td>သုတေသန ပညာရှင်များ</td><td>၁</td></tr>
</table>

## ACRC ဖွဲ့စည်းပုံပြဇယားချပ်



## ကိုရီးယားနိုင်ငံ၏ အဂတိလိုက်စားမှုဖြစ်နိုင်ခြေ ဆန်းစစ်မှု (Corruption Risk Assessemnt–CRA) ကို ပြုလုပ်နိုင်ရန် အားပေးထောက်ကူသော ပတ်ဝန်းကျင်

ကိုရီးယားနိုင်ငံတွင် CRA ကို လက်ခံကျင့်သုံးသည့် အချိန်တွင် ထိုမူဝါဒနည်းလမ်းအား အလုပ်ဖြစ်စေနိုင်သည့် အခြေအနေ တွင် စတင်ခဲ့ခြင်းဖြစ်ကြောင်းကို အလေးပေးပြောကြားလိုပါသည်။ ကိုရီးယားနိုင်ငံတွင် ရှိနေခဲ့ပြီဖြစ်သော CRA ကို ကျင့်သုံးရန် မျက်နှာပေးသည့် အခြေအနေအချို့မှာ -

- အစိုးရအဆင့်မြင့်ပိုင်း၏ ခိုင်မာသော အားပေးထောက်ခံမှု

ကိုရီးယားသမ္မတနိုင်ငံ၏ သမ္မတများသည် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဆောင်ရွက်ချက်များကို စဉ်ဆက်မပြတ် တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် ခိုင်မာသည့် ထောက်ခံအားပေးမှု ကို ပြသခဲ့ကြပါသည်။ ၁၉၉၀ ပြည့်နှစ်အစောပိုင်းကာလ ဒီမိုကရေစီစနစ်သို့ ကူးပြောင်းကျင့်သုံးမှုနှင့် ၁၉၉၇ခုနှစ် အာရှစီးပွား ရေးအကျပ်အတည်းဆိုက်ရောက်ခဲ့ပြီးနောက်တွင် သမ္မတကင်ဒေဂျုံအစိုးရအဖွဲ့(၁၉၉၈-၂၀၀၃) သည် ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှုပိုရှိသော ပြည်သူ့အုပ်ချုပ်ရေးလုပ်ငန်းစဉ်ကို ပြည်သူများ၏ တောင်းဆိုလာမှုအား တုံ့ပြန်ဖြည့်ဆည်းသည့်အနေဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို ပြဋ္ဌာန်းပေးခဲ့ပါသည်။ ထိုဥပဒေသည် ကိုရီးယားနိုင်ငံ၏ အဂတိလိုက်စားမှု တိုက် ဖျက်ရေး လုပ်ဆောင်ချက်များအတွက် အဓိကကျသော ဥပဒေရေးရာ အခြေခံအုတ်မြစ်ဖြစ်ခဲ့ပါသည်။ သမ္မတ ကင်ဒေဂျုံ၏ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ပြုပြင်ပြောင်းလဲမှုများ၏ ရလဒ်အနေဖြင့် ကိုရီးယားနိုင်ငံ၏ ပထမဆုံး အမျိုးသားအဆင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့အစည်းဖြစ်သည့် KICAC ကို ၂၀၀၂ ခုနှစ်တွင် တည်ထောင်ခဲ့ပါသည်။
စတင်တည်ထောင်ချိန်မှစ၍ KICAC သည် ဥပဒေများအတွင်းရှိ အဂတိလိုက်စားမှုဖြစ်နိုင်ခြေမှန်သမျှအား ဖယ်ရှားပေးနိုင်ရန် အလို့ငှာ ဥပဒေများနှင့် အုပ်ချုပ်ရေးစနစ်များကို အစဉ်အမြဲ ခေတ်နှင့်လျော်ညီဖြစ်နေစေရန် ကြိုးပမ်းခဲ့ပါသည်။ ကိုရီးယားနိုင်ငံ တွင် CRA ကို စတင်မိတ်ဆက်ကျင့်သုံးခဲ့သည်မှာ သမ္မတနိုမွန်ဟွမ်းအစိုးရလက်ထက် (၂၀၀၃-၂၀၀၈) တွင် ဖြစ်ပါသည်။ ဥပဒေများအား အတည်ပြုပြဋ္ဌာန်းခြင်းမပြုမီ ဥပဒေကြမ်းအဆင့်ကတည်းက အဂတိလိုက်စားမှုဖြစ်နိုင်ခြေများကို ဖယ်ရှားရန် အတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းစဉ်များ ထားရှိဆောင်ရွက်ရန် အရေးကြီးမှုကို သိရှိသည်နှင့်အညီ သမ္မတ နိုမွန်ဟွမ်း က KICAC အား CRA ကို ပြုစုရန် တာဝန်ပေးအပ်ခဲ့ပါသည်။ ထိုသို့ နိုင်ငံ့ခေါင်းဆောင်ပိုင်းမှ ထောက်ခံအားပေးမှုက KICAC အတွက် CRA ကို အရှိန်အဟုန်နှင့် ဆောင်ရွက်နိုင်ရန် အထောက်အကူဖြစ်စေခဲ့ပါသည်။

- ယခင်က အတွေ့အကြုံများနှင့် ကျွမ်းကျင်မှုများကို ထိရောက်စွာ အသုံးပြုခဲ့ခြင်း

CRA ကို စတင်မကျင့်သုံးမီ KICAC သည် အဂတိလိုက်စားမှုကို ဖြစ်ပေါ်စေသောအကြောင်းအချက်များကို သတ်မှတ်ဖော်ထုတ်ရန်အတွက် ကိုရီးယားနိုင်ငံ၏ ဥပဒေများ နှင့် အဖွဲ့အစည်းများအား ဘက်စုံဆန်းစစ်လေ့လာမှုတစ်ခု ပြုလုပ်ခဲ့ခြင်းသည် CRA အတွက် ကြိုတင်ပြင်ဆင်မှုတစ်ခု ဖြစ်ခဲ့ ပါသည် (ဥပမာ ၂၀၀၃ ခုနှစ်တွင် KICAC သည် အဂတိလိုက်စားမှုဖြစ်နိုင်ခြေများသော ဆောက်လုပ်ရေး၊ ဘဏ္ဍာရေးနှင့် ဒေသဖွံ့ဖြိုးရေးကဲ့သို့သော နယ်ပယ်များမှ ဥပဒေများကို ဆန်းစစ်ခဲ့သည်)။ ယခင်အတွေ့အကြုံများအရ KICAC တွင် တည်ဆဲဥပဒေများအတွင်း အဂတိလိုက်စားမှုဖြစ်နိုင်ခြေများကို သတ်မှတ်ဖော်ထုတ်ခြင်းဆိုင်ရာ ကျွမ်းကျင်မှုများ အတန် အသင့် ရှိနေပြီးဖြစ်သည့်အတွက် ဥပဒေကြမ်းများ၊ ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများတွင် အဂတိလိုက်စားမှု ဖြစ်နိုင်ခြေ များကို ဖော်ထုတ်သိရှိရန်အတွက် ထိရောက်သော ဆန်းစစ်လေ့လာမှု စံသတ်မှတ်ချက်များကို ပြုစုနိုင်ခဲ့ပါသည်။
ထို့ပြင် KICAC သည် ၁၉၉၈ ခုနှစ်တွင် အကောင်အထည်ဖော်ခဲ့သော ပတ်ဝန်းကျင်သက်ရောက်မှု လေ့လာဆန်းစစ်ချက်၊ ယာဉ်အသွားအလာဆိုင်ရာ သက်ရောက်မှု လေ့လာဆန်းစစ်ချက်နှင့် စည်းမျဉ်းစည်းကမ်းများဆိုင်ရာ သက်ရောက်မှု လေ့လာ ဆန်းစစ်ချက်များကဲ့သို့ သက်ရောက်မှုဆန်းစစ်ချက် နည်းစနစ်များကို အသုံးပြုဆောင်ရွက်နေသော အခြား အစိုးရအဖွဲ့အစည်းများထံမှ အတွေ့အကြုံများနှင့် သင်ခန်းစာများကိုလည်း အသုံးချခဲ့ပါသည်။ CRA ကို ဆောင်ရွက်ရာတွင် ထိရောက် မှုနှင့် စွမ်းဆောင်ရည်ပြည့်ဝမှုရှိစွာ ဆောင်ရွက်နိုင်စေရန်အတွက် KICAC သည် ပညာရှင်အဖွဲ့အစည်းများရှိ ကျွမ်းကျင်သူများ ထံမှ နည်းပညာပိုင်းဆိုင်ရာ အကြံဉာဏ်များကိုလည်း ရယူခဲ့ပြီး သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် တိုင်ပင်ဆွေးနွေးမှုများလည်း ပြုလုပ်ခဲ့ပါသည်။

- အစိုးရအဖွဲ့အစည်းများထံမှ အတိုက်အခံပြုမှုများ လျော့နည်းစေရန် မဟာဗျူဟာကျစွာ ဆောင်ရွက်ခြင်း

CRA ကို အကောင်အထည်ဖော်သောအခါတွင် KICAC သည် အစိုးရဝန်ကြီးဌာနများအပေါ် စီမံအုပ်ချုပ်ရေးပိုင်းဆိုင်ရာ ဝန်ထုပ်ဝန်ပိုး ကျရောက်မှု အနည်းဆုံးဖြစ်စေရန် ကြိုးပမ်းအားထုတ်ခဲ့ပါသည်။ တစ်ဖက်တွင်လည်း အစိုးရအဖွဲ့အစည်းများအား CRA ကို အဖွဲ့အစည်းစနစ်အတွင်း တရားဝင်ထည့်သွင်းဆောင်ရွက်စေရန် ဆုပေးဒဏ်ပေးစနစ်ကို ကျင့်သုံးကာ အားပေးခဲ့ပါသည်။ CRA ကို ဆောင်ရွက်သည့် အချိန်အား အစိုးရအဖွဲ့အစည်းများမှ ၎င်းတို့၏ ဥပဒေကြမ်းအဆိုပြုလွှာအပေါ် သဘောထား အမြင်များ တောင်းခံသည့် ဥပဒေကြမ်းကို ကနဦးကြေညာသည့်အဆင့်နှင့် ညှိနှိုင်းကာ သတ်မှတ်ထားခြင်းဖြစ်သောကြောင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ သဘောထားမှတ်ချက်များကို ကြိုဆိုတောင်းခံနေသည့် အချိန်တွင် KICAC သည် ယင်း၏ အကြံပြုချက်များကို ပေးအပ်နိုင်ခဲ့ပါသည်။ ထိုမျှသာမက ဥပဒေကြမ်းအား ကနဦးကြေညာသည့်အဆင့်တွင် CRA ကို ဆောင် ရွက်ခြင်းသည် ဥပဒေကြမ်းအား ပြဋ္ဌာန်း/ပြင်ဆင်ရာတွင် နှောင့်နှေးခြင်းများ မရှိစေသည့်အတွက် သက်ဆိုင်ရာ အဖွဲ့အစည်း များအပေါ် ကျရောက်နိုင်သည့် အုပ်ချုပ်ရေးဆိုင်ရာ ဝန်ထုပ်ဝန်ပိုးများကို လျော့နည်းစေခဲ့ပါသည်။

ထို့ပြင် KICAC သည် CRA အား ၎င်း၏ အဂတိလိုက်စားမှုတိုက်ဖျက်ရေး လုပ်ဆောင်မှု ဆန်းစစ်ချက် (AIA) နှင့်လည်း ချိတ်ဆက်ထားပါသည်။ AIA သည် အစိုးရအဖွဲ့အစည်းများ၏ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကြိုးပမ်းအားထုတ်မှုများအား သုံးသပ်ဆန်းစစ်ခြင်း၊ အဆင့်သတ်မှတ်ခြင်းနှင့် အများပြည်သူထံ ထုတ်ပြန်အသိပေးခြင်းများ ပြုလုပ်ပါသည်။ CRA အကြံပြု ချက်များအား ဥပဒေများအတွင်း ပေါင်းစပ်ထည့်သွင်းမှုအတိုင်းအတာအား AIA ဆန်းစစ်ချက်တွင် စံသတ်မှတ်ချက် တစ်ခုအဖြစ် ထည့်သွင်းထားခြင်းဖြင့် KICAC သည် အစိုးရအဖွဲ့အစည်းအကြီးအမှူးများအား CRA အကြံပြုချက်များကို လက်ခံကျင့်သုံးချင်လာအောင် စေ့ဆော်တိုက်တွန်းနိုင်ခဲ့ပါသည်။ ထို့ပြင် ဒုတိယဝန်ကြီးများ/အစိုးရအဖွဲ့ဝင်ဝန်ကြီးများ အစည်းအဝေးများတွင် CRA ရလဒ်များအား ဖွင့်ဟအသိပေးခြင်းကလည်း CRA အား အစိုးရဌာနများတွင် တရားဝင်ထည့် သွင်းဆောင်ရွက်လာအောင် အထောက်အကူပြုခဲ့ပါသည်။ အဘယ်ကြောင့်ဆိုသော် ထိုအစည်းအဝေးများတွင် အဆင့်မြင့် မူဝါဒချမှတ်သူများက မေးခွန်းများ မေးမြန်းသောအခါ အစိုးရဝန်ကြီးဌာနများသည် CRA အကြံပြုချက်များကို အဘယ်ကြောင့် လက်ခံကျင့်သုံးခြင်းမရှိကြောင်း လျော်ကန်သော အကြောင်းပြချက်များကို ပေးနိုင်ရန် လိုအပ်သောကြောင့်ဖြစ်ပါသည်။

ရည်ညွှန်းချက် - Choi၊ Jinwook၊ Park၊ Joonghoon နှင့် Lee၊ Ahjung၊ ၂၀၁၇၊ Development Solutions Think Piece အမှတ်စဉ် ၂ - ကိုရီးယားနှင့် စင်္ကာပူရှိ အဂတိလိုက်စားမှုတိုက်ဖျက်ရေး မူဝါဒများနှင့် အဖွဲ့အစည်းများ၊ ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီ အစဉ်၊ ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးရေး မိတ်ဖက်ပြုမှုများအတွက် ဆိုးလ်မူဝါဒဗဟိုဌာန၊ ဆိုးလ်မြို့မှ ကောက်နုတ်ချက်အား ဆီလျော် အောင် ပြင်ဆင်ဖော်ပြထားပါသည်။ စာမျက်နှာ ၂၇-၄၄ နှင့် ACRC အရာရှိများထံမှ အချက်အလက်များ။

၂။

# အဂတိလိုက်စားမှုဖြစ်နိုင်ခြေ ဆန်းစစ်လေ့လာချက်

# ၂။ အဂတိလိုက်စားမှုဖြစ်နိုင်ခြေ ဆန်းစစ်လေ့လာချက် (Corruption Risk Assessement)

## ကိုရီးယားနိုင်ငံ၏ CRA အကြောင်း အကျဉ်းချုပ်တင်ပြချက်

### ၁ - CRA ဆိုသည်မှာ အဘယ်နည်း။

၂၀၀၆ခုနှစ်တွင် စတင်မိတ်ဆက်ကျင့်သုံးခဲ့သော အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် နိုင်ငံသားများ၏ အခွင့်အရေးများ ကော်မရှင် (ACRC) ၏ အဂတိလိုက်စားမှု ဖြစ်နိုင်ခြေ ဆန်းစစ်လေ့လာချက် (Corruption Risk Assessment - CRA) သည် ဥပဒေကြမ်းများ၊ ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများတွင် ပါရှိသည့် အဂတိလိုက်စားမှုဖြစ်နိုင်ခြေများကို စိစစ်လေ့လာကာ လျော့ချပေးသည့် အဂတိလိုက်စားမှု ကြိုတင်ကာကွယ်ရေး နည်းလမ်းအထောက်အကူတစ်ခု ဖြစ်ပါသည်။ ACRC သည် CRA ဆန်းစစ်လေ့လာချက်မှ ထွက်ပေါ်လာသော ရလဒ်များကို အသုံးချကာ သက်ဆိုင်ရာ အစိုးရအဖွဲ့အစည်းများအား အဂတိလိုက်စားမှုများ ဖန်တီးဖြစ်ပေါ်စေနိုင်သည့် အလားအလာရှိသော ပြဋ္ဌာန်းချက်များအား ပြင်ဆင်ရန် အတွက် အကြံပြုချက်များ ပေးပါသည်။ သို့ပါသောကြောင့် CRA သည် အစိုးရအဖွဲ့အစည်းများ၊ နိုင်ငံပိုင်စီးပွားရေး လုပ်ငန်းများကဲ့သို့ ပြည်သူ့ဝန်ဆောင်မှုများနှင့် ဆက်နွယ်သောအဖွဲ့အစည်းများအပါအဝင် အများပြည်သူဆိုင်ရာကဏ္ဍမှ အဖွဲ့အစည်းများရှိ ပြည်သူ့အုပ်ချုပ်ရေးလုပ်ငန်းစဉ်၏ ပွင့်လင်းမြင်သာမှုနှင့် ထိရောက်မှုကို မြှင့်တင်ပေးပါသည်။

### ၂ - CRA ၏ နောက်ခံအကြောင်းအရာနှင့် ဥပဒေရေးရာ အခြေခံ

အဂတိလိုက်စားမှုများကို ကိုင်တွယ်ဖြေရှင်းပေးရန် ကိုရီးယားပြည်သူများ၏ တောင်းဆိုမှု ပြင်းထန်ခဲ့ခြင်းကြောင့် CRA ကို ရေးဆွဲပြုစုနိုင်ခဲ့ခြင်း ဖြစ်ပါသည်။ ဥပမာ ၂၀၀၅ခုနှစ်တွင် ကိုရီးယားပြည်သူများကြား ကောက်ယူခဲ့သော စစ်တမ်းတစ်ခုတွင် ကိုရီးယားပြည်သူ ၆၀ ရာခိုင်နှုန်းက ပြည်သူ့အရာထမ်းများသည် အဂတိလိုက်စားသည်ဟု ရှုမြင်ကြကြောင်း တွေ့ရှိရ ပါသည်။ ထို့ပြင် ၂၀၀၅ခုနှစ် အဂတိလိုက်စားမှုဆိုင်ရာ သဘောထားအမြင်များ အညွှန်းကိန်း (Corruption Perceptions Index - CPI) တွင် ကိုရီးယားသည် (နိုင်ငံပေါင်း ၁၅၉ နိုင်ငံအနက်) အဆင့် ၄၀ တွင် ရှိပါသည်။ ထိုအချိန်က ကိုရီးယား နိုင်ငံသည် ကမ္ဘာပေါ်တွင် ဒသမမြောက် အကြီးဆုံးစီးပွားရေးအင်အားကြီးနိုင်ငံဖြစ်ပါသည်။ ထိုသို့ အဂတိလိုက်စားမှု အဆင့်နှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအဆင့်များကြား အချိုးမညီဖြစ်နေမှုကြောင့် CPI အညွှန်းကိန်းအမှတ် နည်းပါးနေမှု သည် နိုင်ငံတွင် အဂတိလိုက်စားမှုကို ကိုင်တွယ်ဖြေရှင်းရန် ထိရောက်သော နည်းလမ်းတစ်ရပ်အား လက်ခံကျင့်သုံးရန် အရေးတကြီး လိုအပ်မှုကို ပြသနေသော သက်သေအဖြစ် ပြည်သူများက ယူဆကြပါသည်။

အထူးသဖြင့် အဂတိလိုက်စားမှုများ မဖြစ်ပွားအောင် ကြိုတင်တားဆီးကာကွယ်ရန် တင်းတင်းကြပ်ကြပ်နှင့် ထိရောက်စွာ ဆောင်ရွက်နိုင်မည့် နည်းလမ်းများ လိုအပ်ချက်မှာလည်း ကြီးမားခဲ့ပါသည် ။ ထိရောက်သည့် အဂတိလိုက်စားမှု တားဆီး ကာကွယ်ရေးနည်းလမ်းများ မရှိသည့်အတွက် အဂတိလိုက်စားမှုတစ်ခု ဖြစ်ပွားပြီးသောအခါမှသာ ယင်းကို တုံ့ပြန် အရေး ယူဆောင်ရွက်မှုများ (ဥပမာ အဂတိလိုက်စားမှုများအား ထောက်လှမ်းဖော်ထုတ်ခြင်းနှင့် အပြစ်ပေးခြင်း) ပြုလုပ်နိုင်ပါ သည်။ သို့သော် သို့သော် ထိုကဲ့သို့ ဖြစ်ပြီးမှ လုပ်ဆောင်မှုများသည် ပြည်သူ့အုပ်ချုပ်ရေးစနစ်အတွင်းရှိ အဂတိလိုက်စားမှု ကို ဖြစ်ပေါ်စေသော အကြောင်းရင်းခံများကို ဖြေရှင်းနိုင်ခြင်း မရှိခဲ့ပါ။

ထို့ကြောင့် ကိုရီးယားနိုင်ငံအစိုးရသည် ၂၀၀၅ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်တွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးအက် ဥပဒေကို ပြန်လည်ပြင်ဆင်ခဲ့ပြီး ပြန်လည်ပြင်ဆင်ထားသည့် ထိုဥပဒေသည် ၂၀၀၆ခုနှစ် ဧပြီလ ၁ရက် နေ့တွင် စတင်အကျိုးသက်ရောက်ခဲ့ပါသည်။ အဂတိလိုက်စားမှုကို ဖြစ်သော အဖွဲ့အစည်းစနစ်ဆိုင်ရာ အကြောင်းရင်းများကို ကိုင်တွယ်ဖြေရှင်းရန်အတွက် အဂတိလိုက်စားမှုဖြစ်နိုင်ခြေများအား ဘက်စုံဆန်းစစ်လေ့လာသည့် စနစ်တစ်ခု ထားရှိရန် လိုအပ်ကြောင်း အသိအမှတ်ပြုထားသည့် အက်ဥပဒေ ပြန်လည်ပြင်ဆင်ပြဋ္ဌာန်းချက်ကြောင့် CRA ကို ပြုစု၊ ကျင့်သုံးနိုင်ရန် အတွက် ဥပဒေဆိုင်ရာအခြေခံကို ရရှိခဲ့ပါသည်။

CRA ကို ကနဦးစတင်ဆောင် ရွက်သောအခါ ACRC သည် ဥပဒေများ (အက်ဥပဒေများနှင့် နည်းဥပဒေ၊ စည်းမျဉ်းစည်း ကမ်းများ)၊ အုပ်ချုပ်ရေးနည်း ဥပဒေများနှင့် စည်ပင်သာယာရေးစည်းမျဉ်းစည်းကမ်းများကို ပြန်လည်သုံးသပ်လေ့လာခဲ့ ပါသည်။ ၂၀၀၇ခုနှစ်၊ ဒီဇင်ဘာ ၂၈ ရက်တွင် ACRC သည် CRA ဆန်းစစ်လေ့လာချက်ကို ပြုလုပ်သည့် အတိုင်းအတာကို တိုးချဲ့ခဲ့ပြီး ပြည်သူ့ဝန်ဆောင်မှုနှင့် စပ်လျဉ်းသော အဖွဲ့အစည်းများ၏ ဌာနတွင်းစည်းမျဉ်းစည်းကမ်းများနှင့် နည်းဥပဒေများကိုပါ ဆန်းစစ်လေ့လာခဲ့ပါသည်။ အဘယ်ကြောင့်ဆိုသော် ထိုအဖွဲ့အစည်းများအား ပိုမိုများပြားသော အစိုးရလုပ်ငန်းများကို ယုံကြည်အပ်နှံတာဝန်ပေးအပ်လာရသောကြောင့်ဖြစ်ပြီး ထိုလုပ်ငန်းများသည် နိုင်ငံသားများ၏ နေ့စဉ်ဘဝများနှင့် တိုက်ရိုက်ဆက်နွယ်နေသောကြောင့်လည်း ဖြစ်ပါသည်။

---

[2] အဂတိလိုက်စားမှု" အား ကိုရီးယားနိုင်ငံ၏ ACRC အက်ဥပဒေ ပုဒ်မ ၂ တွင် အောက်ပါအတိုင်း အဓိပ္ပါယ်ဖွင့်ဆိုထားပါသည်

(က) ပြည်သူ့အရာထမ်းများ၏ သူ/သူမ၏ ရာထူးနေရာ သို့မဟုတ် လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြုမှုမှန်သမျှ၊ သို့မဟုတ် သူ/သူမအတွက် သို့မဟုတ် အခြားလူပုဂ္ဂိုလ်/အဖွဲ့အစည်းတစ်ခုအတွက် အကျိုးအမြတ်ဖြစ်စေရန် သူ/သူမ၏ တာဝန်များနှင့်စပ်လျဉ်း၍ ပြဋ္ဌာန်းဥပဒေများကို ဖောက်ဖျက်မှုမှန်သမျှ၊

(ခ) ပြဋ္ဌာန်းဥပဒေများအား ချိုးဖောက်ခြင်း၊ သက်ဆိုင်ရာ အစိုးရအဖွဲ့အစည်း၏ ဘတ်ဂျက်အား သုံးစွဲရာတွင် သက်ဆိုင်ရာ အစိုးရအဖွဲ့အစည်း၏ ပိုင်ဆိုင်ပစ္စည်းများကို ရယူခြင်း၊ စီမံခန့်ခွဲခြင်း သို့မဟုတ် စွန့်လွှတ်ခြင်း သို့မဟုတ် သက်ဆိုင်ရာ အစိုးရအဖွဲ့အစည်းမှ သဘောတူစာချုပ်တစ်ခု ချုပ်ဆိုခြင်းနှင့် အကောင်အထည်ဖော်ခြင်း လုပ်ငန်းစဉ်များအတွင်း မည်သည့် အစိုးရအဖွဲ့အစည်းမဆို၏ ပိုင်ဆိုင်ပစ္စည်းများကို ပျက်စီးအောင် လုပ်ဆောင်မှုနှင့်

(ဂ) (က) နှင့် (ခ) တွင် ဖော်ပြထားသော မည်သည့် လုပ်ဆောင်ချက်မဆိုအား အတင်းအကြပ်စေခိုင်းမှု၊ အားပေးမှု၊ အဆိုပြုမှုနှင့် ဆွဲဆောင်မှု သို့မဟုတ် ဖုံးကွယ်မှု၊

၂၀၀၈ခုနှစ်တွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးအက်ဥပဒေအား ACRC အက်ဥပဒေအဖြစ် ပြင်ဆင်ပြဋ္ဌာန်းခဲ့ပြီး ထို အက်ဥပဒေ၏ ပုဒ်မ၃တွင် ကိုရီးယားရှိ ပြည်သူ့ဝန်ထမ်းအဖွဲ့အစည်းများအားလုံးသည် လူမှုရေးကျင့်ဝတ်ကို ထိန်းသိမ်း မြှင့်တင်ရန်အတွက် အဂတိလိုက်စားမှုများကို ကြိုတင်ကာကွယ်ရန် သို့မဟုတ် ပပျောက်အောင်ဆောင်ရွက်ရန် တာဝန်ရှိ သည်ဟု ပြဋ္ဌာန်းထားပါသည်။ ပုဒ်မ ၁၂ (၆) တွင် ACRC အား ပြည်သူ့ဝန်ထမ်းအဖွဲ့အစည်းများ၏ အဂတိလိုက်စားမှု တိုက်ဖျက်ရေးမူဝါဒ နည်းလမ်းများကို လေ့လာကာ အကဲဖြတ်အမှတ်ပေးနိုင်သည့် လုပ်ပိုင်ခွင့်တာဝန်ကို ပေးအပ်ခဲ့ပါသည်။ ဥပဒေပုဒ်မ ၂၈ တွင် ACRC အား ဥပဒေများ (အက်ဥပဒေများ၊ နိုင်ငံ တော်သမ္မတ၏ အမိန့်ဒီကရီများ၊ ဝန်ကြီးချုပ်နှင့် ဝန်ကြီးများမှ ထုတ်ပြန်ပြဋ္ဌာန်းသော အမိန့်နှင့် စည်းမျဉ်းဥပဒေများ၊ ညွှန်ကြားချက်များ၊ နည်းဥပဒေများ၊ အများပြည်သူထံ ထုတ်ပြန်ချက်များ) အတွင်းရှိ အဂတိလိုက်စားမှုဖြစ်နိုင်ခြေများ ကို ဆန်းစစ်အကဲဖြတ်နိုင်ပြီး အစိုးရအဖွဲ့အစည်းများအား အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် စပ်လျဉ်းသည့် အကြံပြုချက်များကို ပေးနိုင်သော လုပ်ပိုင်ခွင့်အာဏာကို ပေးအပ်ထား ပါသည်။

အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် နိုင်ငံသားအခွင့်အရေးများ ကော်မရှင် ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ခြင်းဆိုင်ရာ အက်ဥပဒေအား လိုက်နာစေရန် ကြပ်မတ်ဆောင်ရွက်ရေး ဥပဒေ (နောက်ပိုင်းတွင် "ACRC အက်ဥပဒေလိုက်နာရေး ကြပ်မတ်ဆောင်ရွက်မှုဥပဒေ" ဟု ဆက်လက်ခေါ်ဝေါ် သုံးနှုန်းသွား ပါမည်) ကိုလည်း ပြဋ္ဌာန်းခဲ့သည့်အတွက် ACRC အနေဖြင့် CRA ကို ဆောင်ရွက်နိုင်ရန်အတွက် ဥပဒေဆိုင်ရာ အခြေခံကို ရရှိခဲ့ပါသည်။ CRA ကို ဆောင်ရွက်ရန်အတွက် ညွှန်ကြားချက်များကို ထိုဥပဒေ ပုဒ်မ ၃၀ မှ ၃၂ အထိတွင် ဖော်ပြပါရှိ ပါသည်။ ထိုဥပဒေပုဒ်မများတွင် ဆန်းစစ်လေ့လာရာ၌ မည်သည့်နယ်ပယ်များ ပါရှိရမည်၊ ဆန်းစစ်လေ့လာချက် စာရွက် စာတမ်းများကို မည်သို့ပြင်ဆင်တင်ပြရမည်၊ လမ်းညွှန်ချက်များကို ပြုစုကာ အစိုးရအဖွဲ့အစည်းများသို့ မည်သို့ ပေးအပ်ရ မည်၊ အစိုးရအဖွဲ့အစည်းများအား အကြံပြုချက်များကို မည်သို့ပေးရမည်၊ ဆန်းစစ်လေ့လာချက်ရလဒ်များကို မည်သို့ အကြောင်းကြားအစီရင်ခံရမည်ဆိုသည်တို့ကို ပြဋ္ဌာန်းသတ်မှတ်ပေးထားပါသည်။

နိုင်ငံတော်သမ္မတ၏ အမိန့်ဒီကရီဖြင့် ပြဋ္ဌာန်းသော ဥပဒေပြုရေးကိစ္စရပ်များအား စည်းကမ်းထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲ ခြင်းဆိုင်ရာ ဥပဒေ၏ ပုဒ်မ ၁၁ (၆) တွင် ဥပဒေကြမ်းတစ်ခုကို အဆိုပြုမည့် အဖွဲ့အစည်း တစ်ခု၏ အကြီးအမှူးသည် ACRC အက်ဥပဒေပုဒ်မ ၂၈နှင့် ACRC အက်ဥပဒေလိုက်နာရေး ကြပ်မတ်ဆောင်ရွက်မှု ဥပဒေပုဒ်မ ၃၀ တို့နှင့်အညီ CRA ကို ဆောင်ရွက်ပေးရန် ACRC ထံသို့ တောင်းခံရန်နှင့် ACRC သည် CRA ရလဒ်များကို သက်ဆိုင်ရာအဖွဲ့အစည်း အကြီး အမှူးထံသို့ ဥပဒေကြမ်းအား ကနဦးထုတ်ပြန်ကြေညာမှုမပြုမီ အသိပေးအကြောင်းကြားရန် ပြဋ္ဌာန်းထားပါသည်။ ဤနည်းဖြင့် သမ္မတ၏ ထိုအမိန့်ဒီကရီသည် ကိုရီးယားနိုင်ငံရှိ တရားဝင်ဥပဒေပြုရေးလုပ်ငန်းစဉ်အတွင်း CRA ကို အပြည့် အဝသွတ်သွင်းအကောင်အထည်ဖော်နိုင်ရန် လုပ်ဆောင်ပေးခဲ့ပါသည်။

## ၃ - CRA ရည်ရွယ်ချက်များ

ဥပဒေကြမ်းများ၊ ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများအတွင်းရှိ အဂတိလိုက်စားမှုကို ဖြစ်စေသော အချက်အလက်များ (ဥပမာ မရေရာမှုများ၊ ကျိုးကြောင်းမလျော်ညီမှုများနှင့် ကယ်ပေါက်များ) ကို သတ်မှတ်ဖော်ထုတ်ကာ လက်ဦးမှု ရယူဖယ်ရှားရန် CRA အား ရေးဆွဲပြုစုထားပါသည်။ သို့ပါသောကြောင့် CRA သည် ဥပဒေကြမ်းများ၊ ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများအတွင်းရှိ အဂတိလိုက်စားမှုဖြစ်နိုင်ခြေများ နယ်ပယ်များတွင် အဂတိလိုက်စားမှုကို ဖြစ်စေနိုင်သော အကြောင်းရင်းခံများအား ဆန်းစစ်လေ့လာရန်နှင့် ကိုင်တွယ်ဖြေရှင်းရန်၊ အုပ်ချုပ်ရေးပိုင်း၏ ကိုယ်ပိုင်ဆုံးဖြတ်လုပ်ပိုင် ခွင့်အာဏာများအား လျော်ကန်သင့်မြတ်အောင် လုပ်ဆောင်ရန်နှင့် အုပ်ချုပ်ရေးလုပ်ငန်းစဉ်များအား ရှင်းရှင်းလင်းလင်း ဖြစ်အောင် ပြုလုပ်ရန်တို့ကိုလည်း ရည်ရွယ်ပါသည်။ အဆိုပါရည်ရွယ်ချက်များကို ပြည့်မြောက်စေခြင်းဖြင့် CRA သည် ထိရောက်သည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးမူဝါဒများကို အကောင်အထည်ဖော်ရန်အတွက် အခြေခံအုတ်မြစ်ကို ခိုင်မာစေပြီး မူဝါဒများ၏ ယုံကြည်စိတ်ချနိုင်မှုနှင့် ကြိုတင်ခန့်မှန်းတွက်ဆနိုင်မှုများ မြင့်မားလာစေမည်ဖြစ်သောကြောင့် အဂတိလိုက်စားမှုကို ကြိုတင်ကာကွယ်နိုင်ခြင်းကဲ့သို့သော ကောင်းကျိုးရလဒ်များကို ဆောင်ကြဉ်းပေးနိုင်ရန် ရည်ရွယ် ပါသည်။

## CRA နည်းလမ်း၏ အကျိုးကျေးဇူးများ

CRA သည် ပြဋ္ဌာန်းမည့်၊ ပြင်ဆင်မည့် ဥပဒေကြမ်းများနှင့် တည်ဆဲဥပဒေစည်းမျဉ်းစည်းကမ်းများမှ လက်ရှိနှင့် အနာဂတ် တွင် ပေါ်ပေါက်လာနိုင်ခြေရှိသည့် အဂတိလိုက်စားမှုဖြစ်နိုင်ခြေများကို လျော့ပါးသွားစေရန် အထောက်အကူပြုပါသည်။ ထို့ကြောင့် ရေရှည်တွင် CRA သည် ပြည်သူ့ဝန် ဆောင်မှုများ ၏ ပွင့်လင်းမြင်သာမှုကို တိုးတက်ကောင်းမွန်စေပြီး ပြည်သူ့အုပ်ချုပ်ရေးအပေါ် ပြည်သူများ၏ သဘောထားအမြင်များအား အကောင်းဘက်သို့ ပြောင်းလဲစေသည့်အတွက် ပြည်သူ့အုပ်ချုပ်ရေး လုပ်ငန်းများ၊ ဆုံးဖြတ်ချက်များနှင့် အရေးယူဆောင်ရွက်ချက်များကို ပြည်သူအများ လက်ခံယုံကြည်မှု ပိုမို ရရှိစေပါသည်။ သို့ပါသောကြောင့် CRA သည် "အဂတိလိုက်စားမှုနှင့် လာဘ်ပေးလာဘ်ယူမှုပုံစံများအားလုံးကို အများအပြားလျှော့ချရန်" (၁၆.၅) နှင့် "အဆင့်များအားလုံးတွင် ထိရောက်၍ တာဝန်ခံမှုရှိပြီး ပွင့်လင်းမြင်သာသော အဖွဲ့အစည်းများ ဖြစ်လာစေရန်" (၁၆.၆) ဟူသော ၂၀၃၀ လုပ်ငန်းစဉ်၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင် (SDG) ၁၆ နှင့် ကိုက်ညီမှုရှိပါသည်။

ပို၍ တိကျစွာဆိုရလျှင် CRA သည် အောက်ပါအကျိုးကျေးဇူးများကို ရရှိစေပါသည် -

### ၁ - ပြည်သူ့အုပ်ချုပ်ရေးဆိုင်ရာ ကျင့်သုံးမှုများတွင် ပွင့်လင်းမြင်သာမှုနှင့် တရားမျှတမှုတို့ တိုးတက်လာခြင်း

CRA စံသတ်မှတ်ချက်များအား ဒီဇိုင်းရေးဆွဲထားသည့်ပုံစံအရ CRA မှတစ်ဆင့် အကြံပြုသော ပြင်ဆင်ချက်များသည် အစိုးရအဖွဲ့အစည်းများအတွက် ဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း ပြည်သူ့အုပ်ချုပ်ရေးဆိုင်ရာ ကျင့်သုံးမှုများ၏ ပွင့်လင်းမြင်သာမှုနှင့် တရားမျှတမှုတို့ကို တိုးတက်အောင် မည်သို့ လုပ်ဆောင်ရမည်ဟူသည့် လမ်းညွှန်များကို တိတိကျကျ ရရှိစေပါသည်။ ပြည်သူ့အုပ်ချုပ်ရေးယန္တရားအတွင်း အဂတိလိုက်စားမှုဖြစ်နိုင်ခြေ လျော့ချပေးသည့် လုပ်ငန်းစဉ်တစ်ခု ရှိနေခြင်းသည် တန်းတူညီမျှအခွင့်အရေးနှင့် ခွဲခြားဆက်ဆံခြင်းကင်းမှုဟူသည့် အခြေစည်းမျဉ်းများအား လိုက်နာမှု အားကောင်းစေပါသည်။ ယင်းတို့သည် တိုးတက်မှုနှင့် အလုပ်အကိုင်များ ရရှိစေသည့် ရင်းမြစ်များကို ထုတ်ယူသုံးစွဲကာ တရားမျှတသောယှဉ်ပြိုင်မှုနှင့် သုံးစွဲရသည့်ငွေနှင့် ထိုက်တန်သည့် တန်ဖိုးကို ရရှိအောင် အားပေးကူညီပါသည်။

ဥပမာ CRA ၏ 'စည်းမျဉ်းစည်းကမ်းများ၏ လုံလောက်မှု' နှင့် 'အစိုးရအထောက်အပံ့များအား လွဲမှားစွာ ခွဲဝေပေးနိုင်ခြေ သို့မဟုတ် အလွဲသုံးနိုင်ခြေ' ဟူသော စံသတ်မှတ်ချက်များသည် အစိုးရဘဏ္ဍာငွေများ လေလွင့်ဆုံးရှုံးနိုင်ခြေအပါအဝင် အဂတိလိုက်စားမှုဖြစ်နိုင်ခြေများကို လျှော့ချပေးနိုင်ပြီး ပြည်သူ့အုပ်ချုပ်ရေးလုပ်ထုံးလုပ်နည်းများ၏ ထိရောက်မှုနှင့် စွမ်းဆောင်ရည်ပြည့်ဝမှုကို မြင့်မားစေပါသည်။

ထို့ပြင် CRA သည် အစိုးရ၏ အုပ်ချုပ်ရေးလုပ်ငန်းစဉ်နှင့် ပြည်သူ့ဝန်ဆောင်မှုများ ဆောင်ရွက်ပေးမှု ယန္တရားအား ပိုမို ပွင့်လင်းမြင်သာ၍ တရားမျှတစေခြင်းဖြင့် ပြည်သူ့အုပ်ချုပ်ရေးလုပ်ငန်းစဉ်အပေါ် ပြည်သူများ၏ စိတ်ကျေနပ်မှုအား တိုးပွား စေပါသည်။ 'ဥပဒေစည်းကမ်းများကို လိုက်နာရန်အတွက် ပေးဆပ်ရမှုများ၏ ကျိုးကြောင်းလျော်ကန်မှု'၊ 'လက်လှမ်းမီမှု'၊ 'ပွင့်လင်းစွာချပြမှု' နှင့် 'ပြည်သူ့ဝန်ဆောင်မှုများ ဆောင်ရွက်ပေးခြင်းနှင့် အုပ်ချုပ်ရေးလုပ်ငန်းစဉ်များ၏ ရှင်းရှင်းလင်းလင်း ဖြစ်မှု' ကဲ့သို့သော CRA စံသတ်မှတ်ချက်များကို အသုံးပြုခြင်းဖြင့် အုပ်ချုပ်ရေးလုပ်ထုံးလုပ်နည်းများ၏ ပွင့်လင်းမြင်သာမှု နှင့် တရားမျှတမှုတို့ကို မြင့်မားစေသည့် တစ်ချိန်တည်းတွင် ပြည်သူများ၏ စိတ်ကျေနပ်မှုကို တိုးတက်ရရှိစေပါသည်။

"ဥပဒေစည်းကမ်းများကို လိုက်နာရန်အတွက် ပေးဆပ်ရမှုများ၏ ကျိုးကြောင်းလျော်ကန်မှု" စံသတ်မှတ်ချက်သည် အစိုးရ အဖွဲ့အစည်းများအတွက် ပြည်သူများအပေါ် စည်းကြပ်သတ်မှတ်သော ကုန်ကျစရိတ်များ ကြီးလေးလွန်းနေခြင်း ရှိ/မရှိ ဆန်းစစ်နိုင်သည့် အခွင့်အလမ်းများကို ရရှိစေပါသည်။ ကြီးလေးလွန်းသော ပေးဆပ်ရမှုများ မရှိစေဘဲ လျော်ကန်သင့်မြတ် အောင် လုပ်ဆောင်ပေးခြင်းဖြင့် ပြည်သူများအနေဖြင့် ဥပဒေကြမ်းများ၊ ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများတွင် ပြဋ္ဌာန်း ထားသော ကြီးလေးပြင်းထန်သည့် ပြဋ္ဌာန်းချက်များကို လိုက်နာရန်အတွက် မလိုအပ်ဘဲ ပေးဆပ်ရမည့် အချိန်နှင့် အားထုတ်မှုများကို သက်သာစေပါသည်။
"လက်လှမ်းမီမှု" စံသတ်မှတ်ချက်က အစိုးရအဖွဲ့အစည်းများသည် အုပ်ချုပ်ရေးလုပ်ငန်းစဉ်များတွင် ပြည်သူလူထုအတွက် ပါဝင်ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများကို လုံလောက်စွာ ပေးအပ်ခြင်း ရှိ/မရှိ ဆန်းစစ်ပါသည်။ ပြည်သူလူထုပါဝင် ဆောင်ရွက်မှု အခွင့်အလမ်းများကို ပိုမိုအားပေးမြှင့်တင်ခြင်းဖြင့် ပြည်သူလူထုသည် မူဝါဒချမှတ်မှုလုပ်ငန်းစဉ်အတွင်းတွင် ၎င်းတို့၏ အမြင်များကို ပိုမိုထိရောက်စွာ ဖော်ပြနိုင်ပါသည်။ ဆုံးဖြတ်ချက်ချမှတ်မှုလုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်ရန် နိုင်ငံသားများအား ဖိတ်ကြားခြင်းနှင့် ၎င်းတို့၏ အမြင်များကို ပေါင်းစပ်ထည့်သွင်းခြင်းသည် နိုင်ငံသားများ၏ တောင်းဆို ချက်များနှင့် လိုလားချက်များကို ပိုမိုဖြည့်စွမ်းပေးနိုင်သော မူဝါဒတစ်ခုကို ချမှတ်နိုင်စေပါသည်။
"ပွင့်လင်းစွာချပြမှု" စံသတ်မှတ်ချက်သည် အစိုးရအဖွဲ့အစည်းများ၏ သတင်းအချက်အလက်များ ဖွင့်ဟအသိပေးမှု အလေ့အထများကို ဆန်းစစ်ပါသည်။ အဆိုပါစံသတ်မှတ်ချက်ကို အသုံးပြုကာ အုပ်ချုပ်ရေးလုပ်ငန်းစဉ်နှင့်ဆက်စပ်သော သတင်းအချက်အလက်များကို ဖွင့်ဟအသိပေးမှု တိုးမြင့်စေခြင်းဖြင့် အုပ်ချုပ်ရေးလုပ်ငန်းစဉ်၏ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှုတို့ တိုးတက်လာနိုင်ပါသည်။ ထို့ပြင် ပြည်သူလူထုသည်လည်း ဤစံသတ်မှတ်ချက်မှ အကျိုးကျေးဇူး ရရှိခံစား ရပါသည်။ အဘယ်ကြောင့်ဆိုသော် အုပ်ချုပ်ရေးလုပ်ငန်းစဉ်ဆိုင်ရာ အရည်အသွေးမြင့်အချက်အလက်များကို အလွယ် တကူ လက်လှမ်းမီ ရယူနိုင်ခြင်းသည်  CRA လုပ်ငန်းစဉ်သာ မရှိပါက ဖြစ်နိုင်မည်မဟုတ်သည့်ကြောင့်ပင်။
'ပြည်သူ့ဝန်ဆောင်မှုများ ဆောင်ရွက်ပေးခြင်းနှင့် အုပ်ချုပ်ရေးလုပ်ငန်းစဉ်များ၏ ရှင်းရှင်းလင်းလင်းရှိမှု' စံသတ်မှတ်ချက် တွင် ပြည်သူများသည် အစိုးရမှ ပြည်သူ့ဝန်ဆောင်မှုများကို မည်သို့ ဆောင်ရွက်ပေးမည်၊ အုပ်ချုပ်ရေးလုပ်ထုံးလုပ်နည်း များကို မည်သို့ ကိုင်တွယ်ဆောင်ရွက်မည်ဆိုသည်ကို ရှင်းလင်းစွာ နားလည်မှုနှင့် ကြိုတင်မှန်းဆနိုင်မှု ရှိ/မရှိ ဆန်းစစ် ပါသည်။ ဤစံသတ်မှတ်ချက်သည် ပြည်သူများအား အုပ်ချုပ်ရေးလုပ်ထုံးလုပ်နည်းများကို ပိုမိုကောင်းစွာ နားလည်သိရှိပြီး ကြိုတင်ခန့်မှန်းနိုင်အောင် ကူညီပေးသည့်အတွက် ပြည်သူများသည် အုပ်ချုပ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို လျင်မြန်စွာ လိုက်ပါဆောင်ရွက်နိုင်ပြီး ပြည်သူ့ဝန်ဆောင်မှုများကို ရယူနိုင်ကြပါသည်။ ယင်းသည် အုပ်ချုပ်ရေးလုပ်ငန်း စဉ်အား မြန်ဆန်စေသည့်အတွက် ပြည်သူများသည် ပိုမိုမြန်ဆန်၍ ကြိုတင်ခန့်မှန်းတွက်ဆနိုင်မှု ပိုရှိသော ပြည်သူ့ဝန်ဆောင်မှုနှင့် အုပ်ချုပ်ရေးလုပ်ငန်းစဉ်တို့ကို ပိုမို စိတ်ကျေနပ်မှု ရရှိနိုင်ပါသည်။

## ၂ - ပြည်သူ့ဝန်ထမ်းအဖွဲ့အစည်းများ၏ အဂတိလိုက်စားမှုတိုက်ဖျက်ရေး စွမ်းဆောင်ရည်များ တိုးတက်လာခြင်း

CRA အား တစ်သမတ်တည်း ကျင့်သုံးအကောင်အထည်ဖော်ခြင်းဖြင့် အဂတိလိုက်စားမှု၏ ဦးတည်ရာအလားအလာ များနှင့် ပြည်သူ့အုပ်ချုပ်ရေးစနစ်အတွင်း အဂတိလိုက်စားမှုဖြစ်နိုင်ခြေများသော နယ်ပယ်များကို သတ်မှတ်ဖော်ထုတ်ရာ တွင်လည်း အထောက်အကူဖြစ်စေပါသည်။ ယင်းသည် အဖွဲ့အစည်းများ၏ အဂတိလိုက်စားမှုကို ကြိုတင်တားဆီး ကာ ကွယ်နိုင်စွမ်းအား တိုးပွားစေနိုင်ပြီး အမျိုးသားအဂတိလိုက်စားမှုတိုက်ဖျက်ရေး မဟာဗျူဟာများကိုလည်း အားကောင်းစေ နိုင်ပါသည်။

အထူးသဖြင့် ကျိုးကြောင်းလျော်ကန်၍ ယုတ္တိတန်သော စံသတ်မှတ်ချက်များ ချမှတ်ဆောင်ရွက်ခြင်းဖြင့် CRA သည် အဂတိလိုက်စားမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်အတွင်း ပါဝင်ဆောင်ရွက်နေသော အစိုးရအဖွဲ့အစည်းများကြား အဂတိ လိုက်စားမှုတိုက်ဖျက်ရေး လုပ်ဆောင်ချက်များနှင့် မဟာဗျူဟာများကို တူညီစွာ နားလည်သိရှိမှုကို ရရှိစေပါသည်။ ထို့ကြောင့် CRA သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် အသိပညာမြှင့်တင်သည့် လက်နက်တစ်ခု အနေဖြင့်လည်း ဆောင်ရွက်ပေးနိုင်ပြီး အဂတိလိုက်စားမှု တိုက်ဖျက်ရေးအဖွဲ့အစည်းသည် ၎င်း၏ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဆောင်ရွက်ချက်များအား အခြား အစိုးရအဖွဲ့အစည်းများအတွက် မည်သို့ ကျင့်သုံးနိုင်သည်ဆိုသည်ကို လက်တွေ့ပြသနိုင်သည့် အခွင့်အလမ်းအား ရရှိစေပါသည်။

ထို့ပြင် CRA တွင် ပညာပေးခြင်းဆိုင်ရာ တန်ဖိုးများလည်း ရှိပါသည်။ ACRC သည် CRA ကို ဆောင်ရွက်ပြီး အစိုးရဝန်ကြီး ဌာနများအား အကြံပြုချက်များ ပေးခြင်းသည် အစိုးရအရာရှိများအနေဖြင့် ၎င်းတို့ဖာသာ ဖော်ထုတ်နိုင်မည်မဟုတ်သော အဂတိလိုက်စားမှုဖြစ်နိုင်ခြေများကို သိရှိခွင့်ရရှိသည့်အတွက် ရှုထောင့်အမြင်အသစ်များ ရရှိစေပါသည်။ ၎င်းတို့သည် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဆိုင်ရာ သဘောတရားများကို ပိုမို ရင်းနှီးကျွမ်းဝင်လာမည်ဖြစ်ပြီး အချိန်ကာလအတစ်ခု ကြာလာသောအခါ ၎င်းတို့၏ ဥပဒေနှင့် မူဝါဒမူဘောင်များအတွင်းရှိ အဂတိလိုက်စားမှုဖြစ်နိုင်ခြေများအား ဖော်ထုတ်သိရှိ နိုင်စွမ်းကို ပျိုးထောင်နိုင်မည်ဖြစ်ပါသည်။ အစိုးရအဖွဲ့အစည်းများနှင့် CRA လုပ်ငန်းများကို အကြိမ်ကြိမ်ဆောင်ရွက်ခြင်း၊ တိုင်ပင်ဆွေးနွေးမှုများ ပြုခြင်းဖြင့် CRA သည် အစိုးရအဖွဲ့အစည်း များအတွက် ၎င်းတို့၏ ဥပဒေကြမ်းများ/ဥပဒေများကို ရေးဆွဲသောအခါ ထည့်သွင်းစဉ်းစားရန် လိုအပ်သည့် အပိုင်းကဏ္ဍများကို သိရှိစေနိုင်သည့် လေ့ကျင့်သင်တန်းပေးမှု ပုံစံတစ်ခု ဖြစ်လာခဲ့ပါသည်။

CRA အကြံပြုချက်များမှ လေ့လာခြင်းဖြင့် ဝန်ကြီးဌာနများသည် အနာဂတ်တွင် ဥပဒေကြမ်းများ ရေးဆွဲသောအခါ ဥပဒေ ပြဋ္ဌာန်းချက်များအတွင်းရှိ အဂတိလိုက်စားမှုဖြစ်နိုင်ခြေများကို ပိုမို ဖော်ထုတ်သိရှိနိုင်မည်ဖြစ်သည်။ ကိုရီးယားနိုင်ငံတွင် CRA အကြံပြုချက်များကို လက်ခံရရှိသော အစိုးရအဖွဲ့အစည်းများသည် ၎င်းတို့လုပ်ငန်းများအတွက် များစွာ အထောက် အကူဖြစ်သည်ကို တွေ့ရှိကြရပါသည်။ အဘယ်ကြောင့်ဆိုသော် CRA က ၎င်းတို့အား ထိခိုက်ဆုံးရှုံးနိုင်ခြေများကို တားဆီး ကာကွယ်နိုင်ရန်နှင့် ၎င်းတို့၏ ဥပဒေပြုရေးအဆိုပြုလွှာများရှိ ကယ်ပေါက်များကြောင့် ဖြစ်ပေါ်လာနိုင်သည့် အဂတိ လိုက်စားမှုများကို တုံ့ပြန်ဆောင်ရွက်ရသည့် အလုပ်ပိုများ သက်သာစေရန် ကူညီပေးသောကြောင့် ဖြစ်ပါသည်။

## ၃ - အခွန်ထမ်းပြည်သူများ၏ အခွန်ဘဏ္ဍာငွေများကို လေလွင့်ခြင်းမရှိစေမှုနှင့် လာဘ်ပေးလာဘ်ယူလျှော့ချနိုင်မှု

CRA သည် အမတော်ကြေးများအပါအဝင် အစိုးရ၏ ပံ့ပိုးကူညီမှုအမျိုးအစားအမျိုးမျိုးအား လွဲမှားစွာ ခွဲဝေချထားပေးမှု လွဲမှားစွာ လေလွင့်စေမှုတို့ ဖြစ်ပေါ်နိုင်စေနိုင်သည့် ဥပဒေပြဋ္ဌာန်းချက်များကို ဖော်ထုတ်ပေးခြင်းအားဖြင့် ပြည်သူ့ဘဏ္ဍာရေးအတွက်လည်း အထောက်အပံ့ဖြစ်ပါသည်။ ထိုမျှသာမက CRA သည် ပြည်သူ့ဝန်ဆောင်မှုများ ဆောင်ရွက် ပေးရာတွင် လာဘ်ပေးလာဘ်ယူမှုနှင့် တရားမဝင်စည်းရုံးမှုများ ဖြစ်ပေါ်နိုင်ခြေကို လျှော့ချနိုင်ရန်လည်း ကူညီပါသည်။ ထို့ပြင် အဂတိလိုက်စားမှုများကို ဖြစ်ပေါ်စေနိုင်သည့် အကြောင်းရင်းများအား ကိုင်တွယ်ဖြေရှင်းခြင်းအားဖြင့် CRA သည် အဂတိလိုက်စားမှုဖြစ်ပွားပြီးနောက်ပိုင်းမှ ဆောင်ရွက်ရသည့် လုပ်ငန်းများကြောင့် ပေါ်ပေါက်လာသည့် စီးပွားရေးနှင့် လူမှု ရေး ကုန်ကျစရိတ်များကို လျှော့ချရန်လည်း ကူညီပါသည်။ ထိုကုန်ကျစရိတ်များသည် အဂတိလိုက်စားမှုကို နဂိုမူလ ကတည်းက ကြိုတင်ကာကွယ်သည့်စရိတ်ထက် ပိုမို ကြီးမားပါသည်။

# ၃။

## ကိုရီးယားနိုင်ငံ၏ CRA နည်းစနစ်များနှင့် စီမံဆောင်ရွက်မှုများ

# ၃။ ကိုရီးယားနိုင်ငံရှိ CRA နည်းစနစ်များနှင့် စီမံဆောင်ရွက်မှုများ

## ၁ - CRA ကို အထောက်အပံ့ပြုထားသည့် ဥပဒေရေးရာအခြေခံဆိုင်ရာ အသေးစိတ်အချက်အလက်များ

နောက်ခံအကြောင်းအရာအပိုင်းနှင့် CRA အတွက် ဥပဒေရေးရာ အခြေခံအပိုင်းတွင် တင်ပြခဲ့သကဲ့သို့ ACRC အက်ဥပဒေ နှင့် ACRC အက်ဥပဒေလိုက်နာရေး ကြပ်မတ်ဆောင်ရွက်မှုဥပဒေတို့က CRA ကို စီမံဆောင်ရွက်ပိုင်ခွင့်အား ရှင်းလင်းစွာ ပြဋ္ဌာန်းပေးထားပါသည်။ ACRC အက်ဥပဒေ နှင့် ACRC အက်ဥပဒေလိုက်နာရေး ကြပ်မတ်ဆောင်ရွက်မှုဥပဒေတို့တွင် ပါရှိသော သီးခြားပုဒ်မများနှင့် ပြဋ္ဌာန်းချက်များက ACRC အား အုပ်ချုပ်ရေးအဖွဲ့အစည်းများမှ အဆိုပြုတင်ပြသော ဥပဒေကြမ်းများ၊ ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများအတွက် CRA ကို ဆောင်ရွက်ရန် တရားဝင်လုပ်ပိုင်ခွင့်အာဏာ အပ်နှင်းပေးထားပါသည်။ ACRC ၏ လုပ်ပိုင်ခွင့်တာဝန်များနှင့် CRA နှင့်စပ်လျဉ်း၍ အစိုးရအဖွဲ့အစည်းများ၏ တာဝန်များကို ပြဋ္ဌာန်းပေးထားသော အဓိကပုဒ်မများကို အောက်ပါဇယားကွက်အတွင်းတွင် ဖော်ပြထားပါသည်။

ကိုရီးယားသမ္မတနိုင်ငံရှိ CRA ကို အကောင်အထည်ဖော်ဆောင်ရွက်မှုဆိုင်ရာ အဓိကဥပဒေပုဒ်မများ အနှစ်ချုပ်

### ACRC ၏ လုပ်ပိုင်ခွင့်နှင့်တာဝန်များကို ပြဋ္ဌာန်းပေးထားသည့် ဥပဒေပုဒ်မများ

- ACRC အက်ဥပဒေ
  - ပုဒ်မ ၁၂ (၅) ACRC သည် ပြည်သူ့ဝန်ထမ်းအဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုများ မဖြစ်ပွားအောင် ကြိုတင်ကာ ကွယ်ရန်အတွက် ဆောင်ရွက်ချက်များနှင့် အဖွဲ့အစည်းစနစ်များ ပိုမိုတိုးတက်ကောင်းမွန်အောင် လုပ်ဆောင်ရမည့် နည်းလမ်း များအား တပ်ဆင်ပံ့ပိုးပေးနိုင်ပါသည်။
  - ပုဒ်မ ၂၈ (၁) ACRC သည် ဥပဒေများ (အက်ဥပဒေများ၊ နိုင်ငံတော်သမ္မတ၏ အမိန့်ဒီကရီများ၊ ဝန်ကြီးချုပ်နှင့် ဝန်ကြီး ဌာနများမှ ထုတ်ပြန်ပြဋ္ဌာန်းသော အမိန့်နှင့် စည်းမျဉ်းဥပဒေများ)၊ လက်အောက်ခံဥပဒေများ (ညွှန်ကြားချက်များ၊ နည်းဥပဒေ များ၊ အများပြည်သူထံ ထုတ်ပြန်ချက်များ သို့မဟုတ် ရှေ့ယခင်က စည်ပင်သာယာရေး ဥပဒေများနှင့် နည်းဥပဒေများအောက် တွင် ထုတ်ဝေထားသော အရာများ) ကို ဆန်းစစ်လေ့လာကာ အဂတိလိုက်စားမှုကို ဖြစ်စေနိုင်သော အချက်များ ရှိ/မရှိ စစ်ဆေးပြီး သက်ဆိုင်ရာ ပြည်သူ့ဝန်ထမ်းအဖွဲ့အစည်းများ၏ အကြီးအမှူးများထံ ပြင်ဆင်ချက်များ ပြုလုပ်ရန် အကြံပြုနိုင် ပါသည်။
  - ပုဒ်မ ၂၈ (၂) CRA လုပ်ထုံးလုပ်နည်းများနှင့် နည်းစနစ်များအား နိုင်ငံတော်သမ္မတ၏ အမိန့်ဒီကရီဖြင့် ပြဋ္ဌာန်းပေးပါမည် (ACRC အက်ဥပဒေလိုက်နာရေး ကြပ်မတ်ဆောင်ရွက်မှုဥပဒေ ပုဒ်မ ၃၀ ကို ဆိုလိုပါသည်)။
  - ပုဒ်မ ၂၉ (၁) ACRC သည် မည်သည့်ပြည်သူ့ဝန်ထမ်းအဖွဲ့အစည်းမဆိုထံမှ စာရွက်စာတမ်းများ (ဥပမာ ရှင်းလင်းချက် များ၊ ပစ္စည်းများ၊ စာရွက်စာတမ်းများ၊ စသည်) ကို တင်ပြရန် တောင်းဆိုနိုင်ပြီး အဖွဲ့အစည်း၏ လုပ်ငန်းဆောင်ရွက်မှု အခြေ အနေကို ကိုယ်တိုင်ကိုယ်ကျ သွားရောက်ကြည့်ရှုစစ်ဆေးနိုင်ပါသည်။

- ACRC အက်ဥပဒေလိုက်နာရေး ကြပ်မတ်ဆောင်ရွက်မှုဥပဒေ
  - ပုဒ်မ ၃၀ (၁) ACRC အက်ဥပဒေပုဒ်မ ၂၈ နှင့်အညီ ACRC သည် အဂတိလိုက်စားမှုကို ဖြစ်ပေါ်နိုင်သည့် အချက်အလက် များကို ရှာဖွေ၊ ဖယ်ရှားရန်အတွက် ဥပဒေများ၊ လက်အောက်ခံဥပဒေများ၊ စည်ပင်သာယာရေး ဥပဒေစည်းမျဉ်းများနှင့် စည်း မျဉ်းစည်းကမ်းများကို ဆန်းစစ်လေ့လာသည့် CRA ကို လုပ်ဆောင်နိုင်ပါသည်။
  - ပုဒ်မ ၃၀ (၂) ACRC သည် CRA ကို ထိရောက်စွာဆောင်ရွက်နိုင်ရန်အတွက် လမ်းညွှန်ချက်များ (ဥပမာ ဆန်းစစ် လေ့လာရမည့် အကြောင်းအရာများနှင့် စံသတ်မှတ်ချက်များ၊ အသုံးပြုရမည့် နည်းစနစ်များနှင့် အစီအစဉ်များ) ကို ချမှတ်နိုင် ပြီး ပြည်သူ့ဝန်ထမ်းအဖွဲ့အစည်းတစ်ခု၏ အကြီးအမှူးထံ လမ်းညွှန်ချက်များကို ဆက်သွယ် အသိပေးနိုင်ပါသည်။
  - ပုဒ်မ ၃၀ (၃) CRAကိုဆောင်ရွက်စဉ်တွင် ACRCသည် ပြည်သူ့ဝန်ထမ်းအဖွဲ့အစည်းတစ်ခု၏ အကြီးအမှူးအား ဆန်းစစ် လေ့လာချက်အတွက် လိုအပ်သော စာရွက်စာတမ်းများကို တင်ပြရန် တောင်းခံနိုင်ပြီး သက်ဆိုင်ရာ အဖွဲ့အစည်းအကြီးအမှူး သည် ACRC နှင့် ပူးပေါင်းဆောင်ရွက်ရပါမည်။
  - ပုဒ်မ ၃၀ (၄) ACRCသည် ပြည်သူ့ဝန်ထမ်းအဖွဲ့အစည်းတစ်ခု၏အကြီးအမှူးအား အဂတိလိုက်စားမှုဖြစ်နိုင်ခြေအချက် အလက်များကို ဖယ်ရှားရန်အတွက် အကြံပြုချက်များပေးသောအခါတွင် စာဖြင့် (အကြံပြုချက်များ အသေးစိတ်နှင့် ပြင်ဆင်မှု များ အပြီးပြုလုပ်ရန် နောက်ဆုံးသတ်မှတ်ရက်တို့ ပါဝင်ပါမည်) အကြောင်းကြားပေးမည် ဖြစ်သည်။
  - ပုဒ်မ ၃၀ (၇) ဒေသန္တရအစိုးရသည် စည်ပင်သာယာရေး စည်းမျဉ်းစည်းကမ်းများအား လေ့လာဆန်းစစ်ရန်အတွက် CRA ကို လုပ်ဆောင်ပေးရန် ACRC ကို ပန်ကြားနိုင်ပါသည် ။
  - ပုဒ်မ ၃၃ (၁) ACRC အက်ဥပဒေပုဒ်မ ၂၉ (၁) နှင့်အညီ ACRC သည် ပြည်သူ့ဝန်ထမ်းအဖွဲ့အစည်းထံမှ ၎င်းတို့၏ လုပ် ဆောင်မှုများနှင့် သက်ဆိုင်သော ပစ္စည်းများနှင့် ရှင်းလင်းချက်များ တောင်းခံသောအခါ အကြောင်းကြားစာပေးပို့ တောင်းခံ ရပါမည်။
  - ပုဒ်မ ၃၃ (၂) ACRC အက်ဥပဒေပုဒ်မ ၂၉ (၁) နှင့်အညီ ACRC သည် အဖွဲ့အစည်းသို့ သွားရောက်စစ်ဆေးခြင်း (on-site examinations)များ ပြုလုပ်သောအခါ သက်ဆိုင်ရာပြည်သူ့ဝန်ထမ်းအဖွဲ့အစည်းအား စာဖြင့် (စစ်ဆေးရသည့်ရည်ရွယ်ချက်၊ အချိန်၊ နေရာ၊ စုံစမ်းစစ်ဆေးရေးမှူးအကြောင်း အချက်အလက်များ၊ စသည် ပါဝင်ပါမည်) ကြိုတင်အကြောင်းကြားရပါမည်။

### CRA အကြံပေးအဖွဲ့အား ဖွဲ့စည်းရန်နှင့် စီမံခန့်ခွဲရန်အတွက် ဥပဒေအခြေခံများ

- ACRC အက်ဥပဒေ
  - ပုဒ်မ ၂၄ ACRC အက်ဥပဒေလိုက်နာရေး ကြပ်မတ်ဆောင်ရွက်မှုဥပဒေ ပုဒ်မ ၃၁ နှင့်အညီ ACRC သည် ၎င်း၏ တာဝန် ဝတ္တရားများကို ထမ်းဆောင်ရန်အတွက် အကြံပေးအဖွဲ့တစ်ဖွဲ့ကို ဖွဲ့စည်းနိုင်ပါသည်။
- ACRC အက်ဥပဒေလိုက်နာရေး ကြပ်မတ်ဆောင်ရွက်မှုဥပဒေ
  - ပုဒ်မ ၃၁ ACRC သည် CRA ကို ဆောင်ရွက်ရာတွင် လုပ်ငန်းကျွမ်းကျင်မှုနှင့် ဓမ္မဓိဋ္ဌာန်ကျမှုများ ရရှိစေရန်အတွက် အကြံ ပေးအဖွဲ့တစ်ဖွဲ့ကို ဖွဲ့စည်းနိုင်ပါသည်။ အကြံပေးအဖွဲ့ ဖွဲ့စည်းရန်နှင့် စီမံခန့်ခွဲရန်အတွက် ဘုတ်အဖွဲ့မှ ဆုံးဖြတ်ချက်ချပြီး နောက်တွင် လိုအပ်သော ကိစ္စရပ်များကို ဥက္ကဋ္ဌမှ ဆုံးဖြတ်ရပါမည်။

### CRA ဆန်းစစ်လေ့လာချက်ကို ခံယူရမည့် အစိုးရအဖွဲ့အစည်းများ၏ တာဝန်များနှင့်စပ်လျဉ်းသော ဥပဒေပြဋ္ဌာန်း ချက်များ

- ACRC အက်ဥပဒေ
  - ပုဒ်မ ၃ (၁) ပြည်သူ့ဝန်ထမ်းအဖွဲ့အစည်းများသည် အဂတိလိုက်စားမှု ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ကြိုးပမ်း လုပ်ဆောင်ရန် တာဝန်ရှိပါသည်။
- ACRC အက်ဥပဒေလိုက်နာရေး ကြပ်မတ်ဆောင်ရွက်မှုဥပဒေ
  - ပုဒ်မ ၃၀ (၉) ပြည်သူ့ဝန်ထမ်းအဖွဲ့အစည်းတစ်ခု၏ အကြီးအမှူးသည် ၎င်းတို့အဖွဲ့အစည်း၏ ဌာနတွင်းစည်းမျဉ်းစည်း ကမ်း၊ နည်းဥပဒေများ (၎င်းတို့ ပြဋ္ဌာန်းလိုသည့် သို့မဟုတ် ပြင်ဆင်လိုသည့် စည်းမျဉ်းစည်းကမ်းများအပါအဝင်) နှင့်စပ်လျဉ်း ၍ CRA ပြုလုပ်ပေးရန် ACRC သို့ ပန်ကြားတောင်းခံနိုင်ပါသည်။
- ဥပဒေပြုရေးကိစ္စရပ်များကို စီမံခန့်ခွဲမှုနှင့်စပ်လျဉ်းသော စည်းမျဉ်းစည်းကမ်းများ
  - ပုဒ်မ ၁၁ (၆) အစိုးရဥပဒေကြမ်းတစ်ရပ်ကို အဆိုပြုမည့် အဖွဲ့အစည်းတစ်ခု၏ အကြီးအမှူးသည် ACRC အက်ဥပဒေပုဒ်မ ၂၈ နှင့် ACRC အက်ဥပဒေလိုက်နာရေးကြပ်မတ်ဆောင်ရွက်မှုဥပဒေပုဒ်မ ၃၀ နှင့်အညီ သက်ဆိုင်ရာဥပဒေကြမ်းအတွက် CRA ကို ဆောင်ရွက်ရန် ACRC ဥက္ကဋ္ဌထံ ပန်ကြားတောင်းခံနိုင်ပါသည်။

## ၂ - ACRC နှင့် CRA ကို ခံယူရမည့် ပြည်သူ့ဝန်ထမ်းအဖွဲ့အစည်းများ၏ တာဝန်များနှင့် လုပ်ပိုင်ခွင့်များ

အထက်ဖော်ပြပါ ဥပဒေပုဒ်များနှင့် ပြဋ္ဌာန်းချက်များတွင် CRA နည်းစနစ်များကို ချမှတ်ကာ ဥပဒေကြမ်းများ၊ ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများအတွင်းရှိ သတ်မှတ်ဖော်ထုတ်ရန်နှင့် ဖယ်ရှားရန်အတွက် CRA ကို ဆောင်ရွက်ရန် ACRC ၏ လုပ်ပိုင်ခွင့်အား အတိအကျ ပြဋ္ဌာန်းပေးထားပါသည်။


ပြည်သူ့ဝန်ထမ်းအဖွဲ့အစည်းများသည် ဥပဒေများနှင့် နည်းဥပဒေများကို ပြဋ္ဌာန်းရန် သို့မဟုတ် ပြင်ဆင်ရန်အတွက် အဆိုပြုလွှာများကို ရေးဆွဲသောအခါတွင် ၎င်းတို့၏ ဥပဒေပြုရေးအဆိုပြုလွှာအပေါ် CRA ကို ဆောင်ရွက်ပေးရန် ACRC သို့ တောင်းခံပြီး လိုအပ်သော စာရွက်စာတမ်းပစ္စည်းများကို ACRC သို့ တင်ပြရန် လိုအပ်ပါသည်။ ACRC က CRA စံ သတ်မှတ်ချက်များကို အသုံးပြုကာ ဥပဒေပြုရေးအဆိုပြုလွှာများအတွင်းရှိ အဂတိလိုက်စားမှုဖြစ်နိုင်ခြေ အချက်အလက် များကို ဆန်းစစ်ကာ သက်ဆိုင်ရာအဖွဲ့အစည်းထံ CRA ရလဒ်များနှင့် အကြံပြုချက်များကို မျှဝေပါသည်။ CRA ရလဒ် များကို လက်ခံရရှိပြီးသည့်နောက်တွင် အဖွဲ့အစည်းများသည် ACRC ၏ အကြံပြုချက်များကို အခြေခံကာ ဥပဒေပြု ရေးအဆိုပြုလွှာကို ပြင်ဆင်ပါသည်။

ACRC သည် CRA ကို ဆောင်ရွက်သောအခါတွင် အကြံပေးအဖွဲ့တစ်ဖွဲ့ သို့မဟုတ် ပြင်ပမှ ကျွမ်းကျင်သူများကို ခေါ် ယူကာ အကူအညီတောင်းခံနိုင်ပါသည်။ အကြံပေးအဖွဲ့နှင့် ကျွမ်းကျင်သူများသည် ဥပဒေများနှင့် အဖွဲ့အစည်းများတွင် ရှိနေသည့် အဂတိလိုက်စားမှုကို ဖြစ်စေနိုင်သော အချက်များအား ဆန်းစစ်လေ့လာနိုင်အောင် အကြံဉာဏ်များ ပေးရပါမည်။ ထို့ပြင် ကျွမ်းကျင်သူများက အဖွဲ့အစည်းများသည် ဆန်းစစ်လေ့လာချက်နှင့်အညီ လိုက်နာဆောင်ရွက်ရန် ဖြစ်နိုင်ခြေ ရှိ/မရှိ သုံးသပ်ခြင်း သို့မဟုတ် CRA အကြံပြုချက်များကို အကောင်အထည်မဖော်နိုင်ပါက ထိုသို့ဖြစ်ရခြင်း အကြောင်းရင်းများကို ရှာဖွေခြင်းတို့ကိုလည်း ဆောင်ရွက်ရပါမည်။

## CRA မှ လွှမ်းခြုံသည့်အတိုင်းအတာ

CRA ကို ဥပဒေများနှင့် လက်အောက်ခံ ဥပဒေများ၊ အုပ်ချုပ်ရေးစည်းမျဉ်းစည်းကမ်းများ၊ စည်ပင်သာယာရေး စည်းမျဉ်း များနှင့် ပြည်သူ့ဝန်ဆောင်မှုအဖွဲ့အစည်းများ၏ စည်းမျဉ်းစည်းကမ်းများနှင့် နည်းဥပဒေများအတွက် ဆောင်ရွက်ပါသည်။ CRA ကို ဆောင်ရွက်ရမည့် ဥပဒေစည်းမျဉ်းစည်းကမ်းများအား အောက်ဖော်ပြပါပုံတွင် တွေ့နိုင်ပါသည်။

CRA ကို ဆောင်ရွက်ရမည့် ဥပဒေစည်းမျဉ်းစည်းကမ်းများ




ဥပဒေများနှင့် လက်အောက်ခံဥပဒေများအား CRA ဆောင်ရွက်ခြင်းကို ACRC ၏ CRA ဌာနခွဲမှ စီမံဆောင်ရွက်သလို အုပ်ချုပ်ရေးဆိုင်ရာစည်းမျဉ်းစည်းကမ်းများ၊ စည်ပင်သာယာရေးစည်းမျဉ်းများ၊ ပြည်သူ့ဝန်ဆောင်မှုအဖွဲ့အစည်းများ၏ နည်းဥပဒေများကို ပြဋ္ဌာန်းနိုင်သော သို့မဟုတ် ပြင်ဆင်နိုင်သော အခွင့်အာဏာရှိသည့် ပြည်သူ့ဝန်ထမ်းအဖွဲ့အစည်း များသည် မိမိတို့ဖာသာ ဆန်းစစ်လေ့လာမှုများကို ပြုလုပ်ရပါသည်။ သက်ဆိုင်ရာ အဖွဲ့အစည်းအတွင်းရှိ ဥပဒေစည်းမျဉ်း ရေးဆွဲရေးဌာနခွဲမှ ဥပဒေပြုရေးအဆိုပြုလွှာများအတွက် CRA ကို ဆန်းစစ်လေ့လာရေးဌာနခွဲမှ ဆောင်ရွက်ပါသည်။ ဆန်းစစ်လေ့လာရေးဌာနခွဲအနေဖြင့် CRA အား မိမိဖာသာ ဆောင်ရွက်သောအခါ အခက်အခဲများရှိပါက အဂတိလိုက်စားမှု ဖြစ်နိုင်ခြေများကို စနစ်တကျ ဖော်ထုတ်ကာ လျော့ပါးအောင် ဆောင်ရွက်နိုင်ရန်အတွက် အဖွဲ့အစည်းကိုယ်စား CRA ကို ဆောင်ရွက်ပေးရန် ACRC ထံ ပန်ကြားနိုင်ပါသည်။ အစိုးရအဖွဲ့အစည်းများနှင့် ACRC ၏ သီးခြား အခန်းကဏ္ဍများနှင့် တာဝန်ဝတ္တရားများကို အောက်ပါဇယားတွင် ရှင်းလင်းတင်ပြထားပါသည်။

## အဂတိလိုက်စားမှုဖြစ်နိုင်ခြေဆန်းစစ်လေ့လာချက်ကို စီမံဆောင်ရွက်ခြင်း

| CRA ဆောင်ရွက်ရမည့် ဥပဒေများ | | CRA ကို ခံယူဆောင်ရွက်ရမည့် ပြည်သူ့ဝန်ထမ်းအဖွဲ့အစည်းများ | ACRC ၏ လုပ်ဆောင်ချက်များ |
|---|---|---|---|
| အက်ဥပဒေ၊ နည်းဥပဒေ စည်းမျဉ်းစည်းကမ်း မူကြမ်း/ ပြင်ဆင်ချက်များ | ဥပဒေ/ပြင်ဆင်ချက် မူကြမ်း | ▫ သက်ဆိုင်ရာအဖွဲ့အစည်းများ နှင့် တိုင်ပင်ဆွေးနွေးသည့်အဆင့် တွင် CRA ကို တောင်းခံခြင်း | ▫ ဥပဒေကို ကနဦးကြေညာရန် နောက်ဆုံးရက်မတိုင်မီ CRA ကို ဆောင်ရွက်ခြင်း (များသောအား ဖြင့် ရက် ၄၀ အတွင်း)<br>▫ လိုအပ်ပါက အဂတိလိုက်စား မှုကို ဖြစ်စေနိုင်သော အချက်များ |
| တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများ | ကာလလတ်/ကာလရှည် စီမံကိန်းများ | ▫ တည်ဆဲဥပဒေများအတွက် ဆန်းစစ်လေ့လာရမည့် အကြောင်းအရာများကို တင်ပြခြင်း | ▫ တည်ဆဲဥပဒေများကို ဆန်းစစ် ရန်အတွက် ကာလလတ်နှင့် ကာလရှည် စီမံကိန်းများ ရေးဆွဲခြင်း၊<br>▫ ကာလလတ်/ကာလရှည် ဆန်းစစ်လေ့လာမှု လုပ်ငန်း တာဝန်များကို ရွေးချယ်ခြင်းနှင့် သုံးသပ်ခြင်း၊ |
| | အရေးတကြီး ဆောင် ရွက်ရမည့် ကိစ္စရပ်များ | ▫ ACRC မှ တောင်းခံပါက သက်ဆိုင်ရာ စာရွက်စာတမ်း ပစ္စည်းများကို တင်ပြခြင်း | ▫ အရေးတကြီးဆောင်ရွက်ရမည့် ကိစ္စရပ်များကို ကိုင်တွယ် ဖြေရှင်း နိုင်ရန် ဆန်းစစ်လေ့လာမှုများကို ဦးစားပေးအဆင့်များ သတ်မှတ် ဆောင်ရွက်ခြင်း၊ |
| အုပ်ချုပ်ရေးစည်းမျဉ်း၊ နည်းဥပဒေများ | စည်းမျဉ်းစည်းကမ်း မူကြမ်းများ/ပြင်ဆင်ချက် များ | ▫ ဌာနတွင်း မိမိတို့ဖာသာ ဆန်းစစ်လေ့လာသည့် စနစ်ကို ဆောင်ရွက်ခြင်း (မူအားဖြင့်)<br>▫ ACRC ၏ အကြံပြုချက်များကို အခြေခံကာ ပြဋ္ဌာန်းရမည့် (သို့) ပြင်ဆင်ရမည့် အုပ်ချုပ်ရေး စည်း မျဉ်းစည်းကမ်းများ ရှိပါက (သို့) မိမိတို့ဖာသာ ပိုကောင်းအောင် လုပ်ဆောင်ရန် မဖြစ်နိုင်ပါက ACRC ထံ CRA ကို လုပ်ဆောင် ပေးရန် ပန်ကြားခြင်း။ | ▫ ပြည်သူ့ဝန်ထမ်းအဖွဲ့အစည်း များအတွက် ဌာနတွင်း ဆန်းစစ် လေ့လာမှုဆိုင်ရာ လက်စွဲများ ဖြန့်ဝေပေးခြင်းနှင့် သင်တန်းများ ပေးခြင်း၊<br>▫ တောင်းခံလာသော အုပ်ချုပ် ရေး စည်းမျဉ်းစည်းကမ်းများနှင့် စပ်လျဉ်း၍ CRA ကို ဆောင်ရွက် ပေးခြင်း (ဥပဒေများ ဆန်းစစ် လေ့လာမှုကဲ့သို့ပင် ယေဘုယျ အားဖြင့် ရက် ၄၀ အတွင်း) |
| | တည်ဆဲစည်းမျဉ်းစည်း ကမ်းများ | ▫ ACRC မှ တောင်းခံပါက သက်ဆိုင်ရာ စာရွက်စာတမ်း ပစ္စည်းများကို တင်ပြခြင်း | ▫ အဂတိလိုက်စားမှုကို ဖြစ်စေ နိုင်သော အချက်များ ပါရှိသည့် အုပ်ချုပ်ရေး နည်းဥပဒေ၊ စည်း မျဉ်းများကို ရွေးချယ်ခြင်းနှင့် ဆန်းစစ်လေ့လာခြင်း၊<br>▫ ဥပဒေများ၊ နည်းဥပဒေ စည်း မျဉ်းစည်းကမ်းများကို CRA လုပ် ဆောင်သောအခါတွင် လိုအပ် ပါက သက်ဆိုင်ရာ အုပ်ချုပ်ရေး နည်းဥပဒေ၊ စည်းမျဉ်းများကို လည်း ဆန်းစစ်လေ့လာခြင်း၊ |
| စည်ပင်သာယာရေး စည်းမျဉ်းများ | စည်းမျဉ်း မူကြမ်း/ ပြင်ဆင်ခြင်းများ | ▫ ဌာနတွင်း မိမိတို့ဖာသာ ဆန်းစစ်လေ့လာသည့် စနစ်ကို ဆောင်ရွက်ခြင်း (မူအားဖြင့်)<br>▫ မိမိတို့ဖာသာ ပိုကောင်းအောင် လုပ်ဆောင်ရန် မဖြစ်နိုင်ပါက ACRC ထံ CRA ကို လုပ်ဆောင် ပေးရန် ပန်ကြားခြင်း | ▫ ပြည်သူ့ဝန်ထမ်းအဖွဲ့အစည်း များအတွက် ဌာနတွင်း ဆန်းစစ် လေ့လာမှုဆိုင်ရာ လက်စွဲများ ပြုစုဖြန့်ဝေပေးခြင်း၊<br>▫ တောင်းခံလာပါက စည်ပင် သာယာရေး စည်းမျဉ်းများကို ဆန်းစစ်လေ့လာခြင်း၊ |
| | တည်ဆဲစည်းမျဉ်းများ | ▫ ACRC မှ တောင်းခံပါက သက်ဆိုင်ရာ စာရွက်စာတမ်း ပစ္စည်းများကို တင်ပြခြင်း | ▫ အဂတိလိုက်စားမှုကို ဖြစ်စေ နိုင်သော အချက်များ ပါရှိသည့် စည်ပင်သာယာရေး စည်းမျဉ်း များကို ရွေးချယ်ခြင်းနှင့် ဆန်းစစ်လေ့လာခြင်း၊ |
| ပြည်သူ့ဝန်ဆောင်မှုအဖွဲ့ အစည်းများ၏ ဌာနတွင်း စည်းမျဉ်းစည်းကမ်းများ၊ နည်းဥပဒေများ | စည်းမျဉ်းနည်းဥပဒေ မူကြမ်း/ ပြင်ဆင်ချက် များ နှင့် တည်ဆဲ စည်းမျဉ်းစည်းကမ်း၊ နည်းဥပဒေများ | ▫ ဌာနတွင်း မိမိတို့ဖာသာ ဆန်းစစ်လေ့လာသည့် စနစ်ကို ဆောင်ရွက်ခြင်း (မူအားဖြင့်)<br>▫ မိမိတို့ဖာသာ ပိုကောင်းအောင် လုပ်ဆောင်ရန် မဖြစ်နိုင်ပါက ACRC ထံ CRA ကို လုပ်ဆောင် ပေးရန် ပန်ကြားခြင်း | ▫ ပြည်သူ့ဝန်ထမ်းအဖွဲ့အစည်း များအတွက် ဌာနတွင်း ဆန်းစစ် လေ့လာမှုဆိုင်ရာ လက်စွဲများ ပြုစုဖြန့်ဝေပေးခြင်း၊<br>▫ တောင်းခံလာပါက အသင်း အဖွဲ့စည်းမျဉ်းများနှင့် နည်း ဥပဒေများကို ဆန်းစစ် လေ့လာခြင်း။ |

ACRC အက်ဥပဒေအောက်တွင် ACRC သည် အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဒေသန္တရအစိုးရများနှင့် ပြည်သူ့ဝန်ထမ်း အဖွဲ့အစည်းများမှ ပြဋ္ဌာန်းသော သို့မဟုတ် ပြင်ဆင်သော ဥပဒေကြမ်းများ၊ ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့်စပ်လျဉ်း ၍ CRA ကို ဆောင်ရွက်နိုင်ပါသည်။ ACRC ဥပဒေတွင် အစိုးရဝန်ကြီးဌာနများမှ အဆိုပြုသော ဥပဒေကြမ်းများကိုသာ စိစစ်သုံးသပ်ရမည်ဟု ACRC ၏ လုပ်ပိုင်ခွင့်တာဝန်ကို ကန့်သတ်ထားခြင်း မရှိသော်လည်း ကိုရီးယားနိုင်ငံတွင် လွှတ်တော်ကိုယ်စားလှယ်များမှ အဆိုပြုသော ဥပဒေကြမ်းများအတွက် CRA ကို ဆောင်ရွက်ခြင်း မရှိပါ။ ACRC မှ CRA ကို ဆောင်ရွက်နိုင်သည့် အတိုင်းအတာနှင့်စပ်လျဉ်း၍ ကျိုးကြောင်းရှင်းလင်းချက်များကို အောက်ပါဇယားကွက်တွင် ရှင်းလင်းတင်ပြထားပါသည်။

### ACRC မှ CRA ကို ဆောင်ရွက်နိုင်မှုအတိုင်းအတာနှင့်စပ်လျဉ်းသည့် ကျိုးကြောင်းရှင်းလင်းချက်

ACRC သည် ဝန်ကြီးချုပ်ရုံးအောက်တွင် ရှိပြီး အစိုးရအုပ်ချုပ်ရေးမဏ္ဍိုင်၏ အဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။ ထို့ကြောင့် ယင်းကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေအရ အုပ်ချုပ်ရေးမဏ္ဍိုင်မှ တင်သွင်းလာသော ဥပဒေကြမ်းများကို CRA ဖြင့် ဆန်းစစ်လေ့လာနိုင်သည့် လုပ်ပိုင်ခွင့်တာဝန်ကို ပေးအပ်ထားခြင်းဖြစ်ပါသည်။ ထိုကဲ့သို့သော ဖွဲ့စည်းပုံစနစ် များရှိသည့်အတွက် ACRC သည် ပုံမှန်အားဖြင့် အုပ်ချုပ်ရေးမဏ္ဍိုင်မှ တင်သွင်းသော ဥပဒေကြမ်းများအတွက်သာ CRA ကို အဓိကထားဆောင်ရွက်ပါသည်။

ထို့ပြင် လွှတ်တော်ကိုယ်စားလှယ်များ (MP) တင်သွင်းသော ဥပဒေကြမ်းများကို CRA ဖြင့် ဆန်းစစ်လေ့လာမှုပြုပါက ထိရှလွယ်မှုများ ဖြစ်ပေါ်နိုင်ပါသည်။ အဘယ်ကြောင့်ဆိုသော် အဆိုပါဥပဒေကြမ်းများကို MPများ၏ အမည်ဖြင့် ရေးဆွဲ ခြင်းဖြစ်သောကြောင့်ဖြစ်သည်။ ဥပဒေမှ လုပ်ပိုင်ခွင့်နှင့်တာဝန်များကို ရှင်းလင်းစွာ ပေးအပ်ထားခြင်းမရှိလျှင် အချို့MP များက အဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့အစည်းတစ်ခုမှ အဆိုပြုသည့် ပြင်ဆင်ချက်များကို လက်မခံခြင်းများ ဖြစ်နိုင်ပါသည်။

သို့သော် ဥပဒေကြမ်းတစ်ခုကို လွှတ်တော်မှ အတည်ပြုလိုက်သည်နှင့်တစ်ပြိုင်နက် ယင်းသည် ဥပဒေတစ်ခု ဖြစ်သွား ပြီးနောက်တွင် အစိုးရအဖွဲ့အစည်းများက အချို့သော ပြဋ္ဌာန်းချက်များကို ပြင်ဆင်ရန် တောင်းခံလာပါက ACRC သည် အဆိုပါဥပဒေကို CRA ဖြင့် ဆန်းစစ်လေ့လာမှု ပြုနိုင်ပါသည်။

## ၁ - ဥပဒေများနှင့် နည်းဥပဒေစည်းမျဉ်းစည်းကမ်းများ

လက်အောက်ခံဥပဒေတစ်ခုကို ပြဋ္ဌာန်းရန် သို့မဟုတ် ပြန်လည်ပြင်ဆင်ရန် ရည်ရွယ်သော မည်သည့် အုပ်ချုပ်ရေးအဖွဲ့အစည်းမဆိုသည် ဥပဒေပြုရေးဆိုင်ရာ အဆိုပြုလွှာများနှင့် ဆန်းစစ်လေ့လာမှုပြုရန် လိုအပ်သော စာရွက်စာတမ်းများကို ACRC သို့ ပေးပို့ရမည်ဖြစ်ပြီး သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် တိုင်ပင်ဆွေးနွေးမှုများ စတင်ပြုလုပ်သည်နှင့် တစ်ပြိုင်နက် CRA ကို ဆောင်ရွက်ရန် ACRC ကို ပန်ကြားရမည်ဖြစ်သည်။ CRA ဖြင့် ဆန်းစစ်လေ့လာမှုပြုခြင်းကို ခံယူရမည့် ဥပဒေများ၊ နည်းဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများထဲတွင် အက်ဥပဒေများ၊ သမ္မတ၏ အမိန့်ဒီကရီများနှင့် ဝန်ကြီးဌာနများမှ ထုတ်ပြန်ပြဋ္ဌာန်းသော အမိန့်၊ စည်းမျဉ်း၊ စည်းကမ်း၊ ဥပဒေများ ပါဝင်ပါသည်။ ဥပဒေကြမ်းများ သာမက တည်ဆဲ ဥပဒေများကိုလည်း ACRC မှ ဆန်းစစ်လေ့လာခွင့်ရှိပါသည်။ သို့သော် ဆန်းစစ်လေ့လာရမည့် ဥပဒေသည် မူကြမ်း သို့မဟုတ် တည်ဆဲဖြစ်သည့်ပေါ်တွင် မူတည်ကာ အသုံးပြုသော နည်းစနစ်များနှင့် လုပ်ထုံးလုပ် နည်းများ ကွဲပြားပါသည်။

ဥပဒေကြမ်းများအတွက် သက်ဆိုင်ရာအဖွဲ့အစည်းသည် ဥပဒေကြမ်းနှင့်အတူ ဆန်းစစ်လေ့လာရန် လိုအပ်သော စာရွက် စာတမ်းများအားလုံးကို CRA ပြုလုပ်ရန်အတွက် ACRC သို့ တင်ပြရန် လိုအပ်ပါသည်။ ACRC သည် ဥပဒေများ၊ နည်း ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများကို ပြဋ္ဌာန်းခြင်း သို့မဟုတ် ပြင်ဆင်ခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် အဂတိ လိုက်စားမှုဖြစ်နိုင်ခြေများကို ဆန်းစစ်ဖော်ထုတ်သလို လိုအပ်သည်ဟု ယူဆပါက သက်ဆိုင်ရာ တည်ဆဲဥပဒေပြဋ္ဌာန်းချက် များတွင် ပါရှိနေသည့် အဂတိလိုက်စားမှုကို ဖြစ်စေနိုင်သော အချက်များကိုလည်း သုံးသပ်ဆန်းစစ်ပါသည်။ သုံးသပ် စစ်ဆေးပြီးသောအခါ ဥပဒေကြမ်းများအတွင်းရှိ အဂတိလိုက်စားမှုကို ဖြစ်စေနိုင်သော အချက်များကို ကိုင်တွယ်ဖြေရှင်း နိုင်စေရန်အတွက် ACRC သည် စစ်ဆေးမှုရလဒ်များနှင့် အကြံပြုချက်များကို သက်ဆိုင်ရာ အဖွဲ့အစည်းများသို့ အသိပေး အကြောင်းကြားပါသည်။

တည်ဆဲဥပဒေစည်းမျဉ်းစည်းကမ်းများအပေါ် CRA ကို ဆောင်ရွက်ရန်အတွက် ACRC သည် ဆန်းစစ်လေ့လာရမည့် အကြောင်းအရာများ (ဥပမာ အဂတိလိုက်စားမှုဖြစ်နိုင်ခြေများသော နယ်ပယ်များ၊ အဂတိလိုက်စားမှုမကောင်းသတင်းများ မကြာမီက ဖြစ်ပေါ်ခဲ့သော နယ်ပယ်များ သို့မဟုတ် ယခင်က ဆောင်ရွက်ခဲ့သော CRA များတွင် အဂတိလိုက်စားမှုပြဿနာ အချို့ကို ဖော်ထုတ်တွေ့ရှိခဲ့သော နယ်ပယ်များ) ကို ရွေးချယ်ပြီး ထိုအကြောင်းအရာများနှင့်စပ်လျဉ်း၍ CRA ကို ဆောင် ရွက်နိုင်ပါသည်။ တည်ဆဲဥပဒေစည်းမျဉ်းစည်းကမ်းများအပေါ် CRA ကို ဆောင်ရွက်ရာတွင် ဤနည်းလမ်းကို ARCR က ပိုမိုနှစ်သက်ပါသည်။

မည်သည့်နည်းဖြင့်ဆောင်ရွက်သည်ဖြစ်စေ ဌာနတွင်း ဆုံးဖြတ်ချက်ချမှတ်ပြီးနောက်တွင် ACRC သည် ပေးထားသည့် ဆန်းစစ်လေ့လာမှုကာလအတွင်း သက်ဆိုင်ရာ အစိုးရအဖွဲ့အစည်းများမှ တင်သွင်းလာသော အခြေခံဆန်းစစ်လေ့လာမှု အတွက် စာရွက်စာတမ်းပစ္စည်းများကို အခြေခံကာ CRA ကို ဆောင်ရွက်ပါသည်။ ဆောင်ရွက်ပြီးသောအခါ လိုအပ်သော ပြုပြင်မှုများ ဆောင်ရွက်နိုင်ရန် ACRC သည် CRA ရလဒ်များနှင့် အကြံပြုချက်များအား သက်ဆိုင်ရာ အဖွဲ့အစည်းများကို မျှဝေအသိပေးပါသည်။

## ၂ - အုပ်ချုပ်ရေးစည်းမျဉ်းစည်းကမ်းများ

မူအားဖြင့် အုပ်ချုပ်ရေး စည်းမျဉ်းစည်းကမ်းများကို ပြဋ္ဌာန်းသော သို့မဟုတ် ပြင်ဆင်သော ပြည်သူ့ဝန်ထမ်းအဖွဲ့အစည်း များသည် ၎င်းတို့ ကိုယ်တိုင် CRA ကို ပြုလုပ်ရန် တာဝန်ရှိပါသည်။ ပြည်သူ့ဝန်ထမ်းအဖွဲ့အစည်းများအတွက် မိမိတို့ဖာသာ ဆန်းစစ်လေ့လာမှု လုပ်ထုံးလုပ်နည်းများ ချမှတ်နိုင်စေရန် ACRC က လက်စွဲစာအုပ်များနှင့် စစ်ဆေးရန် စာရင်းများ (checklists) ပြုစုထုတ်ဝေပေးပါသည်။

ACRC သည် အောက်ပါအခြေအနေများတွင် ပြဋ္ဌာန်းသော သို့မဟုတ် ပြင်ဆင်သော အုပ်ချုပ်ရေးဆိုင်ရာ စည်းမျဉ်း စည်းကမ်းများအတွက် CRA ကို ဆောင်ရွက်ပါသည် - က) ပြည်သူ့ဝန်ထမ်းအဖွဲ့အစည်းသည် ယခင်က ACRC ၏ CRA အကြံပြု ချက်များအတိုင်း ပြင်ဆင်ပြဋ္ဌာန်းထားသော အုပ်ချုပ်ရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို ပြင်ဆင် သို့မဟုတ် ပြဋ္ဌာန်းသောအခါ နှင့် ခ) ပြည်သူ့ဝန်ထမ်းအဖွဲ့အစည်းသည် မိမိတို့ဖာသာ ပြင်ဆင်ရန်၊ ပိုကောင်းအောင် လုပ်ဆောင် ရာတွင် အခက်အခဲများ ရှိသောအခါတွင် ဖြစ်ပါသည်။ ထိုအခါမျိုးများတွင် သက်ဆိုင်ရာ ပြည်သူ့ဝန်ထမ်းအဖွဲ့အစည်း များသည် ၎င်းတို့ကိုယ်စား  CRA ကို ဆောင်ရွက်ပေးရန် ACRC သို့ ပန်ကြားရန် လိုအပ်ပြီး ACRC သည် ယေဘုယျ အားဖြင့် ရက်ပေါင်း ၄၀ အတွင်း ဆန်းစစ်လေ့လာမှုကို အပြီးဆောင်ရွက်ကာ သက်ဆိုင်ရာ အဖွဲ့အစည်းများသို့ CRA ရလဒ်များနှင့် အကြံပြုချက်များကို အသိပေးပါသည်။

တည်ဆဲအုပ်ချုပ်ရေးစည်းမျဉ်းစည်းကမ်းများတွင် ရှိသည့် အဂတိလိုက်စားမှုဖြစ်နိုင်ခြေများကို ဆန်းစစ်လေ့လာရန် အတွက် ACRC သည် အဂတိလိုက်စားမှုမကောင်းသတင်းများ ဖြစ်ပေါ်ခဲ့သည့် အကြောင်းကိစ္စရပ်များနှင့် ဆက်နွှယ်သော အုပ်ချုပ် ရေး စည်းမျဉ်းစည်းကမ်းများကို ရွေးချယ်ပါသည်။ ACRC သည် ဥပဒေကြမ်းများ သို့မဟုတ် တည်ဆဲ ဥပဒေများနှင့် နည်း ဥပဒေစည်းမျဉ်းစည်းကမ်းများကို CRA ပြုလုပ်သောအခါတွင် သက်ဆိုင်ရာအုပ်ချုပ်ရေးစည်းမျဉ်းစည်းကမ်းများကို ပြန်လည်သုံးသပ်ရန် လိုအပ်ပါကလည်း သုံးသပ်နိုင်ပါသည်။ သက်ဆိုင်ရာဥပဒေများက လက်အောက်ခံအုပ်ချုပ်ရေး စည်း မျဉ်းများတွင် သီးခြားလုပ်ပိုင်ခွင့်တာဝန်များ သို့မဟုတ် အုပ်ချုပ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို လွှဲပြောင်းပေးအပ် ထားခြင်းများ ရှိပါက အဂတိလိုက်စားမှုကို ဖြစ်စေနိုင်သော အချက်အလက်များကို ထိရောက်စွာ ဖော်ထုတ်၍ ဖယ်ရှား နိုင်ရန်အတွက် ဖြစ်ပါသည်။

## ၃ - စည်ပင်သာယာရေးစည်းမျဉ်းများ

ဒေသန္တရအစိုးရ၏ ဆန်းစစ်လေ့လာမှုဌာနခွဲ (ဥပမာ စာရင်းစစ်နှင့် စစ်ဆေးရေးရုံး သို့မဟုတ် ဥပဒေရုံး) သည် ၎င်းတို့၏ တည်ဆဲ/မူကြမ်းဖြစ်သော စည်ပင်သာယာစည်းမျဉ်းများ  (အမိန့်၊ စည်းမျဉ်း၊ စည်းကမ်း၊ ဥပဒေများ ပါဝင်ပါသည်) အတွက် CRA ကို ၎င်းတို့ကိုယ်တိုင် ဆောင်ရွက်ပိုင်ခွင့်နှင့်တာဝန် ရှိပါသည်။

သို့သော် အောက်ပါအခြေအနေများတွင် ACRC သည် စည်ပင်သာယာရေး စည်းမျဉ်းစည်းကမ်းများအတွက် CRA ကို လုပ်ဆောင်နိုင်ပါသည် - က) ဒေသန္တရအစိုးရမှ တောင်းဆိုသောအခါ သို့မဟုတ် ခ) စည်ပင်သာယာရေး စည်းမျဉ်းစည်း ကမ်းအချို့သည် အဂတိလိုက်စားမှုမကောင်းသတင်းများနှင့်ဆက်နွှယ်နေပြီး ပြင်ဆင်အရေးယူမှုများ ပြုလုပ်ရန် ပြည်သူ များက တောင်းဆိုလာသောအခါတွင် ဖြစ်ပါသည်။ သက်ဆိုင်ရာရုံးများကြား မတူညီသော အမြင်များ ရှိနေခြင်းကြောင့် CRA လုပ်ငန်းစဉ် နှောင့်နှေးနေသောအခါတွင် ဒေသန္တရအစိုးရ၏ အကြီးအမှူးမှ အဖွဲ့အစည်းကိုယ်စား CRA ကို ဆောင် ရွက်ရန် ACRC ကို ပန်ကြားနိုင်ပါသည်။ အချို့သော စည်ပင်သာယာရေး စည်းမျဉ်းစည်းကမ်းများနှင့်ဆက်နွှယ်နေသည့် အဂတိလိုက်စားမှုမကောင်းသတင်းများ ဖြစ်ပေါ်လာပါက သို့မဟုတ် အချို့သော စည်ပင်သာယာရေးစည်းမျဉ်းစည်းကမ်း များတွင် အဂတိလိုက်စားမှုကို ဖြစ်စေနိုင်သော အချက်အလက်များ ရှိနေသည်ဟု ယူဆပါက ထိုစည်းမျဉ်းစည်းကမ်း များ အတွက် CRA ကို ACRC က တိုက်ရိုက်ဆောင်ရွက်နိုင်ပါသည်။

## ၄ - ပြည်သူ့ဝန်ဆောင်မှုအဖွဲ့အစည်းများ၏ စည်းမျဉ်းစည်းကမ်းများ၊ နည်းဥပဒေများ

စည်ပင်သာယာရေးစည်းမျဉ်းများနည်းတူ ပြည်သူ့ဝန်ဆောင်မှုအဖွဲ့အစည်းတိုင်းသည်လည်း ၎င်းတို့၏ အဖွဲ့အစည်း အခြေ အနေနှင့် ကိုက်ညီအောင် ညှိနှိုင်းထားသည့် ကိုယ်တိုင်ဆန်းစစ်လေ့လာမှုစနစ်တစ်ခုကို ဆောင်ရွက်ရပါသည်။ ပြည်သူ့ ဝန်ဆောင်မှုအဖွဲ့အစည်းများ၏ စည်းမျဉ်း၊ နည်းဥပဒေများထဲတွင် ပါဝင်ပါသည်။ ပြည်သူ့ဝန်ဆောင်မှုအဖွဲ့အစည်းများ၏ စည်းမျဉ်း (အသင်းအဖွဲ့စည်းမျဉ်းများ၊ ဌာနတွင်း စည်း မျဉ်းစည်းကမ်းများနှင့် နည်းဥပဒေများ ) သည် အဖွဲ့အစည်း အကြီးအမှူးမှ ပန်ကြားတောင်းခံပါက ACRC ၏ ဆန်းစစ်လေ့လာမှုကို ခံယူရပါသည်။ ထိုသို့ တောင်းဆိုလာပါက ACRC သည် ပြည်သူ့ဝန်ဆောင်မှုဖွဲ့အစည်းများ၏ ဌာနတွင်းစည်းမျဉ်းစည်းကမ်းများနှင့် နည်းဥပဒေများကို ACRC အက်ဥဒေ လိုက်နာရေး ကြပ်မတ်ဆောင်ရွက်မှုဥပဒေ ပုဒ်မ ၃၀ (၉) နှင့်အညီ CRA ကို ဆောင်ရွက်ပါသည်။

## CRA စံသတ်မှတ်ချက်များနှင့် ဆန်းစစ်လေ့လာရာတွင် စစ်ဆေးရမည့် အရာများစာရင်း (Checklists)

CRA သည် ဆန်းစစ်လေ့လာမှု နယ်ပယ်လေးခု (လိုက်နာမှု၊ ဆောင်ရွက်မှု၊ စီမံအုပ်ချုပ်ရေး လုပ်ထုံးလုပ်နည်းများနှင့် အဂတိလိုက်စားမှုအား ထိန်းချုပ်ခြင်း) ကို အသုံးပြုကာ ဥပဒေကြမ်းများ၊ ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများကို ဆန်းစစ် ပါသည်။ အဆိုပါနယ်ပယ် ၄ ခုအောက်တွင် ဥပဒေများတွင် ပါရှိသည့် အဂတိလိုက်စားမှုဖြစ်နိုင်ခြေများကို ဆန်းစစ်လေ့လာ ရန်အတွက် စံသတ်မှတ်ချက် ၁၁ ခု ကို သုံးသပ်ပါသည်။ ACRC သည် အဂတိလိုက်စားမှုကို ဖြစ်စေနိုင်သော အချက်များ အား ပိုမိုထိရောက်စွာ ဆန်းစစ်လေ့လာနိုင်ရန် စံသတ်မှတ်ချက်တစ်ခုစီအတွက် သီးခြား checklist တစ်ခုစီကို ပြုစုထား ပြီး ယင်းကို အသုံးပြုကာ ဥပဒေကြမ်းများ၊ ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများအတွင်းရှိ အဂတိလိုက်စားမှုကို ဖြစ်စေနိုင်သော အချက်များကို ဆန်းစစ်ဖော်ထုတ်ပါသည်။ CRA စံသတ်မှတ်ချက်များအား အသေးစိတ်ရှင်းလင်းချက်ကို အောက်ပါ ဇယားတွင် ဖော်ပြထားပါသည်။

## အဂတိလိုက်စားမှုဖြစ်နိုင်ခြေ ဆန်းစစ်လေ့လာမှုစံသတ်မှတ်ချက်များ

| ဆန်းစစ်လေ့လာမှု နယ်ပယ် လိုက်နာမှု | စံသတ်မှတ်ချက်များ | စံသတ်မှတ်ချက်များအား ရှင်းလင်းချက် |
|---|---|---|
| လိုက်နာမှု | လိုက်နာရခြင်းကြောင့် ဖြစ် ပေါ်လာသည့် ဝန်ထုပ်ဝန်ပိုး ၏ ကျိုးကြောင်း လျော်ကန် သင့်မြတ်မှု | ▫ လိုက်နာရခြင်းကြောင့် ဖြစ်ပေါ်လာသည့် ဝန်ထုပ်ဝန်ပိုး (ဥပမာ - ဥပဒေများတွင် ဖော်ပြပါရှိသည့် တာဝန်များကို လိုက်နာရသည့် အတွက် ပြည်သူများ၊ ကုမ္ပဏီများ (သို့) အဖွဲ့အစည်းများ ကျခံရ သည့် ကုန်ကျ စရိတ် (သို့) အနစ်နာခံရမှု) သည် ကျိုးကြောင်း လျော်ကန်သင့်မြတ်မှု ရှိ/မရှိ သုံးသပ်ဆုံးဖြတ်ရန်။ |
| | ပြစ်ဒဏ်များ၏ လုံလောက်မှု | ▫ ဥပဒေများကို ချိုးဖောက်သောကြောင့် ချမှတ်သော ပြစ်ဒဏ် များ၏ သတ်မှတ်ချက်များနှင့် အဆင့်သည် လုံလောက်မှုရှိ/မရှိ သုံးသပ်ဆုံးဖြတ်ရန်။ |
| | မျက်နှာသာပေး ဆက်ဆံမှု များ ဖြစ်ပေါ်နိုင်ခြေ | ▫ ဥပဒေများကို လိုက်နာအောင် ဆောင်ရွက်သည့်အခါတွင် ကုမ္ပဏီ၊ အဖွဲ့အစည်း (သို့) ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အပေါ် မျက်နှာသာပေး ဆက်ဆံမှု (သို့) အကျိုးကျေးဇူးများ ရသွားစေမှု ရှိ/မရှိ သုံးသပ်ဆုံးဖြတ်ရန်။ |
| အကောင်အထည် ဖော်ခြင်း/ ဆောင်ရွက်ခြင်း | ဆုံးဖြတ်ချက်ချမှတ်ပိုင်ခွင့် ပေးအပ်ခြင်းဆိုင်ရာ အခြေခံ ၏ ခိုင်မာမှုနှင့် ဓမ္မဓိဋ္ဌာန်ကျမှု | ▫ ဥပဒေများကို လိုက်နာအောင် ဆောင်ရွက်သည့်အခါတွင် ကုမ္ပဏီ၊ အဖွဲ့အစည်း (သို့) လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အပေါ် မျက်နှာသာပေး ဆက်ဆံမှု (သို့) အကျိုးကျေးဇူးများ ရသွားစေမှု ရှိ/မရှိ သုံးသပ်ဆုံးဖြတ်ရန်။<br>▫ ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် ဆောင်ရွက်ပိုင်ခွင့်အာဏာကို အလွန်အကျွံပေးထားခြင်းမှ ကာကွယ်ထိန်းချုပ်ပေးသည့် လုပ်ထုံးလုပ်နည်းများ ရှိ/မရှိ သုံးသပ်ဆုံးဖြတ်ရန်။ |
| | ယုံကြည်အပ်နှံမှု/တာဝန် ပေးအပ်မှု၏ ပွင့်လင်း မြင်သာမှု နှင့် တာဝန်ခံမှု | ▫ ယုံကြည်အပ်နှံမှု/တာဝန်ပေးအပ်မှု၏ သတ်မှတ်ချက်များ၊ အတိုင်းအတာနှင့် ကန့်သတ်ချက်များ၊ ရွေးချယ်ပေးအပ်သည့် လုပ်ထုံးလုပ်နည်းများ၊ စသည်တို့ကို ရှင်းလင်းစွာ သတ်မှတ် ဖွင့်ဆိုထားခြင်း ရှိ/မရှိ သုံးသပ်ဆုံးဖြတ်ရန်။<br>▫ ယုံကြည်အပ်နှံမှု/တာဝန်ပေးအပ်မှု ပြုသောအခါ တာဝန်ခံမှုရှိ စေရန်အတွက် စီမံခန့်ခွဲမှု/ စောင့်ကြည့်လေ့လာမှု လုပ်ငန်းစဉ် များ ရှိ/မရှိ သုံးသပ်ဆုံးဖြတ်ရန်။ |
| | အစိုးရ၏ အထောက်အပံ့ များကို လွဲမှားစွာ ခွဲဝေပေးမှု သို့မဟုတ် အလွဲသုံးမှု ဖြစ်နိုင်ခြေ | ▫ ဘဏ္ဍာငွေပံ့ပိုးမှုပေးရာတွင် ပိုလျှံမှုများ ရှိ/မရှိ သုံးသပ် ဆုံးဖြတ်ရန်။<br>▫ ဘဏ္ဍာငွေပံ့ပိုးမှုအတွက် စံသတ်မှတ်ချက်များမှာ ဝေဝါးနေ သည့်အတွက် ဘတ်ဂျက်လေလွင့်မှု ဖြစ်နိုင်ခြေများကို သုံးသပ် ဆန်းစစ်ရန်။<br>▫ ဘတ်ဂျက်လေလွင့်မှုများကို တားဆီးကာကွယ်ရန်အတွက် စီမံခန့်ခွဲမှု/ စောင့်ကြည့်လေ့လာမှု လုပ်ထုံးလုပ်နည်းများ ရှိ/မရှိ သုံးသပ် ဆုံးဖြတ်ရန်။ |
| စီမံအုပ်ချုပ်ရေး လုပ်ထုံးလုပ်နည်းများ | လက်လှမ်းမီမှု | ▫ စီမံအုပ်ချုပ်ရေး လုပ်ထုံးလုပ်နည်းများ (ဥပမာ - မူဝါဒချမှတ် ခြင်းနှင့် ကန့်ကွက်ခြင်း) တွင် ပါဝင်ဆောင်ရွက်နိုင်ရန် အတွက် အကျိုးသက် ဆိုင်သူများ (ပြည်သူလူထု၊ ကုမ္ပဏီများနှင့် အဖွဲ့အစည်းများ) ကို လုံလောက်သော အခွင့်အရေးများ ပေးထား ခြင်း ရှိ/မရှိ သုံးသပ် ဆုံးဖြတ်ရန်။<br>▫ အမြင်အယူအဆများကို စုဆောင်းရယူသောအခါ အကျိုး သက်ဆိုင်သူများကို ကောင်းစွာကိုယ်စားပြုခြင်း ရှိ/မရှိ စစ်ဆေးရန်။ |
| | ပွင့်လင်းစွာချပြမှု | ▫ စီမံအုပ်ချုပ်ရေးလုပ်ငန်းစဉ်ဆိုင်ရာ သတင်းအချက်အလက် များ (ဥပမာ လိုအပ်သော စာရွက်စာတမ်းများ၊ လုပ်ထုံးလုပ်နည်း များ) ကို အကျိုးသက်ဆိုင်သူများနှင့် အများပြည်သူထံ လုံလောက်စွာ ဖင့်ဟထုတ်ဖော်အသိပေးမှု ရှိ/မရှိ သုံးသပ်ဆုံးဖြတ်ရန်။ |
| | ပြည်သူ့ဝန်ဆောင်မှုများ ဆောင်ရွက်ပေးခြင်းနှင့် အုပ်ချုပ်ရေးလုပ်ငန်းစဉ်၏ ရှင်းရှင်းလင်းလင်းရှိမှု | ▫ အရပ်သားများသည် စီမံအုပ်ချုပ်ရေး လုပ်ထုံးလုပ်နည်းများကို အလွယ်တကူ နားလည်သိရှိနိုင်ပြီး အုပ်ချုပ်ရေးဝန်ဆောင်မှုများ ရရှိရန်အတွက် လိုအပ်သည့် စာရွက်စာတမ်းများ သို့မဟုတ် ပြင်ဆင်မှုများကို ကြိုတင်ခန့်မှန်းသိရှိနိုင်ခြင်း ရှိ/မရှိ သုံးသပ် ဆုံးဖြတ်ရန်။ |
| အဂတိလိုက်စားမှု ထိန်းချုပ်ခြင်း | အကျိုးစီးပွားဆက်နွှယ်မှု ဖြစ်ပေါ်နိုင်ခြေ | ▫ အုပ်ချုပ်ရေးလုပ်ငန်းစဉ်တွင် အကျိုးစီးပွား ဆက်နွှယ်မှု အခြေ အနေများ (ပုဂ္ဂိုလ်ရေးအကျိုးစီးပွားများက စီမံအုပ်ချုပ်ရေး လုပ်ငန်းစဉ်ကို ထိခိုက်စေမှု) ကို တားဆီးကာကွယ်ရန် လိုအပ် သည့် စံနှုန်း များ၊ လုပ်ထုံးလုပ်နည်းများ (သို့) ဖြစ်ပွားပြီးနောက် ပိုင်း ထိန်းချုပ် သည့် နည်းလမ်းများ (post-control tools) ပါဝင်ပတ်သက်မှုကို ရှိ/မရှိ သုံးသပ်ဆုံးဖြတ်ရန်။ |
| | အဂတိလိုက်စားမှု တိုက်ဖျက် ရေး လုပ်ထုံးလုပ်နည်း ယန္တရားများ ပိုမိုအားကောင်း အောင် လုပ်ဆောင်ရန် လိုအပ်မှု | ▫ ဥပဒေကြမ်းများ၊ ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများကို လိုက်နာအောင် ဆောင်ရွက်ရာမှ ပေါ်ပေါက်လာနိုင်သော အဂတိလိုက်စားမှုဖြစ်နိုင်ခြေများကို တားဆီးကာကွယ်ရန် အတွက် အဂတိ လိုက်စားမှု ထိန်းချုပ်ရေး လုပ်ငန်းစဉ်များ ချမှတ်ရန် သို့မဟုတ် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေ များကို အသုံးပြုရန် လို/မလို သုံးသပ်ဆုံးဖြတ်ရန်။ |

## လိုက်နာမှု (Compliance)

### ၁။ - လိုက်နာရခြင်းကြောင့် ဖြစ်ပေါ်လာသည့် ဝန်ထုပ်ဝန်ပိုး၏ ကျိုးကြောင်းလျော်ကန်သင့်မြတ်မှု (Rationality of the burden of compliance)

ဥပဒေကြမ်းများ၊ ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများတွင် သတ်မှတ်ပြဋ္ဌာန်းထားသည့် တာဝန်များကို လိုက်နာထမ်းဆောင်ရသည့်အတွက် လူပုဂ္ဂိုလ်များနှင့် စီးပွားရေးလုပ်ငန်းများအနေဖြင့် ကျခံရသည့် ကုန်ကျစရိတ်များသည် ကျိုးကြောင်းလျော်ကန်၍ သင့်တော်မှု ရှိ/မရှိ နှင့် လွန်ကဲကြီးလေးလွန်းခြင်း ရှိ/မရှိ စစ်ဆေး ခြင်း ဖြစ်ပါသည်။ လိုက်နာရန်အတွက် ကုန်ကျစရိတ်များ အလွန်များပြားနေပါက အဆိုပါ ဝန်ထုပ်ဝန်ပိုးကို လျော့နည်း သွားစေရန် သို့မဟုတ် ရှောင်ရှားရန်အတွက် လာဘ်ပေးလာဘ်ယူမှုများ ပြုလုပ်ရန် ဆွဲဆောင်သကဲ့သို့ ဖြစ်လာ နိုင်သည့်အတွက် အဂတိလိုက်စားမှုများ ပေါ်ပေါက်လာနိုင်ပါသည်။

အတိအကျဆိုရလျှင် ဤစံသတ်မှတ်ချက်သည် က) ဥပဒေကြောင်းအရ လိုက်နာသင့်သည့်အကြောင်းများ၊ ခ) အုပ်ချုပ်ရေးဆိုင်ရာ ရည်ရွယ်ချက်များကို ထည့်သွင်းစဉ်းစားလျက် ဝန်ထုပ်ဝန်ပိုးကို ထမ်းရွက်ရန် လိုအပ်မှု၊ နှင့် ဂ) လိုက်နာရန်အတွက် ထမ်းရွက်ရသည့် ဝန်ထုပ်ဝန်ပိုးကို ကျိုးကြောင်းလျော်ကန်မှုရှိအောင် လုပ်ဆောင်ရန် အသုံးပြု သည့် နည်းစနစ်များကို သုံးသပ်စစ်ဆေးပါသည်။

က) ဥပဒေကြောင်းအရ လိုက်နာသင့်သည့်အကြောင်းများ - လိုက်နာရန်အတွက် ထမ်းရွက်ရသည့် ဝန်ထုပ် ဝန်ပိုးသည် ဥပဒေကြောင်းအရ ခိုင်မာသည့် အကြောင်းများကို အခြေခံကာ ရှင်းလင်းသည့် သတ်မှတ်ချက်များနှင့် မည်သည့်အတိုင်းအတာအထိသာ အသုံးပြုနိုင်သည်ဟူသည့် သတ်မှတ်ချက်များ ပါရှိခြင်း ရှိ/မရှိ ACRC က သုံးသပ်စစ်ဆေးပါသည်။ ထို့ပြင် လိုက်နာရန်အတွက် ထမ်းရွက်ရသည့် ဝန်ထုပ်ဝန်ပိုးသည် အထက်ဥပဒေများနှင့် ညီ/မညီကိုလည်း သုံးသပ်စစ်ဆေးပါသည်။

**မှတ်စု** ACRC ၏ သုံးသပ်စစ်ဆေးမှုတွင် စီးပွားရေးအရ ကုန်ကျစရိတ်များ (ဥပမာ ငွေသားပေးချေမှုများ၊ ပစ္စည်း/ ဝန်ဆောင်မှု ပေးရခြင်းများ) အပါအဝင် ငွေကြေးဆိုင်ရာနှင့် ငွေရေးကြေးရေးမဟုတ်သော ဝန်ထုပ်ဝန်ပိုးများ၊ အက်ဥပဒေအမျိုးမျိုးအား လိုက်နာဆောင်ရွက်မှုနှင့် ပျက်ကွက်မှုများ၊ အနစ်နာခံရမှုများနှင့် အခြားပေးဆပ်ရမှုများ (opportunity costs) ပါဝင်ပါသည်။

ခ) ဝန်ထုပ်ဝန်ပိုးကို ထမ်းရွက်ရန် လိုအပ်မှု - ဥပဒေကြမ်းများ၊ ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများတွင် ဖော်ပြပါ ရှိသော တာဝန်သတ်မှတ်ချက်များသည် အုပ်ချုပ်ရေးဆိုင်ရာ ရည်ရွယ်ချက်များ ပြည့်မြောက်ရန်အတွက် လိုအပ် ခြင်း ရှိ/မရှိဆိုသည်ကို ထိုတာဝန်များကို ထမ်းဆောင်စေရသည့် ကျိုးကြောင်းပြချက်များနှင့် နောက်ခံအကြောင်း အရာများကို သုံးသပ်ကာ ACRC မှ စစ်ဆေးပါသည်။

ဂ) လိုက်နာရန်အတွက် ထမ်းရွက်ရသည့်ဝန်ထုပ်ဝန်ပိုးကို ကျိုးကြောင်းလျော်ကန်မှုရှိအောင် လုပ်ဆောင်ရန် အသုံးပြုသည့် နည်းစနစ်များ - အဂတိလိုက်စားမှုဖြစ်နိုင်ခြေများသည် နယ်ပယ်အချို့တွင်သာ ရှိသော်လည်း အများပြည်သူအားလုံးကို မလိုအပ်ဘဲ ဝန်ထုပ်ဝန်ပိုးထမ်းခိုင်းခြင်း ရှိ/မရှိ (ဆိုလိုသည်မှာ ကုန်ကျစရိတ်များနှင့် အနစ်နာခံရမှုများသည် အများပြည်သူသို့ ဦးတည်ပါသလား သို့မဟုတ် လူပုဂ္ဂိုလ် (သို့) လူအုပ်စုအချို့ကိုသာ သတ်သတ်မှတ်မှတ် ဦးတည်ပါသလား) ဆိုသည်ကို ACRC က သုံးသပ်စစ်ဆေးပါသည်။ ထို့ပြင် ACRC သည် အုပ်ချုပ်ရေးဆိုင်ရာ အကျိုးရရှိစေရေးအတွက် ပြည်သူလူထုအပေါ် ဝန်ထုပ်ဝန်ပိုး အလွန်အကျွံကျရောက်စေခြင်း ရှိ/မရှိ သို့မဟုတ် ထမ်းရွက်ရသည့် တာဝန်များက ပြည်သူများ၏ ဘဝအပေါ် ကန့်သတ်ချက်များ ဖြစ်ပေါ်စေ နိုင်ခြေ ရှိ/မရှိကိုလည်း စစ်ဆေးပါသည်။ လိုက်နာရန်အတွက် ထမ်းရွက်ရသည့် ဝန်ထုပ်ဝန်ပိုးကို အစားထိုးရန်/ လျော့ပါးစေရန် အခြားရွေးချယ်စရာနည်းလမ်းများ ရှိနိုင်/မရှိနိုင်ကိုလည်း သုံးသပ်စစ်ဆေးပါသည်။

### လိုက်နာရခြင်းကြောင့် ဖြစ်ပေါ်လာသည့် ဝန်ထုပ်ဝန်ပိုး၏ ကျိုးကြောင်းလျော်ကန်သင့်မြတ်မှုကို သုံးသပ်စစ်ဆေးရန်အတွက် Checklist

၁။ ဝန်ထုပ်ဝန်ပိုး/ထမ်းဆောင်ရမည့်တာဝန်သည် ဥပဒေကြောင်းအရ ရှင်းလင်းသော အကြောင်းရင်းအား ဥပဒေ ကြမ်းများ၊ ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများတွင် ရှင်းလင်းစွာ ဖော်ပြထားပါသလား။ ဝန်ထုပ်ဝန်ပိုးများ၏ အတိုင်းအတာနှင့် အမျိုးအစားများသည် အထက်ဥပဒေများတွင် ဖော်ပြပါရှိသည့် ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီမှုရှိပါသလား။

အုပ်ချုပ်ရေးဆိုင်ရာ ရည်ရွယ်ချက်များ ပြည့်မြောက်စေရန်အတွက် ထိုဝန်ထုပ်ဝန်ပိုးကို ထမ်းရွက်ရန် လိုအပ် ပါသလား။

၂။ ဝန်ထုပ်ဝန်ပိုး၏ မဟာဏ (အတိုင်းအတာ နှင့် အဆင့်) သည် အုပ်ချုပ်ရေးဆိုင်ရာ ရည်ရွယ်ချက်များ ပြည့်မြောက် စေရန် လိုအပ်သည့် အနိမ့်ဆုံးပမာဏ ဖြစ်ပါသလား။

၃။ ဝန်ထုပ်ဝန်ပိုး၏ အတိုင်းအတာ (scope) သည် မလိုအပ်ဘဲ ကျယ်ပြန့်နေပါသလား (ဆိုလိုသည်မှာ အဂတိ လိုက်စားမှုဖြစ်နိုင်ခြေသည် နယ်ပယ်အချို့တွင်သာ ရှိသော်လည်း

၄။ ဝန်ထုပ်ဝန်ပိုးအား များပြားလှသည့် ပြည်သူများ ကို ထမ်းရွက်ခိုင်းထားခြင်းမျိုး ရှိပါသလား)။

လွန်ကဲကြီးလေးသော ဝန်ထုပ်ဝန်ပိုးကို သတ်မှတ်ပြဋ္ဌာန်းနိုင်ခြေ ရှိပါသလား။

၅။ ဥပဒေကြမ်းများ၊ ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများတွင် ပါရှိသည့် ဝန်ထုပ်ဝန်ပိုးများသည် ကြီးမားလွန်းသည် ဟု ယူဆပါက ယင်းတို့ကို လျော့ပါး သက်သာစေရန် နှင့်/ သို့မ

၆။ ဟုတ် အစားထိုးရန်အတွက် အခြားရွေးချယ်စရာ နည်းလမ်းများ ရှိပါသလား။

လိုက်နာရခြင်းကြောင့် ဖြစ်ပေါ်လာသည့် ဝန်ထုပ်ဝန်ပိုး၏ ကျိုးကြောင်းလျော်ကန်သင့်မြတ်မှု စံသတ်မှတ်ချက်နှင့်စပ်လျဉ်းသော CRA ဖြစ်စဉ်နမူနာ

| “စစ်ယူနီဖောင်းများနှင့် အဆောင်အယောင်များ ထိန်းချုပ်မှုအက်ဥပဒေ” | | |
| --- | --- | --- |
| သက်ဆိုင်ရာပုဒ်မ | အဂတိလိုက်စားမှုဖြစ်ပေါ်နိုင်ခြေများ | CRA အကြံပြုချက် |
| ပုဒ်မ ၅ (ခွင့်ပြုချက်ပြန်လည် ရုပ်သိမ်းခြင်း၊ စသည်)<br>① အမျိုးသားကာကွယ်ရေးဝန်ကြီး သည် ထုတ်လုပ်ရေး (သို့) ဖြန့်ချိရေး လုပ်ငန်း ခွင့်ပြုချက် ရုပ်သိမ်းခြင်း (သို့) ဆိုင်းငံ့ခြင်းကို ၆လအထိ ပြုလုပ်နိုင် သည်။ အပိုဒ်ခွဲ ၁၊ ၂၊ (သို့) ၅ အရ ပျက်ကွက် လျှင် ခွင့်ပြုချက်ကို ပြန်လည် ရုပ်သိမ်း ရမည်။<br>၄။ စီးပွားရေးလုပ်ငန်းသည် ခွင့်ပြုချက် ရစဉ်က တည်ဆောက်တပ်ဆင်ထား သည်များအတိုင်း ထိန်းသိမ်းထားရန် ပျက်ကွက်ပါက | ▫ စီးပွားရေးလုပ်ငန်းသည် စစ်ယူနီ ဖောင်းများကို ထုတ်လုပ်ဖြန့်ဖြူးခွင့် ရရန်အတွက် သမ္မတအမိန့်ဒီကရီဖြင့် သတ်မှတ်ပြဋ္ဌာန်းထားသော facilities များကို တည်ဆောက်တပ်ဆင်ရပါမည်။<br>▫ အပိုဒ်ခွဲ ၄ အရ၊ စီးပွားရေးလုပ်ငန်း သည် ခွင့်ပြုချက်ရစဉ်က facilityအတိုင်း အတိအကျ ထိန်းသိမ်းထားရှိရန် လိုအပ် ပါသည်။ ယင်းသည် လုပ်ငန်း အပေါ် ကြီးမားလွန်းသော ဝန်ထုပ်ဝန်ပိုး ကျ ရောက်စေနိုင်သည်။ နည်းပညာများ တိုး တက်လာမှုကြောင့် facilities များကို ပိုကောင်းအောင် လုပ်သည့်တိုင် ဥပဒေ ကို လိုက်နာဖို့ဆိုလျှင် ခေတ်မမီတော့ သည့် factilities များကိုလည်း ဆက် လက် ထိန်းသိမ်းထားရမလို ဖြစ်နေ ပါသည်။ | ပုဒ်မ ၅ (ခွင့်ပြုချက်ပြန်လည်ရုပ်သိမ်း ခြင်း၊ စသည်)<br>① (ယခင်ကအတိုင်း)<br>၄။ အကယ်၍ စီးပွားရေးလုပ်ငန်းသည် အဆိုပါခွင့်ပြုချက်ရရန် သတ်မှတ် ထား သော facility စံနှုန်းများကို စိတ်ကျေနပ် လောက်ဖွယ် ထိန်းသိမ်းထားရန် ပျက်ကွက်ပါက |

## ၂။ - ပြစ်ဒဏ်များ၏ လုံလောက်မှု

ဤစံသတ်မှတ်ချက်သည် ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများကို ချိုးဖောက် ခြင်းကြောင့် ချမှတ်ထားသော ပြစ်ဒဏ်များသည် ကြီးလေးလွန်းခြင်း သို့မဟုတ် အားနည်းနေခြင်း ရှိ/မရှိ ဆန်းစစ် ပါသည်။ သင့်လျော်မှုမရှိသော ပြစ်ဒဏ်ပမာဏများသည် အဂတိလိုက်စားမှုများ ဖြစ်ပေါ်လာ နိုင်ခြေရှိပါသည်။ တင်းကြပ်လွန်းသော ပြစ်ဒဏ်များသည် လာဘ်ပေးခြင်းဖြင့် ပြစ်ဒဏ်ကို ရှောင်ရှားလိုစိတ်များ ဖြစ်ပေါ်နိုင်စေပြီး သက်ညှာလွန်းသော ပြစ်ဒဏ်များကမူ ဥပဒေကြမ်းများ၊ ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများကို လိုက်နာလိုစိတ် နည်းပါးစေနိုင်ပါသည်။

ဤစံသတ်မှတ်ချက်အတွက် အောက်ပါတို့ကို စစ်ဆေးပါသည် - က) ပြစ်ဒဏ်များ ချမှတ်ခြင်းဆိုင်ရာ စည်းမျဉ်းများ၊ ခ) ပြစ်ဒဏ်များနှင့်စပ်လျဉ်းသည့် စည်းမျဉ်းများ လိုအပ်မှု၊ ဂ) အလားတူကိစ္စများအတွက် အခြားသော ဥပဒေများ၏ ပြဋ္ဌာန်းချက်များ၊ ဃ) ပြစ်ဒဏ်များ၏ပမာဏ လုံလောက်မှုနှင့် င) ပြစ်ဒဏ်များကို လျော်ကန်သင့်မြတ်သည့် ပမာဏ ဖြစ်အောင် လုပ်ဆောင်သည့် နည်းလမ်းများ ဖြစ်ပါသည်။

က) ပြစ်ဒဏ်များ ချမှတ်ခြင်းဆိုင်ရာ စည်းမျဉ်းများ
ACRC သည် ပြစ်ဒဏ်များချမှတ်ခြင်းဆိုင်ရာ စည်းမျဉ်းများနှင့် ဆက်နွှယ်သော ဥပဒေများ (ဥပမာ - ပြဋ္ဌာန်းထားသော/ပြင်ဆင်ထားသော ပုဒ်မနှင့် ဥပဒေတစ်ရပ်လုံး) ကို သုံးသပ်စစ်ဆေးပါသည်။

ခ) ပြစ်ဒဏ်များနှင့်စပ်လျဉ်းသည့် စည်းမျဉ်းများ လိုအပ်မှု
စည်းမျဉ်းများက ဖြေရှင်းရန် ရည်ရွယ်သော ပြဿနာများ၊ ပြဿနာများ၏ အကြောင်းရင်းခံများနှင့် စည်းမျဉ်း၏ အုပ်ချုပ်ရေးဆိုင်ရာ ရည်ရွယ်ချက်များကို ACRC က သုံးသပ်စစ်ဆေးပါသည်။ ထို့ပြင် ACRC သည် လူမှုရေးဆိုင်ရာ ပေးဆပ်ရမှုများနှင့် ပြဿနာ၏ အတိုင်း အတာပမာဏကိုလည်း သုံးသပ်စစ်ဆေးပြီး အဆိုပါ လူမှုရေးအရ ပေးဆပ်ရမှုများကို အခြားသော နည်းလမ်း များဖြင့် ဖြေရှင်းနိုင်ခြင်း ရှိ/မရှိ [ဥပမာ တရားမမှုအဖြစ်နှင့် အုပ်ချုပ်ရေးဆိုင်ရာ တရားစီရင်ရေးနည်းလမ်းများ ပြင်ပရှိ အခြား ဥပဒေစနစ်များ (principle of private autonomy)] ကိုလည်း စစ်ဆေးပါသည်။

ဂ) အလားတူကိစ္စများအတွက် အခြားသော ဥပဒေများ၏ ပြဋ္ဌာန်းချက်များ
ACRC သည် အလားတူကိစ္စများ အတွက် အခြားဥပဒေများမှ ပြစ်ဒဏ်များဆိုင်ရာ စည်းမျဉ်းများနှင့် နှိုင်းယှဉ်ကြည့်ကာ ပြစ်ဒဏ်များ၏ ပမာဏသည် လုံလောက်မှု ရှိ/မရှိ စစ်ဆေးပါသည်။ အကယ်၍ စည်းမျဉ်းများသည် အခြားသော ဥပဒေများတွင် ပါရှိသော အလားတူစည်းမျဉ်းများထက် ပိုမိုတင်းကြပ်နေခြင်း သို့မဟုတ် လျော့လျဲနေခြင်း ရှိပါက ACRC က ထိုသို့ ကွာခြားချက်များ ရှိနေရခြင်းအတွက် လက်ခံနိုင်လောက်သော အကြောင်းပြချက်များ ရှိ/မရှိ ထပ်မံစစ်ဆေးပါသည်။

ဃ) ပြစ်ဒဏ်များ၏ပမာဏ လုံလောက်မှု
ACRC သည် ချိုးဖောက်မှုတစ်ခု၏ အခြေအနေ (အမျိုးအစား၊ ကြီး လေးမှု၊ ချိုးဖောက်သည့် အရေအတွက်နှင့် အတိုင်းအတာ) နှင့် ပြစ်ဒဏ်များ (အမျိုးအစားနှင့် ပမာဏ) တို့ကို သုံး သပ်ကာ ချိုးဖောက်မှုများကို ထိန်းချုပ်ရန်အတွက် ပြစ်ဒဏ်များ၏ လုံလောက်မှု (ပြစ်ဒဏ်များသည် တင်းကြပ် သလား သို့မဟုတ် လျော့လျဲသလား) ကို စစ်ဆေးပါသည်။

င) ပြစ်ဒဏ်များကို လျော်ကန်သင့်မြတ်သည့်ပမာဏ ဖြစ်အောင် လုပ်ဆောင်သည့် နည်းလမ်းများ
ပြစ်ဒဏ်များ၏ ပမာဏသည် လုံလောက်မှုမရှိဟု ယူဆပါလျှင် ACRC က ပြစ်ဒဏ်များသည် မည်သည့်ပမာဏဆိုလျှင် လုံလောက် မည်နည်းဆိုသည်ကို သုံးသပ်ပါသည်။ ထို့ပြင် ACRC သည် အဂတိလိုက်စားမှုနှင့် ချိုးဖောက်မှုများကို ကိုင်တွယ် ဖြေရှင်းရန်အတွက် ပြစ်ဒဏ်များ ချမှတ်ခြင်းထက် ပိုမိုထိရောက်သော နည်းလမ်းများ ရှိနိုင်/မရှိနိုင်ကိုလည်း စစ်ဆေးပါသည်။

## ပြစ်ဒဏ်များ၏ လုံလောက်မှုကို သုံးသပ်စစ်ဆေးရန်အတွက် Checklist

၁။ ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများတွင် အလားတူပြစ်ဒဏ်များ ပြဋ္ဌာန်းပြီးဖြစ်ပါက သို့မဟုတ် လူမှုရေးဆိုင်ရာ သက်ရောက် မှုတို့ကိုပါ ထည့်သွင်းစဉ်းစားသောအခါ ဥပဒေကြမ်းများ၊ ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများတွင် ပြစ်ဒဏ်များ (ထပ်မံ) ပြဋ္ဌာန်းရန် လိုအပ်ပါမည်လား။

၂။ စည်းမျဉ်းချိုးဖောက်မှုများကို ကိုင်တွယ်ဖြေရှင်းရန် အသုံးပြုနိုင်သည့် လုံလောက်သော အခြားရွေးချယ်စရာ နည်းလမ်းများ [ဥပမာ တရားမမှုအဖြစ်နှင့် အုပ်ချုပ်ရေးဆိုင်ရာ တရားစီရင်ရေးနည်းလမ်းများ ပြင်ပရှိ အခြားဥပဒေ စနစ်များ (principle of private autonomy)] ရှိနေလျက်နှင့် ပြစ်ဒဏ်များကို သတ်မှတ်ထားခြင်း ဖြစ်ပါသလား။

၃။ ချိုးဖောက်ခြင်းကြောင့် ပေါ်ပေါက်လာသော လူမှုရေးအရ ဆုံးရှုံးမှုပမာဏကို ထည့်သွင်းစဉ်းစားသောအခါတွင် ပြစ်ဒဏ်များ၏ တင်းကြပ်မှု/ လျှော့လျဲမှုအတွက် လက်ခံနိုင်လောက်သော အကြောင်းပြချက်များ ရှိပါသလား။

၄။ ဥပဒေများကို ချိုးဖောက်ခြင်းကြောင့် ဖြစ်ပေါ်လာသည့် ပြဿနာ၏ အတိမ်အနက်ကို ထည့်သွင်းစဉ်းစားလျက် ပြစ်ဒဏ်များ၏ ပမာဏသည် ဥပဒေချိုးဖောက်မှုကို ကာကွယ်နိုင်ရန် လုံလောက်ပါသလား။

၅။ အကယ်၍ ပြစ်ဒဏ်များ၏ ပမာဏသည် လျှော့လျဲနေပါက အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးကို ထိခိုက် နိုင်ခြေများ ရှိပါသလား။

၆။ အကယ်၍ ပြစ်ဒဏ်များ၏ ပမာဏသည် လုံလောက်မှုမရှိပါက မည်သည့်ပမာဏဆိုလျှင် သင့်တော်မည်နည်း။

၇။ အဂတိလိုက်စားမှုကို ထိန်းချုပ်ရန်အတွက် ပြစ်ဒဏ်များထက် ပိုမိုထိရောက်သော နည်းလမ်းများ ရှိပါသလား။

## "ပြစ်ဒဏ်များ၏ လုံလောက်မှု" စံသတ်မှတ်ချက်နှင့်စပ်လျဉ်းသော CRA ဖြစ်စဉ်နမူနာ

"လူမှုရေး၊ စီးပွားရေးဖွံ့ဖြိုးမှုနှင့် Gyeongsangbuk-do ပံ့ပိုးမှုဆိုင်ရာ လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများ"

### သက်ဆိုင်ရာပုဒ်မ

ပုဒ်မ ၆ (လူမှုအကျိုးပြုစီးပွားရေး လုပ် ငန်း အတွက် ပြင်ဆင်နေသော အဖွဲ့အစည်းများကို ဖျက်သိမ်းခြင်း)

① အုပ်ချုပ်ရေးမှူးသည် အောက်ပါ အ ခြေအနေများတွင် လူမှုအကျိုးပြု စီးပွား ရေးလုပ်ငန်းအတွက် ပြင်ဆင်နေသော အဖွဲ့အစည်းများကို ဖျက်သိမ်းကောင်း ဖျက်သိမ်းနိုင်သည်။
၁။ အဖွဲ့အစည်းများကို မမှန်ကန်သော အချက်အလက်များ (သို့) တရားမဝင် သော နည်းလမ်းများဖြင့် အဆိုပြု လျှောက်ထားခြင်း ဖြစ်လျှင်၊
၂။ အဖွဲ့အစည်းများသည် သတ်မှတ် ချက်များ မပြည့်မီတော့လျှင်၊

**မှတ်စု**

လူမှုအကျိုးပြုစီးပွားရေး လုပ်ငန်း အတွက် ပြင်ဆင်နေသော အဖွဲ့အစည်း ဆိုသည်မှာ လူမှုအကျိုးပြုလုပ်ငန်း တစ်ခု အဖြစ် ကူးပြောင်းရန် ပြင်ဆင်နေစဉ်တွင် ထိခိုက်လွယ်သော လူမှုရေးအုပ်စု များ အတွက် လူမှုရေး ဝန်ဆောင်မှုများနှင့် အလုပ်ကိုင်များကို ပံ့ပိုးပေးနေသော အဖွဲ့အစည်း ဖြစ်ပါသည်။

### အဂတိလိုက်စားမှုဖြစ်ပေါ်နိုင်ခြေ

- မမှန်ကန်သောအချက်အလက်များ (သို့) တရားမဝင်သော နည်းလမ်းများ ဖြင့် အဆိုပြုလျှောက်ထားခြင်းသည် ပြင်းထန်သော ဥပဒေချိုးဖောက်မှုဖြစ်၍ ခြွင်းချက်မရှိ ဖျက်သိမ်းသင့်သည်။
- လူမှုအကျိုးပြုစီးပွားရေး လုပ်ငန်း အတွက် ပြင်ဆင်နေသော အဖွဲ့အစည်း အနိမ့်ဆုံးသတ်မှတ်ချက်များ မပြည့်မီ လျှင် ဖျက်သိမ်းရန် လိုအပ်သည်။
- လူမှုအကျိုးပြုစီးပွားရေး လုပ်ငန်း အတွက် ပြင်ဆင်နေသော အဖွဲ့အစည်း ကို ဖျက်သိမ်းရန် အုပ်ချုပ်ရေးမှူးကို ဆုံးဖြတ်ခွင့်ပြုထားခြင်းသည် ထိုပြစ် ဒဏ်မှ ရှောင်ရှားရန် အတွက် အဖွဲ့အစည်းများမှ အုပ်ချုပ်ရေးမှူးအား လာဘ်ငွေပေးရန် တိုက်တွန်း အားပေးသကဲ့သို့ ဖြစ်နိုင်ပါသည်။

### CRA အကြံပြုချက်

ပုဒ်မ ၆ (လူမှုအကျိုးပြုစီးပွားရေး လုပ် ငန်း အတွက ပြင်ဆင်နေသော အဖွဲ့အစည်းများကို ဖျက်သိမ်းခြင်း)

① အုပ်ချုပ်ရေးမှူးသည် အောက်ပါ အခြေအနေများတွင် လူမှုအကျိုးပြု စီးပွားရေးလုပ်ငန်းအတွက် ပြင်ဆင်နေသော အဖွဲ့အစည်းများကို ဖျက်သိမ်း ရမည်။
၁။ အဖွဲ့အစည်းများကို မမှန်ကန်သော အချက်အလက်များ (သို့) တရားမဝင် သော နည်းလမ်းများဖြင့် အဆိုပြု လျှောက်ထားခြင်း ဖြစ်လျှင်၊
၂။ အဖွဲ့အစည်းများသည် သတ်မှတ် ချက်များ မပြည့်မီတော့လျှင်၊

## ၃။ - မျက်နှာသာပေးဆက်ဆံမှုများ ဖြစ်ပေါ်လာနိုင်ခြေ

ဤစံသတ်မှတ်ချက်သည် အချို့သော လူပုဂ္ဂိုလ်များ သို့မဟုတ် လူအုပ်စုများအတွက် အကျိုးကျေးဇူးများ သို့မဟုတ် အခွင့်အရေးများ ပေးအပ်သည့် ဥပဒေကြမ်းများ၊ ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများ၏ အဂတိလိုက်စားမှုဖြစ်နိုင်ခြေများကို ဆန်းစစ်ပါသည်။ မျက်နှာသာပေးဆက်ဆံမှုများကို စည်းကမ်းသတ်မှတ်ထိန်းသိမ်းရန်အတွက် ရှင်းလင်းသည့် ဥပဒေပြဋ္ဌာန်းချက်များ မရှိပါက အကျိုးကျေးဇူးများ သို့မဟုတ် အခွင့်အရေးများကို ရယူရန်၊ ထိန်းသိမ်းရန် သို့မဟုတ် ဆက်လက်တိုးမြှင့် ရရှိစေရန်အတွက် လာဘ် ပေးလာဘ်ယူမှုများ ပြုလုပ်ချင်လာအောင် အားပေးနိုင်သည့်အတွက် အဂတိလိုက်စားမှုများ ဖြစ်ပေါ်လာနိုင်သည့် အန္တရာယ်ရှိပါသည်။ မျက်နှာပေးဆက်ဆံမှုများကို ဖြစ်ပေါ်စေနိုင်သည့် ဥပဒေကြမ်းများ၊ ဥပဒေများနှင့် စည်းမျဉ်း စည်းကမ်းများထဲတွင် ကန်ထရိုက်ပေးအပ်ခြင်း၊ ပါမစ်များ၊ လိုင်စင်များ၊ ထောက်ပံ့ငွေများ၊ အခကြေးငွေ ကင်းလွတ် ခွင့်များ ပေးအပ်ခြင်းနှင့် စိစစ်ရွေးချယ်ရေးအဖွဲ့ကို ရွေးချယ်ဖွဲ့စည်းခြင်းဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များ ပါဝင်ပါသည်။

ဤစံသတ်မှတ်ချက်တွင် အောက်ပါတို့ကို စစ်ဆေးပါသည် - က) အကျိုးကျေးဇူးများ သို့မဟုတ် အခွင့်အရေးများကို ဖန်တီးပေးနိုင်သော ပြဋ္ဌာန်းချက်များ၊ ခ) သီးခြားလူအုပ်စုများအတွက် အကျိုးကျေးဇူးများ သို့မဟုတ် မျက်နှာသာပေး ဆက်ဆံမှုများ ဖြစ်ပေါ်လာနိုင်ခြေ၊ ဂ) မျက်နှာသာပေးဆက်ဆံမှုအတိုင်းအတာ၏ လုံလောက်မှု ဃ) မျက်နှာသာ ပေးဆက်ဆံမှုကို တားဆီးကာကွယ်ရန်အတွက် အဂတိလိုက်စားမှုတိုက်ဖျက်ရေး နည်းလမ်းများ ရှိနေမှုတို့ ဖြစ်ပါသည်။

က) အကျိုးကျေးဇူးများ သို့မဟုတ် အခွင့်အရေးများကို ဖန်တီးပေးနိုင်သော ပြဋ္ဌာန်းချက်များ
ACRC သည် သက် ဆိုင်ရာဥပဒေ ပြဋ္ဌာန်းချက်များတွင် ပါရှိသည့် အကျိုးကျေးဇူးများ သို့မဟုတ် အခွင့်အရေးများအတွက် သတ်မှတ် ချက်များ၊ လုပ်ထုံးလုပ်နည်းများ၊ လက်ခံရရှိမည့်သူများနှင့် ရည်ရွယ်ချက်များကို သုံးသပ်စစ်ဆေးပါသည်။ တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက် အကျိုးကျေးဇူးများကို ပေးနိုင်သော သို့မဟုတ် ပေးနိုင်ခြေရှိသော ဥပဒေများနှင့် စီမံအုပ်ချုပ်ရေးဆိုင်ရာ အစီအမံများကို ACRC က သုံးသပ်စစ်ဆေးပါသည်။ ထို့ပြင် သက်ဆိုင်ရာ ဥပဒေများနှင့် စည်းမျဉ်းစည်း ကမ်းများက လက်အောက်ခံ နည်းဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများတွင် အကျိုးကျေးဇူးများ သို့မဟုတ် မျက်နှာ သာပေးဆက်ဆံမှုများကို ပြဋ္ဌာန်းခွင့်ပေးထားလျှင်လည်း ၎င်းတို့ကို ACRC က သုံးသပ်စစ်ဆေးပါသည်။

ခ) သီးခြားလူအုပ်စုများအတွက် အကျိုးကျေးဇူးများ သို့မဟုတ် မျက်နှာသာပေးဆက်ဆံမှုများ ဖြစ်ပေါ်လာနိုင်ခြေ
သက်ဆိုင်ရာ ဥပဒေကြမ်းများ၊ ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများသည် အကျိုးကျေးဇူးများ သို့မဟုတ် အခွင့် အရေးများကို အချို့သော လူပုဂ္ဂိုလ်များ၊ စီးပွားရေး လုပ်ငန်းများ သို့မဟုတ် အဖွဲ့အစည်းများအတွက်သာ ကန့်သတ် ပေးထားခြင်းမျိုး ရှိ/မရှိ သုံးသပ်ရန်အတွက် ACRC သည် အကျိုးကျေးဇူးများ သို့မဟုတ် မျက်နှာသာပေး ဆက်ဆံမှု များကို အပ်နှင်းခံရမည့်သူများကို အခြားသော အလားတူ ဥပဒေများ၏ ပြဋ္ဌာန်းချက်များနှင့် နှိုင်းယှဉ်ကာ စစ်ဆေး ပါသည်။

ဂ) မျက်နှာသာပေးဆက်ဆံမှုအတိုင်းအတာ၏ လုံလောက်မှု
ဥပဒေကြမ်းများ၊ ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်း များသည် အကျိုးကျေးဇူးများကို လွန်လွန်ကဲကဲ ပေးအပ်ထားခြင်း ရှိ/မရှိ သုံးသပ်ရန်အတွက် ACRC သည် အကျိုး ကျေးဇူးများ သို့မဟုတ် အခွင့်အရေးများ၏ အတိုင်းအတာအား အလားတူဥပဒေများ၏ ပြဋ္ဌာန်းချက်များနှင့် နှိုင်းယှဉ် စစ်ဆေးပါသည်။

ဃ) မျက်နှာပေးဆက်ဆံမှုကို တားဆီးကာကွယ်ရန်အတွက် အဂတိလိုက်စားမှုတိုက်ဖျက်ရေး နည်းလမ်းများ ရှိနေမှု
မျက်နှာသာပေးဆက်ဆံမှုများကို ထိန်းချုပ်ရန်အတွက် လုပ်ထုံးလုပ်နည်းများ ရှိနှင့်နေပြီး ဖြစ်/မဖြစ် ACRC က သုံးသပ်စစ်ဆေးပါသည်။

### မျက်နှာသာပေးဆက်ဆံမှုများ ဖြစ်ပေါ်နိုင်ခြေအား သုံးသပ်စစ်ဆေးရန်အတွက် Checklist

၁။ လူတစ်ဦးတစ်ယောက်အတွက် ဥပဒေ သို့မဟုတ် အုပ်ချုပ်ရေးလုပ်ဆောင်ချက်မှ အကျိုးကျေးဇူးများ ရရှိစေမှု သို့မဟုတ် အခွင့်အရေးပေးမှုများ (ဥပဒေအရနှင့် လက်တွေ့ရရှိနိုင်သော အကျိုးကျေးဇူးများ ပါဝင်) ရှိနိုင်ပါ သလား။

၂။ အကျိုးကျေးဇူးများ သို့မဟုတ် အခွင့်အရေးများ ဖန်တီးပေးသော ပြဋ္ဌာန်းချက်များတွင် အပ်နှင်းခံရမည့်သူများ၊ လုပ်ထုံး လုပ်နည်းများနှင့် ရည်ရွယ်ချက်များကို ရှင်းလင်းတိကျ၍ မျှတစွာ သတ်မှတ်ဖွင့်ဆိုပေးထားပါသလား။

၃။ အခြားသော ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့် နှိုင်းယှဉ်လျှင် အကျိုးကျေးဇူးများ သို့မဟုတ် အခွင့်အရေး များကို အချို့သော လူအုပ်စုများအတွက်သာ ကန့်သတ်ပေးအပ်ထားခြင်းမျိုး ရှိပါသလား။

၄။ အခြားသော ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့် နှိုင်းယှဉ်လျှင် အကျိုးကျေးဇူးများ သို့မဟုတ် အခွင့်အရေး များ၏ အတိုင်းအတာနှင့် ပမာဏသည် များပြားလွန်ကဲနေပါသလား။

၅။ အဂတိလိုက်စားမှုကို အစပျိုးဖြစ်ပေါ်စေနိုင်သော မျက်နှာသာပေးဆက်ဆံမှုများ သို့မဟုတ် အကျိုးကျေးဇူးများ ကို ထိန်းချုပ် ရန်အတွက် သီးခြားလုပ်ထုံးလုပ်နည်းယန္တရားတစ်ခု တည်ထောင်ထားရှိရန် လိုအပ်ပါမည်လား။

### "မျက်နှာသာပေးဆက်ဆံမှုများ ဖြစ်ပေါ်လာနိုင်ခြေ" စံသတ်မှတ်ချက်နှင့်စပ်လျဉ်းသည့် CRA ဖြစ်စဉ်နမူနာ

"ပင်လယ်ကမ်းရိုးတန်းရှိ မတော်တဆဖြစ်မှုများ တားဆီးကာကွယ်ရေးအက်ဥပဒေ"

| သက်ဆိုင်ရာပုဒ်မ | အဂတိလိုက်စားမှုဖြစ်နိုင်ခြေ | CRA အကြံပြုချက်များ |
| --- | --- | --- |
| ပုဒ်မ ၁၂ (ကမ်းရိုးတန်းဒေသ လုပ်ရှားမှု များကို သတင်းပို့ခြင်း)<br><br>① ကမ်းရိုးတန်းဒေသလှုပ်ရှားမှုများကို စီစဉ်ဆောင်ရွက်သူသည် လုံခြုံရေးအစီ အစဉ်များကိုရေးဆွဲထားရမည်ဖြစ်ပြီး ထိုအစီအစဉ်များကို ကမ်းရိုးတန်းစောင့် ဌာနသို့ အစီရင်ခံတင်ပြရပါမည်။ အောက်ပါအပိုဒ်ခွဲများတွင် ဖော်ပြထား သော ကိစ္စများ အကျုံးမဝင်ပါ။<br>2. ဘာသာရေးအုပ်စုတစ်စုမှ ဆောင် ရွက်သည့် ကမ်းရိုးတန်းဒေသ လှုပ်ရှား မှုများ | ▫ လုံခြုံရေးအစီအစဉ်များ ရေးဆွဲခြင်းနှင့် အစီရင်ခံခြင်းဆိုင်ရာ သတ်မှတ်ချက် တွင် ဘာသာရေးအုပ်စုများကို ဖယ်ထား မည်ဆိုလျှင် ဘာသာရေးအုပ်စုများကို မျက်နှာသာပေးရာ ရောက်ပြီး အများ ပြည်သူ၏ လုံခြုံရေးကိုလည်း ထိခိုက်နိုင် ပါသည်။ | အပိုဒ်ခွဲ ၂ ကို ပယ်ဖျက်ရန်<br><br>~~2. ဘာသာရေးအုပ်စုတစ်စုမှ ဆောင် ရွက်သည့် ကမ်းရိုးတန်းဒေသ လှုပ်ရှား မှုများ~~ |

## အကောင်အထည်ဖော်ခြင်း/ဆောင်ရွက်ခြင်း

### ၄။ - ဆုံးဖြတ်ချက်ချမှတ်ပိုင်ခွင့်ပေးအပ်ခြင်းဆိုင်ရာ အခြေခံ၏ ခိုင်မာမှုနှင့် ဓမ္မဓိဋ္ဌာန်ကျမှု

ဤစံသတ်မှတ်ချက်သည် ဥပဒေကြမ်းများ၊ ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများရှိ ပြဋ္ဌာန်းချက်များသည် ကိုယ်ပိုင်ဆုံးဖြတ်လုပ်ပိုင်ခွင့်၏ အတိုင်းအတာနှင့် ကျင့်သုံးရမည့် နည်းလမ်းများကို ရှင်းလင်းတိကျစွာ ပြဋ္ဌာန်းပေးထားခြင်း ရှိ/မရှိ ဆန်းစစ်ပါသည်။ ပြည်သူ့အုပ်ချုပ်ရေး လုပ်ငန်းတာဝန်များသည် အမျိုးအစားစုံလင်လှပြီး ရှုပ်ထွေးနက်နဲလှသောကြောင့် ပြည်သူ့အရာထမ်းများအနေဖြင့် ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် ပုံသေတစ်သမတ်တည်းမဟုတ်ဘဲ သင့်လျော်သလို ပြောင်းလဲဆောင်ရွက်ရန် လိုအပ်နိုင်ပါသည်။ ထို့ကြောင့် ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများတွင် ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် ဆောင်ရွက် နိုင်သည့် အခွင့်အာဏာကို ပေးအပ်ကောင်းပေးအပ်နိုင်ပါသည်။ သို့သော် အစိုးရအရာရှိများသည် ၎င်းတို့အား လာဘ်ပေးသူများ၏ အကျိုးငှာ ထိုအခွင့်အာဏာများနှင့်စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များကို ထင်သလို အဓိပ္ပါယ် ကောက်ယူခြင်း သို့မဟုတ် လွဲမှားစွာ အသုံးပြုခြင်းများ ဖြစ်နိုင်သဖြင့် အဂတိလိုက်စားမှုဖြစ်နိုင်သည့် အန္တရာယ် ရှိပါသည် ။

ဤစံသတ်မှတ်ချက်တွင် အခွင့်အာဏာအပ်နှင်းခံရသူများ၊ အခွင့်အာဏာများ၏ အတိုင်းအတာနှင့် လုပ်ထုံး လုပ်နည်းများနှင့် စပ်လျဉ်းသော ပြဋ္ဌာန်းချက်များကို တိကျစွာ၊ ခိုင်လုံစွာ၊ ဓမ္မဓိဋ္ဌာန်ကျစွာ သတ်မှတ်ဖော်ပြထားခြင်း ရှိ/မရှိ သုံးသပ်စစ်ဆေးပါသည်။ ထို့ပြင် ကိုယ်ပိုင်ဆုံးဖြတ်ခွင့်အာဏာများကို အလွန်အကျူးသုံးစွဲခြင်း မရှိစေရန် တားဆီးကာကွယ်သော လုပ်ထုံးလုပ်နည်းတစ်ခု ရှိ/မရှိကိုလည်း ဆန်းစစ်လေ့လာပါသည်။

ဤစံသတ်မှတ်ချက်တွင် အောက်ပါတို့ကို သုံးသပ်စစ်ဆေးပါသည် - က) ကိုယ်ပိုင်ဆုံးဖြတ်ခွင့်အာဏာများ ကျင့်သုံး နိုင်သည့်ပုဂ္ဂိုလ်နှင့် စပ်လျဉ်း၍ ရှင်းလင်းစွာ ပြဋ္ဌာန်းထားမှု၊ ခ) ကိုယ်ပိုင်ဆုံးဖြတ်ခွင့် အာဏာပေးထားရန် လိုအပ်ချက် ၏ ခိုင်လုံမှုနှင့် ကျင့်သုံးရမည်ဆိုသည့်နည်းလမ်း၊ ဂ) ကိုယ်ပိုင်ဆုံးဖြတ်ခွင့်အာဏာ အပိုင်းအခြား၏ လုံလောက်မှု၊ ဃ) ကိုယ်ပိုင်ဆုံးဖြတ်ခွင့်အာဏာအတွက် ပြဋ္ဌာန်းထားသော စည်းမျဉ်းများ၏ ရှင်းလင်းမှုနှင့် င) ကိုယ်ပိုင်ဆုံးဖြတ်ခွင့် အာဏာများကို အလွန်အကျွံ သုံးစွဲခြင်းမရှိစေရန် တားဆီးကာကွယ်ထိန်းချုပ်သည့် လုပ်ထုံးလုပ်နည်းများ ဖြစ်ပါ သည်။

က) ကိုယ်ပိုင်ဆုံးဖြတ်ခွင့်အာဏာများ ကျင့်သုံးနိုင်သည့်ပုဂ္ဂိုလ်နှင့် စပ်လျဉ်း၍ ရှင်းလင်းစွာ ပြဋ္ဌာန်းထားမှု
ဥပဒေ ကြမ်းများ၊ ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများတွင် ကိုယ်ပိုင်ဆုံးဖြတ်ခွင့်အာဏာများကို အပ်နှင်းမည့် ပုဂ္ဂိုလ်များ အား ရှင်းလင်းတိကျစွာ ဖော်ပြထားခြင်း ရှိ/မရှိ ACRC က သုံးသပ်စစ်ဆးပါသည်။

ခ) ကိုယ်ပိုင်ဆုံးဖြတ်ခွင့် အာဏာပေးထားရန် လိုအပ်ချက် ၏ ခိုင်လုံမှုနှင့် ကျင့်သုံးရမည်ဆိုသည့်နည်းလမ်း
ဥပဒေကြမ်းများ၊ ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများထဲတွင် ကိုယ်ပိုင်ဆုံးဖြတ်ခွင့်အာဏာ ကျင့်သုံးရန်အတွက် သတ်မှတ်ချက်များ၊ စံနှုန်းများနှင့် လုပ်ငန်းစဉ်များကို ရှင်းလင်းတိကျစွာ ဖော်ပြထားခြင်း ရှိ/မရှိ ACRC က သုံးသပ်စစ်ဆေးပါသည်။ ထို့ပြင် ACRC က အုပ်ချုပ်ရေးဆိုင်ရာ စည်းမျဉ်းများ၊ နည်းဥပဒေများ (ဥပမာ ညွှန်ကြား ချက်များ၊ တည်ဆဲနည်းဥပဒေများ၊ အမိန့်ကြေညာချက်များ၊ လမ်းညွှန်များ၊ စသည်) တို့တွင် ပြဋ္ဌာန်းပေးထားရန် လိုအပ်သော အဓိကကျသော ကိုယ်ပိုင်ဆုံးဖြတ်ခွင့်အာဏာကို ရွေးချယ်ပေးအပ်ရာတွင် အခြေခံရမည့် စံသတ် မှတ်ချက်များနှင့် လုပ်ငန်းစဉ်များကို ပြဋ္ဌာန်းပေးထားခြင်း ရှိ/မရှိကိုလည်း သုံးသပ်စစ်ဆေးပါသည်။

ဂ) ကိုယ်ပိုင်ဆုံးဖြတ်ခွင့်အာဏာ အပိုင်းအခြား၏ လုံလောက်မှု
ACRC သည် ကိုယ်ပိုင်ဆုံးဖြတ်ခွင့်အာဏာဖြင့် ဆောင်ရွက်သည့် လုပ်ငန်းများ၊ ယင်း၏ အကျိုးသက်ရောက်မှုများကို သုံးသပ်စစ်ဆေးကာ ကိုယ်ပိုင်ဆုံးဖြတ် ခွင့်အာဏာအမျိုးမျိုးကို ပေးအပ်ထားသည့် အလားတူ ဥပဒေများနှင့် နှိုင်းယှဉ်ကြည့်ပြီး ကိုယ်ပိုင်ဆုံးဖြတ်ခွင့် အာဏာများကို လွန်ကဲစွာ ပေးအပ်ထားခြင်း ရှိ/မရှိ စစ်ဆေးပါသည်။

ဃ) ကိုယ်ပိုင်ဆုံးဖြတ်ခွင့်အာဏာအတွက် ပြဋ္ဌာန်းထားသော စည်းမျဉ်းများ၏ ရှင်းလင်းမှု

ကိုယ်ပိုင်ဆုံးဖြတ်ခွင့် အာဏာနှင့် သက်ဆိုင်သော ပြဋ္ဌာန်းချက်များကို လွဲမှားစွာအသုံးပြုခြင်း သို့မဟုတ် ထင်သလို အဓိပ္ပါယ်ကောက် ယူခြင်းကြောင့် အဂတိလိုက်စားမှု ဖြစ်ပေါ်လာနိုင်ခြေများကို ACRC က သုံးသပ်စစ်ဆေးပါသည်။ အကယ်၍ သုံးသပ်စစ်ဆေးမှု၏ ရလဒ်များအရ ဥပဒေကြမ်းများ၊ ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများထဲမှ ပြဋ္ဌာန်းချက် များသည် ရှင်းလင်းမှုမရှိကြောင်း တွေ့ရှိရပါက အခြေခံအခွင့် အရေးများကို ကာကွယ်စောင့်ရှောက်ပေးသူသည် ကိုယ်ပိုင်ဆုံးဖြတ်ခွင့်အာဏာများကို ကြိုတင်ခန့်မှန်းခြင်း ရှိ/မရှိ ပြည်သူ့ဝန်ထမ်းအဖွဲ့အစည်းများ၏ ကိုယ်ပိုင် အုပ်ချုပ်ခွင့်အာဏာများကို ထင်သလို ကျင့်သုံးခြင်းမှ ကာကွယ်ပေးရန်အတွက် လုပ်ထုံးလုပ်နည်းတစ်ခု ရှိ/မရှိ ဆိုသည်ကို ACRC က သုံးသပ်စစ်ဆေးပါသည်။

င) ကိုယ်ပိုင်ဆုံးဖြတ်ခွင့်အာဏာများကို အလွန်အကျွံ သုံးစွဲခြင်းမရှိစေရန် တားဆီးကာကွယ်ထိန်းချုပ်သည့် လုပ်ထုံးလုပ်နည်းများ - ကိုယ်ပိုင်အုပ်ချုပ်ခွင့်အာဏာများကို ထိန်းကျောင်းရန်အတွက် အကျိုးသက်ဆိုင်သူများကို ပါဝင်ဆောင်ရွက်စေသည့် လုပ်ထုံးလုပ်နည်းများ (ဥပမာ ကြိုတင်အသိပေးအကြောင်းကြားသည့် လုပ်ငန်းစဉ်၊ အများပြည်သူရှေ့မှောက် ကြားနာမှုလုပ်ငန်းစဉ်၊ စသည်) ထားရှိခြင်း ရှိ/မရှိ ACRC က သုံးသပ်စစ်ဆေးပါသည်။ ထို့ပြင် ACRC သည် ပြည်သူများထံသို့ ကိုယ်ပိုင်ဆုံးဖြတ်ခွင့်အာဏာများနှင့် ဆက်နွယ်သော သတင်းအချက် အလက်များ (အစည်းအဝေးမှတ်တမ်းများ၊ ရုံးစာရွက်စာတမ်းများ) ကို ထုတ်ပြန်ပေးသော ပြည်သူထံ သတင်း အချက်အလက်များ ထုတ်ဖော်ဖွင့်ဟပေးသည့် စနစ်၏ လုပ်ငန်းဆောင်ရွက်မှုကိုလည်း သုံးသပ်စစ်ဆေးပါသည်။

### ဆုံးဖြတ်ချက်ချမှတ်ပိုင်ခွင့်ပေးအပ်ခြင်းဆိုင်ရာ အခြေခံ၏ ခိုင်မာမှုနှင့် ဓမ္မဓိဋ္ဌာန်ကျမှုကို သုံးသပ်စစ်ဆေးရန်အတွက် Checklist

၁။ ပြဋ္ဌာန်းချက်များတွင် မည်သူက ကိုယ်ပိုင်ဆုံးဖြတ်ခွင့်အာဏာများကို ကျင့်သုံးရမည်ဆိုသည်ကို ရှင်းလင်းစွာ ဖွင့်ဆိုပြဋ္ဌာန်းထားပါသလား။

၂။ ကိုယ်ပိုင်ဆုံးဖြတ်ခွင့်အာဏာများကို ကျင့်သုံးရန်အတွက် သတ်မှတ်ချက်များ၊ ဆုံးဖြတ်ချက်စံနှုန်းများနှင့် လုပ်ထုံးလုပ်နည်းများကို ပြဋ္ဌာန်းချက်များတွင် ရှင်းလင်းစွာ ဖွင့်ဆိုပြဋ္ဌာန်းထားပါသလား။

၃။ ကိုယ်ပိုင်ဆုံးဖြတ်ခွင့်အာဏာများ ကျင့်သုံးခြင်းဆိုင်ရာ အဓိက စံ သတ်မှတ်ချက်များနှင့် လုပ်ထုံးလုပ်နည်းများ အား အထက်ဥပဒေများတွင် ဖွင့်ဆိုပြဋ္ဌာန်းထားသင့်သည့်အခါမျိုးတွင်  အုပ်ချုပ်ရေးစည်းမျဉ်းများ၊ နည်းဥပဒေများ (ဥပမာ ညွှန်ကြားချက်များ၊ တည်ဆဲနည်းဥပဒေများ၊ အမိန့်ကြော်ငြာချက်များ၊ လမ်းညွှန်များ၊ စသည်) ထဲ၌ ပြဋ္ဌာန်းထားခြင်းများ ရှိပါသလား။

၄။ စည်းမျဉ်းများကို လိုက်နာရမည့် လူအုပ်စုများနှင့် အကျိုးသက်ဆိုင်သူများကြား ကိုယ်ပိုင်ဆုံးဖြတ်ခွင့်အာဏာနှင့် သက်ဆိုင်သော စံနှုန်းများကို တူညီစွာ နားလည်သိရှိထားကြပါသလား။ အဆိုပါ စံနှုန်းများအား တူညီစွာ နားလည် ထားမှုနှင့် အဓိပ္ပါယ်ပြန်ဆိုကောက်ယူမှုများသည် အခွင့်အာဏာနှင့်စပ်လျဉ်း၍ အုပ်ချုပ်ရေးအရာရှိများ၏ အဓိပ္ပါယ်ကောက်ယူမှု နှင့် ကိုက်ညီမှုရှိပါသလား။

၅။ ကိုယ်ပိုင်ဆုံးဖြတ်ခွင့်အာဏာအတွက် သတ်မှတ်ပေးထားသော စံနှုန်းများနှင့် ထည့်သွင်းစဉ်းစားရမည့် အချက် များသည် ထပ်ဆောင်း ရှင်းလင်းချက် သို့မဟုတ် လမ်းညွှန်ချက်များ မလိုအပ်ဘဲ တိုက်ရိုက်အသုံးချ နိုင်ပါသလား။

၆။ ဥပဒေတွင် နိုင်ငံတော်သမ္မတ ၏ အမိန့်ဒီကရီ၊ ဝန်ကြီးချုပ်၏ အမိန့်စည်းမျဉ်းဥပဒေ၊ ဝန်ကြီးများ၏ အမိန့်စည်း မျဉ်းဥပဒေ များတွင် ပါရှိသည့် ကိုယ်ပိုင်ဆုံးဖြတ်ခွင့်အာဏာအတွက် သတ်မှတ်ပေးထားသော စံနှုန်းများ နှင့် ထည့် သွင်းစဉ်းစားရမည့် အချက်များကို အသုံးပြုသောအခါတွင် ပြဋ္ဌာန်းချက်များသည် ထိုစံနှုန်းများနှင့် ထည့်သွင်းစဉ်း စားရမည့် အချက်များကို တိတိကျကျနှင့် ပုဂ္ဂိုလ်တစ်ဦးချင်းစီအတွက် အကျုံးဝင်ပါသလား။

၇။ ကိုယ်ပိုင်ဆုံးဖြတ်ခွင့်အာဏာ အပိုင်းအခြားသည် လွန်ကဲမှု ရှိပါသလား။

၈။ အထက်ဥပဒေများတွင် ကိုယ်ပိုင်ဆုံးဖြတ်ခွင့်အာဏာကို ကျင့်သုံးနိုင်ရေးဆိုင်ရာ ဥပဒေအခြေခံများ မပါရှိသော် လည်း နည်းဥပဒေများနှင့် အုပ်ချုပ်ရေး ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများတွင် အစိုးရအရာရှိများအား ကိုယ်ပိုင် ဆုံးဖြတ်ခွင့်အာဏာအသစ်များကို ကျင့်သုံးခွင့်ပြုထားသည်များ ရှိပါသလား။

၉။ ရှင်းလင်းမှုမရှိသော ပြဋ္ဌာန်းချက်များကြောင့် အစိုးရအရာရှိများသည် ကိုယ်ပိုင်ဆုံးဖြတ်ခွင့်အာဏာကို လွဲမှားစွာ သို့မဟုတ် ထင်သလို အသုံးပြုမှုများ ဖြစ်ပေါ်နိုင်ခြေ ရှိပါသလား ။

၁၀။ ရှင်းလင်းမှုမရှိသော စည်းမျဉ်းများကြောင့် ဖြစ်ပေါ်လာသော ဆိုးကျိုးများကို လျှော့ပါးစေမည့် ထိန်းချုပ်ရေး လုပ်ငန်းစဉ်များ ရှိပါ သလား။

### "ဆုံးဖြတ်ချက်ချမှတ်ပိုင်ခွင့်ပေးအပ်ခြင်းဆိုင်ရာ အခြေခံ၏ ခိုင်မာမှုနှင့် ဓမ္မဓိဋ္ဌာန်ကျမှု" နှင့် စပ်လျဉ်းသည့် CRA ဖြစ်စဉ်နမူနာ

<table>
<tr><th colspan="3">"ဆေးဘက်ဆိုင်ရာ နည်းပညာရှင်များ လိုက်နာရန် ကြပ်မတ်ဆောင်ရွက်မှုဥပဒေ"</th></tr>
<tr><th>သက်ဆိုင်ရာပုဒ်မ</th><th>အဂတိလိုက်စားမှုဖြစ်နိုင်ခြေ</th><th>CRA အကြံပြုချက်</th></tr>
<tr><td>ပုဒ်မ ၁၂ (လိုင်စင်များ ပြန်ထုတ်ပေးခြင်း)<br><br>② ကျန်းမာရေးနှင့် သက်သာချောင်ချိ ရေး ဝန်ကြီးဌာန သည် လိုင်စင်ကိုင်သူ ၏ နောင်တရရှိမှု လက္ခဏာများ၊ လိုင်စင် သိမ်းခံရခြင်း၏ အသေးစိတ်အချက် အလက်များ အသိမ်းခံရအောင် ပြုမူမိ စေသော စေ့ဆော်မှုများကို ပြန်လည် သုံးသပ်ကာ လိုင်စင်ပြန်ထုတ်ပေးခြင်းသည် တရားမျှတမှုမရှိဟု ယူဆပါက ပယ်ဖျက်ထားသော လိုင်စင်ကို ပြန်ထုတ်ပေးမည်မဟုတ်ပါ။</td><td>▫ လိုင်စင်သိမ်းခံ့ရခြင်းအကြောင်းကို ဖြေရှင်းပြီးလျှင် လိုင်စင်ကို ပြန် ထုတ် ပေးနိုင်သည်။ သို့သော် ပြင်းထန်သည့် ဥပဒေချိုးဖောက်မှုဖြစ်လျှင် လိုင်စင်ကို ပြန်မထုတ်ပေးရပါ။<br><br>▫ "နောင်တ" ဟူသည် ယေဘုယျဆန် သော အခြေအနေတစ်ခုဖြစ်ပြီး အစိုးရ အရာရှိများသည် နောင်တရမှုလက္ခဏာ များအား လိုသလို အဓိပ္ပါယ်ကောက်ယူ ကာ လိုင်စင်ကို ဖျက်သိမ်းရန် လိုအပ် သည့် အချိန်တွင် ပြန်ထုတ်ပေးနိုင် ပါသည်။</td><td>ပုဒ်မ ၁၂ (လိုင်စင်များ ပြန်ထုတ်ပေးခြင်း)<br><br>② ကျန်းမာရေးနှင့် သက်သာချောင်ချိ ရေး ဝန်ကြီးဌာနသည် အောက်ပါအပိုဒ်ခွဲ များနှင့် အကျုံးဝင်သည့် ကိစ္စများတွင် ဖျက်သိမ်းထားသော လိုင်စင်ကို ပြန်ထုတ်ပေးမည်မဟုတ်ပါ။<br>၁။ တစ်ကြိမ်ထက်မက ဖျက်သိမ်း ခဲ့ရသော လိုင်စင်များ<br><br>၁။ တစ်ကြိမ်ထက်မက ဖျက်သိမ်း ခဲ့ရသော လိုင်စင်များ<br>၂။ ○ ကြိမ်ထက်မက ဆိုင်းငံ့ခဲ့ရသော လိုင်စင်များ</td></tr>
</table>

## ၅။ - ယုံကြည်အပ်နှံမှု/ တာဝန် ပေးအပ်မှု၏ ပွင့်လင်းမြင်သာမှု နှင့် တာဝန်ခံမှု

အစိုးရအဖွဲ့အစည်းများသည် ၎င်းတို့၏ လုပ် ပိုင်ခွင့်များ သို့မဟုတ် လုပ်ငန်းတာဝန်များကို ပုဂ္ဂလိကကဏ္ဍမှ မိတ်ဖက်များ သို့မဟုတ် အခြားသော အစိုးရအဖွဲ့အစည်းများသို့ ယုံကြည်အပ်နှံသောအခါတွင် ယုံကြည်အပ်နှံမှု သို့မဟုတ် တာဝန်ပေးအပ်မှု လုပ်ထုံးလုပ်နည်းများ အား ဥပဒေကြမ်းများ၊ ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများတွင် ရှင်းလင်းစွာ ပြဋ္ဌာန်းထားခြင်း ရှိ/မရှိ ဤစံသတ်မှတ်ချက်က ဆန်းစစ်ပါသည်။ ယုံကြည်အပ်နှံမှု သို့မဟုတ် တာဝန်ပေးအပ်မှုနှင့်စပ်လျဉ်း၍ အတိုင်းအတာ၊ သတ်မှတ် ချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့် စောင့်ကြည့်လေ့လာမှုများအတွက် ပြဋ္ဌာန်းချက်များမှာ ပြတ်သားမှု၊ ရှင်းလင်းမှု မရှိပါက အဂတိလိုက်စားမှုများ ဖြစ်ပေါ်လာနိုင်သည့်အန္တရာယ် ရှိပါသည်။

ဤစံသတ်မှတ်ချက်တွင် အောက်ပါတို့ကို သုံးသပ်စစ်ဆေးပါသည် - က) ယုံကြည်အပ်နှံရန်/တာဝန်ပေးအပ်ရန် လိုအပ်ချက်များနှင့် ဥပဒေအခြေခံများ၊ ခ) ယုံကြည်အပ်နှံမှု/တာဝန်ပေးအပ်မှု လုပ်ထုံးလုပ်နည်းများ၏ ပွင့်လင်း မြင်သာရှိမှု၊ ဂ) ယုံကြည်အပ်နှံမှု/တာဝန်ပေးအပ်မှုအား စီမံခန့်ခွဲမှုနှင့် စောင့်ကြည့်လေ့လာမှုများ၏ ပြည့်စုံ လုံ လောက်မှုနှင့် ဃ) ဆောင်ရွက်ပေးသူ/ ယုံကြည်အပ်နှံခံရသော အဖွဲ့အစည်းများ၏ တရားဥပဒေနှင့်မညီသော လုပ်ဆောင်ချက်များအတွက် ပြစ်ဒဏ်ချမှတ်မှု လုပ်ထုံးလုပ်နည်းများ ဖြစ်ပါသည်။

က) ယုံကြည်အပ်နှံရန်/တာဝန်ပေးအပ်ရန် လိုအပ်ချက်များနှင့် ဥပဒေအခြေခံများ

ACRC သည် ယုံကြည်အပ်နှံ ရန်/တာဝန်ပေးအပ်ရန် လိုအပ်ချက်များနှင့် ဥပဒေအခြေခံများကို ဥပဒေကြမ်းများ၊ ဥပဒေများနှင့် စည်းမျဉ်းစည်း ကမ်းများတွင် ရှင်းလင်းစွာ ဖွင့်ဆိုထားခြင်း ရှိ/မရှိ စစ်ဆေး သုံးသပ်ပါသည်။ ယုံကြည်အပ်နှံမှု/တာဝန်ပေးအပ်မှု ဆိုင်ရာ အကြောင်းအရာနှင့် အတိုင်းအတာသည် အထက်ဥပဒေများတွင် ပြဋ္ဌာန်းထားသော သတ်မှတ်ချက်များကို လျှော့ပေါ့သွားစေခြင်း ရှိ/မရှိကိုလည်း သုံးသပ်စစ်ဆေးပါသည်။

ခ) ယုံကြည်အပ်နှံမှု/တာဝန်ပေးအပ်မှု လုပ်ထုံးလုပ်နည်းများ၏ ပွင့်လင်းမြင်သာရှိမှု

ACRC သည် ဥပဒေကြမ်း များ၊ ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများတွင် ယုံကြည်အပ်နှံမှု/တာဝန်ပေးအပ်မှုအတွက် ရွေးချယ်ခြင်းလုပ်ငန်း စဉ်ကို တိကျစွာ ပြဋ္ဌာန်းပေးထားခြင်း ရှိ/မရှိ သုံးသပ်စစ်ဆေးပါသည်။ ယုံကြည်အပ်နှံမှု/တာဝန်ပေးအပ်မှုကို အဖွဲ့အစည်းတစ်ခုခုမှ လက်ဝါးကြီးအုပ် ခြယ်လှယ်နိုင်သည့် အန္တရာယ်များကိုလည်း သုံးသပ်စစ်ဆေးပါသည်။

ဂ) ယုံကြည်အပ်နှံမှု/တာဝန်ပေးအပ်မှုအား စီမံခန့်ခွဲမှုနှင့် စောင့်ကြည့်လေ့လာမှုများ၏ ပြည့်စုံ လုံလောက်မှု -

ယုံကြည်အပ်နှံမှု/တာဝန်ပေးအပ်မှု၏ ရည်ရွယ်ချက် ပြည့်မြောက်စေရန်အလို့ငှာ ဆောင်ရွက်ပေးသူ/ယုံကြည်အပ်နှံ ခံရသည့် အဖွဲ့အစည်းများအား အကဲဖြတ်စစ်ဆေးမှုများကို ဆောင်ရွက်ခြင်း ရှိ/မရှိ ACRC က သုံးသပ်လေ့လာ ပါသည်။ ထို့ပြင် ယုံကြည်အပ်နှံမှု/တာဝန်ပေးအပ်မှုကို စီမံခန့်ခွဲရန်အတွက် လိုအပ်သောစာရွက်စာတမ်းများကို တင်သွင်းခြင်း၊ ပုံမှန်ပြုပြင်ထိန်းသိမ်းမှုစနစ်များ၊ အစီရင်ခံတင်ပြရန် တာဝန်များနှင့်စပ်လျဉ်း၍ စည်းမျဉ်း စည်းကမ်းများတွင် ပြဋ္ဌာန်းထားခြင်း ရှိ/မရှိကိုလည်း သုံးသပ်လေ့လာပါသည်။

ဃ) ဆောင်ရွက်ပေးသူ/ ယုံကြည်အပ်နှံခံရသော အဖွဲ့အစည်းများ၏ တရားဥပဒေနှင့်မညီသော လုပ်ဆောင်ချက် များအတွက် ပြစ်ဒဏ်ချမှတ်မှု လုပ်ထုံးလုပ်နည်းများ

ဆောင်ရွက်ပေးသူ/ယုံကြည်အပ်နှံခံရသော အဖွဲ့အစည်း များ၏ တရားဥပဒေနှင့်မညီသော လုပ်ဆောင်ချက်များအတွက် ပြစ်ဒဏ်ချမှတ်နိုင်သော လုပ်ထုံးလုပ်နည်းများ (ဥပမာ - ဝန်ဆောင်မှုကို ရပ်ဆိုင်းခြင်းနှင့် တာဝန်ပေးအပ်မှုကို ရုပ်သိမ်းခြင်း) ထားရှိဆောင်ရွက်နေခြင်း ရှိ/မရှိ ACRC က သုံးသပ်စစ်ဆေးပါသည်။

## ယုံကြည်အပ်နှံမှု/ တာဝန်ပေးအပ်မှု၏ ပွင့်လင်းမြင်သာမှု နှင့် တာဝန်ခံမှုကို သုံးသပ်စစ်ဆေးရန်အတွက် Checklist

၁။ ယုံကြည်အပ်နှံရခြင်း/တာဝန်ပေးအပ်ရခြင်းအတွက် ဥပဒေနှင့်ညီသည့် ရှင်းလင်းတိကျသော အကြောင်းရင်း ရှိပါသလား၊ ယုံကြည်အပ်နှံမှု/တာဝန်ပေးအပ်မှု၏ အတိုင်းအတာ ပမာဏသည် အထက်ဥပဒေနှင့်အညီ ဖြစ်ပါ သလား။

၂။ အထက်ဥပဒေတွင် ပြဋ္ဌာန်းထားသော ယုံကြည်အပ်နှံမှု/တာဝန်ပေးမှုဆိုင်ရာ သတ်မှတ်ချက်များကို ဖြေလျှော့ ကာ တရားမဝင်သော ယုံကြည်အပ်နှံမှု/တာဝန်ပေးအပ်မှုများ ဖြစ်ပေါ်လာနိုင်ခြေ ရှိပါသလား။

၃။ ယုံကြည်အပ်နှံမှု/တာဝန်ပေးအပ်မှုကြောင့် အများပြည်သူအကျိုးစီးပွားကို ထိခိုက်စေနိုင်သော၊ အုပ်ချုပ်ရေး လုပ်ငန်းများ၏ တရားမျှတမှုကို ထိခိုက်စေနိုင်သော အန္တရာယ်တစ်စုံတစ်ရာ ရှိပါသလား။

၄။ ယုံကြည်အပ်နှံရမည့်သူ/တာဝန်ပေးအပ်ရမည့်သူကို ရွေးချယ်ရာတွင် အသုံးပြုရမည့် သတ်မှတ်ချက်များ၊ ပြည့်မီရမည့် အရည်အချင်းများနှင့် လိုက်နာရမည့် လုပ်ထုံးလုပ်နည်းများကို ပြဋ္ဌာန်းချက်များတွင် ရှင်းလင်းစွာ၊ တရားမျှတစွာ ပြဋ္ဌာန်းထားပါသလား။

၅။ ယုံကြည်အပ်နှံမည့် အဖွဲ့အစည်းများအားလုံးကို ဖိတ်ခေါ်ကာ လွတ်လပ်စွာ ယှဉ်ပြိုင်ခွင့်ရအောင် ဆောင်ရွက် ပေးသည့် လုပ်ငန်းစဉ်တစ်ခု ရှိပါသလား။ ပါဝင်ယှဉ်ပြိုင်ခွင့်နှင့် စပ်လျဉ်းသည့် ကန့်သတ်ချက်များ ရှိပါက ထိုကန့်သတ်ချက်များသည် ကျိုးကြောင်းဆီလျော်သင့်တော်မှု ရှိပါသလား။

၆။ သက်ဆိုင်ရာအဖွဲ့အစည်းသည် ယုံကြည်အပ်နှံမှု/တာဝန်ပေးအပ်မှုဆိုင်ရာ ရွေးချယ်မှုစံသတ်မှတ်ချက်များနှင့် လုပ်ငန်းစဉ်များကို အားလုံးသိရှိအောင် ထုတ်ဖော်အသိပေးထားပါသလား။

၇။ ဥပဒေပြဋ္ဌာန်းချက်များတွင် မပါရှိသည့် လုပ်ငန်းစဉ်ဖြင့် (ဥပမာ တိုက်ရိုက်တာဝန်ပေးအပ်ခြင်း) ယုံကြည်အပ်နှံ မည့် အဖွဲ့အစည်းကို ရွေးချယ်ခြင်း သို့မဟုတ် ယုံကြည်အပ်နှံမှုကို ပြန်လည်ရုတ်သိမ်းခြင်းများ ရှိပါက ထိုရလဒ်များ ကို ထုတ်ပြန်ကြေညာရမည်ဟူသော ပြဋ္ဌာန်းချက်များ ရှိပါသလား။

၈။ ယုံကြည်အပ်နှံမှု/ တာဝန်ပေးအပ်မှု အချိန်ကာလနှင့် ကန်ထရိုက်စာချုပ်များ သက်တမ်းတိုးသည့် အကြိမ်အရေ အတွက်တို့ကို စည်းမျဉ်းစည်းကမ်းများထဲတွင် ရှင်းလင်းစွာ ဖော်ပြထားပါသလား။

၉။ ယုံကြည်အပ်နှံမှု/တာဝန်ပေးအပ်မှုကို စဉ်ဆက်မပြတ်ရရှိခြင်း/ ဝတ်ကျေတမ်းကျေသာ ဆောင်ရွက်ခြင်း/ လက်ဝါးကြီးအုပ်ခြယ်လှယ်ခြင်းများကြောင့် အဂတိလိုက်စားမှုများ ဖြစ်ပေါ်နိုင်ခြေ ရှိပါသလား။

၁၀။ ယုံကြည်အပ်နှံမှု/တာဝန်ပေးအပ်မှု၏ ရည်ရွယ်ချက် ပြည့်မြောက်စေရန်အတွက် ယုံကြည်အပ်နှံသည့် အဖွဲ့အစည်းများကို စစ်ဆေးရန် လုံလောက်သည့် စီမံခန့်ခွဲမှု/ စောင့်ကြည့်လေ့လာမှု လုပ်ထုံးလုပ်နည်းယန္တရားများ (ဥပမာ အစီရင်ခံစာများကို မဖြစ်မနေတင်ပြရခြင်း၊ ကြီးကြပ်ကွပ်ကဲသည့် အဖွဲ့အစည်းမှ စောင့်ကြည့်လေ့လာမှုများ ပုံမှန်ပြုလုပ်ခြင်း) ကို ချမှတ်ဆောင်ရွက်ရမည်ဟူသော ပြဋ္ဌာန်းချက်များ ပါရှိပါသလား။

၁၁။ ယုံကြည်အပ်နှံထားသော/တာဝန်ပေးအပ်ထားသော အဖွဲ့အစည်းများက အခကြေးငွေများ သတ်မှတ် ကောက်ခံရန် ဆုံးဖြတ်သောအခါ တာဝန်ပေးအပ်သော သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် တိုင်ပင်ဆွေးနွေးမှု ပြုလုပ်ရန်/ အတည်ပြုချက်ရယူရန် လုပ်ငန်းစဉ်တစ်ခု လိုအပ်သည်ဟူသော ပြဋ္ဌာန်းချက်များ ပါရှိပါသလား။

၁၂။ ယုံကြည်အပ်နှံခံရသော အဖွဲ့အစည်းများ၏ တရားဥပဒေနှင့်မညီသော ပြုမူဆောင်ရွက်မှုများအတွက် ပြစ်ဒဏ် များ (ဥပမာ ယုံကြည်အပ်နှံမှု/တာဝန်ပေးအပ်မှုကို ဖျက်သိမ်းခြင်း သို့မဟုတ် ဆိုင်းငံ့ခြင်း) နှင့် အဆိုပါဖြစ်ရပ်များကို တုံ့ပြန်ဆောင်ရွက်ရန်နည်းလမ်းများ ပြဋ္ဌာန်းထားပါသလား။

၁၃။ တာဝန်ခံမှုရှိအောင် ဆောင်ရွက်ရန် လိုအပ်ပါက တာဝန်ပေးအပ်ထားသည့် အဖွဲ့အစည်းများ၏ ဝန်ထမ်းများ အား ၎င်းတို့၏ ဥပဒေနှင့်မညီသော လုပ်ဆောင်ချက်များအတွက် ပြစ်ဒဏ်များ ချမှတ်သောအခါ ပြည်သူ့အရာထမ်း များကဲ့သို့ အသိအမှတ်ပြုသည့် ပြဋ္ဌာန်းချက်များ ရှိပါသလား။

၁၄။ ယုံကြည်အပ်နှံခံရသော အဖွဲ့အစည်းတစ်ခုက ချိုးဖောက်မှု ရှိပါက ထောက်ပံ့ငွေ၊ အမတော်ကြေးများကို ပြန်လည်သိမ်းယူရန်အတွက် ပြဋ္ဌာန်းချက်များ ရှိပါသလား။

### "ယုံကြည်အပ်နှံမှု/ တာဝန် ပေးအပ်မှု၏ ပွင့်လင်းမြင်သာမှု နှင့် တာဝန်ခံမှု" စံသတ်မှတ်ချက်နှင့်စပ်လျဉ်း၍ CRA ဖြစ်စဉ်နမူနာ

"အဓိကမြစ်ဝှမ်းလေးခုရှိ ရေစီမံခန့်ခွဲမှုနှင့် နေထိုင်သူများအား ပံ့ပိုးမှုအက်ဥပဒေ"

| သက်ဆိုင်ရာပုဒ်မ | အဂတိလိုက်စားမှုဖြစ်နိုင်ခြေ | CRA အကြံပြုချက် |
|---|---|---|
| ပုဒ်မ ၁၁ (ကမ်းနားပိုင်း ဂေဟာစီမံခန့်ခွဲမှု နှင့် အထောက်အကူပြုဌာန)<br><br>① နိုင်ငံတော်သည် ကမ်းနားပိုင်း ဂေဟာ စီမံခန့်ခွဲမှုနှင့် အထောက်အကူပြုဌာန ("အထောက်အကူပြုဌာန" ဟု ခေါ်ဝေါ် သွားပါမည်) ကို တည်ထောင်ခြင်း သို့ မဟုတ် ထိုဌာနအဖြစ် ဆောင်ရွက်မည့် သုတေသနအဖွဲ့အစည်း (သို့) ပုဂ္ဂလိက ကော်ပိုရေးရှင်းတစ်ခုကို တာဝန်ပေးခြင်း တို့ ဆောင်ရွက်နိုင်ပါသည်။<br><br>③ သင့်လျော်သည့် အုပ်ချုပ်ရေး အဖွဲ့အစည်း အကြီးအမှူးများက ထိုဌာနမှ လိုအပ်သော ရန်ပုံငွေကို ရရှိအောင် ဆောင်ရွက်ပေးနိုင်သည်။ သို့မဟုတ် အခြားလိုအပ်သော ပံ့ပိုးမှုများ ပေးနိုင် သည်။ | ▫ ဥပဒေက သုတေသနအဖွဲ့အစည်း များအား နိုင်ငံတော်၏ ကိုယ်စား အစီ အစဉ်များကို ဆောင်ရွက်ရန် တာဝန်ပေးပါသည်။ သို့သော် ၎င်းတို့၏ အစီအစဉ် များအား မည်သို့ စုံစမ်းစစ်ဆေးမည် သို့မဟုတ် ကြီးကြပ်မည်ဆိုသည်ကို ပြဌာန်းထားသော ပြဌာန်းချက်များ မရှိပါ။<br><br>▫ ဥပဒေက အစိုးရအဖွဲ့အစည်းများအား ယုံကြည်အပ်နှံမည့် သုတေသနအဖွဲ့အစည်းများကို ငွေကြေးဆိုင်ရာ ပံ့ပိုးမှု များပေးခွင့်ပြုထားပါသည်။ သို့သော် ထိုအဖွဲ့အစည်းများ၏ ဥပဒေနှင့် မညီ သော လုပ်ဆောင်ချက်များအတွက် ပြစ်ဒဏ်များ မည်သို့ ချမှတ်မည် ဆိုသည်ကို ပြဌာန်းထားခြင်း မရှိပါ။ | ပုဒ်မ ၁၁ (ကမ်းနားပိုင်း ဂေဟာစီမံခန့်ခွဲမှု နှင့် အထောက်အကူပြုဌာန)<br><br>④ – ③ (မူလအတိုင်း)<br><br>④ ဥပဒေ၏ ပုဒ်မ ၃ အရ သက်ဆိုင် ရာအုပ်ချုပ်ရေးအဖွဲ့အစည်း အကြီးအမှူး များသည် သမ္မတ၏ အမိန့်ဒီကရီ ပုဒ်မ ၂ တွင် ပါရှိသော အထောက်အကူပြု ဌာန၏ လုပ်ငန်းများဆိုင်ရာ အစီရင်ခံစာ များကို တောင်းခံခြင်း (သို့) စုံစမ်းစစ် ဆေးခြင်း၊ ကြပ်မတ်ခြင်းများ ပြုလုပ်နိုင်သည်။<br><br>ဖြည့်စွက်ရန် ပြဌာန်းချက် ပုဒ်မ ၀၀ (အထောက်ကူပြုဌာနအား ခန့်အပ်ထားခြင်းနှင့် ဖျက်သိမ်းခြင်း)<br><br>① သင့်လျော်သည့် အုပ်ချုပ်ရေး အဖွဲ့အစည်း အကြီးအမှူးများသည် အောက် ပါ အခြေအနေများတွင် အထောက် အကူပြုဌာနကို ဖျက်သိမ်းခြင်း (သို့) လုပ်ငန်းများကို ၆လအထိ ဆိုင်းငံ့ခြင်း ပြုလုပ်နိုင်သည်။<br><br>1. – 4. <ဖော်ပြမထား> |

## ၆။ - အစိုးရ၏ အထောက်အပံ့များကို လွဲမှားစွာ ခွဲဝေပေးမှု သို့မဟုတ် အလွဲသုံးမှု ဖြစ်နိုင်ခြေ

ဥပဒေကြမ်းများ၊ ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများတွင် ပြဋ္ဌာန်းထားသည့် ဘဏ္ဍာရေးဆိုင်ရာ ထောက်ပံ့မှုများသည် အခြားသော ဥပဒေများအရ ပေးအပ်ထားသော ကူညီထောက်ပံ့မှုများနှင့် ထပ်နေခြင်းများ ရှိ/မရှိ (ဥပမာ နိုင်ငံတော်မှ ထောက်ပံ့ ပေးသော အမတော်ကြေးများ) သို့မဟုတ် အစိုးရ၏ အထောက်အပံ့များအား လွဲမှားစွာ ခွဲဝေပေးခြင်း သို့မဟုတ် အလွဲ သုံးခြင်းကြောင့် အစိုးရဘတ်ဂျက်များ လေလွင့်ဆုံးရှုံးနိုင်ခြေ ရှိ/မရှိတို့ကို ဤစံသတ်မှတ်ချက်က ဆန်းစစ်ပါသည်။ ထို့ပြင် ဘတ်ဂျက်လေလွင့်မှုကို တားဆီးကာကွယ်ရန်အတွက် စောင့်ကြည့်လေ့လာမှုလုပ်ထုံးလုပ်နည်းတစ်ခု ရှိ/မရှိ ကိုလည်း သုံးသပ်စစ်ဆေးပါသည်။

ဤစံသတ်မှတ်ချက်တွင် အောက်ပါတို့ကို သုံးသပ်စစ်ဆေးပါသည် - က) ဘဏ္ဍာငွေထောက်ပံ့မှုအတွက် ဥပဒေအရ ခိုင်လုံသောအကြောင်းများ၊ ခ) ဘဏ္ဍာငွေထောက်ပံ့မှု လုပ်ငန်းစဉ်၏ တရားမျှတမှုနှင့် ပွင့်လင်းမြင်သာမှု၊ ဂ) ဘဏ္ဍာငွေထောက်ပံ့ပြီးနောက်ပိုင်း စီမံခန့်ခွဲမှုလုပ်ထုံးလုပ်နည်းများနှင့် ဃ) ဘဏ္ဍာငွေထောက်ပံ့မှုတွင် တာဝန်ခံမှု ရှိစေရန် ဆောင်ရွက်သော လုပ်ထုံးလုပ်နည်းများ ဖြစ်ပါသည်။

က) ဘဏ္ဍာငွေထောက်ပံ့မှုအတွက် ဥပဒေအရ ခိုင်လုံသော အကြောင်းများ

ACRC က ပြဋ္ဌာန်းချက်များသည် ယေဘုယျဥပဒေ (ဆိုလိုသည်မှာ ထောက်ပံ့ကြေးစီမံခန့်ခွဲမှု အက်ဥပဒေ၊ နိုင်ငံပိုင်ပစ္စည်းအက်ဥပဒေနှင့် နိုင်ငံပိုင် ပစ္စည်းများ၏ အထူးကိစ္စရပ်များကို စည်းကမ်းထိန်းသိမ်းရေး အက်ဥပဒေ) တို့နှင့် ကိုက်ညီမှု ရှိ/မရှိ စစ်ဆေးပါ သည်။ ထို့ပြင် ဘဏ္ဍာငွေထောက်ပံ့မှု၏ ကျိုးကြောင်းရှင်းလင်းချက်များ၊ ရည်ရွယ်ချက်များ၊ သတ်မှတ်ချက်များနှင့် လုပ်ထုံးလုပ်နည်းများကို တိကျစွာ ပြဋ္ဌာန်းထားခြင်း ရှိ/မရှိ ကိုလည်း ACRC က စစ်ဆေးပါသည်။ ဘဏ္ဍာငွေ ကြေးအကူအညီများကို အမြော်အမြင်ကင်းမဲ့စွာ ပေးအပ်ခြင်းကြောင့် ဘတ်ဂျက်လေလွင့်မှု ဖြစ်နိုင်ခြေများကို သုံးသပ်ဆန်းစစ်ရန်အတွက် အလားတူသော ဘဏ္ဍာငွေပံ့ပိုးမှုများ နှိုင်းယှဉ်လေ့လာမှု (သက်ဆိုင်ရာ ဥပဒေကြမ်း များ၊ ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများကို အလားတူဘဏ္ဍာငွေပံ့ပိုးမှုများအား ပေးသော ဥပဒေများနှင့် နှိုင်းယှဉ်လေ့လာခြင်း) များ ပြုလုပ်ပါသည်။

ခ) ဘဏ္ဍာငွေထောက်ပံ့မှုလုပ်ငန်းစဉ်၏ တရားမျှတမှုနှင့် ပွင့်လင်းမြင်သာမှု

ဆုံးဖြတ်ချက်ချမှတ်သည့်အဖွဲ့၊ ရွေးချယ်သည့်နည်းစနစ်၊ တင်ပြရမည့်စာရွက်စာတမ်းများ၊ လျှောက်ထားနိုင်သူအမျိုးအစားများ၊ လျှောက်ထားရ မည့် လုပ်ငန်းစဉ်များကို တိကျစွာပြဋ္ဌာန်းဖော်ပြထားခြင်း ရှိ/မရှိ ACRC က သုံးသပ်စစ်ဆေးပါသည်။ ထို့ပြင် ဘဏ္ဍာ ငွေထောက်ပံ့မှုဆိုင်ရာ ဆုံးဖြတ်ချက်ချမှတ်မှုလုပ်ငန်းစဉ်၏ တရားမျှတမှုနှင့် ပွင့်လင်းမြင်သာမှုတို့ ရရှိစေရန်အတွက် ရွေးချယ်မှုဆိုင်ရာ စံသတ်မှတ်ချက်များနှင့် လုပ်ငန်းစဉ်တို့ကို ထုတ်ပြန်အသိပေးထားခြင်း ရှိ/မရှိကိုလည်း ACRC က စစ်ဆေးပါသည်။

ဂ) ဘဏ္ဍာငွေထောက်ပံ့ပြီးနောက်ပိုင်း စီမံခန့်ခွဲမှုလုပ်ထုံးလုပ်နည်းများ

ACRC က ဘဏ္ဍာငွေထောက်ပံ့မှု အစီ အစဉ်၏ ထိရောက်မှုကို အကဲဖြတ်စစ်ဆေးရန်အတွက် အစီရင်ခံတင်ပြရန် တာဝန်သတ်မှတ်ချက်များ၊ လုပ်ငန်း စွမ်းဆောင်မှုဆိုင်ရာ အစီရင်ခံစာများ တင်သွင်းမှုတို့ ရှိ/မရှိ စစ်ဆေးပါသည်။ ထို့ပြင် ACRC က ဘဏ္ဍာငွေ ထောက် ပံ့မှု၏ ရည်ရွယ်ချက်များ ပြည့်မြောက်စေရန်အတွက် စွမ်းဆောင်ရည်အကဲဖြတ်သုံးသပ်မှု လုပ်ငန်းစဉ် တစ်ခု ထားရှိ ခြင်း ရှိ/မရှိကိုလည်း စစ်ဆေးပါသည်။

ဃ) ဘဏ္ဍာငွေထောက်ပံ့မှုတွင် တာဝန်ခံမှုရှိစေရန် ဆောင်ရွက်သော လုပ်ထုံးလုပ်နည်းများ

ဥပဒေနှင့်မညီသော ဘဏ္ဍာငွေပံ့ပိုးမှုများကို ဖျက်သိမ်းရန်အတွက် သင့်လျော်သော ပြဋ္ဌာန်းချက်များ ပါရှိခြင်း ရှိ/မရှိ ACRC က စစ်ဆေးပါသည်။ တရားဥပဒေနှင့်မညီသော ဘဏ္ဍာငွေထောက်ပံ့မှုများကို ပြန်လည်သိမ်းယူရန်အတွက် ထိန်းချုပ်မှု ယန္တရားများ လုံလောက်စွာ ရှိ/မရှိကိုလည်း စစ်ဆေးပါသည်။

## အစိုးရ၏ အထောက်အပံ့များကို လွဲမှားစွာ ခွဲဝေပေးမှု သို့မဟုတ် အလွဲသုံးမှု ဖြစ်နိုင်ခြေကို သုံးသပ်စစ်ဆေးရန်အတွက် Checklist

၁။ ဘဏ္ဍာငွေထောက်ပံ့မှုအတွက် ဥပဒေဆိုင်ရာ အခြေခံနှင့် သတ်မှတ်ချက်များကို ရှင်းလင်းစွာ ပြဋ္ဌာန်းထားပါ သလား။

၂။ ဘဏ္ဍာငွေထောက်ပံ့မှု နည်းစနစ်များ (ဥပမာ ကန်ထရိုက်ချုပ်ဆိုမှု နည်းစနစ်) သည် ၎င်းတို့တွင် ရှိရမည့် လက္ခဏာများနှင့် ကိုက်ညီမှု ရှိပါသလား။

၃။ အခြားသော ဥပဒေများတွင် အလားတူ ဘဏ္ဍာငွေကြေး အကူ အညီများ ပေးထားပြီးဖြစ်ပါက ဘဏ္ဍာငွေ ထပ်မံ ထောက်ပံ့ပေးရန် လိုအပ်ပါသလား။

၄။ အစိုးရ၏ ကူညီထောက်ပံ့မှုပမာဏသည် လုံလောက်မှု ရှိပါသလား။

၅။ ဘဏ္ဍာငွေထောက်ပံ့ပေးမည့်သူများကို ရွေးချယ်သည့် စံသတ်မှတ်ချက်များကို ချမှတ်ရာတွင် အကျိုးသက်ဆိုင် သူများနှင့် ကျွမ်းကျင်ပညာရှင်များ၏ အမြင်သဘောထားများကို ရယူရမည်ဟူသည့် ပြဋ္ဌာန်းချက်များ ရှိပါသလား။ ယင်းတို့ကို အများပြည်သူသိရှိအောင် ထုတ်ပြန်ပေးပါသလား။

၆။ လျှောက်ထားမှုနှင့် ရွေးချယ်မှု လုပ်ငန်းစဉ်၊ ရွေးချယ်မှုဆိုင်ရာ စံသတ်မှတ်ချက်များကို တိကျစွာ ဖော်ပြထား သော ပြဋ္ဌာန်းချက်များ ရှိပါသလား။ ယင်းတို့ကို အများပြည်သူသိရှိအောင် ထုတ်ပြန်ပေးပါသလား။

၇။ ဘဏ္ဍာငွေထောက်ပံ့ပေးရန် သင့်လျော်သည့် သူများကို ရွေးချယ်နိုင်စေမည့် အကဲဖြတ်အမှတ်ပေးမှု လုပ်ငန်း စဉ်များ ရှိပါသလား။ အကဲဖြတ်အမှတ်ပေးမှုများ တရားမျှတမှု ရှိကြောင်း သေချာအောင် လုပ်ဆောင်နိုင်သည့် လုပ်ထုံးလုပ်နည်းများ ရှိပါသလား။

၈။ ဘဏ္ဍာငွေထောက်ပံ့မှုများကို သင့်မြတ်ဆီလျော်စွာ အသုံးပြုခြင်း ရှိ/မရှိ စစ်ဆေးရန်အတွက် လုပ်ဆောင်ချက် များ (ဥပမာ - အသုံးစရိတ်များနှင့်စပ်လျဉ်းသည့် အထောက်အထားစာရွက်စာတမ်းကို ထိန်းသိမ်းထားရှိခြင်း၊ အစီအစဉ်ပြီးစီးပြီးနောက် အစီရင်ခံစာများ မဖြစ်မနေတင်သွင်းရခြင်း) ကို ဖော်ပြ ထားသော ပြဋ္ဌာန်းချက်များ ရှိပါသလား။

၉။ ဘဏ္ဍာငွေအထောက်အပံ့များကို တရားနှင့်မညီသည့် နည်းလမ်းဖြင့် ရယူမှုများအား တားဆီးကာကွယ်သည့် လုပ်ထုံးလုပ်နည်းယန္တရားများ ရှိပါသလား။

၁၀။ ဘဏ္ဍာငွေထောက်ပံ့မှုများကို တရားမဝင်နည်းလမ်းများဖြင့် သုံးစွဲခြင်းကို တားဆီးကာကွယ်သည့် လုပ်ထုံး လုပ်နည်း ယန္တရားများ ရှိပါသလား။

၁၁။ တရားဥပဒေနှင့်မညီသော ရည်ရွယ်ချက်များအတွက် သုံးစွဲထားသည့် ဘဏ္ဍာငွေများကို ပြန်လည်သိမ်းယူနိုင် ရန်အတွက် အရေးယူအပြစ်ပေးသည့် လုပ်ထုံးလုပ်နည်း ယန္တရားများ ရှိပါသလား။

### "အစိုးရ၏ အထောက်အပံ့များကို လွဲမှားစွာ ခွဲဝေပေးမှု သို့မဟုတ် အလွဲသုံးမှု ဖြစ်နိုင်ခြေ" စံသတ်မှတ်ချက်နှင့်စပ်လျဉ်းသည့် CRA ဖြစ်စဉ်နမူနာ

"လွတ်လပ်သောကုန်သွယ်မှုဇုန်များ သတ်မှတ်ခြင်းနှင့် စီမံခန့်ခွဲမှုဆိုင်ရာ အက်ဥပဒေ"

| သက်ဆိုင်ရာပုဒ်မ | အဂတိလိုက်စားမှုဖြစ်နိုင်ခြေ | CRA အကြံပြုချက် |
| --- | --- | --- |
| ပုဒ်မ ၄၉ (ဇုန်အတွင်းရှိ လုပ်ငန်းများမှ နည်းပညာဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ရေး ပံ့ပိုးကူညီမှု၊ စသည်)<br>① ပြည်နယ် သို့မဟုတ် ဒေသန္တရအစိုးရ များသည် လွတ်လပ်သော ကုန်သွယ်မှု ဇုန်များအတွင်းရှိ လုပ်ငန်းများအား နည်း ပညာတိုးတက်ရေး လုပ်ဆောင်ချက် များ၊ လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးရေး သင်တန်းများကို လုပ်ဆောင်နိုင်ရန် အမတော်ကြေးများ ပံ့ပိုးပေးနိုင်သည်။<br>② ပြည်နယ် သို့မဟုတ် ဒေသန္တရအစိုးရ များသည် ဇုန်အတွင်းရှိ လုပ်ငန်းများသို့ ငှားရမ်းထားသော စက်ရုံများ ပြုပြင် ထိန်းသိမ်းမှုကို လုပ်ဆောင်နိုင်သည်၊ အခြေခံအဆောက်အအုံအမျိုးမျိုး (ဆေး ရုံဆေးခန်းများ၊ ကျောင်းများ၊ အိမ်ရာ များ၊ စသည်) ကို တိုးချဲ့နိုင်သည်၊ လွတ် လပ်သော ကုန်သွယ်မှုဇုန်များအတွင်းရှိ လုပ်ငန်းများ၏ စီးပွားရေး လုပ်ငန်းများ ကို ပံ့ပိုးရန်အတွက် အမတော်ကြေးများ ကို ပံ့ပိုးနိုင်သည်။ | ▫ ပြည်နယ် သို့မဟုတ် ဒေသန္တရအစိုးရ များသည် လွတ်လပ်သော ကုန်သွယ်မှု ဇုန်များအတွင်းရှိ ပုဂ္ဂလိက လုပ်ငန်းများ အား အမတော်ကြေးများ ပံ့ပိုးပေးနိုင် ပါသည်။<br>▫ သို့သော် လက်ရှိဥပဒေတွင် ထောက်ပံ့ ကြေးများကို စီမံခန့်ခွဲရန် (ဥပမာ မည်သို့ ခွဲဝေပေးမည်၊ သုံးစွဲမည်၊ စီမံခန့်ခွဲမည်) အတွက် သီးခြားစံနှုန်းများ ကို ပြဋ္ဌာန်း ပေးထားသည့် ပြဋ္ဌာန်းချက်များ မရှိပါ။<br>▫ အစိုးရအရာရှိများက ထောက်ပံ့ကြေး ပေးရမည့် သူများနှင့် ထောက်ပံ့ကြေး ပေးမည့် အတိုင်းအတာတို့ကို စိတ်တိုင်း ကျဆုံးဖြတ်နိုင်ပြီး ဘတ်ဂျက်များကို ကောင်းစွာ စီမံခန့်ခွဲနိုင်မှုမရှိဘဲ အစိုးရ ဘတ်ဂျက်များ လေလွင့်ဆုံးရှုံး သွားနိုင် ပါသည်။ | ပုဒ်မ ၄၉ (ဇုန်အတွင်းရှိ လုပ်ငန်းများမှ နည်းပညာဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ရေး ပံ့ပိုးကူညီမှု၊ စသည်)<br>① – ② (ယခင်ကအတိုင်း)<br>ဖြည့်စွက်ရမည့် ပြဋ္ဌာန်းချက်<br>③ ဥပဒေ၏ အပိုဒ် ၁ နှင့်အညီ ထောက် ပံ့ကြေးပေးရန် အတွက် လိုအပ်သော ကိစ္စရပ်များ (ဥပမာ ရွေးချယ်မှု စံနှုန်းများ၊ ထောက်ပံ့ကြေးများကို မည်သို့ သုံးစွဲရ မည် သို့မဟုတ် စီမံခန့်ခွဲရမည်၊ စသည်) တို့ကို နိုင်ငံတော်သမ္မတ၏ အမိန့်ဒီကရီ ဖြင့် ပြဋ္ဌာန်းပေးရမည်။ |

## စီမံအုပ်ချုပ်ရေး လုပ်ထုံးလုပ်နည်းများ

### ၇။ - လက်လှမ်းမီမှု

မူဝါဒချမှတ်မှုလုပ်ငန်းစဉ်များအတွင်းတွင် အကျိုးသက်ဆိုင်သူများ (လူပုဂ္ဂိုလ်များ၊ စီးပွားရေး လုပ်ငန်းများနှင့် အဖွဲ့အစည်းများအပါအဝင်) ကို ပါဝင်ဆောင်ရွက်ရန် (ဥပမာ လူထုကြားနာမှုများ၊ မူဝါဒအဆိုပြုလွှာ များ၊ အမြင်အယူအဆများ တင်ပြမှုနှင့် အခြားသော လူထုပါဝင်ဆောင်ရွက်သည့် လုပ်ငန်းစဉ်များ) နှင့်အမြင်များ တင်ပြနိုင်ရန် အခွင့်အရေးများ လုံလောက်စွာပေးထားခြင်း ရှိ/မရှိ ဤစံသတ်မှတ်ချက်က သုံးသပ်စစ်ဆေးပါသည်။ ထို့ပြင် လုပ်ငန်းစဉ်များအတွင်း သက်ဆိုင်သော အကျိုးဆက်စပ်သူများအားလုံး ကိုယ်စားပြုပါဝင်နိုင်ခြင်း ရှိ/မရှိကို လည်း သုံးသပ်စစ်ဆေးပါသည်။ အကျိုးသက် ဆိုင်သူများနှင့် ကျွမ်းကျင်ပညာရှင်များကို ပါဝင်ဆောင်ရွက်စေခြင်းဖြင့် စီမံအုပ်ချုပ်ရေးလုပ်ငန်းစဉ်၏ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှုတို့ကို တိုးပွားစေပြီး မူဝါဒချမှတ်သူများက အုပ်ချုပ် ရေးလုပ်ထုံးလုပ်နည်းများကို ချိုးဖောက်ခြင်း သို့မဟုတ် ဥပဒေနှင့်မညီသော လုပ်ဆောင်ချက်များကို လုပ်ဆောင်ခြင်း များအား တားဆီးနိုင်သည့်အတွက် အဂတိလိုက်စားမှုဖြစ်နိုင်ခြေများကို လျှော့နည်းစေနိုင်ပါသည်။

ဤစံသတ်မှတ်ချက်တွင် အောက်ပါတို့ကို သုံးသပ်စစ်ဆေးပါသည် - က) ပြည်သူများ၏ ပါဝင်ဆောင်ရွက်ခွင့်ကို ပြဋ္ဌာန်းပေးထားသော ပြဋ္ဌာန်းချက်များ၊ ခ) လူထုပါဝင်ဆောင်ရွက်မှု၏ လုံလောက်မှုနှင့် ထိရောက်မှု၊ ဂ) လူထု ပါဝင်ဆောင်ရွက်မှုရစေမည့် လုပ်ငန်းစဉ်များကို ချမှတ်ရန် လိုအပ်မှုတို့ ဖြစ်ပါသည်။

က) ပြည်သူများ၏ ပါဝင်ဆောင်ရွက်ခွင့်ကို ပြဋ္ဌာန်းပေးထားသော ပြဋ္ဌာန်းချက်များ
အုပ်ချုပ်ရေးဆိုင်ရာ လုပ်ထုံး လုပ်နည်း အဆင့် ဆင့်တွင် ပြည်သူများ၏ ပါဝင်ဆောင်ရွက်မှုကို ထည့်သွင်းထားခြင်း ရှိ/မရှိ ACRC က သုံးသပ်စစ်ဆေးပါသည်။ ထို့ပြင် ပြဋ္ဌာန်းချက်တွင် ပါရှိသည့် ပြည်သူများ ပါဝင်ဆောင်ရွက်နိုင်သည့် အကြောင်း အရာများ/ အချိန်ကာလ/ နည်းစနစ်များကိုလည်း သုံးသပ်စစ်ဆေးပါသည်။

ခ) လူထုပါဝင်ဆောင်ရွက်မှု၏ လုံလောက်မှုနှင့် ထိရောက်မှု
ပြည်သူများ ပါဝင်ဆောင်ရွက်ရာတွင် လက်လှမ်းမီမှု နှင့် လွယ်ကူအဆင်ပြေမှု ရှိ/မရှိ၊ အုပ်ချုပ်ရေးလုပ်ငန်းစဉ်များတွင် လူထုပါဝင်ဆောင်ရွက်ရန် လုံလောက်သော အခွင့်အလမ်းများ ပေးထားခြင်း ရှိ/မရှိတို့ကို ACRC က သုံးသပ်စစ်ဆေးပါသည်။ ထို့ပြင် ပြည်သူများအား ပါဝင် ဆောင်ရွက်စေမှုသည် ထိရောက်ခြင်း ရှိ/မရှိ ဆိုသည်ကို သိရှိစေရန် အကျိုးသက်ဆိုင်သူအချို့ကိုသာ ကန့်သတ် ပါဝင်စေခြင်းမျိုး ရှိ/မရှိ စစ်ဆေးခြင်းဖြင့်လည်း ACRC က သုံးသပ်ပါသည်။

ဂ) လူထု ပါဝင်ဆောင်ရွက်မှုရစေမည့် လုပ်ငန်းစဉ်များကို ချမှတ်ရန် လိုအပ်မှု
ပြည်သူများကို ပါဝင်ဆောင် ရွက်စေသည့် လုပ်ငန်းစဉ်များ မရှိသည့်အခါများတွင် ထိုသို့ မရှိရခြင်းအတွက် ကျိုးကြောင်းဆီလျော်သော အကြောင်းပြချက်များ ရှိ/မရှိ ACRC က သုံးသပ်စစ်ဆေးပါသည်။

### လက်လှမ်းမီမှုကို သုံးသပ်စစ်ဆေးရန်အတွက် Checklist

၁။ လုပ်ထုံးလုပ်နည်းများကို စီမံကိုင်တွယ်ဆောင်ရွက်ရာတွင် နိုင်ငံသားများကို ပါဝင်ဆောင်ရွက်ခွင့်ပြုသည့် လုပ်ငန်းစဉ်တစ်ခု ရှိပါသလား။

၂။ လူထုပါဝင်ဆောင်ရွက်နိုင်သည့် လုပ်ငန်စဉ်တစ်ခု ရှိသည်ဆိုပါက ထိုလုပ်ငန်းစဉ်အား အများပြည်သူ လက်လှမ်း မီ၍ အဆင်ပြေလွယ်ကူစွာ အသုံးပြုနိုင်ပါသလား။

၃။ လူထုပါဝင်ဆောင်ရွက်နိုင်သည့် လုပ်ငန်စဉ်တစ်ခု ရှိသည်ဆိုပါက ထိုလုပ်ငန်းစဉ်သည် လူထုပါဝင်ဆောင်ရွက် နိုင်ရန် အခွင့်အလမ်းများကို လုံလောက်စွာ ပေးထားပါသလား။

၄။ အုပ်ချုပ်ရေးလုပ်ငန်းစဉ်များတွင် အများပြည်သူ ပါဝင်ဆောင်ရွက်နိုင်ခွင့်ကို လူအုပ်စုအချို့အတွက်သာ သီးခြား ကန့်သတ်ပေးအပ်ပါသလား။ ထိုသို့ကန့်သတ်ထားခဲ့ပါက ပါဝင်ဆောင်ရွက်ခွင့်ကို တိုးချဲ့ပေးရန် လိုအပ်ပါမည် လား။

၅။ လူထုပါဝင်ဆောင်ရွက်မှုစနစ်တစ်ခု မရှိပါက သို့မဟုတ် လူထုပါဝင်ဆောင်ရွက်မှု မလိုအပ်ဟု ယူဆပါက ထိုအတွက် ကျိုးကြောင်းဆီလျော်သင့်တော်သော အကြောင်းပြချက်များ ရှိပါသလား။

၆။ အုပ်ချုပ်ရေးလုပ်ထုံးလုပ်နည်းများ၏ ပွင့်လင်းမြင်သာမှု တိုးတက်စေရန်အတွက် မကြာမီအနာဂတ်တွင် လူထု ပါဝင်ဆောင်ရွက်မှုစနစ်တစ်ခုကို အကောင်အထည်ဖော်ရန် လိုအပ်ပါမည်လား။

### "လက်လှမ်းမီမှု" စံသတ်မှတ်ချက်နှင့်စပ်လျဉ်းသည့် CRA ဖြစ်စဉ်နမူနာ

"လျှင်မြန်သောဘတ်စ်ကားစနစ် တည်ထောင်ဆောင်ရွက်ရေးဆိုင်ရာ အထူးအက်ဥပဒေ လိုက်နာရေး ကြပ်မတ်မှုဥပဒေ"

| သက်ဆိုင်ရာပုဒ်မ | အဂတိလိုက်စားမှုဖြစ်နိုင်ခြေများ | CRA အကြံပြုချက် |
|---|---|---|
| ပုဒ်မ ၇ (စီမံကိန်းများ အတည်ပြုခြင်း)<br>② အထူးအက်ဥပဒေ၏ ပုဒ်မ ၇-၂အရ အတည်ပြုပေးပိုင်ခွင့်အာဏာ ရှိသူသည် အောက်ပါတို့ကို ဒေသ၏ နေ့စဉ် သတင်းစာ၊ (သို့) ဝက်ဆိုက်များတွင် အနည်းဆုံး တစ်ကြိမ် ဖော်ပြပေးရမည်။ လူများ ရှာဖွေဖတ်ရှုနိုင်ရန် အနည်းဆုံး ၁၄ ရက် ဖော်ပြပေးရမည်။<br>၁။ ဆောက်လုပ်ရေးလုပ်ငန်းခွင်၏ တည်နေရာ<br>၂။ အဓိကဘတ်စ်ကား မှတ်တိုင်များ | ▫ ထိုပုဒ်မတွင် လူထုထံသို့ သတင်း အချက်အလက်များကို မည်သို့ အသိ ပေးရမည်ဆိုသည်ကို ဖော်ပြထားပြီး လူထု၏ အမြင်များကို စုဆောင်းကာ ပေါင်းစပ်ထည့်သွင်းနိုင်မည့် နည်းစနစ် များကို သီးသန့်ဖော်ပြထားခြင်း မရှိပါ။ | ပုဒ်မ ၇ (စီမံကိန်းများ အတည်ပြုခြင်း)<br>② (မူလအတိုင်း))<br>ဖြည့်စွက်ရမည့် ပြဋ္ဌာန်းချက်များ<br>③ အပိုဒ်၂ အရ ထုတ်ပြန်ထားသော အကြောင်းအရာများနှင့်စပ်လျဉ်း၍ အမြင်များ တင်ပြရန်ရှိသူများသည် ကြေညာထားသော ကာလအတွင်း အတည်ပြုပိုင်ခွင့်အာဏာရှိသူထံ တင်ပြရမည်။<br>④ အပိုဒ် ၃အရ တင်ပြလာသော အမြင် များကို အတည်ပြုခွင့်အာဏာရှိသူက သုံးသပ်မည်ဖြစ်ပြီး တင်ပြသူထံ ကြေ ညာထားသော ကာလပြီးဆုံးပြီးနောက် ( ) ရက်အတွင်း အကြောင်းကြားစာ ပြန်လည်ပေးပို့ရမည်။ |

## ၈။ - ပွင့်လင်းစွာချပြမှု

အစိုးရအဖွဲ့အစည်းများသည် အုပ်ချုပ်ရေးလုပ်ငန်းစဉ်ဆိုင်ရာ သတင်းအချက်အလက်များကို အများပြည်သူနှင့် အကျိုးသက်ဆိုင်သူများထံသို့ ထုတ်ဖော်ချပြခြင်း ရှိ/မရှိ ဤစံသတ်မှတ်ချက်က သုံးသပ်စစ်ဆေး ပါသည်။ နိုင်ငံသားများက တောင်းဆိုသောအခါ သတင်းအချက်အလက်များကို ချပြခြင်း ဖြစ်နိုင်သလို ပြည်သူ့ဝန်ထမ်းအဖွဲ့အစည်းများက သတင်းအချက်အလက်များကို အများပြည်သူထံ တက်ကြွစွာ အသိပေးခြင်းလည်း ဖြစ်နိုင်ပါသည်။ သတင်းအချက်အလက်များကို ပွင့်လင်းစွာချပြခြင်းသည် အုပ်ချုပ်ရေးလုပ်ငန်းစဉ်များ၏ ပွင့်လင်းမြင် သာမှုနှင့် တာဝန်ခံမှုကို တိုးပွားစေပြီး အဂတိလိုက်စားမှုကို လျှော့ချနိုင်ပါသည်။

ဤစံသတ်မှတ်ချက်တွင် အောက်ပါတို့ကို သုံးသပ်စစ်ဆေးပါသည် - က) သတင်းအချက်အလက်များ ထုတ်ဖော် အသိပေးခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များ၊ ခ) သတင်းအချက်အလက်များ ထုတ်ဖော်အသိပေးခြင်း၏ ထိရောက်မှုနှင့် ဂ) သတင်းအချက်အလက် ထုတ်ဖော်အသိပေးခြင်း လုပ်ငန်းစဉ်များ ချမှတ်ရန် လိုအပ်မှု ဖြစ်ပါသည်။

က) သတင်းအချက်အလက်များ ထုတ်ဖော်အသိပေးခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များ
အများပြည်သူထံ သတင်း အချက်အလက်များ ထုတ်ဖော်အသိပေးမှု လုပ်ငန်းစဉ်၏ အသိပေးသည့် အကြောင်းအရာများ၊ အချိန်ကာလနှင့် နည်းစနစ်များကို ACRC က သုံးသပ်စစ်ဆေးပါသည်။

ခ) သတင်းအချက်အလက်များ ထုတ်ဖော်အသိပေးခြင်း၏ ထိရောက်မှု
ထုတ်ဖော်အသိပေးသည့် သတင်း အချက်အလက်များကို အမှန်တကယ် အကျိုးသက်ဆိုင်သူများက လက်လှမ်းမီခြင်း ရှိ/မရှိ၊ သတင်းအချက် အလက်များ ထုတ်ဖော်အသိပေးရာတွင် အချို့သော အကျိုးသက်ဆိုင်သူများအတွက်သာ ကန့်သတ်အသိပေး ခြင်းမျိုး ရှိ/မရှိ ACRC က သုံးသပ်စစ်ဆေးပါသည်။

ဂ) သတင်းအချက်အလက် ထုတ်ဖော်အသိပေးခြင်း လုပ်ငန်းစဉ်များ ချမှတ်ရန် လိုအပ်မှု
သတင်းအချက် အလက်များ ထုတ်ဖော်အသိပေးခြင်း မရှိပါက ထိုသို့ မရှိရခြင်းအတွက် ကျိုးကြောင်းဆီလျော်သော အကြောင်းပြ ချက်များ ရှိ/မရှိ ACRC က သုံးသပ်စစ်ဆေးပါသည်။

## ပွင့်လင်းစွာချပြမှုကို သုံးသပ်စစ်ဆေးရန်အတွက် Checklist

၁။ အုပ်ချုပ်ရေးလုပ်ငန်းစဉ်နှင့် စပ်လျဉ်းသည့် သတင်းအချက်အလက်များကို လူထုထံ ထုတ်ဖော်အသိပေးသည့် လုပ်ငန်းစဉ်တစ်ခု ရှိပါသလား။

၂။ သတင်းအချက်အလက်များကို ထုတ်ဖော်အသိပေးသည့် စနစ်တစ်ခု ရှိနေပါက အကျိုးသက်ဆိုင်သူများ သို့မဟုတ် နိုင်ငံသားများသည် သတင်းအချက်အလက်များကို လက်လှမ်းမီ ရရှိနိုင်ပါသလား။

၃။ သတင်းအချက်အလက်များကို ထုတ်ဖော်အသိပေးရာတွင် အကျိုးသက်ဆိုင်သူအုပ်စုအချို့ကိုသာ ကန့်သတ် အသိပေးပါသလား။ ထိုသို့ဆိုပါက ထိုအတိုင်းအတာကို တိုးချဲ့ရန် လိုအပ်ပါမည်လား။

၄။ သတင်းအချက်အလက်များ ထုတ်ဖော်အသိပေးခြင်းအတွက် သီးခြားစနစ်တစ်ခု မရှိပါက သို့မဟုတ် မလိုအပ်ဟု ယူဆပါက ထိုအတွက် ကျိုးကြောင်းဆီလျော်သော အကြောင်းပြချက်များ ရှိပါသလား။

၅။ အုပ်ချုပ်ရေးလုပ်ထုံးလုပ်နည်းများ၏ ပွင့်လင်းမြင်သာမှု တိုးတက်စေရန်အတွက် မကြာမီအနာဂတ်တွင် သတင်း အချက်အလက်များ ထုတ်ဖော်အသိပေးသည့် စနစ်တစ်ခုကို အကောင်အထည်ဖော်ရန် လိုအပ်ပါမည်လား။

## "ပွင့်လင်းစွာချပြမှု" စံသတ်မှတ်ချက်နှင့်စပ်လျဉ်းသည့် CRA ဖြစ်စဉ်နမူနာ

"မြေယာ၊ အခြေခံအဆောက်အအုံနှင့် သယ်ယူပို့ဆောင်ရေးအတွက် သိပ္ပံနှင့်နည်းပညာ အာပေးမြှင့်တင်ခြင်း အက်ဥပဒေအား လိုက်နာရေး ကြပ်မတ်ဆောင်ရွက်သည့် ဥပဒေ"

| သက်ဆိုင်ရာပုဒ်မ | အဂတိလိုက်စားမှုဖြစ်နိုင်ခြေများ | CRA အကြံပြုချက် |
| --- | --- | --- |
| ပုဒ်မ ၄ (အကောင်အထည်ဖော်မှု အစီ အစဉ် ရေးဆွဲခြင်း၊ ပြင်ဆင်ခြင်း၊ စသည်)<br>(၃) မြေယာ၊ အခြေခံအဆောက်အအုံ နှင့် သယ်ယူပို့ဆောင်ရေးဝန်ကြီးသည် အကောင်အထည်ဖော်မှုအစီအစဉ် တစ်ခု ရေးဆွဲပြီး သို့မဟုတ် ပြင်ဆင် ပြီးသောအခါတွင် သူ/သူမသည် ထို ကိစ္စအား ထုတ်ဖော်အသိပေးရမည် ဖြစ်ပြီး လိုအပ်ပါက သက်ဆိုင်ရာ စီမံ ချက်အား အများပြည်သူကို အသိပေး ရန်အတွက် စီမံချက်ရှင်းလင်းချက် အစည်းအဝေးတစ်ရပ်ကို ကျင်းပနိုင် ပါသည်။ | ▫ မြေယာ၊ အခြေခံအဆောက်အအုံနှင့် သယ်ယူပို့ဆောင်ရေးဝန်ကြီးသည် မြေယာ၊ အခြေခံအဆောက်အအုံနှင့် သယ်ယူပို့ဆောင်ရေးအတွက် သိပ္ပံနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေး အားပေး မြှင့်တင်ရန် ဘက်စုံစီမံကိန်းတစ်ခုကို နှစ်စဉ် ရေးဆွဲအကောင်အထည်ဖော် ရပါမည်။<br>▫ သို့သော် ဥပဒေတွင် အကောင် အထည်ဖော်မှု အစီအစဉ်များအား မည်သို့ ထုတ်ဖော်အသိပေးရမည် ဆိုသည်ကို အတိအကျ ပြဋ္ဌာန်းပေး ထားခြင်း မရှိပါ။<br>▫ အကောင်အထည်ဖော်မှုအစီအစဉ် အား ထုတ်ဖော်အသိပေးရန် တာဝန်ရှိ သည့် အစိုးရအရာရှိများသည် သူ/သူမ ၏ ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် (ဥပမာ အချို့သော လုပ်ငန်းများကိုသာ) အသိ ပေးခြင်း သို့မဟုတ် လုံးဝထုတ်ဖော် အသိပေးမှု မရှိခြင်းများ ပြုလုပ်နိုင် ပါသည်။ ထိုအခါ အစိုးရအရာရှိများက R&D လုပ်ငန်းများကို ရွေးချယ်သော အခါ အချို့သော လူအုပ်စုများကို မျက်နှာပေးဆက်ဆံမှုများ ပြုလုပ်နိုင် သည့်အတွက် အဂတိလိုက်စားမှု ဖြစ်နိုင်ခြေကို တိုးပွားစေပါသည်။ | ပုဒ်မ ၄ (အကောင်အထည်ဖော်မှု အစီ အစဉ် ရေးဆွဲခြင်း၊ ပြင်ဆင်ခြင်း၊ စသည်)<br>(၃) မြေယာ၊ အခြေခံအဆောက်အအုံ နှင့် သယ်ယူပို့ဆောင်ရေးဝန်ကြီးသည် အကောင်အထည်ဖော်မှုအစီအစဉ် တစ်ခု ရေးဆွဲပြီး သို့မဟုတ် ပြင်ဆင် ပြီးသောအခါတွင် သူ/သူမသည် ထို ကိစ္စအား ဝန်ကြီးဌာန၏ တရားဝင် ဝက်ဆိုက်တွင် ထုတ်ဖော်အသိပေး ရမည်။ ထို့ပြင် လိုအပ်ပါက သက်ဆိုင်ရာ စီမံ ချက်အား အများပြည်သူကို အသိပေး ရန်အတွက် စီမံချက်ရှင်းလင်းချက် အစည်းအဝေးတစ်ရပ်ကို ကျင်းပနိုင် ပါသည်။ |

## ၉။ - ပြည်သူ့ဝန်ဆောင်မှုများ ဆောင်ရွက်ပေးခြင်းနှင့် အုပ်ချုပ်ရေးလုပ်ငန်းစဉ်၏ ရှင်းရှင်းလင်းလင်းရှိမှု

ဤစံသတ်မှတ် ချက်တွင် ပြည်သူများက အစိုးရသည် ပြည်သူ့ဝန်ဆောင်မှုများကို မည်သို့ ဆောင်ရွက်ပေးမည်၊ အုပ်ချုပ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို မည်သို့ ကိုင်တွယ်ဆောင်ရွက်မည်ဆိုသည်ကို ရှင်းလင်းစွာ နားလည်၍ ကြိုတင်မှန်းဆနိုင်မှု ရှိ/မရှိ ဆန်းစစ်ပါသည်။ အကယ်၍ ဥပဒေကြမ်းများ၊ ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများတွင် အုပ်ချုပ်ရေး လုပ်ထုံးလုပ်နည်းများ (ဥပမာ လိုအပ်သော စာရွက်စာတမ်းများ၊ စီစစ်ဆောင်ရွက်သည့် အချိန်ကာလ၊ စသည်)တို့ကို ရှင်းလင်းစွာ ပြဋ္ဌာန်းထားခြင်း မရှိလျှင် လူထုအနေဖြင့် တိုင်ကြားမှုများ ပြုလုပ်ရန် သို့မဟုတ် ပြည်သူ့ဝန်ဆောင် မှုများကို ရရှိရန် ခက်ခဲမည်ဖြစ်သည်။ ယင်းသည် အုပ်ချုပ်ရေးလုပ်ထုံးလုပ်နည်းများ၏ ဓမ္မဓိဋ္ဌာန်ကျမှုနှင့် ပွင့်လင်း မြင်သာမှုတို့ကိုလည်း ထိခိုက်စေနိုင်ပြီး ပြည်သူများက သတင်းအချက်အလက်များ ရရှိရန် သို့မဟုတ် ပြည်သူ့ ဝန်ဆောင်မှုများကို ရရှိရန် အစိုးရအရာရှိများထံ လာဘ်ပေးမှုများ ပြုလုပ်နိုင်ပါသည်။

ဤစံသတ်မှတ်ချက်သည် အောက်ပါတို့ကို သုံးသပ်စစ်ဆေးပါသည် - က) အုပ်ချုပ်ရေးလုပ်ငန်းစဉ်များကို ပြဋ္ဌာန်း ထားသော ပြဋ္ဌာန်းချက်များ၊ ခ) အုပ်ချုပ်ရေးလုပ်ငန်းစဉ် ပြဋ္ဌာန်းချက်များ၏ အလွယ်တကူ နားလည်သဘောပေါက် နိုင်မှု၊ ဂ) ကြိုတင်ခန့်မှန်းနိုင်မှု နှင့် ဃ) ရှင်းရှင်းလင်းလင်းဖြစ်မှုတိုးတက်အောင် လုပ်ဆောင်ပေးမည့် လုပ်ငန်းစဉ်ကို ချမှတ်ရန် လိုအပ်မှုတို့ ဖြစ်ပါသည်။

က) အုပ်ချုပ်ရေးလုပ်ငန်းစဉ်များကို ပြဋ္ဌာန်းထားသော ပြဋ္ဌာန်းချက်များ

ဥပဒေတွင် လိုအပ်သော စာရွက်စာတမ်း များ၊ အုပ်ချုပ်ရေးလုပ်ငန်းစဉ်နှင့် နိုင်ငံသားများ စုပေါင်းကာ လက်မှတ်ရေးထိုးလျှောက်ထားမှုများကို ကိုင်တွယ်ဖြေ ရှင်းပေးရမည့် အချိန်ကာလများကို သတ်မှတ်ပေးထားခြင်း ရှိ/မရှိ စစ်ဆေးရန်အတွက် ACRC သည် သက်ဆိုင်ရာ ဥပဒေ ကြမ်းများ၊ ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများရှိ အုပ်ချုပ်ရေးလုပ်ငန်းစဉ်များကို ပြဋ္ဌာန်းပေးထားသော ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်ရာဥပဒေများ (နည်းဥပဒေများ၊ အုပ်ချုပ်ရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ အပါ အဝင်) ကို သုံးသပ်စစ်ဆေးပါသည်။

ခ) အုပ်ချုပ်ရေးလုပ်ငန်းစဉ် ပြဋ္ဌာန်းချက်များ၏ အလွယ်တကူနားလည်သဘောပေါက်နိုင်မှု

အုပ်ချုပ်ရေးလုပ်ငန်း စဉ်များကို ဖော်ပြထားသော စည်းမျဉ်းများကို အများပြည်သူ အလွယ်တကူ နားလည်သိရှိနိုင်ခြင်း ရှိ/မရှိကိုလည်း ACRC က သုံးသပ်စစ်ဆေးပါသည်။ ပညာရပ်ဆိုင်ရာ အသုံးအနှုန်းများ သို့မဟုတ် ခက်ခဲသောအသုံးအနှုန်းများကို သုံးနှုန်းထားပါက ယင်းသည် အများပြည်သူ၏ ကြိုတင်ခန့်မှန်းနိုင်မှုနှင့် နားလည်သိရှိနိုင်မှုများကို လျော့နည်းစေ နိုင်သည့်အတွက် ထိုသို့သုံးနှုန်းရခြင်း၏ အကြောင်းရင်းများသည် ကျိုးကြောင်းဆီလျော်မှု ရှိ/မရှိ ACRC က သုံးသပ်စစ်ဆေးပါသည်။

ဂ) ကြိုတင်ခန့်မှန်းနိုင်မှု

အုပ်ချုပ်ရေးလုပ်ငန်းစဉ်ကို ပြည်သူများ နားလည်ပြီး ကြိုတင်ခန့်မှန်းနိုင်စေရန်အတွက် သီးခြားပြဋ္ဌာန်းချက်များ ရှိ/မရှိ ACRC က သုံးသပ်စစ်ဆေးပါသည်။

ဃ) ရှင်းရှင်းလင်းလင်းဖြစ်မှုတိုးတက်အောင် လုပ်ဆောင်ပေးမည့် လုပ်ငန်းစဉ်ကို ချမှတ်ရန် လိုအပ်မှု

အုပ်ချုပ် ရေးလုပ်ငန်းစဉ်၏ ရှင်းရှင်းလင်းလင်းဖြစ်မှု အားနည်းခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် ဆိုးကျိုးများကို တားဆီး ကာကွယ်ရန်အတွက် နည်းလမ်းများကို အကောင်အထည်ဖော်ရန် လို/မလို ACRC က သုံးသပ်စစ်ဆေးပါသည်။

### ပြည်သူ့ဝန်ဆောင်မှုများ ဆောင်ရွက်ပေးခြင်းနှင့် အုပ်ချုပ်ရေးလုပ်ငန်းစဉ်၏ ရှင်းရှင်းလင်းလင်းရှိမှုကို သုံးသပ်စစ်ဆေးရန်အတွက် Checklist

၁။ ဥပဒေပြဋ္ဌာန်းချက်များတွင် နိုင်ငံသားများ စုပေါင်းကာ လက်မှတ်ရေးထိုးလျှောက်ထားမှုများကို ပြုလုပ်ရန် အတွက် လိုအပ်သော ပြင်ဆင်မှုများနှင့် ထိုလျှောက်ထားမှုများကို မည်သို့ ကိုင်တွယ်မည်ဆိုသည်တို့ကို (အုပ်ချုပ် ရေး လုပ်ငန်းစဉ်များနှင့် ကိုင်တွယ်ဆောင်ရွက်သည့် အချိန်ကာလ၊ စသည်) တို့ကို ဖော်ပြထားခြင်း ရှိပါသလား။

၂။ အုပ်ချုပ်ရေးလုပ်ငန်းစဉ်များကို ပြဋ္ဌာန်းထားသည့် ပြဋ္ဌာန်းချက်များတွင် အသုံးပြုထားသည့် စကားလုံးအသုံး အနှုန်းများကို အများပြည်သူ အလွယ်တကူ နားလည်နိုင်ပါသလား။

၃။ ပြဋ္ဌာန်းချက်များတွင် ကြိုတင်ခန့်မှန်းနိုင်မှုနှင့် အများပြည်သူအလွယ်တကူ နားလည်နိုင်မှုတို့ကို လျော့နည်းစေ နိုင်သော ခက်ခဲသည့် သို့မဟုတ် ပညာရပ်ဆိုင်ရာ အသုံးအနှုန်းများကို သုံးနှုန်းထားရခြင်းအတွက် ကျိုးကြောင်း ဆီလျော်သော အကြောင်းပြချက်များ ရှိပါသလား။

၄။ နိုင်ငံသားများ စုပေါင်းကာ လက်မှတ်ရေးထိုးလျှောက်ထားမှုများကို ပြုလုပ်ရန်အတွက် သတ်မှတ်ထားသော အချက်များ၊ လုပ်ငန်းစဉ်များနှင့် အချိန်ကာလတို့ကို ပြည့်မီအောင် မဖြည့်ဆည်းနိုင်ပါက နောက်ပိုင်းဆက်လက်လုပ် ဆောင်ရမည့် နည်းလမ်းများကို ပြဋ္ဌာန်းချက်များတွင် ရှင်းလင်းစွာ ဖော်ပြထားခြင်း ရှိပါသလား။

၅။ ကြိုတင်ခွင့်ပြုချက်ပေးသည့် စနစ် [ဥပမာ ခြွင်းချက်ဖြင့် ထုတ်ပေးသော လိုင်စင်များ (conditianl licenses)၊ ကြိုတင်ထုတ်ပေးသော လိုင်စင်များ (pre-licenses)] ကို ကျင့်သုံးသောအခါတွင် ကြိုတင်ခွင့်ပြုချက် ရရှိနိုင်မှု အခြေအနေ၊ လျှောက်ထားရန်အတွက် ပြည့်မီရမည့် အချက်များ၊ လျှောက်ထားသည့် လုပ်ငန်းစဉ်နှင့် အချိန် ကာလတို့ကို ဖော်ပြထားသော ပြဋ္ဌာန်းချက်များ ရှိပါသလား။

၆။ တိုင်ပင်ဆွေးနွေးမှု/ အတည်ပြုချက်ရယူမှု လုပ်ငန်းစဉ်တစ်ခု ရှိပါက သက်ဆိုင်သည့် ပြည်သူ့ဝန်ထမ်းအဖွဲ့အစည်းများ၊ တိုင်ပင်ဆွေးနွေးမှု/အတည်ပြု ချက်ရယူမှုဆိုင်ရာ စံသတ်မှတ်ချက်များနှင့် အချိန်ကာလတို့ကို ဖော်ပြထားသော ပြဋ္ဌာန်းချက်များ ရှိပါသလား။

၇။ လျှောက်ထားသူနိုင်ငံသားများသည် အုပ်ချုပ်ရေးလုပ်ငန်းစဉ်နှင့် စံနှုန်းများကို နားလည်သိရှိရန်အတွက် အစိုးရ အရာရှိများထံမှ ရှင်းလင်းချက်များ သို့မဟုတ် အကူအညီများကို ထပ်ဆောင်းရယူရန် လိုအပ်ပါသလား။

၈။ အုပ်ချုပ်ရေးလုပ်ငန်းစဉ်တစ်ခု၏ ကြိုတင်ခန့်မှန်းနိုင်မှု နည်းပါးရခြင်းအတွက် ကျိုးကြောင်းဆီလျော်သော အကြောင်းပြချက်များ ရှိပါသလား။

၉။ အုပ်ချုပ်ရေးလုပ်ငန်းစဉ်တစ်ခု၏ ကြိုတင်ခန့်မှန်းနိုင်မှု နည်းပါးခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သော ဆိုးကျိုးများကို တားဆီးကာကွယ်ရန်အတွက် ကြိုတင်ခန့်မှန်းနိုင်မှု ပိုမိုတိုးတက်အောင် ဆောင်ရွက်သည့် နည်းလမ်းများကို အကောင်အထည်ဖော်ရန် လိုအပ်ပါမည်လား။

"ပြည်သူ့ဝန်ဆောင်မှုများ ဆောင်ရွက်ပေးခြင်းနှင့် အုပ်ချုပ်ရေးလုပ်ငန်းစဉ်၏ ရှင်းရှင်းလင်းလင်းရှိမှု" စံသတ်မှတ်ချက်နှင့်စပ်လျဉ်း၍ CRA ဖြစ်စဉ်နမူနာ

| "ပညာအရည်အချင်းသတ်မှတ်ချက်များဆိုင်ရာ မူဘောင်ဥပဒေ" | | |
|---|---|---|
| **သက်ဆိုင်ရာပုဒ်မ** | **အဂတိလိုက်စားမှုဖြစ်နိုင်ခြေများ** | **CRA အကြံပြုချက်** |
| ပုဒ်မ ၂၃ (အရည်အချင်းအသိအမှတ် ပြုလက်မှတ် ရယူခြင်း၊ စသည်)<br><br>(၂) အပိုဒ် (၁) နှင့်အညီ အရည်အချင်း အသိအမှတ်ပြု လက်မှတ်ထုတ်ပေးရေး မန်နေဂျာတစ်ဦးသည် အရည်အချင်း စစ်စာမေးပွဲများ အောင်မြင်ပြီးသူ သို့မဟုတ် သင်ရိုးများ၊ သင်တန်းများ ပြီးဆုံးအောင် တက်ရောက်ထားသူ များထဲမှ အချို့သော အရည်အချင်း သတ်မှတ်ချက်များနှင့် ကိုက်ညီသည့် သူတစ်ဦးကို အရည်အချင်း အသိအမှတ် ပြုလက်မှတ် ထုတ်ပေးရမည်။ | ▫ အရည်အချင်းအသိအမှတ်ပြု လက် မှတ်တစ်ခု ရရှိရန် အတွက် လိုအပ်ချက် များ ("အချို့သော အရည်အချင်း သတ် မှတ်ချက်များ") ကို ရှင်းလင်းစွာ ပြဋ္ဌာန်း ထားခြင်း မရှိသည့်အတွက် ပြည်သူများ အနေဖြင့် အသိအမှတ်ပြု လက်မှတ်ကို ရရှိရန် မည်သည့် အရည်အချင်းများ ပြည့်မီရမည်ဆိုသည်ကို နားလည်သိရှိရန် ခက်ခဲပါသည်။ | ပုဒ်မ ၂၃ (အရည်အချင်းအသိအမှတ် ပြုလက်မှတ် ရယူခြင်း၊ စသည်)<br><br>(၂) အပိုဒ် (၁) နှင့်အညီ အရည်အချင်း အသိအမှတ်ပြု လက်မှတ်ထုတ်ပေးရေး မန်နေဂျာတစ်ဦးသည် အရည်အချင်းစစ် စာမေးပွဲများ အောင်မြင်ပြီးသူ သို့မဟုတ် သင်ရိုးများ၊ သင်တန်းများ ပြီးဆုံးအောင် တက်ရောက်ထားသူများထဲမှ နိုင်ငံတော် သမ္မတ၏ အမိန့်ဒိုကရီတွင် အတိအကျ ပြဋ္ဌာန်းပေးထားသည့် အရည်အချင်း သတ်မှတ်ချက်များနှင့် ကိုက်ညီသည့် သူတစ်ဦးကို အရည်အချင်း အသိအ မှတ်ပြုလက်မှတ် ထုတ်ပေးရမည်။ |

## အဂတိလိုက်စားမှုကို ထိန်းချုပ်ခြင်း

### ၁၀။ - အကျိုးစီးပွားဆက်နွှယ်မှုများ ဖြစ်ပေါ်နိုင်ခြေ

ဤစံသတ်မှတ်ချက်တွင် ဥပဒေကြမ်းများ၊ ဥပဒေများနှင့် စည်းမျဉ်း စည်းကမ်းများသည် အကျိုးစီးပွားဆက်နွှယ်မှုကို တားဆီးကာကွယ်နိုင်သည့် နည်းလမ်းများ ပေးထားခြင်း ရှိ/မရှိ ဆန်းစစ်ပါသည်။ "အကျိုးစီးပွားဆက်နွှယ်မှု (Conflict of interest)" ဆိုသည်မှာ အစိုးရအရာရှိများတွင် ၎င်းတို့၏ တာဝန်များကို တရားမျှတစွာ ထမ်းဆောင်နိုင်မှုအပေါ် ထိခိုက်စေနိုင်သည့် ပုဂ္ဂိုလ်ရေး အကျိုးစီးပွားများ ရှိနေနိုင်သည့် အခြေအနေတစ်ရပ်ကို ရည်ညွှန်းခြင်း ဖြစ်ပါသည်။ အကျိုးစီးပွားဆက်နွှယ်မှုကို ကိုင်တွယ်ဖြေရှင်းရန်အတွက် ကြိုတင်တားဆီးကာကွယ်သည့် လုပ်ငန်းစဉ်တစ်ခု ရှိမထားပါက ပြည်သူ့အရာထမ်းတစ်ဦးသည် အများပြည်သူ အကျိုးစီးပွားထက် မိမိ၏ ပုဂ္ဂိုလ်ရေးအကျိုးအမြတ်ကို ရှေ့တန်းတင်နိုင်သည့်အတွက် အဂတိလိုက်စားမှု ဖြစ်ပေါ်လာ နိုင်သည့် အန္တရာယ်ရှိပါသည်။

ဤစံသတ်မှတ်ချက်တွင် အောက်ပါတို့ကို သုံးသပ်စစ်ဆေးပါသည် - က) အကျိုးစီးပွားဆက်နွှယ်မှု ဖြစ်ပေါ်နိုင်ခြေ၊ ခ) အကျိုးစီးပွာဆက်နွှယ်မှုကို တားဆီးကာကွယ်သည့် စနစ်များ တည်ရှိမှု၊ ဂ) အကျိုးစီးပွားဆက်နွှယ်မှုကို တားဆီး ကာကွယ်သော စနစ်၏ လုံလောက်ထိရောက်မှုနှင့် ဃ) အကျိုးစီးပွားဆက်နွှယ်မှုကို တားဆီးကာကွယ်သော စနစ်၏ စံနှုန်းများ သတ်မှတ်ပေးနိုင်မှုအာဏာကို အားကောင်းစေသည့် နည်းစနစ်များ ဖြစ်ပါသည်။

က) အကျိုးစီးပွားဆက်နွှယ်မှု ဖြစ်ပေါ်နိုင်ခြေ

ပြည်သူများ၏ ရပိုင်ခွင့်များ/ တာဝန်များနှင့်စပ်လျဉ်းသော ပြဋ္ဌာန်း ချက်များကို ပြင်ဆင်သောအခါ သို့မဟုတ် ပြည်သူတို့၏ ဘဝများနှင့် နီးကပ်စွာ ဆက်နွှယ်နေသည့် ပြဋ္ဌာန်းချက် များကို ပြန်လည်သုံးသပ်ခြင်း နှင့် ဆွေးနွေးခြင်းများ ပြုလုပ်သောအခါတွင် ဆုံးဖြတ်ချက်ချမှတ်ခြင်း လုပ်ငန်းစဉ်၏ တရားဝင်ဖြစ်မှုကို အားနည်းသွားစေနိုင်သော ကော်မတီတစ်ခု သို့မဟုတ် ဆုံးဖြတ်ချက်ချမှတ်သည့် အဖွဲ့ရှိ လူပုဂ္ဂိုလ်တစ်ဦး ရှိနေနိုင်ခြေများ ACRC က သုံးသပ်စစ်ဆေးပါသည်။

ခ) အကျိုးစီးပွားဆက်နွယ်မှုကို တားဆီးကာကွယ်သည့် စနစ်များ တည်ရှိမှု
အကျိုးစီးပွားဆက်နွယ်မှုကို တားဆီး ကာကွယ်သည့် စနစ်များ ရှိ/မရှိ ACRC က သုံးသပ်စစ်ဆေးပါသည်။ ကိုရီးယားနိုင်ငံတွင် တားဆီးကာကွယ်သည့် စနစ်လေးခုကို ကျင့်သုံးပါသည်။ ၎င်းတို့မှာ - ဆုံးဖြတ်ချက်ချမှတ်မှုတွင် မပါဝင်စေဘဲ ချန်လှပ်ထားမှု၊ ချန်လှပ် ပေးရန် တောင်းဆိုမှု/ လျှောက်ထားမှု၊ မိမိသဘောဆန္ဒအလျောက် ဘေးဖယ်နေမှုနှင့် ထုတ်ပယ်မှုတို့ ဖြစ်ပါသည် ။

- ဆုံးဖြတ်ချက်ချမှတ်မှုတွင် မပါဝင်စေဘဲ ချန်လှပ်ထားခြင်း
  အကယ်၍ ကိစ္စရပ်တစ်ခုသည် ဆုံးဖြတ် ချက်ချမှတ်သည့်အဖွဲ့တွင် ပါဝင်နေသူတစ်ဦး၏ ပုဂ္ဂိုလ်ရေးအကျိုးစီးပွားနှင့် ဆက်နွယ်မှု ရှိနေပါက သက် ဆိုင်ရာ ဆုံးဖြတ်ချက်ချမှတ် သည့်အဖွဲ့၏ ကော်မတီဆုံးဖြတ်ချက်ပေါ်တွင် အခြေခံကာ ထိုသူအား ဆုံးဖြတ် ချက်ချမှတ်သည့်နေရာတွင် မပါဝင်စေဘဲ ချန်လှပ်ထားနိုင်ပါသည်။
- ချန်လှပ်ထားရန် တောင်းဆိုမှု/လျှောက်ထားမှု
  အကျိုးသက်ဆိုင်သူများ (ဥပမာ ဆုံးဖြတ်ချက်ကြောင့် အကျိုးစီးပွားထိခိုက်နိုင်ခြေရှိသော နိုင်ငံသားများ) သည် ဆုံးဖြတ်ချက်ချမှတ်သည့် အဖွဲ့၏ ဆုံးဖြတ်ချက်များ တွင် တရားမျှတမှု၊ ယုံကြည်စိတ်ချရမှုနှင့် ကြားနေမှုတို့ကို ထိခိုက်အောင် ပြုလုပ်နိုင်သည့် အလားအလာ ရှိသော အဖွဲ့အတွင်းရှိ အချို့သော ပုဂ္ဂိုလ်များကို ဆုံးဖြတ်ချက်ချသည့်နေရာတွင် မပါဝင်စေဘဲ ချန်လှပ်ပေး ထားရန် တောင်းဆိုနိုင်ပါသည်။
- မိမိသဘောဆန္ဒအလျောက် ဘေးဖယ်နေမှု
  ကိစ္စရပ်တစ်ခုအပေါ် ဆုံးဖြတ်ရာတွင် တရားမျှတမှု၊ ယုံကြည် စိတ်ချရမှုနှင့် ကြားနေမှုတို့ကို ထိခိုက်အောင် ပြုလုပ်နိုင်သည့် အလားအလာရှိသည့် ဆုံးဖြတ်ချက်ချမှတ် သည့်အဖွဲ့အတွင်းရှိ ပုဂ္ဂိုလ်များသည် မိမိ၏ သဘောဆန္ဒအလျောက် မပါဝင်ဘဲ ဘေးဖယ်နေနိုင်ပါသည်။
- ထုတ်ပယ်မှု
  ဆုံးဖြတ်ချက်ချမှတ်သည့် အဖွဲ့များ၏ အကြီးအမှူးများသည် အကျိုးစီးပွား ဆက်နွယ်မှုရှိသည့် အခြေအနေတွင် ဆုံးဖြတ်ချက်ချမှတ်မှု လုပ်ငန်းစဉ်မှ ဘေးဖယ်နေရန် ပျက်ကွက်သော သို့မဟုတ် လာဘ်လာဘ လက်ခံခြင်းကဲ့သို့သော အဂတိလိုက်စားမှုကို ကျူးလွန်ခဲ့သော အဖွဲ့ဝင်များအား အဖွဲ့မှ ထုတ်ပယ်နိုင်ပါသည်။

ဂ) အကျိုးစီးပွားဆက်နွယ်မှုကို တားဆီးကာကွယ်သော စနစ်၏ လုံလောက်ထိရောက်မှု
ပြဋ္ဌာန်းချက်များတွင် အကျိုးစီးပွား ဆက်နွယ်မှုကို တားဆီးကာကွယ်ရန်အတွက် လုံလောက်သော စနစ်များ (ဆုံးဖြတ်ချက်ချမှတ်မှုတွင် မပါဝင်စေဘဲ ချန်လှပ်ထားခြင်း၊ ချန်လှပ်ပေးထားရန် တောင်းဆိုခြင်း/လျှောက်ထားခြင်း၊ မိမိသဘောဆန္ဒ အလျောက် ဘေးဖယ်နေခြင်း၊ ထုတ်ပယ်ခြင်း၊ အစိုးရဝန်ထမ်းအလုပ်နှင့် အကျိုးအမြတ်ရရှိသော အလုပ်တို့ကို တစ်ပြိုင်တည်းလုပ်ကိုင်ခြင်းအား တားမြစ်ခြင်း) ကို ပြဋ္ဌာန်းပေးထားခြင်း ရှိ/မရှိ ACRC က သုံးသပ်စစ်ဆေး ပါသည်။

ဃ) အကျိုးစီးပွားဆက်နွယ်မှုကို တားဆီးကာကွယ်သောစနစ်၏ စံနှုန်းများ သတ်မှတ်ပေးနိုင်မှုအာဏာကို အား ကောင်းစေသည့် နည်းစနစ်များ
ရာထူးမှထုတ်ပယ်ရန်အတွက်နှင့် တရားဥပဒေနှင့်မညီသော လုပ်ဆောင်မှု များကို ပြစ်ဒဏ်ချမှတ်ရန်အတွက် စည်းမျဉ်းစည်းကမ်းများ ရှိ/မရှိ ACRC က သုံးသပ်စစ်ဆေးပါသည်။

### အကျိုးစီးပွားဆက်နွယ်မှု ဖြစ်ပေါ်နိုင်ခြေကို သုံးသပ်စစ်ဆေးရန်အတွက် Checklist

၁။ အကျိုးစီးပွားဆက်နွယ်မှုဖြစ်နိုင်ခြေ (ဆိုလိုသည်မှာ ပုဂ္ဂိုလ်ရေးအကျိုးစီးပွားက ပြည်သူ့ဝန်ထမ်း တာဝန်များ ထမ်းဆောင်မှုကို ထိခိုက်နိုင်ခြေ) ရှိပါသလား။

၂။ ကော်မတီအဖွဲ့ဝင်များအား ခန့်အပ်ရန်အတွက် အရည်အချင်းသတ်မှတ်ချက်များကို ရှင်းလင်းတိကျစွာ ပြဋ္ဌာန်း ထားပါသလား။

၃။ ရာထူး နေရာတစ်ခုတွင် ကာလရှည်ကြာတာဝန်ထမ်းဆောင်ခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သော ပုဂ္ဂိုလ်ရေး ဆက် နွယ်မှုများ ကို တားဆီးကာကွယ်ရန်အတွက် လုပ်ထုံးလုပ်နည်း ယန္တရားတစ်ခု (ဥပမာ တာဝန်ထမ်းဆောင်သည့် ကာလ သို့မဟုတ် ဆက်တိုက် တာဝန်ထမ်းဆောင်မှုများကို ကန့်သတ်ခြင်း) ရှိပါသလား။

၄။ ဆုံးဖြတ်ချက်ချမှတ်မှုတွင် မပါဝင်စေဘဲ ချန်လှပ်ထားသည့် စနစ်ကို ပြဋ္ဌာန်းထားသော ပြဋ္ဌာန်းချက်တစ်ခု ရှိပါသလား။

၅။ ချန်လှပ်ထားရန် တောင်းဆိုနိုင်သော/ လျှောက်ထားနိုင်သော စနစ်ကို ပြဋ္ဌာန်းထားသော ပြဋ္ဌာန်းချက်တစ်ခု ရှိပါသလား။

၆။ မိမိသဘောဆန္ဒအလျောက် ဆုံးဖြတ်ချက်ချမှတ်မှုတွင် မပါဝင်ဘဲ ဘေးဖယ်နေသည့် စနစ်ကို ပြဋ္ဌာန်းထားသော ပြဋ္ဌာန်းချက်တစ်ခု ရှိပါသလား။

၇။ အကျိုးစီးပွားဆက်နွယ်မှုကြောင့် တရားမျှတမှုမရှိသည့် အုပ်ချုပ်ရေးလုပ်ငန်းစဉ်တစ်ခု ဖြစ်ပေါ်ခြင်းကို တားဆီး ကာကွယ်ရန်အတွက် ရာထူးတာဝန်နှစ်ခုကို တစ်ပြိုင်နက်တည်း ယူထားခြင်း သို့မဟုတ် အကျိုးအမြတ်အတွက် ဆောင်ရွက်ခြင်းများကို တားမြစ်ပိတ်ပင်သည့် ပြဋ္ဌာန်းချက်များ ရှိပါသလား။

၈။ အကျိုးစီးပွားဆက်နွယ်မှုရှိနေသော်လည်း နုတ်ထွက်ခြင်းမပြုဘဲ ပါဝင်ဆောင်ခြင်း သို့မဟုတ် ငွေကြေးနှင့် တန်ဖိုးရှိသော ပစ္စည်းများကို လက်ခံခြင်းဖြင့် သုံးသပ်စစ်ဆေးမှုများ၏ တရားမျှတမှုကို ထိခိုက်စေခဲ့သည့် အဖွဲ့ဝင်တစ်ဦးကို ပြစ်ဒဏ်သတ်မှတ်ရန်အတွက် ရာထူးမှ ထုတ်ပယ်နိုင်သည့် စည်းမျဉ်းစည်းကမ်းများ ရှိပါသလား။

၉။ ပုဂ္ဂလိကကဏ္ဍမှ ကော်မတီအဖွဲ့ဝင်များ၏ ဥပဒေနှင့်မညီသော လုပ်ဆောင်မှုများအတွက် ပြစ်ဒဏ်ချမှတ်မှုများ သည် အစိုးရအရာရှိတစ်ဦးကို ချမှတ်သည့် ပြစ်ဒဏ်များနှင့် တူညီစေရမည်ဟူ၍ ပြဋ္ဌာန်းထားသော ပြဋ္ဌာန်းချက် (ဥပမာ လာဘ်စားမှုအတွက် ပြစ်ဒဏ်ချမှတ်သည့် ပြဋ္ဌာန်းချက်များ) တစ်ခု ရှိပါသလား။

၁၀။ ကော်မတီများသည် အစည်းအဝေးမှတ်တမ်းများကို ပြုစုရန် နှင့် ထိုစာရွက်စာတမ်းများကို အချိန်ကာလတစ်ခု အထိ ထိန်းသိမ်းထားရန်အတွက် ပြဋ္ဌာန်းထားသော ပြဋ္ဌာန်းချက် တစ်ခု ရှိပါသလား။

### "အကျိုးစီးပွားဆက်နွယ်မှုဖြစ်နိုင်ခြေ" စံသတ်မှတ်ချက်နှင့်စပ်လျဉ်းသည့် CRA ဖြစ်စဉ်နမူနာ

| "လိုင်စင်ရအိမ်ခြံမြေအကျိုးဆောင်အက်ဥပဒေ လိုက်နာရေးကြပ်မတ်မှုအမိန့်ဒီကရီ" | | |
|---|---|---|
| **သက်ဆိုင်ရာပုဒ်မ** | **အဂတိလိုက်စားမှုဖြစ်နိုင်ခြေများ** | **CRA အကြံပြုချက်** |
| ပုဒ်မ ၁-၂ (လိုင်စင်ရအိမ်ခြံမြေ အကျိုးဆောင်မူဝါဒချမှတ်ရေးကော်မတီ ဖွဲ့စည်းပုံ)<br><br>① လိုင်စင်ရအိမ်ခြံမြေအကျိုးဆောင် မူဝါဒချမှတ်ရေးကော်မတီ ("ကော်မတီ" ဟု ဆက်လက်သုံးနှုန်းသွားပါမည်) အား အဖွဲ့ဝင် ၇ ဦးမှ ၁၁ ဦးအထိနှင့် ဖွဲ့စည်း ရမည်။<br>② မြေယာ၊ အခြေခံအဆောက်အအုံနှင့် သယ်ယူပို့ဆောင်ရေးဝန်ကြီးက အဖွဲ့ဝင် များကို အောက်ပါပုဂ္ဂိုလ်များထဲမှ ခန့်ထားရမည် (သို့) တာဝန်ပေးရမည်။ | ▫ လက်ရှိပြဋ္ဌာန်းချက်များတွင် အကျိုး စီးပွားဆက်နွယ်မှုကို တားဆီးကာကွယ် ရန် လုပ်ငန်းစဉ်များ (ဥပမာ ချန်လှပ်ထားခြင်း၊ ချန်လှပ်ထားရန် တောင်းဆို ခြင်း၊ မိမိသဘောဆန္ဒအလျှောက် ဘေး ဖယ်နေခြင်း) ကို ပြဋ္ဌာန်းပေးထားခြင်း မရှိပါ။<br>▫ လက်ရှိပြဋ္ဌာန်းချက်တွင် အကျိုးစီးပွား ဆက်နွယ်မှုအခြေခအနေ ကြုံတွေ့ရ သော်လည်း ဆုံးဖြတ်ချက်ချမှတ်မှု လုပ်ငန်းစဉ်မှ ဘေးဖယ်နေခြင်း မရှိဘဲ သို့မဟုတ် အဂတိလိုက်စားမှုကို ကျူးလွန်ခြင်းဖြင့် ဆုံးဖြတ်ချက်ချမှတ်မှု လုပ်ငန်းစဉ်၏ တရားမျှတမှုကို ပျက်ပြား စေခဲ့သော ကော်မတီဝင်များအား ပြစ်ဒဏ်ချမှတ်သည့် လုပ်ငန်းစဉ်များ (ဥပမာ ထုတ်ပယ်ခြင်း) မပါရှိပါ။ | ပုဒ်မတစ်ခု ထပ်ဖြည့်ရန်<br><br>ပုဒ်မ ၀၀ (ချန်လှပ် ထားခြင်း၊ ချန်လှပ် ထားရန် တောင်းဆိုခြင်း၊ မိမိသဘော ဆန္ဒအလျှောက် ဘေးဖယ်နေခြင်းနှင့် အဖွဲ့ဝင်အဖြစ်မှ ထုတ်ပယ်ခြင်း)<br><br>① အောက်ပါအခြေအနေများတွင် အဖွဲ့ဝင်များအား ဆွေးနွေးခြင်းနှင့် ဆုံးဖြတ်ချက်ချမှတ်ခြင်း လုပ်ငန်းစဉ်တွင် မပါဝင်စေဘဲ ချန်လှပ်ထားရမည် -<br>၁။ ကော်မတီအဖွဲ့ဝင်များ၏ ပုဂ္ဂိုလ်ရေးအကျိုးစီးပွားသည် ကော်မတီ၏ ဆုံးဖြတ်ချက်နှင့် တိုက်ရိုက်ဆက်နွယ်နေသော အခါ နှင့်<br>၂။ ကော်မတီဝင်များ သို့မဟုတ် ကော်မတီဝင်များနှင့် ဆွေမျိုး တော်စပ်သူများသည် ကိစ္စရပ် နှင့်ဆက်နွယ်နေလျှင်<br><br>② အကျိုးသက်ဆိုင်သူများက ကော်မတီဝင်တစ်ဦးဦးအား ဆွေးနွေးမှု လုပ်ငန်းစဉ်တွင် မပါဝင်စေဘဲ ချန်လှပ် ပေးထားရန် တောင်းဆိုသောအခါ၊<br><br>③ တရားမျှတမှုကို ထိခိုက်နိုင်သည်ဟု ယူဆသောအခါတွင် ကော်မတီဝင်များ သည် ၎င်းတို့ဆန္ဒအလျှောက် ဆွေးနွေး မှုလုပ်ငန်းစဉ်တွင် ပါဝင်ခြင်းမရှိဘဲ ဘေးဖယ်နေရမည်။<br><br>④ ဆွေးနွေးမှုလုပ်ငန်းစဉ်တွင် ဘေးဖယ်နေရန် ပျက်ကွက်ပြီး ဆွေးနွေးဆုံးဖြတ်မှုလုပ်ငန်းစဉ်၏ တရားမျှတမှုကို ပျက်ပြားစေခဲ့ပါက အဖွဲ့ဝင်အဖြစ်မှ ထုတ်ပယ်ရမည် ။ |

## ၁၁။ - အဂတိလိုက်စားမှု တိုက်ဖျက်ရေး လုပ်ထုံးလုပ်နည်း ယန္တရားများ ပိုမိုအားကောင်းအောင် လုပ်ဆောင်ရန် လိုအပ်မှု

ဥပဒေကြမ်းများ၊ ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများတွင် အခြားသော CRA စံသတ်မှတ်ချက်များဖြင့် ဖော်ထုတ် သိရှိနိုင်ခြင်းမရှိသော အဂတိလိုက်စားမှုဖြစ်နိုင်ခြေများ ပါဝင်နေနိုင်ပါသည်။ ထို့ပြင် အဂတိလိုက်စားမှုအား ထိရောက် စွာ တားဆီးကာကွယ်နိုင်ရန် အဂတိလိုက်စားမှုထိန်းချုပ်ရေး လုပ်ငန်းစဉ်များကို တည်ထောင်ရန်/ အားကောင်း အောင် လုပ်ဆောင်ရန် သို့မဟုတ် အခြားသော အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်း များကို အသုံးပြုရန် လိုအပ်ကောင်းလိုအပ်နိုင်ပါသည်။ သို့ပါသောကြောင့် ACC သည် ဤစံသတ်မှတ်ချက်ကို အသုံး ပြုကာ တိုက်ဖျက်ရေး လုပ်ထုံးလုပ်နည်းယန္တရားများ ချမှတ်ရန် သို့မဟုတ် အသုံးပြုရန် သက်ဆိုင်ရာ ဥပဒေကြမ်း များ၊ ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများကို အကောင်အထည်ဖော်စဉ်အတွင်း ဖြစ်ပေါ်လာနိုင်ခြေရှိသော အဂတိ လိုက်စားမှုများကို တားဆီးကာကွယ်ရန်အတွက် အဂတိလိုက်စားမှုထိန်းချုပ်ရေး လုပ်ငန်းစဉ်များကို မိတ်ဆက်ကျင့် သုံးရန် သို့မဟုတ် အခြားသော အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများကို အသုံးပြု ရန် လိုအပ်ခြင်း ရှိ/မရှိ စစ်ဆေးပါသည်။ ဤစံသတ်မှတ်ချက်သည် အဂတိလိုက်စားမှုဆိုင်ရာ သတင်းပို့တိုင်ကြား သည့် စနစ်များ ထူထောင်ခြင်းကဲ့သို့ အဂတိလိုက်စားမှုတိုက်ဖျက်ရေး နည်းလမ်းများကို မိမိသဘောဆန္ဒအလျှောက် ချမှတ်ဆောင်ရွက်မှုများကို အားပေးမြှင့်တင်ခြင်းဖြင့် အစိုးရအဖွဲ့အစည်းများ၏ အဂတိလိုက်စားမှု တားဆီးကာကွယ်မှု စွမ်းရည်ကို မြှင့်တင်ပေးရန် ရည်ရွယ်ပါသည်။

ဤစံသတ်မှတ်ချက်တွင် အောက်ပါတို့ကို သုံးသပ်စစ်ဆေးပါသည် - က) သက်ဆိုင်ရာအဂတိလိုက်စားသည့်အမှုများ၊ ခ) အဂတိလိုက်စားမှုတိုက်ဖျက်ရေး စည်းမျဉ်းစည်းကမ်းများ၏ ထိရောက်မှုနှင့် ဂ) အဂတိလိုက်စားမှုတားဆီး ကာကွယ်ရေး လုပ်ထုံးလုပ်နည်းယန္တရားများ လိုအပ်မှုတို့ ဖြစ်ပါသည်။

က) သက်ဆိုင်ရာ အဂတိလိုက်စားသည့် အမှုများ

ACRC သည် ဆင်တူသည် ဥပဒေရေးရာနှင့် အဖွဲ့အစည်းဆိုင်ရာ အခြေအနေများတွင် ယခင်က ဖြစ်ပွားခဲ့သော အဂတိလိုက်စားမှုများကို ပြန်လည်သုံးသပ်ကာ သက်ဆိုင်ရာ ဥပဒေကြမ်းများ၊ ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများတွင်လည်း အလားတူအဂတိလိုက်စားမှု ဖြစ်နိုင်ခြေများ ရှိ/မရှိ ဆန်းစစ်ပါသည်။

ခ) အဂတိလိုက်စားမှုတိုက်ဖျက်ရေး စည်းမျဉ်းစည်းကမ်းများ၏ ထိရောက်မှု

ACRC သည် ချမှတ်ကျင့်သုံးလျက်ရှိ သည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးယန္တရားများကို သုံးသပ်ကာ ယင်းတို့သည် အဂတိလိုက်စားမှုကို ထိရောက်စွာ တားဆီးကာကွယ်နိုင်ခြင်း ရှိ/မရှိ ဆန်းစစ်ပါသည်။

ဂ) အဂတိလိုက်စားမှုတားဆီး ကာကွယ်ရေး လုပ်ထုံးလုပ်နည်းယန္တရားများ လိုအပ်မှု

အစိုးရအဖွဲ့အစည်းများသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ရန် လို/မလို ACRC က သုံးသပ် ဆန်းစစ်ပါသည်။ ထို့ပြင် အဂတိလိုက်စားမှုတိုက်ဖျက်ရေး နည်းလမ်းများ ရှိနေသည့်တိုင် အဂတိလိုက်စားမှုများ ဆက်လက်ဖြစ်ပွားနေသော နေရာများကိုလည်း ACRC က သုံးသပ်ဆန်းစစ်ပါသည်။

## အဂတိလိုက်စားမှု တိုက်ဖျက်ရေး လုပ်ထုံးလုပ်နည်းယန္တရားများ ပိုမိုအားကောင်းအောင် လုပ်ဆောင်ရန် လိုအပ်မှုကို သုံးသပ်စစ်ဆေးရန်အတွက် Checklist

၁။ CRA မှ အကဲဖြတ်နေသော ဥပဒေကြမ်းများ၊ ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများကို ချိုးဖောက်သည့် အဂတိ လိုက်စားမှုများ ရှိခဲ့ဖူးပါသလား။ အလားတူ အုပ်ချုပ်ရေး လုပ်ငန်းဆောင်တာများတွင် ဖြစ်ပေါ်ခဲ့သည့် အဂတိ လိုက်စားမှုများ ရှိပါသလား။

၂။ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး လုပ်ထုံးလုပ်နည်းယန္တရားများ ရှိပါသလား။

၃။ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး လုပ်ထုံးလုပ်နည်းယန္တရားများ ရှိသည်ဆိုလျှင် ၎င်းတို့ကို ထိရောက်စွာ ဆောင်ရွက်မှု ရှိပါသလား။ (သက်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့် အမှန်တကယ်ဆောင်ရွက်နေမှုများကို သုံးသပ်လေ့လာရန်)။

၄။ အဂတိလိုက်စားမှုတိုက်ဖျက်ရေး လုပ်ထုံးလုပ်နည်းများ ရှိနေလျက်နှင့် အဂတိလိုက်စားမှုများ ဆက်လက်ဖြစ်ပွား နေပါသလား။

၅။ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး လုပ်ထုံးလုပ်နည်းများ မရှိရခြင်းအတွက် ကျိုးကြောင်းဆီလျော်သော အကြောင်းပြချက်တစ်ခု ရှိပါသလား။

၆။ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး လုပ်ထုံးလုပ်နည်းယန္တရားများ စတင်မိတ်ဆက်ကျင့်သုံးရန် လိုအပ်ပါသလား။

## "အဂတိလိုက်စားမှု တိုက်ဖျက်ရေး လုပ်ထုံးလုပ်နည်းယန္တရားများ ပိုမိုအားကောင်းအောင် လုပ်ဆောင်ရန် လိုအပ်မှု" စံသတ်မှတ်ချက်နှင့်စပ်လျဉ်းသည့် CRA ဖြစ်စဉ်နမူနာ

"ကျန်းမာရေးအာမခံ စိစစ်သုံးသပ်ရေးလုပ်ငန်းမှ ဝန်ထမ်းများအတွက် ကျင့်ဝတ်"

| သက်ဆိုင်ရာပုဒ်မ | အဂတိလိုက်စားမှုဖြစ်နိုင်ခြေများ | CRA အကြံပြုချက် |
|---|---|---|
| ပုဒ်မ ၁၆ (အမျိုးသမီးများ ပိုင်ဆိုင်သော လုပ်ငန်းများကို သတ်မှတ်ဖော်ထုတ်ခြင်း၊ စသည်)<br>(၃) SME များနှင့် ထူထောင်စလုပ်ငန်း များဆိုင်ရာ ဝန်ကြီးသည် ကွင်းဆင်း စုံစမ်းစစ်ဆေးရေးအတွက် စစ်ဆေး အကဲဖြတ်ရေးကော်မတီကို ဖွဲ့စည်း ဆောင်ရွက်နိုင်ပါသည်။ | ▫ လက်ရှိဥပဒေတွင် လိမ်လည်မှု သို့မဟုတ် တရားဥပဒေနှင့်မညီသော လုပ်ဆောင်မှုများ ကျူးလွန်ခဲ့သည့် စစ်ဆေး အကဲဖြတ်ရေး ကော်မတီ အရပ်သားကော်မတီဝင်များအား မည်သို့ ပြစ်ဒဏ်ချမှတ်ရမည်ဆိုသည်ကို ပြဋ္ဌာန်းထားခြင်း မရှိပါ။ | ပုဒ်မတစ်ခု ထပ်ဖြည့်ရန်<br>ပုဒ်မ ၀၀ (အရပ်သားကော်မတီဝင်များအား ပြစ်မှု ဆိုင်ရာ ပြဋ္ဌာန်းချက်များဖြင့် အရေး ယူခြင်း)<br>စစ်ဆေးအကဲဖြတ်ရေးကော်မတီ အရပ် သားကော်မတီဝင်များအား အစိုးရ အရာရှိများကဲ့သို့ ယူဆကာ ဥပဒေနှင့်မညီသော လုပ်ဆောင်မှုများအတွက် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၂၉-၁၃၂ ဖြင့် အရေးယူအပြစ်ပေးရမည်။ |

## မကြာခဏမေးလေ့ရှိသော မေးခွန်းများ

CRA ကို နားလည်သိရှိလိုပြီး ၎င်းတို့၏ ဥပဒေပြုခြင်းလုပ်ငန်းစဉ်အတွင်း CRA ကို လိုက်လျောညီထွေ ပြင်ဆင်အသုံးပြု လိုသည့် နိုင်ငံများအတွက် အထောက်အကူဖြစ်စေရန်  စိတ်ဝင်စားသော နိုင်ငံများမှ မေးလေ့ရှိသော ACRC နှင့် CRA လုပ်ငန်းစဉ်နှင့်သက်ဆိုင်သည့် မေးခွန်းများနှင့် အဖြေများကို ဤအပိုင်းတွင် စုစည်းဖော်ပြပေးထားပါသည်။

### ၁။ ACRC သည် ကိုရီးယားနိုင်ငံ၏ အမျိုးသား အဂတိလိုက်စားမှု တိုက်ဖျက်ရေး မဟာဗျူဟာများနှင့် မည်သို့ ဆက်နွယ်မှု ရှိပါသနည်း။

ACRC သည် နှစ်စဉ် အမျိုးသားအဆင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးမဟာဗျူဟာကို ရေးဆွဲပါသည်။ ထိုမဟာဗျူဟာ တွင် ကိုရီးယားနိုင်ငံ၏ အဂတိလိုက်စားမှုတိုက်ဖျက်ရေး လုပ်ဆောင်ချက်များအတွက် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဆိုင်ရာ ဦးစားပေးကိစ္စရပ်များနှင့် ရည်ရွယ်ချက်များ ပါဝင်ပါသည် (ဥပမာ ၂၀၁၈ခုနှစ်တွင် ရေးဆွဲခဲ့သော အမျိုးသားအဆင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးမဟာဗျူဟာတွင် အကျိုးစီးပွားဆက်နွယ်မှုအခြေအနေကို တားဆီးကာကွယ်ရန်အတွက် အဂတိလိုက်စားမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို အားကောင်းအောင် လုပ်ဆောင်ရန် ကိစ္စအား ထိပ်တန်းဦးစားပေး နယ်ပယ်တစ်ခုအဖြစ် ရွေးချယ်သတ်မှတ်ထားပါသည်)။

အမျိုးသားအဆင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးမဟာဗျူဟာအား သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းများထံ မျှဝေပေးပြီး သည့်နောက် ACRC သည် ထိုမဟာဗျူဟာအား ရည်ညွှန်းကိုးကားကာ ၎င်း၏ တစ်နှစ်တာအတွက် အဂတိလိုက်စားမှု တိုက်ဖျက်ရေး လုပ်ငန်းအစီအစဉ်ကို ရေးဆွဲပါသည်။ လုပ်ငန်းအစီအစဉ်တွင် ACRC သည် အမျိုးသားအဆင့် အဂတိ လိုက်စားမှုတိုက်ဖျက်ရေးမဟာဗျူဟာ၏ ရည်ရွယ်ချက်များ ပြည့်မြောက်စေရန်အတွက် ၎င်း၏ အဂတိလိုက်စားမှု တိုက်ဖျက် ရေးမူဝါဒနည်းလမ်းများ (ဥပမာ AIA၊ CRA၊ စသည်) ကို မည်သို့ အကောင်အထည်ဖော်ရန် လိုအပ်ကြောင်း သတ်မှတ် ဖော်ပြပေးထားပါသည်။ တစ်နှစ်တာအတွက် အဂတိလိုက်စားမှုတိုက်ဖျက်ရေး လုပ်ငန်းအစီအစဉ်ကို ရေးဆွဲပြီးနောက်တွင် ACRC သည် ထိုအစီအစဉ်ကို ရည်ညွှန်းကိုးကားကာ ၎င်း၏ တစ်နှစ်တာအတွင်း ဆောင်ရွက်ရမည့် အဂတိလိုက်စားမှု တိုက်ဖျက်ရေး အစီအစဉ်များကို ဆောင်ရွက်ပါသည်။

### ၂။ ACRC သည် လွှတ်တော်နှင့် မည်သို့ ဆက်နွယ်မှု ရှိပါသနည်း။

ACRC သည် ဖွဲ့စည်းပုံအရ ဝန်ကြီးချုပ်ရုံး၏ အောက်တွင် ရှိပြီး အစိုးရ၏ အုပ်ချုပ်ရေးမဏ္ဍိုင်အောက်တွင် ပါဝင်ပါသည်။ သို့သော် ACRC တွင် တာဝန်နှစ်ရပ် ရှိပါသည်။ ယင်း၏ လုပ်ငန်းဆောင်ရွက်မှုများကို ဝန်ကြီးချုပ်ရုံးသို့သာမက လွှတ်တော် သို့ပါ နှစ်စဉ်အစီရင်ခံစာများ ပေးပို့ရပါသည်။

### ၃။ ACRC သည် လွှတ်တော်ကိုယ်စားလှယ်များမှ အဆိုပြုသော ဥပဒေကြမ်းများအတွက် CRA ကို ဆောင်ရွက်နိုင်ပါသလား။

ACRC အက်ဥပဒေက ACRC သည် အစိုးရဝန်ကြီးဌာနများမှ တင်သွင်းသော ဥပဒေကြမ်းများကိုသာ သုံးသပ်စစ်ဆေး ရမည်ဟု ကန့်သတ်ထားခြင်း မရှိသော်လည်း ကိုရီးယားနိုင်ငံတွင် လွှတ်တော်ကိုယ်စားလှယ်များမှ အဆိုပြုသော ဥပဒေကြမ်းများကို CRA မှ သုံးသပ်စစ်ဆေးခြင်း မပြုပါ။

ACRC ကို ဝန်ကြီးချုပ်ရုံးအောက်တွင်ရှိပြီး အစိုးရအုပ်ချုပ်ရေးမဏ္ဍိုင်၏ အစိတ်အပိုင်းတစ်ရပ် ဖြစ်ပါသည်။ ထိုဖွဲ့စည်းပုံအရ ACRC သည် အုပ်ချုပ်ရေးမဏ္ဍိုင်မှ ရေးဆွဲသော ဥပဒေကြမ်းများအတွက်သာ CRA ကို အဓိကထား ဆောင်ရွက်ပါသည်။

ထို့ပြင် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးချင်းစီ (MPs) မှ တင်သွင်းသော ဥပဒေကြမ်းများအတွက် CRA ကို ဆောင်ရွက်မည်ဆိုပါက ထိရှလွယ်မှုများ ဖြစ်ပေါ်နိုင်ပါသည်။ အဘယ်ကြောင့်ဆိုသော် ထိုဥပဒေကြမ်းများသည် MPများ၏ အမည်ဖြင့် ရေးဆွဲတင်သွင်းခြင်း ဖြစ်သည့်အတွက် ဥပဒေအရ အဂတိလိုက်စားမှုတိုက်ဖျက်ရေး အဖွဲ့အစည်းအား CRA ကို ဆောင်ရွက်ခွင့် တရားဝင်ပေးအပ်ထားခြင်း မရှိလျှင် ထိုအဖွဲ့အစည်းမှ အဆိုပြုသော ပြင်ဆင်ချက်များအပေါ် MP အချို့က ဆန့်ကျင်မှုများ ဖြစ်ပေါ်လာနိုင်ပါသည်။

ထိုကဲ့သို့သော အခြေအနေများကြောင့် ACRC သည် လွှတ်တော်မှ အဆိုပြုသော ဥပဒေကြမ်းများ ပြဋ္ဌာန်းမှု/ပြင်ဆင်မှုများ အတွက် CRA ကို ဆောင်ရွက်ခြင်း မရှိပါ။ သို့သော ဥပဒေကြမ်းကို အတည်ပြုပြီး၍ ဥပဒေတစ်ခု ဖြစ်လာသည်နှင့် တစ်ပြိုင်နက် အစိုးရအဖွဲ့အစည်းများမှ ၎င်းတို့ကို ပြန်လည်ပြင်ဆင်ရန် ရည်ရွယ်ချက်ရှိပါက ACRC က CRA ကို ဆောင်ရွက် ကောင်း ဆောင်ရွက်နိုင်ပါသည်။ ထို့ကြောင့် ACRC တွင် လွှတ်တော်ကိုယ်စားလှယ်များမှ တင်သွင်းသော ဥပဒေကြမ်း များကို သုံးသပ်စစ်ဆေးရန် တိုက်ရိုက်လုပ်ပိုင်ခွင့်မရှိသော်လည်း လွှတ်တော်မှ ပြဋ္ဌာန်းလိုက်သော ဥပဒေများအတွက် CRA ကို သွယ်ဝိုက်ဆောင်ရွက်ပိုင်ခွင့် ရှိပါသည်။

### ၄။ CRA လုပ်ငန်းစဉ်ကို ကိုရီးယားနိုင်ငံ၏ ဥပဒေများ သုံးသပ်စစ်ဆေးသည့် လုပ်ငန်းစဉ်နှင့် ကိုက်ညီအောင် မည်သို့ ညှိနှိုင်း ဆောင်ရွက်ပါသနည်း။

ဥပဒေကြမ်းများကို ပြဋ္ဌာန်းရန်/ပြင်ဆင်ရန်အတွက် အစိုးရအဖွဲ့အစည်းများသည် ၎င်းတို့၏ ဥပဒေပြုရန်အဆိုပြုလွှာများနှင့် သုံးသပ်ဆန်းစစ်ရန် လိုအပ်သော စာရွက်စာတမ်းများကို ACRC သို့ ဦးစွာပထမတင်ပြရပါသည်။

ဥပဒေအဆိုပြုလွှာနှင့် လိုအပ်သော စာရွက်စာတမ်းများကို လက်ခံရရှိသောအခါ အဂတိလိုက်စားမှုဖြစ်နိုင်ခြေများ ရှိ/မရှိ သုံးသပ်စစ်ဆေးရန် ACRC က ဥပဒေကြမ်းများအတွက် CRA ကို ဆောင်ရွက်ပါသည်။ သုံးသပ်စစ်ဆေးမှု ရလဒ်များပေါ်တွင် အခြေခံကာ ACRC သည် သက်ဆိုင်ရာဥပဒေကြမ်းထဲမှ အဂတိလိုက်စားမှုဖြစ်နိုင်ခြေများကို ဖယ်ရှားရန်အတွက် ပြင်ဆင်ရမည့်အချက်များကို အုပ်ချုပ်ရေးအဖွဲ့အစည်းသို့ အကြံပြုပါသည်။

ထိုအခါ အုပ်ချုပ်ရေးအဖွဲ့အစည်းက ACRC ၏ အကြံပြုချက်များကို ထည့်သွင်းပြင်ဆင်ကာ ပြင်ဆင်ထားသော ထိုအဆိုပြု လွှာကို ဥပဒေရှုထောင့်မှ သုံးသပ်စိစစ်ရန်အတွက် အစိုးရဥပဒေပြုရေး ဝန်ကြီးဌာန (MOLEG) သို့ တင်သွင်းပါသည်။

## ၅။ ဥပဒေပြုအဖွဲ့အစည်းတစ်ရပ်မှ CRA ကို ဆောင်ရွက်နိုင်ပါသလား။

ကိုရီးယားနိုင်ငံတွင် CRA ကို အုပ်ချုပ်ရေးမဏ္ဍိုင်မှ ဆောင်ရွက်သည့်နည်းတူ ယင်းကို ဥပဒေပြုရေးအဖွဲ့အစည်းမှလည်း ဆောင်ရွက်နိုင်ပါသည်။

အကယ်၍ CRA ကို ဥပဒေပြုရေးအဖွဲ့အစည်းတစ်ရပ်မှ ဆောင်ရွက်ပါက ဥပဒေများ သုံးသပ်လေ့လာရေးလုပ်ငန်းစဉ်နှင့် ပိုမို ထိရောက်စွာ ချိတ်ဆက်နိုင်မည်ဖြစ်ပါသည်။ တစ်ဖက်မှကြည့်ပြန်လျှင်လည်း CRA ကို အုပ်ချုပ်ရေးမဏ္ဍိုင်မှ ဆောင်ရွက် ပါက နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများ (ဥပမာ အစိုးရအဖွဲ့အစည်းများ၏ လုပ်ဆောင်ချက်များကို တိုက်ရိုက်ပြဋ္ဌာန်းနိုင် သော အုပ်ချုပ်ရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ) CRA ကိုပါ လုပ်ငန်းစဉ်အတွင်း သုံးသပ်စစ်ဆေးနိုင်သည့်အတွက် ပိုမိုလက်တွေ့ကျကျ ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ CRA ကို ဥပဒေပြုအဖွဲ့အစည်း/အုပ်ချုပ်ရေးအဖွဲ့အစည်းမှ ဆောင်ရွက်ခြင်း၏ အကျိုးအပြစ်များကို ပိုမိုအသေးစိတ်သိလိုပါက "CRA ကို မိတ်ဆက်ကျင့်သုံးရန်အတွက် မဟာဗျူဟာကျ ချဉ်းကပ်ဆောင်ရွက်နည်းများ - ရွေးချယ်ရန် နည်းလမ်းများနှင့် ထည့်သွင်းစဉ်းစားရန် အချက်များ" အခန်းတွင် ဖော်ပြထားပါသည်။

## ၆။ CRA ကို ဆောင်ရွက်သောအခါ ACRC နှင့် အစိုးရဝန်ကြီးဌာနများကြား ပဋိပက္ခများ ဖြစ်နိုင်ပါသလား။

ACRC သည် CRA ကို ဆောင်ရွက်ရာ၌ အစောပိုင်းအဆင့်တွင် ရင်ဆိုင်ရသော စိန်ခေါ်မှုမှာ ဝန်ကြီးဌာန/အစိုးရအဖွဲ့အစည်းအဝေးများသို့ ဥပဒေကြမ်းများကို မတင်သွင်းမီ CRA သည် မဖြစ်မနေဆောင်ရွက်ရမည့် လုပ်ငန်းစဉ်တစ်ခု ဖြစ် ကြောင်းကို အုပ်ချုပ်ရေးအဖွဲ့အစည်းများ သိရှိလာအောင် ဆောင်ရွက်ရခြင်းပင် ဖြစ်ပါသည်။ CRA ၏ မဖြစ်မနေ လိုက်နာဆောင်ရွက်ရမည့် သဘာဝကို အုပ်ချုပ်ရေးအဖွဲ့အစည်းများ သိရှိလာအောင် ACRC မှ အချိန်ယူကာ ကြိုးပမ်း ဆောင်ရွက်ခဲ့ရပါသည်။

ACRC သည် CRA ရလဒ်များနှင့် အကြံပြုချက်များကို မျှဝေသောအခါ အစိုးရဝန်ကြီးဌာနများထံမှ ပြင်းထန်သည့် ဆန့်ကျင် မှုများကို ရင်ဆိုင်ခဲ့ရခြင်း မရှိပါ။ CRA စံသတ်မှတ်ချက်များသည် အလွန်ကျိုးကြောင်းဆီလျော်မှုရှိပြီး ထိုစံသတ်မှတ်ချက် များကို အခြေခံကာ ဆန်းစစ်ခြင်းမှ ထွက်ပေါ်လာသော CRA ရလဒ်များနှင့် အကြံပြုချက်များသည် လက်ခံချင်စရာ အလွန် ကောင်းသော အချက်များ ဖြစ်နေပါသည်။ ထို့ပြင် ဆန်းစစ်ချက်ရလဒ်များကို မထုတ်ပြန်မီ သက်ဆိုင်ရာ အစိုးရအဖွဲ့အစည်း များနှင့် ကြိုတင်တိုင်ပင်ဆွေးနွေးခြင်းကလည်း ဆန့်ကျင်မှုများ လျော့နည်းရေးအတွက် အထောက်အကူဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ACRC သည် အစိုးရအဖွဲ့အစည်းများအား CRA ရလဒ်များ၊ အကြံပြုချက်များနှင့်စပ်လျဉ်း၍ ကျိုးကြောင်းရှင်းလင်းတင်ပြရန် အခွင့်အရေး လုံလောက်စွာ ရရှိပြီး ၎င်းတို့၏ အမြင်များကို ပေါင်းစပ်ထည့်သွင်းနိုင်သော ကြောင့် ဖြစ်ပါသည်။ ယင်းက CRA ရလဒ်များနှင့် အကြံပြုချက်များသည် အစိုးရဝန်ကြီးဌာနများအတွက် လက်ခံနိုင်သော အချက်များ ဖြစ်အောင် အထောက်အကူဖြစ်ခဲ့ပါသည်။

ရှင်းလင်း၍ သင့်မြတ်လျော်ကန်သော စံသတ်မှတ်ချက်များကို အခြေခံသည့် CRA အကြံပြုချက်များကို ထုတ်ပြန်ခြင်းနှင့် မထုတ်ပြန်မီ အစိုးရဝန်ကြီးဌာနများနှင့် ကြိုတင်တိုင်ပင်ဆွေးနွေးခြင်းများသည် CRA လုပ်ငန်းစဉ်အပေါ် အစိုးရအဖွဲ့စည်း များ၏ ဆန့်ကျင်မှု လျော့နည်းစေရန် အထောက်အကူဖြစ်ခဲ့ပါသည်။

ထို့ပြင် အစိုးရဝန်ကြီးဌာနများသည် CRA ကို ကျင့်သုံးခြင်းကြောင့် အကျိုးကျေးဇူးများ ခံစားရရှိကြောင်းကိုလည်း သတိပြုရန် သင့်လှပါသည်။ CRA မှတစ်ဆင့် ACRC သည် အဂတိလိုက်စားမှုဖြစ်ပေါ်နိုင်ခြေရှိသည့် အကြောင်းအချက်များကို ဖော် ထုတ်သိရှိနိုင်အောင် ကူညီပေးပါသည်။ အစိုးရအဖွဲ့အစည်းများသည် ၎င်းတို့ချည်းသာ ဥပဒေပြုရေးအဆိုပြုလွှာများကို ပြုစု မည်ဆိုပါက ထိုအကြောင်းအချက်များကို ဖော်ထုတ်သိရှိရန် မဖြစ်နိုင်ပါ။ CRA မှတစ်ဆင့် ထွက်ပေါ်လာသော ACRC ၏ အကြံပြုချက်များသည် အစိုးရအဖွဲ့အစည်းများအတွက် အဂတိလိုက်စားမှုများမှ ပေါ်ပေါက်လာနိုင်သော မလိုလားအပ်သည့် ပျက်စီးဆုံးရှုံးမှုများနှင့် ကုန်ကျစရိတ်များကို တားဆီးနိုင်ရန် အလွန်အထောက်အကူဖြစ်ပါသည်။ ဥပဒေပြုရေးအဆိုပြုလွှာ များမှ ကယ်ပေါက်များကို ဖြေရှင်းခဲ့ခြင်း မရှိပါက အဆိုပါ ဆုံးရှုံးမှုနှင့် ကုန်ကျစရိတ်များကို ရှောင်ရှားနိုင်မည် မဟုတ်ပါ။

အစိုးရအဖွဲ့အစည်းများအနေဖြင့် CRA ကျင့်သုံးမှုမှ အကျိုးကျေးဇူးများ ရရှိနိုင်သောကြောင့် CRA သည် အဂတိလိုက်စားမှု တိုက်ဖျက်ရေး အဖွဲ့အစည်းတစ်ရပ်အတွက် အစိုးရအဖွဲ့အစည်းများအပေါ် ဩဇာလွှမ်းမိုးမှု တိုးပွားလာအောင် လုပ်ဆောင် ပေးနိုင်သည့် ဝင်ပေါက်တစ်ခု ဖြစ်လာနိုင်ပါသည်။ CRA သည် အဂတိလိုက်စားမှုတိုက်ဖျက်ရေး အဖွဲ့အစည်းကိုရော၊ အခြား အကျိုးသက်ဆိုင်သူများကိုပါ စွမ်းဆောင်ရည်မြှင့်တင်ပေးနိုင်သည့် လက်တွေ့ကျ၍ ခိုင်မာသော လုပ်ငန်းစဉ်တစ်ခု ဖြစ်ပါ သည်။

## ၇။ ACRC သည် တည်ဆဲဥပဒေများအတွက် CRA ကို မည်သို့ ဆောင်ရွက်ပါသနည်း။

တည်ဆဲဥပဒေများတွင် အဂတိလိုက်စားမှုကို ဖြစ်စေနိုင်သော အချက်များအား တွေ့ရှိပါက ACRC သည် တည်ဆဲ ဥပဒေများအတွက် CRA ကို ဆောင်ရွက်ရန် ကာလလတ်/ကာလရှည် သုံးသပ်စစ်ဆေးရေးအစီအစဉ်တစ်ရပ်ကို ချမှတ်ကာ ဆောင်ရွက်ပါသည်။ ထိုအစီအစဉ်များကို ရေးဆွဲရန်အတွက် ACRC သည် ဗဟိုအုပ်ချုပ်ရေးအဖွဲ့အစည်းနှင့် ဒေသန္တရအစိုးရ တစ်ခုချင်းစီအား အဂတိလိုက်စားမှုကို ဖြစ်စေနိုင်သော အချက်များ ရှိသည့်/ရှိနိုင်သည့် ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်း များကို အသိပေးကာ အစိုးရအဖွဲ့အစည်းများထံမှ ဆန်းစစ်လေ့လာရန်အတွက် လိုအပ်မည့် အရာများ၊ စာရွက်စာတမ်းများ ကို တောင်းခံပါသည်။ အဖွဲ့အစည်းအတွင်း ဆုံးဖြတ်ချက်ချမှတ်သည့် လုပ်ငန်းစဉ်ကို ဆောင်ရွက်ပြီးနောက်တွင် ACRC သည် သတ်မှတ်ထားသည့် အချိန်ကာလအတွင်း ဗဟိုအုပ်ချုပ်ရေးအဖွဲ့အစည်းနှင့် ဒေသန္တရအစိုးရများမှ တင်သွင်းထား သော အခြေခံအချက်အလက်များပေါ်တွင် အခြေခံကာ CRA ကို ဆောင်ရွက်ပါသည်။ သုံးသပ်စစ်ဆေးမှုပြုလုပ်စဉ်ကာလ အတွင်းတွင် ACRC သည် တည်ဆဲဥပဒေစည်းမျဉ်းစည်းကမ်းများအတွင်းရှိ ကြီးမားသော အဂတိလိုက်စားမှုဖြစ်နိုင်ခြေများ ကို သုံးသပ်ရန်အတွက် သက်ဆိုင်ရာ အစိုးရအဖွဲ့အစည်းများ၊ အကျိုးသက်ဆိုင်သူများနှင့် ကျွမ်းကျင်ပညာရှင်များထံမှ သဘောထားအမြင်များကို ရယူရန် လူထုကြားနာပွဲများကို ပြုလုပ်နိုင်ပါသည်။

သို့သော် ACRC သည် ကာလလတ်/ကာလရှည် စီမံကိန်းများ ချမှတ်ဆောင်ရွက်ခြင်းထက် တည်ဆဲဥပဒေများအပေါ် CRA ကို ဆောင်ရွက်ရန်အတွက် ဆန်းစစ်လေ့လာရမည့် အကြောင်းအရာများကို ရွေးချယ်လေ့ရှိပါသည်။ အောက်ပါအခြေ အနေများတွင် ထိုသို့ဆောင်ရွက်ပါသည် - က) သက်ဆိုင်ရာဥပဒေများနှင့်စပ်လျဉ်းသည့် အဂတိလိုက်စားမှုဖြစ်နိုင်ခြေများ သည် လူမှုရေးပြဿနာရပ်များအဖြစ် လက်ခံအသိအမှတ်ပြုသောအခါ သို့မဟုတ် လူမှုအဖွဲ့အစည်းအတွင်း စိုးရိမ်ပူပန်မှု များကို မြင့်တက်လာ စေနိုင်သည်ဟု မှန်းဆရသောအခါ၊ ခ) ဥပဒေများအတွင်းရှိ စနစ်ဖွဲ့စည်းပုံအရ အဂတိလိုက်စားမှု ဖြစ်နိုင်ခြေများသော နယ်ပယ်များကို သုံးသပ်စစ်ဆေးရန်အတွက် လိုအပ်သောအခါ၊ ဂ) အဂတိလိုက်စားမှုကို ဖြစ်စေနိုင် သော အချက်များကို ဖယ်ရှားရန် သို့မဟုတ် လျှော့ချရန် အရေးတကြီးလိုအပ်သောအခါ (ဆိုလိုသည်မှာ သက်ဆိုင်ရာဥပဒေ သည် အမျိုးသားဦးစားပေးအဖြစ် အားပေးမြှင့်တင်နေသည့် မူဝါဒနယ်ပယ်အတွင်း ရှိနေခြင်း သို့မဟုတ် ဘတ်ဂျက်အသုံး စရိတ်များ တိုးမြှင့်ပေးသည့် နယ်ပယ်အတွင်း ရှိနေခြင်းကြောင့်) နှင့် ဃ) ပြဋ္ဌာန်းမည့်/ပြင်ဆင်မည့် ဥပဒေကြမ်းအတွက် CRA ကို ဆောင်ရွက်သောအခါတွင် သက်ဆိုင်ရာ သို့မဟုတ် ဆက်နွယ်မှုရှိသော တည်ဆဲဥပဒေများနှင့် လက်အောက်ခံ ဥပဒေများတွင် အဂတိလိုက်စားမှုကို ဖြစ်စေနိုင်သော အချက်များ ရှိနေကြောင်း ဖော်ထုတ်တွေ့ရှိသောအခါတို့ ဖြစ်ပါသည်။

ACRC ၏ အသစ်ပြဋ္ဌာန်းမည့်/ပြင်ဆင်မည့် ဥပဒေကြမ်းများအတွက် CRA ကို အလေးထားဆောင်ရွက်မှုသည် အဂတိ လိုက်စားမှုအား ကိုင်တွယ်ဖြေရှင်းသည့်နေရာ၌ ကြိုတင်လက်ဦးမှုရယူကာ တားဆီးကာကွယ်သည့် နည်းလမ်းများ၏ အရေးပါမှု ပေါ်လွင်စေပါသည်။ အဂတိလိုက်စားမှု ဖြစ်ပေါ်နိုင်ခြေရှိသော ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများသည် အာဏာတည်သွားသည်နှင့်တစ်ပြိုင်နက် ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများအတွင်းရှိ အဂတိလိုက်စားမှုကို ဖြစ်စေနိုင် သောအချက်များကြောင့် ဖြစ်ပေါ်လာသည့် ထိုအဂတိလိုက်စားမှုများကို ကိုင်တွယ်ဖြေရှင်းရန်အတွက် ပိုမိုများပြားသော အချိန်နှင့် အရင်းအမြစ်များ လိုအပ်မည်ဖြစ်ပါသည်။ ထို့ပြင် တည်ဆဲဥပဒေများ၏ အဂတိလိုက်စားမှုဖြစ်နိုင်ခြေများကို ကိုင်တွယ်ဖြေရှင်းရာတွင် စိန်ခေါ်မှုများ ရှိပြီး ထိုစိန်ခေါ်မှုများကို "CRA ကို မိတ်ဆက်ကျင့်သုံးရန်အတွက် မဟာဗျူဟာကျ ချဉ်းကပ်ဆောင်ရွက်နည်းများ - ရွေးချယ်ရန် နည်းလမ်းများနှင့် ထည့်သွင်းစဉ်းစားရန် အချက်များ" အခန်းတွင် ရှင်းလင်းတင်ပြထားပါသည်။

## ၈။ အစိုးရအဖွဲ့အစည်းများသည် ၎င်းတို့ကိုယ်တိုင် ဆန်းစစ်လေ့လာမှုများအား မည်သို့ ဆောင်ရွက်ကြသနည်း။

မူအားဖြင့် ဥပဒေကြမ်းများ၊ ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများအတွင်းရှိ အဂတိလိုက်စားမှုကို ဖြစ်စေနိုင်သော အချက် များအား ဖယ်ရှားရန် CRA ကို ဆောင်ရွက်ဖို့ အဓိကတာဝန်ရှိသည်မှာ သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းများအတွင်းရှိ ဆန်းစစ်လေ့လာမှုဌာနခွဲ ဖြစ်ပါသည်။

ACRC သည် ဆန်းစစ်လေ့လာမှုဌာနခွဲများ၏ CRA စွမ်းရည်ကို မြှင့်တင်ရန် ကြိုးပမ်းဆောင်ရွက်ပါသည်။ ပထမဦးစွာ ACRC သည် CRA လက်စွဲစာအုပ်များနှင့် CRA ကို ကိုယ်တိုင်ဆောင်ရွက်ကြသည့် အတုယူထိုက်သော စံနမူနာများကို ပြုစုကာ အစိုးရအဖွဲ့အစည်းများထံ မျှဝေပေးခြင်းဖြင့် ဆန်းစစ်လေ့လာမှုဌာနခွဲများသည် CRA အကြောင်း ပိုမိုနားလည်သိရှိကာ ဆန်းစစ်လေ့လာမှုများကို ပိုမိုထိရောက်စေရန် မည်သို့ ဆောင်ရွက်ရမည်ဆိုသည်ကို သိရှိနိုင်ရန် ဖြစ်ပါသည်။ ထို့ပြင် ACRC သည် အစိုးရအရာရှိများအတွက် အွန်လိုင်းသင်တန်းများနှင့် ၎င်းတို့ဌာနများသို့ သွားရောက်သင်ကြားပေးသော သင်တန်း များကိုလည်း ပြုလုပ်ပေးပါသည်။

ACRC သည် အစိုးရအဖွဲ့အစည်းများအား ဆန်းစစ်လေ့လာမှုများကို ကိုယ်တိုင်လုပ်ဆောင်ချင်လာအောင် ဆွဲဆောင် အားပေးမှုများလည်း ပြုလုပ်ပါသည်။ ACRC သည် အစိုးရအဖွဲ့အစည်းများ၏ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကြိုးပမ်း အားထုတ်မှုများကို တိုင်းတာကာ အဆင့်သတ်မှတ်ပေးသည် AIA ကို လုပ်ဆောင်သောအခါတွင် မိမိတို့ဖာသာ ဆန်းစစ် လေ့လာမှုပြုသော အစိုးရအဖွဲ့အစည်းများအား အမှတ်ပိုပေးပါသည်။ AIA ရလဒ်များကို အစိုးရအဖွဲ့အစည်းများထံသာမက အများပြည်သူထံသို့လည်း ဖွင့်ဟအသိပေးခြင်း ဖြစ်ပြီး ထိုရလဒ်များသည် CRA ကို ဆောင်ရွက်မှုသည် တိုက်ရိုက်ဆက်နွယ် နေသည်ဖြစ်ရာ ပြည်သူ့ဝန်ထမ်းအဖွဲ့အစည်း ခေါင်းဆောင်များသည် ၎င်းတို့အဖွဲ့အစည်းများ၏ ဖြောင့်မတ်တည်ကြည်မှု ဆိုင်ရာ ရလဒ်များကို များစွာ အလေးထားကြသဖြင့် ဤနည်းသည် ကိုရီးယားနိုင်ငံတွင် အလွန်ပင်အောင်မြင်ထိရောက် ကြောင်း တွေ့ရှိရပါသည်။

အစိုးရအဖွဲ့အစည်းများသည် မိမိတို့ကိုယ်တိုင် ဆန်းစစ်လေ့လာမှုကို ပြုလုပ်ရန် စိန်ခေါ်မှုများ ရှိပါက (ဥပမာ အဖွဲ့အစည်း တွင်းရှိ ဌာနများကြား မတူညီသော အမြင်များ ရှိနေသောအခါ၊ ဥပဒေ□ကမ်းတွင် ထိရှလွယ်သော ကိစ္စရပ်များ ပါရှိနေသော အခါ၊ စသည်) အဖွဲ့အစည်းအကြီးအမှူးက အဆိုပါ ဥပဒေကြမ်းများ၊ ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများအတွက် CRA ကို ဆောင်ရွက်ပေးရန် ACRC ကို ပန်ကြားနိုင်ပါသည်။

## ၉။ မူဝါဒချမှတ်သူများအနေဖြင့် CRA အကြံပြုချက်များကို မဖြစ်မနေ လက်ခံအသုံးပြုရန် လိုအပ်ပါသလား။

မူဝါဒချမှတ်သူများအနေဖြင့် အကြံပြုချက်များကို ဥပဒေအရ မဖြစ်မနေ လက်ခံရမည်ဟု ပြဋ္ဌာန်းထားခြင်း မရှိပါ။ သို့သော် သုံးသပ်စစ်ဆေးချက်ရလဒ်များသည် ကျိုးကြောင်းဆီလျော်ပြီး စနစ်တကျချမှတ်ထားသော စံသတ်မှတ်ချက်များကို အခြေခံထားခြင်း ဖြစ်သည့်အတွက် အုပ်ချုပ်ရေးအဖွဲ့အစည်းများသည် ACRC ၏ အကြံပြုချက်များကို လိုက်နာလေ့ရှိကြ ပါသည်။

အစိုးရအဖွဲ့အစည်းများသည် CRA အကြံပြုချက်များကို လက်ခံရန် ခက်ခဲကြောင်း တွေ့ရှိရပါက အကြံပြုချက်များကို လိုက်နာကျင့်သုံးမှုမပြုနိုင်ခြင်းအတွက် ရှင်းလင်းချက်များ ပေးရန် လိုအပ်ပါသည်။ သို့သော် ACRC က အစိုးရအဖွဲ့အစည်းနှင့် ကြိုတင်တိုင်ပင်ဆွေးနွေးမှုများ ပြုလုပ်ကာ ရလဒ်များနှင့် အကြံပြုချက်များကို ဆွေးနွေးပေးသည့်အတွက် အစိုးရအဖွဲ့အစည်းများသည် များသောအားဖြင့် ACRC ၏ အကြံပြုချက်များကို လိုက်နာလေ့ရှိပါသည်။ ထိုမျှသာမက CRA အစီရင်ခံ စာနှင့် ACRC အကြံပြုချက်များကို ဒုတိယဝန်ကြီးများအစည်းအဝေးများနှင့် အစိုးရဥပဒေပြုရေးဝန်ကြီးဌာန (Ministry of Government Legislation - MOLEG) ၏ ဥပဒေသုံးသပ်မှုလုပ်ငန်းစဉ်တို့တွင်လည်း ဖွင့်ထုတ်ကြေညာပေးပါသည်။ ထို့ကြောင့် အစိုးရအဖွဲ့အစည်းများအနေဖြင့် ACRC ၏ အကြံပြုချက်များကို ကျိုးကြောင်းဆီလျော်သည့် အကြောင်းပြချက် များ မရှိဘဲနှင့် ပယ်ချရန် ခက်ခဲစေပါသည်။ အဘယ်ကြောင့်ဆိုသော် နောက်ပိုင်းတွင် အဆင့်မြင့်ပိုင်းမှ ဆုံးဖြတ်ချက်ချမှတ် သူများက ၎င်းတို့ကို မေးခွန်းထုတ်ခြင်း ခံရနိုင်သောကြောင့် ဖြစ်ပါသည်။

ကိုရီးယားနိုင်ငံတွင် ဖြစ်ခဲ့သော်လည်း အစိုးရအဖွဲ့အစည်းတစ်ခုမှ ACRC အား CRA ကို ပြန်လည်ဆောင်ရွက်ပေးရန် တောင်းဆိုကောင်း တောင်းဆိုနိုင်ပါသည်။ ပြန်လည်ဆောင်ရွက်ပေးရန် တောင်းဆိုမှုကို လက်ခံရရှိပါက ACRC သည် အောက်ပါတို့ကို ဂရုတစိုက်ပြန်လည်သုံးသပ်ပါသည် - က) ပြန်လည်ဆောင်ရွက်ပေးရန် တောင်းဆိုရခြင်း၏ ရည်ရွယ်ချက် နှင့် ကျိုးကြောင်းညီညွတ်မှု၊ ခ) အခြေအနေပြောင်းလဲမှုများ (ဥပမာ ပြင်ပပတ်ဝန်းကျင်ရှိ အပြောင်းအလဲများ) နှင့် ဂ) အဂတိလိုက်စားမှုဖြစ်နိုင်ခြေများကို ပြန်လည်သုံးသပ်စစ်ဆေးမှုတစ်ခု ပြုလုပ်ရန် လိုအပ်ကောင်း လိုအပ်နိုင်သည့် အခြား သော ကျိုးကြောင်းဆီလျော်သည့် အကြောင်းပြချက်များ (ဥပမာ သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် တိုင်ပင်ဆွေးနွေးခြင်း နှင့် ပေါင်းစပ်ညှိနှိုင်းခြင်းဆိုင်ရာ အခက်အခဲများ) ဖြစ်ပါသည်။

CRA ကို ပြန်လည်ဆောင်ရွက်သောအခါတွင် ACRC သည် မူလ CRA လုပ်ငန်းစဉ်၌ ပါဝင်ဆောင်ရွက်ခဲ့ခြင်း မရှိသည့် သုံးသပ်စစ်ဆေးသူအသစ်တစ်ယောက်ကို တာဝန်ပေးအပ်ပါသည်။ ထို့ပြင် ACRC သည် ဥပဒေကြမ်း၊ ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများကို ပြန်လည်သုံးသပ်စစ်ဆေးရန်အတွက် ရှုထောင့်အမျိုးမျိုးမှ ကျွမ်းကျင်ပညာရှင်များ၏ အမြင်များ ကိုလည်း စုဆောင်းရယူပါသည်။

## ၁၀။ CRA သည် တရားစီရင်ရေးမဏ္ဍိုင်မှ စီရင်ဆုံးဖြတ်ချက်များအပေါ် သြဇာသက်ရောက်မှု ရှိပါသလား။

CRA ၏ ရည်ရွယ်ချက်မှာ ဥပဒေကြမ်းများ၊ ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများအတွင်းရှိ အဂတိလိုက်စားမှုကို ဖြစ်နိုင်သော အချက်များအား ဖယ်ရှားရန် ဖြစ်ပြီး တရားစီရင်ဆုံးဖြတ်ချက်အပေါ် သြဇာလွှမ်းမိုးရန် မဟုတ်ပါ။ CRA အကြံပြုချက်များကို ဥပဒေများတွင် ထင်ဟပ်ပါဝင်စေပြီဆိုလျှင် တရားစီရင်ရေးကဏ္ဍမှ ပြင်ဆင်ထားသော ဥပဒေများ၊ စည်းမျဉ်းစည်းကမ်း များကို အဓိပ္ပါယ်ပြန်ဆိုကောက်ယူကာ တရားစီရင်ချက်များကို ချမှတ်ရုံသာ ဖြစ်ပါသည်။

## ၁၁။ CRA ကဲ့သို့သော လုပ်ငန်းစဉ်တစ်ခုကို ချမှတ်လိုသော နိုင်ငံတစ်နိုင်ငံတွင် တည်ဆဲဥပဒေပြဋ္ဌာန်းချက်များသည် အဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့အစည်းအား ထိုကဲ့သို့သော ဆန်းစစ်လေ့လာမှုမျိုးအတွက် လုပ်ပိုင်ခွင့်ပေးမထားလျှင် နိုင်ငံ၏ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေအား ပြင်ဆင်သင့်ပါသလား။

ဤသည်မှာ နိုင်ငံတစ်နိုင်ငံချင်းစီ၏ အခြေအနေပေါ်တွင် မူတည်ပါသည်။ သို့သော် အဂတိလိုက်စားမှုတိုက်ဖျက်ရေး အဖွဲ့အစည်းအား CRA ကို အကောင်အထည်ဖော် ဆောင်ရွက်ခွင့်အား တရားဥပဒေအရ တရားဝင်ပေးအပ်ထားရန် အရေးကြီး ပါသည်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေများနှင့် နည်းဥပဒေများတွင် ဆန်းစစ်လေ့လာမှုကို ပြဋ္ဌာန်းထားခြင်းမရှိသည့် အတွက် CRA ကို ဆောင်ရွက်ရန် တိကျသည့် ဥပဒေရေးရာ အခြေခံတစ်ခု မရှိလျှင် အစိုးရအဖွဲ့အစည်းများသည် CRA လုပ်ငန်းစဉ်ကို ဆန့်ကျင်လာနိုင်ပါသည်။

## ၁၂။ CRA ကို ဆောင်ရွက်ရန်အတွက် မည်သည့် စွမ်းရည်နှင့် ကျွမ်းကျင်မှုများ လိုအပ်ပါသနည်း။

CRA တွင် နယ်ပယ်အမျိုးမျိုးမှ ဥပဒေကြမ်းများနှင့် ဥပဒေများကို ဆန်းစစ်သုံးသပ်ခြင်း ဖြစ်သည့်အတွက် ဥပဒေရေးရာ ကိစ္စရပ်များတွင်သာမက နယ်ပယ်အသီးသီး၊ ကဏ္ဍအသီးသီးတွင်ပါ ကျွမ်းကျင်သော ဝန်ထမ်းများက ဆောင်ရွက်နိုင်လျှင် ကောင်းသည်ဟု ACRC က အကြံပြုပါသည်။ ACRC သည် CRA ဌာနခွဲကို စတင်တည်ထောင်စဉ်က ဝန်ထမ်းများ (စုစုပေါင်း ၃၀ ရှိသည့်အနက်) ၏ သုံးပုံတစ်ပုံသည် စာချုပ်ဖြင့် ငှားရမ်းထားသော ရှေ့နေများဖြစ်ပါသည်။ ကျန်ရှိသည့် ဝန်ထမ်းများမှာ ကဏ္ဍအသီးသီးမှ အစိုးရအရာရှိများ ဖြစ်ပါသည်။ ထိုကဲ့သို့သော ဖွဲ့စည်းပုံကြောင့် CRA အဖွဲ့တွင် ပြည်သူ့အုပ်ချုပ်ရေး အကြောင်း ပြည့်စုံစွာ နားလည်သိရှိမှုအပြင် လိုအပ်သော ဥပဒေရေးရာ ကျွမ်းကျင်မှုများလည်း ရှိပါသည်။

အဂတိလိုက်စားမှုဖြစ်နိုင်ခြေများကို သတ်မှတ်ဖော်ထုတ်ရန်နှင့် အကြံပြုချက်များ ပေးရန်အတွက် ဝန်ထမ်းများသည် CRA စံသတ်မှတ်ချက်များအားလုံးကို ကျွမ်းကျင်ရန် လိုအပ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ဥပဒေကြမ်းများ၊ ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများအတွင်းရှိ အဂတိလိုက်စားမှုဖြစ်နိုင်ခြေများကို သိရှိဖော်ထုတ်နိုင်ရန်အတွက် CRA စံသတ်မှတ်ချက် အမျိုးမျိုးကို တစ်ပြိုင်နက်တည်း အသုံးပြုရန် လိုအပ်သောကြောင့်ဖြစ်သည်။ ဆန်းစစ်လေ့လာမှုတစ်ခုကို ဆောင်ရွက်သော အခါတွင် CRA စံသတ်မှတ်ချက်များအားလုံးကို အသုံးပြုနိုင်ရန် လိုအပ်သည့်အတွက် CRA ကို ဆောင်ရွက်သော ဝန်ထမ်း များအား အထွေထွေကျွမ်းကျင်သူများအဖြစ် ရှုမြင်နိုင်ပါသည်။

ထို့ပြင် ၎င်းတို့သည် သက်ဆိုင်ရာ ဥပဒေကြမ်းများ၊ ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများသည် အခြားသော အထက်ဥပဒေ များ၊ လက်အောက်ခံဥပဒေစည်းမျဉ်းစည်းကမ်းများနှင့် မည်သို့ အပြန်အလှန်ဆက်နွယ်နေကြောင်းကိုလည်း နားလည်သိရှိဖို့ လိုအပ်ပါသည်။ ဥပမာ ဝန်ကြီးဌာနမှထုတ်ပြန်သော အမိန့်၊ စည်းမျဉ်းဥပဒေတစ်ခုအား CRA ဆန်းစစ်လေ့လာမှု ပြုသော အခါတွင် ယင်း၏ အချို့သော ပြဋ္ဌာန်းချက်များသည် အထက်ဥပဒေများတွင် ပြဋ္ဌာန်းထားနိုင်သကဲ့သို့ အုပ်ချုပ်ရေးဆိုင်ရာ လုပ်ငန်းများကိုလည်း လက်အောက်ခံစည်းမျဉ်းစည်းကမ်းများတွင် ပြဋ္ဌာန်းပေးထားနိုင်ပါသည်။ သက်ဆိုင်သည့် ဥပဒေ စည်းမျဉ်းစည်းကမ်းများအားလုံးကို ဘက်စုံခြုံငုံသုံးသပ်ဆန်းစစ်ခြင်းမပြုဘဲနှင့် ဆန်းစစ်လေ့လာနေသော ဥပဒေကြမ်းများ၊ ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများအတွင်းရှိ အဂတိလိုက်စားမှုဖြစ်နိုင်ခြေများကို လွှမ်းခြုံသုံးသပ်ရန် မဖြစ်နိုင်ပါသည်။

ACRC သည် CRA ဆန်းစစ်လေ့လာမှုများနှင့် အကြံပြုချက်များအားလုံးကို စုစည်းသိမ်းဆည်းထားသော အချက်အလက် စနစ် (database) တစ်ခုကိုလည်း ထားရှိပါသည်။  အဆိုပါ အချက်အလက်များအား သင်တန်းအထောက်အကူများအဖြစ် အသုံးပြုခြင်းဖြင့် CRA ဌာနခွဲမှ ဝန်ထမ်းသစ်များပင်လျှင် အဂတိလိုက်စားမှုဖြစ်နိုင်ခြေများမှာ အဘယ်နည်း၊ အဂတိလိုက် စားမှုကို ဖြစ်စေနိုင်သော အချက်များအား ဖော်ထုတ်သိရှိရန် CRA စံသတ်မှတ်ချက်များကို မည်သို့ အသုံးပြုရမည်နည်း ဆိုသည်ကို အချိန်တိုအတွင်း လေ့လာသင်ယူနိုင်ပါသည်။ ထို့ပြင် ၎င်းတို့သည် ထိရောက်သော CRA အကြံပြုချက်များ ပြုလုပ်ပေးနိုင်စွမ်း မြင့်မားလာစေရန်အတွက် ယခင်က ပြုလုပ်ခဲ့သော CRA အကြံပြုချက်စံနမူနာများမှလည်း လေ့လာသင် ယူနိုင်ပါသည်။

CRA လုပ်ငန်းစဉ်သည် အလွန်တွက်ခြေကိုက်သော လုပ်ငန်းစဉ်တစ်ခု ဖြစ်ပါသည်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေး အဖွဲ့အစည်းအတွင်းတွင် အခြေတကျဖြစ်ပြီဆိုလျှင် CRA ကို လိုအပ်သော ကျွမ်းကျင်မှုများ ရှိသည့် ဝန်ထမ်းအနည်းငယ်မျှဖြင့် ဆောင်ရွက်နိုင်ပါသည်။ CRA ကို အကောင်အထည်ဖော်သည့် ကနဦးဆင့်တွင် ငွေကြေးနှင့် လူစွမ်းအားအရင်းအမြစ်များကို လုံလောက်စွာ ခွဲဝေချထားပေးရန် ACRC က အကြံပြုပါသည်။ သို့မှသာ နောက်ပိုင်းတွင် လိုအပ်သည့် ကျွမ်းကျင်မှုများ ရှိသော ဝန်ထမ်းအနည်းငယ်မျှဖြင့် ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

## ၁၃။ ACRC သည် CRA ကို ဆောင်ရွက်သောအခါ အခြားသော သက်သေအထောက်အထားများကို ရည်ညွှန်းကိုးကားမှု ပြုပါသလား။

မေးခွန်း ၁၂ တွင် ဖော်ပြထားသကဲ့သို့ ACRC အရာရှိများသည် CRA ဆောင်ရွက်နေသော ဥပဒေကြမ်းများ၊ ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့် စပ်လျဉ်းသည့် အခြားသက်ဆိုင်ရာ ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများကိုလည်း သုံးသပ် စစ်ဆေးပါသည်။ ၎င်းတို့သည် ဥပဒေမူဘောင်အား ပြည့်စုံစွာ နားလည်သိရှိသည့်အတွက် သက်ဆိုင်ရာ ဥပဒေစာသား များကို ဆန်းစစ်လေ့လာကာ CRA အကြံပြုချက်များကို ပေးပါသည်။

## ၁၄။ နိုင်ငံများအနေဖြင့် CRA ကို ဆောင်ရွက်သောအခါ မည်သည့်နေရာမှ စတင်သင့်ပါသနည်း။

CRA ကို ဆောင်ရွက်ရန် ကြိုးပမ်းသော နိုင်ငံများသည် ထိရောက်မှုရှိစေရန်အတွက် CRA လုပ်ငန်းစဉ်ကို နိုင်ငံ၏ ဥပဒေ ရေးရာနှင့် လုပ်ထုံးလုပ်နည်းဆိုင်ရာ အခြေအနေများနှင့် လိုက်လျောညီထွေပြောင်းလဲဆောင်ရွက်ရန် လိုအပ်ကြောင်း အလေးအနက်ထား ပြောကြားလိုပါသည်။

ကနဦးအဆင့်တွင် ဆန်းစစ်လေ့လာမှု၏ အကျိုးအာနိသင်ကို လက်တွေ့ပြသနိုင်ရန်အတွက် အကောင်အထည်ဖော်ရာတွင် ပြည်သူများ၏ နေ့စဉ်ဘဝအပေါ်တွင် သက်ရောက်မှု ပိုမိုကြီးမားသည့် ဥပဒေများအား ဦးစားပေးကာ CRA ကို ဆောင်ရွက် ရန် ACRC က အကြံပြုပါသည်။ ထိုဥပဒေများမှာ -

က။ အုပ်ချုပ်ရေးစည်းမျဉ်းစည်းကမ်းများကဲ့သို့သော လက်အောက်ခံဥပဒေများ
အုပ်ချုပ်ရေးစည်းမျဉ်းစည်းကမ်းများတွင် အစိုးရအဖွဲ့အစည်းများ၏ လုပ်ပိုင်ခွင့်တာဝန်များနှင့် လုပ်ငန်းများကို တိကျစွာ ပြဋ္ဌာန်းပေးထားပါသည်။ ထို့ကြောင့် အုပ်ချုပ် ရေးစည်းမျဉ်းစည်းကမ်းများအတွင်းရှိ အဂတိလိုက်စားမှုဖြစ်စေနိုင်သော အချက်များကို ဖယ်ရှားပေးခြင်းသည် ပြည်သူများ၏ ဘဝအပေါ် သက်ရောက်သော ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့အစည်းများ၏ ဖြောင့်မတ်တည်ကြည်မှုကို အားကောင်းစေ ပါသည်။

ခ။ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ၏ ဌာနတွင်း စည်းမျဉ်းစည်းကမ်းများ
အဆိုပါအဖွဲ့အစည်းများသည် ပြည်သူများ၏ နေ့စဉ်ဘဝများအပေါ် ကြီးမားသော သက်ရောက်မှုများ ရှိသည့် အုပ်ချုပ်ရေးမဏ္ဍိုင်၏ လုပ်ငန်းများကို ဆောင်ရွက်ရန် ယုံကြည်အပ်နှံခံထားရသော/တာဝန်ပေးအပ်ခံထားရသော အဖွဲ့အစည်းများ ဖြစ်ပါသည်။ လက်ရှိတွင် ACRC မှ နိုင်ငံပိုင် စီးပွားရေးကုမ္ပဏီများ၏ ဌာနတွင်း စည်းမျဉ်းစည်းကမ်းများအတွက် CRA ကို ဆောင်ရွက်ခွင့်ပြုမည့် ဥပဒေကြမ်းအား လွှတ်တော်သို့ တင်သွင်းခဲ့ပါသည်။ လွှတ်တော်မှ ထိုဥပဒေကြမ်းအား အတည်ပြုပြဋ္ဌာန်းခဲ့ခြင်း မရှိသော်လည်း လွှတ်တော် ကိုယ်စားလှယ်များမှ ၎င်းအပေါ် အပြုသဘော ရှုမြင်မှုများ ရှိနေကြပါသည်။

ဂ။ တည်ဆဲဥပဒေများအတွင်းရှိ အချို့သောကဏ္ဍများ
CRA ကို ဆောင်ရွက်သောအခါတွင် ACRC သည် ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများအတွင်းရှိ ဝယ်ယူရေးကဏ္ဍကဲ့သို့ အချို့သောကဏ္ဍများကို ရွေးချယ်ပြီး ဝယ်ယူရေးနှင့် သက်ဆိုင်သော ဥပဒေများ၊ အမိန့်ဒီကရီများ၊ အုပ်ချုပ်ရေးစည်းမျဉ်းစည်းကမ်းများ၊ စသည်တို့အားလုံးကို တစ်ပေါင်းတစ်စုတည်း သုံးသပ်လေ့လာပါသည်။ ၎င်းသို့ဆောင်ရွက်ခြင်းကြောင့် ACRC သည် ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများအားလုံးကို ခြုံငုံကာ အဂတိလိုက်စားမှုဖြစ်နိုင်ခြေများသော နယ်ပယ်များကို သတ်မှတ်ဖော်ထုတ်ကာ ဖယ်ရှားပေးနိုင်ပါသည်။

# ၄။

# အက်ဥပဒေများ၊ နည်းဥပဒေ၊စည်းမျဉ်း စည်းကမ်းများနှင့် အုပ်ချုပ်ရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများအတွက် CRA ဆောင်ရွက်ခြင်း

# ၄။ အက်ဥပဒေများ၊ နည်းဥပဒေ၊စည်းမျဉ်းစည်းကမ်းများနှင့် အုပ်ချုပ်ရေးဆိုင်ရာ စည်းမျဉ်း စည်းကမ်းများအတွက် CRA ဆောင်ရွက်ခြင်း

## ဥပဒေကြမ်းများနှင့် နည်းဥပဒေစည်းမျဉ်းစည်းကမ်းမူကြမ်းများကို ဆန်းစစ်လေ့လာခြင်း

အစိုးရဌာနအဖွဲ့အစည်းများက ACRC အား ၎င်းတို့၏ ဥပဒေကြမ်းများနှင့် နည်းဥပဒေစည်းမျဉ်းစည်းကမ်း မူကြမ်းများ ကို စိစစ်သုံးသပ်ပေးရန် ပန်ကြားလာပါက CRA အား စံလုပ်ငန်းစဉ်တစ်ခုဖြင့် ဆောင်ရွက်ပါသည်။ အောက်ပါဇယား တွင် ဥပဒေကြမ်းများအတွက် ဆောင်ရွက်သော CRA လုပ်ငန်းအဆင့်ဆင့်အား ဖော်ပြထားပါသည်။

ဥပဒေကြမ်းများနှင့် နည်းဥပဒေစည်းမျဉ်းစည်းကမ်းမူကြမ်းများအား ဆန်းစစ်လေ့လာသည့် CRA လုပ်ငန်းစဉ်

| CRA လုပ်ငန်းစဉ်အဆင့်ဆင့် | CRA အတွက် အစိုးရဌာနအဖွဲ့အစည်းများမှ ဆောင်ရွက်ရသည့် လုပ်ငန်းများ | ACRC မှ ဆောင်ရွက်ရသော လုပ်ငန်းများ |
|---|---|---|
| ၁။ CRA ဆောင်ရွက်ပေးရန် ပန်ကြားခြင်း | ▫ (ဥပဒေကြမ်းအပါအဝင်) ဆန်းစစ်လေ့လာ ရမည့် စာရွက်စာတမ်းများကို ACRC သို့ တင်ပြခြင်း၊ | ▫ CRA အတွက် ဆန်းစစ်လေ့လာရမည့် စာရွက်စာတမ်းများကို လက်ခံခြင်း၊ |
| ၂။ CRA ဆောင်ရွက်ခြင်း | ▫ အခြားဥပဒေပြုလုပ်ငန်းစဉ်များကို ဆောင် ရွက်ခြင်း (ဥပမာ သက်ဆိုင်ရာ အဖွဲ့အစည်း များနှင့် တိုင်ပင်ဆွေးနွေးခြင်း၊ ဥပဒေကြမ်း အား ကနဦးထုတ်ပြန်ကြေညာခြင်း)၊ | ▫ CRA ဌာနမှ ဆန်းစစ်လေ့လာသူများက တင်ပြလာသော စာရွက်စာတမ်းများအပေါ် CRA လုပ်ဆောင်ခြင်း၊ |
| ၃။ CRA ရလဒ်များ ထုတ်ပြန် ခြင်းနှင့် အကြံပြုချက်များ ပေးခြင်း၊ | | ▫ ဆန်းစစ်လေ့လာသူများက သက်ဆိုင်ရာ အစိုးရအဖွဲ့အစည်းထံ CRA ရလဒ်များ အသိပေးခြင်းနှင့် အကြံပြုချက်များ ပေးခြင်း၊ |
| ၄။ ဆန်းစစ်လေ့လာပြီး နောက်ပိုင်း ဆောင်ရွက် ချက်များ | ▫ CRA အကြံပြုချက်များအတိုင်း ဥပဒေကြမ်း အား ပြင်ဆင်ရေးဆွဲခြင်းနှင့် ACRC သ အစီရင်ခံစာတင်သွင်းခြင်း၊<br>▫ ပင်ဆင်ရေးဆွဲထားသော ဥပဒေကြမ်းအား စိစစ်သုံးသပ်ရန် MOLEG သို့ တင်သွင်းခြင်း၊ | ▫ ဥပဒေကြမ်းအား MOLEG သို့ မတင်သွင်း မီ CRA အကြံပြုချက်များအတိုင်း ပြင်ဆင် ရေးဆွဲခြင်း ရှိ/မရှိ စောင့်ကြည့်ခြင်း၊ |

### ၁) CRA ဆောင်ရွက်ပေးရန် ပန်ကြားခြင်း

အစိုးရအဖွဲ့အစည်းအတွင်းရှိ ဥပဒေကြမ်းရေးဆွဲရေးဌာနများက ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများကို ပြဋ္ဌာန်းရန် သို့မဟုတ် ပြင်ဆင်ရန် အဆိုပြုလွှာမူကြမ်းကို စတင်ပြုစုချိန်မှစ၍ CRA ကိုလည်း စတင်ပြုလုပ်ပါသည်။ အစိုးရအဖွဲ့ အစည်းများသည် ဥပဒေဆန်းစစ်လေ့လာမှုဌာနများမှ အတည်ပြုချက်ရရှိပြီးနောက်တွင် ဥပဒေအဆိုပြုလွှာနှင့် ဆန်းစစ် လေ့လာရမည့် စာရွက်စာတမ်းများအား ACRC သို့ တင်ပြကာ CRA ကို ဆောင်ရွက်ပေးရန် ပန်ကြားပါသည်။

ဥပဒေကြမ်းများသည် အသစ်ပြဋ္ဌာန်းခြင်းလား/ အစအဆုံးပြင်ဆင်ခြင်းလား သို့မဟုတ် တစ်စိတ်တစ်ပိုင်းပြင်ဆင်ခြင်း လား ဆိုသည့်ပေါ်တွင် မူတည်ကာ ACRC သို့ တင်ပြရန် လိုအပ်သည့် စာရွက်စာတမ်းများကို သတ်မှတ်ထားပါသည်။ ACRC သို့ တင်ပြရန်လိုအပ်သည့် စာရွက်စာတမ်းများကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

ACRC သို့ ဆန်းစစ်လေ့လာရန် တင်ပြရမည့် စာရွက်စာတမ်းများ

| အသစ်ပြဋ္ဌာန်းခြင်း/ပြင်ဆင်ခြင်း | ဆန်းစစ်လေ့လာရမည့် စာရွက်စာတမ်းများ | မှတ်ချက် |
|---|---|---|
| ဥပဒေများ၊ နည်းဥပဒေစည်းမျဉ်း စည်းကမ်းများအား တစ်စိတ်တစ် ပိုင်း ပြန်လည်ပြင်ဆင်ခြင်း | ▫ ဥပဒေအဆိုပြုလွှာ<br>▫ အခြေခံဆန်းစစ်လေ့လာရမည့် စာရွက်စာတမ်းများ၊<br>▫ ဥပဒေပြင်ဆင်မှုနှင့်စပ်လျဉ်း၍ ဌာနမှ ရှင်းလင်းတင်ပြချက်များ၊ | ▫ ACRC မှ တောင်းခံပါက အခြားစာရွက် စာတမ်းများ (ဥပမာ အသေးစိတ်ဆန်းစစ် လေ့လာရမည့် စာရွက်စာတမ်းများ၊ ပြဋ္ဌာန်း ချက်တစ်ခုချင်းစီအတွက် ပြန်လည်ပြင်ဆင် ရသည့် အကြောင်းရင်းများ၊ လူထုကြားနာ ပွဲဆိုင်ရာ စာရွက်စာတမ်းများ၊ သုတေသန အချက်အလက်များ၊ စသည်) ကိုလည်း တင်ပြရပါသည်။ |
| ဥပဒေများနှင့် နည်းဥပဒေစည်းမျဉ်း စည်းကမ်းများရှိ ပြဋ္ဌာန်းချက်များ အားလုံးကို အသစ်ပြဋ္ဌာန်းခြင်း/ အစအဆုံး ပြင်ဆင်ခြင်း | ▫ ဥပဒေအဆိုပြုလွှာ<br>▫ အခြေခံဆန်းစစ်လေ့လာရမည့် စာရွက်စာတမ်းများ၊<br>▫ အသေးစိတ်ဆန်းစစ်လေ့လာရမည့် စာရွက်စာတမ်းများ<br>▫ အသစ်ပြဋ္ဌာန်းရခြင်း သို့မဟုတ် ပြင်ဆင်ရခြင်းအကြောင်းကို ဌာနမှ ရှင်းလင်းတင်ပြချက်များ | ▫ ACRC မှ တောင်းခံပါက အခြားစာရွက် စာတမ်းများ (ဥပမာ ပြဋ္ဌာန်းချက်တစ်ခုချင်း စီအတွက် ပြန်လည်ပြင်ဆင်ရသည့် အကြောင်းရင်းများ၊ လူထုကြားနာပွဲဆိုင်ရာ စာရွက်စာတမ်းများ၊ သုတေသန အချက် အလက်များ၊ စသည်) ကိုလည်း တင်ပြရပါသည်။ |

ကိုရီးယားနိုင်ငံတွင် အချို့သော ဥပဒေများနှင့် နည်းဥပဒေစည်းမျဉ်းစည်းကမ်းများသည် CRA မှ ကင်းလွတ်ခွင့် ရပါ သည်။ ဥပမာ အဖွဲ့အစည်းများ၏ ဖွဲ့စည်းပုံ၊ နိုင်ငံ၏ အမည်၊ နိုင်ငံတော်အလံနှင့် ခေတ်၏ အမည်၊ ဆု/ဘွဲ့တံဆိပ်၊ ဥပဒေစီရင်ထုံးများနှင့် အများပြည်သူရုံးပိတ်ရက်များ၊ လစာများနှင့် ထောက်ပံ့ကြေးများ၊ မှတ်တမ်းများ၊ ရုံးတံဆိပ်နှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုများကို ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့် နည်းဥပဒေစည်းမျဉ်းစည်းကမ်းများ ဖြစ်ပါသည်။ ယင်းတို့ကိုလည်း လိုအပ်သည်ဟု ယူဆပါက ဆန်းစစ်လေ့လာသူများသည် CRA ကို ဆောင်ရွက်နိုင်သည့် အခွင့်အာဏာ ရှိပါသည်။

တင်ပြထားသော ဥပဒေအဆိုပြုလွှာများအား သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် တိုင်ပင်ဆွေးနွေးမှုများ ပြုစဉ်အတွင်း သို့မဟုတ် ဥပဒေကြမ်းအား ကနဦးထုတ်ပြန်ကြေညာသည့်ကာလအတွင်း ထပ်မံပြင်ဆင်မှုများ ပြုလုပ်ပါက အစိုးရ အဖွဲ့အစည်းများသည် ဆန်းစစ်လေ့လာသူများအား ဥပဒေကြမ်း၏ ထပ်မံပြင်ဆင်ချက်များနှင့်စပ်လျဉ်းသည့် အသေး စိတ်အချက်အလက်များနှင့် ထပ်မံပြင်ဆင်ရခြင်း၏ အကြောင်းရင်းများကို နှောင့်နှေးခြင်းမရှိဘဲ ချက်ချင်း အကြောင်း ကြားရန် လိုအပ်ပါသည်။

## ၂) CRA ကို ဆောင်ရွက်ခြင်း

ACRC ၏ ဌာနမှ ဆန်းစစ်လေ့လာသူများသည် အစိုးရအဖွဲ့အစည်းများမှ တင်ပြထားသော ဆန်းစစ်လေ့လာရမည့် စာရွက်စာတမ်းများအား CRA ဆန်းစစ်လေ့လာမှုစံသတ်မှတ်ချက်များကို အသုံးပြုပါက CRA ကို ဆောင်ရွက်၍ ဥပဒေ ကြမ်းများတွင် ပါရှိသည့် အဂတိလိုက်စားမှုဖြစ်နိုင်ခြေရှိသော အချက်များကို ဆန်းစစ်ဖော်ထုတ်ရပါသည်။ ဥပဒေကြမ်း များကို ဆန်းစစ်လေ့လာစဉ်တွင် ဆန်းစစ်လေ့လာသူများသည် တည်ဆဲဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများတွင် ရှိနေသည့် အဂတိလိုက်စားမှုဖြစ်နိုင်ခြေများကို လျှော့ချရန်အတွက် အဂတိလိုက်စားမှုကို ဖြစ်စေနိုင်သော အချက်များ ရှိသည်ဟု ယူဆရသည့် အခြား သက်ဆိုင်ရာ ပြဋ္ဌာန်းချက်များကိုလည်း ဆန်းစစ်လေ့လာပါသည်။

CRA လုပ်ငန်းစဉ်တစ်လျှောက်လုံးတွင် ဆန်းစစ်လေ့လာသူများသည် သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းများနှင့် မပြတ် တိုင်ပင်ဆွေးနွေးကာ လိုအပ်ပါက သက်ဆိုင်ရာအဖွဲ့အစည်းများ၊ အခြားအကျိုးသက်ဆိုင်သူများ၏ အမြင်များကိုလည်း ရယူစုဆောင်းပါသည်။

ဆန်းစစ်လေ့လာသူများသည် တစ်ခုထက်မကသော အဖွဲ့အစည်းများနှင့် ဆက်နွှယ်နေသည့် ပြဋ္ဌာန်းချက်များကို ဆန်းစစ်လေ့လာသောအခါ သို့မဟုတ် အဂတိလိုက်စားမှုဖြစ်နိုင်ခြေရှိသော အချက်များကို သတ်မှတ်ဖော်ထုတ်နိုင်ရန် အတွက် ပိုမို မြင့်မားသော ကျွမ်းကျင်မှုများကို လိုအပ်သောအခါ CRA ကို တရားမျှတ၍ ထိရောက်စွာ ဆောင် ရွက်နိုင်ရေးအတွက် ပြင်ပမှ ကျွမ်းကျင်ပညာရှင်များ (ဆိုလိုသည်မှာ CRA အကြံပေးအဖွဲ့မှ ပညာရှင်များ သို့မဟုတ် ACRC ၏ ပြင်ပပညာရှင်များစာရင်းတွင် မှတ်ပုံတင်ထားသော ပညာရှင်များ) ထံမှ အကြံဉာဏ်များ ရယူပါသည်။

CRA ရလဒ်များနှင့် အကြံပြုချက်များကို စောင့်ဆိုင်းနေစဉ်တွင် အစိုးရအဖွဲ့အစည်းများသည် သက်ဆိုင်ရာဝန်ကြီးဌာန များနှင့် တိုင်ပင်ဆွေးနွေးခြင်း၊ ဥပဒေကြမ်းအား ကနဦးထုတ်ပြန်ကြေညာခြင်းကဲ့သို့သော ဥပဒေပြုရေးလုပ်ငန်းစဉ်တွင် ဆောင်ရွက်ရန် လိုအပ်သည်များကို ဆက်လက်ဆောင်ရွက်နေပါသည်။ အောက်ပါဇယားတွင် ဥပဒေကြမ်းတစ်ခု အတွက် ဆောင်ရွက်ခဲ့သော CRA တစ်ခုကို သာဓကအဖြစ် တင်ပြထားပါသည်။

CRA သာဓက - "ရှေးဦးအရွယ် ကလေးသူငယ်ပညာရေးအက်ဥပဒေ"

| ဆန်းစစ်သည့်ပုဒ်မ | အဂတိလိုက်စားမှုဖြစ်နိုင်ခြေများ | CRA အကြံပြုချက် |
|---|---|---|
| ပုဒ်မ ၄၉ (ရာဇဝတ်ပြစ်မှု ဆိုင်ရာပြဋ္ဌာန်းချက်များ) | ▫ အဂတိလိုက်စားမှုဖြစ်နိုင်ခြေများကို ဖော်ထုတ်သိရှိရန် "Adequacy of disciplinary regulations" စံသတ်မှတ်ချက်ကို အသုံးပြုနိုင်ပါသည်။<br>▫ သတင်းအချက်အလက်များအား အလွဲသုံး စားပြုခြင်း သို့မဟုတ် အပြင်လူအား ရောင်းချ ခြင်းအတွက် ပြစ်ဒဏ်များကို အခြားသက်ဆိုင် ရာ ဥပဒေများတွင် ပြဋ္ဌာန်းထားပါသည်။<br>▫ သို့သော် ဆန်းစစ်လေ့လာခဲ့သော ဥပဒေတွင် ကလေးများ၏ သူငယ်တန်းမှတ်တမ်းများ၊ ဆေး စစ်ချက်မှတ်တမ်းများကို အလွဲသုံးစားပြုခြင်း သို့မဟုတ် ထိုသတင်းအချက်အလက်များကို အပြင်လူသို့ ပေးခြင်းများအတွက် မည်သို့ ပြစ်ဒဏ်ချမှတ်မည်ဆိုသည်ကို ပြဋ္ဌာန်းထားခြင်းမရှိပါ။ ယင်းသည် စည်းကမ်းထိန်းသိမ်းရေး စည်းမျဉ်းစည်းကမ်းများအား လုံလောက်သည့် အတိုင်းအတာအထိ ချမှတ်ထားခြင်းမရှိသည့် အခြေအနေဖြစ်ပါသည်။ | ပုဒ်မ ၄၉ (ရာဇဝတ်ပြစ်မှု ဆိုင်ရာ ပြဋ္ဌာန်းချက်များ)<br>ပြဋ္ဌာန်းချက်တစ်ခု ထပ်ဖြည့်ရန်<br>ကလေးငယ်များ၏ သူငယ်တန်းမှ လူပ် ရှားမှုများနှင့်စပ်လျဉ်းသည့် မှတ်တမ်း များကို အလွဲစားသုံးစားပြုသူ သို့မဟုတ် အပြင်လူသို့ ပေးသူ သို့မဟုတ် ကလေး များ၏ ဆေးစစ်ချက်မှတ်တမ်းများကို အပြင်လူသို့ ပေးသူ မည်သူမဆိုသည် ○○ နှစ်ထက်မပိုသော ထောင်ဒဏ် သို့မဟုတ် ကိုရီးယားဝမ်ငွေ ○○ ထက် မပိုသော ဒဏ်ကြေး ချမှတ်ခြင်းခံရမည်။<br>- |

## ၃) CRA ရလဒ်များ ထုတ်ပြန်ခြင်းနှင့် အကြံပြုချက်များ ပေးခြင်း

ဆန်းစစ်လေ့လာသူများသည် CRA လုပ်ငန်းစဉ်သည် ဥပဒေပြုမှုလုပ်ငန်းစဉ်အား နှောင့်နှေးခြင်းမရှိစေရန်အလို့ငှာ CRA အား ရက်ပေါင်း ၄၀ အတွင်း (ယင်းသည် သက်ဆိုင်ရာဌာနအဖွဲ့အစည်းများနှင့် တိုင်ပင်ဆွေးနွေးသည့်အဆင့်မှ ဥပဒေကြမ်းအား ကနဦးထုတ်ပြန်ကြေညာသည့်ကာလ ပြီးဆုံးသည့်နေ့အထိ အချိန်ကာလ ဖြစ်ပါသည်) ပြီးစီးအောင် ဆောင်ရွက်လေ့ရှိပါသည်။ ဥပဒေကြမ်းအား ကနဦးထုတ်ပြန်ကြေညာသည့် ကာလပြီးဆုံးချိန်တွင် CRA ကို ပြီးဆုံး အောင် ဆောင်ရွက်နိုင်ဖွယ်မရှိသည့် ခိုင်လုံသောအကြောင်းများ (ဥပမာ ဥပဒေကြမ်းအား တင်သွင်းရာတွင် နှောင့် နှေးခြင်း၊ စာရွက်စာတမ်းများ ဖြည့်စွက်ဆန်းစစ်လေ့လာရန် လိုအပ်ခြင်း၊ တိုင်ပင်ဆွေးနွေးမှုလုပ်ငန်းစဉ်တွင် နှောင့်နှေး မှုများ ရှိခြင်း၊ သို့မဟုတ် ဥပဒေကြမ်းအား ထပ်မံပြင်ဆင်ခြင်း) ရှိပါက ဆန်းစစ်လေ့လာသည့်ကာလအား ဥပဒေကြမ်း ကနဦးထုတ်ပြန်သည့်ကာလ၏ နောက်ဆုံးရပ်မှစ၍ ရက်ပေါင်း ၄၀ ထပ်တိုးနိုင်ပါသည်။ သို့သော်လည်း ဆန်းစစ်လေ့ လာသူများသည် CRA အား တတ်နိုင်သမျှ အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်ဖို့ လိုပါသည်။

CRA လုပ်ငန်းစဉ်ပြီးဆုံးပါက ဆန်းစစ်လေ့လာသူများသည် ဆန်းစစ်လေ့လာချက်အစီရင်ခံစာများကို ချက်ချင်းရေးသား ပြုစုရပါသည်။ CRA ရလဒ်များနှင့် အကြံပြုချက်များအား တရားဝင်အကြောင်းကြားခြင်းမပြုမီ သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ဦးစွာ တိုင်ပင်ဆွေးနွေးပြီး CRA ရလဒ်များနှင့် အကြံပြုချက်များအတွက် ကျိုးကြောင်းရှင်းလင်းချက်များ ပေးပါသည်။ ထိုသို့ တိုင်ပင်ဆွေးနွေးမှုသည် သက်ဆိုင်ရာအစိုးရဝန်ကြီးဌာနများအား CRA ရလဒ်များနှင့် အကြံပြု ချက်များကို ရှင်းလင်းပြောပြရန်နှင့် ဆွေးနွေးရန် အခွင့်အလမ်းများ အလုံအလောက် ရရှိစေသည့်အတွက် CRA ရလဒ် များအား အစိုးရဌာနအဖွဲ့အစည်းများမှ ဆန့်ကျင်မှုများ နည်းပါးစေရန် အထောက်အကူပြုပါသည်။ CRA ရလဒ်များ အနေဖြင့် ဆန်းစစ်လေ့လာရန် တင်ပြသော ဥပဒေကြမ်းတွင် အဂတိလိုက်စားမှုဖြစ်စေနိုင်သော အချက်များ မပါရှိ ကြောင်း လက်ခံခွင့်ပြုခြင်း၊ ဥပဒေကြမ်းအား တစ်စိတ်တစ်ပိုင်း လက်ခံခွင့်ပြုခြင်းနှင့် ပိုကောင်းအောင် ပြင်ဆင်ရမည့် အချက်များကို အကြံပြုခြင်း၊ တင်ပြသောဥပဒေကြမ်းအား ရုပ်သိမ်းရန် အကြံပြုခြင်းတို့ ဖြစ်နိုင်ပါသည်။ ဆန်းစစ် လေ့လာသူများသည် တင်ပြလာသော ဥပဒေကြမ်းအား ပယ်ဖျက်ခြင်းထက် အစိုးရအဖွဲ့အစည်းများအား ၎င်းတို့၏ ဥပဒေကြမ်းတွင် ပါရှိသည့် အဂတိလိုက်စားမှုကို ဖြစ်စေနိုင်သော အချက်များအား ဖယ်ရှားကာ ပြန်လည်ပြင်ဆင် နိုင်စေမည့် အကြံပြုချက်များကို ပေးနိုင်ရန် ကြိုးပမ်းကြပြီး ပြန်လည်ပြင်ဆင်ထားသည့် ဥပဒေကြမ်း အား CRA လုပ်ငန်းစဉ်တစ်ခုလုံးကို ပြန်လည်လုပ်ဆောင်ခြင်း မပြုတော့ဘဲ MOLEG သို့ ဥပဒေစိစစ်သုံးသပ်ရန် တင်ပြနိုင်ပါသည်။

CRA ရလဒ်များသည် စည်းမျဉ်းစည်းကမ်း ပြုပြင်ပြောင်းလဲရေးကော်မတီမှ ဆောင်ရွက်သော စည်းမျဉ်းစည်းကမ်းများ ၏ သက်ရောက်မှုများ ဆန်းစစ်လေ့လာချက်နှင့် ဆက်စပ်မှုရှိပါက ACRC သည် CRA ရလဒ်များအား ထိုကော်မတီသို့ တင်ပြနိုင်ပါသည်။ CRA ရလဒ်များသည် ဥပဒေစိစစ်သုံးသပ်မှုတွင် ရည်ညွှန်းကိုးကားချက်များအဖြစ် အသုံးပြုနိုင်ပါက ACRC သည် CRA ရလဒ်များအား MOLEG သို့လည်း လွှဲပြောင်းပေးအပ်နိုင်ပါသည်။

ထိုမျှသာမက CRA ရလဒ်များနှင့်အကြံပြုချက်များအား ဒုတိယဝန်ကြီးများအစည်းအဝေးနှင့် အစိုးရအဖွဲ့ဝန်ကြီးများ အစည်းအဝေးတို့တွင်လည်း ရည်ညွှန်းကိုးကားရန် တင်ပြနိုင်ပါသည်။ ထို့ကြောင့် အစိုးရအဖွဲ့အစည်းများအနေဖြင့် CRA ရလဒ်များနှင့် အကြံပြုချက်များအား လျစ်လျူရှုထားရန် ခက်ခဲစေပါသည်။ အဘယ်ကြောင့်ဆိုသော် ထိုသို့ လျစ်လျူရှုထားပါက နောက်ပိုင်းတွင် အစိုးရအဆင့်မြင့်ပိုင်းမှ ဆုံးဖြတ်ချက်ချမှတ်သူများက မေးခွန်းထုတ်လာနိုင်သော ကြောင့် ဖြစ်သည်။

## ၄) ဆန်းစစ်လေ့လာပြီးနောက်ပိုင်း ဆောင်ရွက်ချက်များ

CRA ရလဒ်များ လက်ခံရရှိပြီးနောက် သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းများက CRA အကြံပြုချက်များအတိုင်း ပြန်လည် ပြင်ဆင်ပြီး CRA မှ အကြံပြုချက်များအား ဥပဒေအဆိုပြုလွှာတွင် မည်သို့ ထည့်သွင်းပြင်ဆင်ထားသည်ကို ရှင်းလင်း တင်ပြထားသည့် အစီရင်ခံစာများကို ACRC သို့ တင်သွင်းပါသည်။ အစိုးရအဖွဲ့အစည်းများသည် ပြင်ဆင်ထားသော ဥပဒေအဆိုပြုလွှာကို ဥပဒေစိစစ်သုံးသပ်မှုအတွက် MOLEG သို့ မတင်ပြမီ ထိုအစီရင်ခံစာများအား ACRC သို့ တင်ပြ ရန် လိုအပ်ပါသည်။ အကယ်၍ အစိုးရအဖွဲ့အစည်းများက CRA အကြံပြုချက်များအား လက်ခံနိုင်ခြင်း မရှိပါက လက်မခံနိုင်ရသည့်အကြောင်းများကို ထိုအစီရင်ခံစာများတွင် ဖော်ပြပေးရန် လိုပါသည်။

ကိုရီးယားတွင် တွေ့ရခဲ့သော်လည်း အစိုးရအဖွဲ့အစည်းများသည် ၎င်းတို့၏ ဥပဒေကြမ်းများကို နောက်တစ်ကြိမ် ပြန်လည်ဆန်းစစ်လေ့လာပေးရန် ACRC အား ပန်ကြားနိုင်ပါသည်။ ထိုသို့ပန်ကြားချက်များ လက်ခံရရှိပါက ACRC သည် အောက်ပါတို့ကို စိစစ်ကာ CRA ကို ပြန်လည်လုပ်ဆောင်သင့်သည့် ခိုင်လုံသောအကြောင်းများ ရှိ/မရှိ ဂရု တစိုက်စဉ်းစားသုံးသပ်ပါသည် - က) ပြန်လည်ဆန်းစစ်ပေးရန် တောင်းဆိုရသည့် ရည်ရွယ်ချက်နှင့် ခိုင်လုံမှု၊ ခ) ပြန် လည်ဆန်းစစ်လေ့လာရန် လိုအပ်သည့် အခြေအနေအပြောင်းအလဲများ (ဥပမာ ပြင်ပပတ်ဝန်းကျင်မှ အပြောင်းအလဲ များ)၊ ဂ) အခြားခိုင်လုံသည့် အကြောင်းရင်းများ (ဥပမာ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် တိုင်ပင်ဆွေးနွေးရန်နှင့် အခက်အခဲများရှိခြင်း) တို့ ဖြစ်ပါသည်။ ပြန်လည်ဆန်းစစ်လေ့လာမှုပြုသောအခါ ACRC သည် ပထမတစ်ကြိမ် CRA ကို ဆောင်ရွက်ရာတွင် မပါဝင်သည့် ဆန်းစစ်လေ့လာသူအသစ်တစ်ဦးကို တာဝန်ပေးပြီး တရားမျှတ၍ ထိရောက်စွာ ဆောင်ရွက်နိုင်စေရန် ကျွမ်းကျင်ပညာရှင်များ၏ သဘောထားအမြင်များကို တောင်းခံပါသည်။

ACRC က အစိုးရအဖွဲ့အစည်းများသည် CRA အကြံပြုချက်များအား တက်ကြွစွာ အကောင်အထည်ဖော်နေခြင်း ရှိ/ မရှိနှင့် ပူးပေါင်းဆောင်ရွက်မှုအတိုင်းအတာတို့ကို ပုံမှန်စောင့်ကြည့်လေ့လာပါသည်။ ထိုစောင့်ကြည့်လေ့လာမှုရလဒ် များအား သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းများနှင့် လုပ်ငန်းစွမ်းဆောင်ရည်ကဲဖြတ်မှုများအတွင်း ပေါင်းစပ်ထည့်သွင်းပါ သည်။ ACRC သည် က) ဥပဒေကြမ်းအား ACRC သို့ မည်မျှ မြန်ဆန်စွာ တင်သွင်းခဲ့သနည်း၊ ခ) အစိုးရအဖွဲ့အစည်း များ၏ ဆန်းစစ်လေ့လာရမည့် စာရွက်စာတမ်းများအား တင်ပြရန် လိုလားမှု၊ ဂ) CRA အကြံပြုချက်များအား အကောင် အထည်ဖော်နေသည့် အနေအထားနှင့် ဃ) မိမိတို့၏ ကိုယ်ပိုင်ဆန်းစစ်လေ့လာမှုစနစ်ကို တည်ထောင်လုပ်ဆောင်နေ မှုတို့အား စစ်ဆေးစိစစ်ပါသည်။

## တည်ဆဲအက်ဥပဒေများနှင့် နည်းဥပဒေစည်းမျဉ်းစည်းကမ်းများအား ဆန်းစစ်လေ့လာမှု

တည်ဆဲအက်ဥပဒေများနှင့် နည်းဥပဒေစည်းမျဉ်းစည်းကမ်းများအတွက်လည်း CRA အား စံလုပ်ငန်းစဉ်တစ်ခုဖြင့် ဆောင်ရွက်ပါသည်။ အောက်ဖော်ပြပါဇယားတွင် တည်ဆဲဥပဒေများနှင့် နည်းဥပဒေစည်းမျဉ်းစည်းကမ်းများအတွက် ဆောင်ရွက်သည့် CRA လုပ်ငန်းစဉ်အဆင့်ဆင့်ကို အကျဉ်းဖော်ပြထားပါသည်။

**တည်ဆဲအက်ဥပဒေများနှင့် နည်းဥပဒေစည်းမျဉ်းစည်းကမ်းများအား ဆန်းစစ်လေ့လာသည့် CRA လုပ်ငန်းစဉ်**

| CRA လုပ်ငန်းစဉ်အဆင့်ဆင့် | CRA အတွက် အစိုးရဌာနအဖွဲ့အစည်းများမ ဆောင်ရွက်ရသည့် လုပ်ငန်းများ | ACRC မှ ဆောင်ရွက်ရသော လုပ်ငန်းများ |
|---|---|---|
| ၁။ CRA ဆောင်ရွက်ပေးရန် ပန်ကြားခြင်း | ▫ ACRC သို့ ဆန်းစစ်လေ့လာရမည့် စာရွက်စာတမ်းများ တင်သွင်းခြင်း၊ | ▫ ဆန်းစစ်လေ့လာမည့် ဥပဒေအား ရွေးချယ်ခြင်းနှင့် အစိုးရအဖွဲ့ အစည်းများ သို့ အကြောင်းကြားခြင်း၊<br>▫ ဆန်းစစ်လေ့လာမည့် စာရွက်စာတမ်း များကို လက်ခံခြင်းနှင့် CRA အတွက် ပြင်ဆင်ခြင်း၊ |
| ၂။ CRA ဆောင်ရွက်ခြင်း | ▫ ဆန်းစစ်လေ့လာရန် ထပ်ဆောင်းလိုအပ် သည့် စာရွက်စာတမ်းများ ပေးပို့ခြင်းနှင့် ACRC နှင့် တိုင်ပင်ဆွေးနွေ | ▫ CRA ဌာနမှ ဆန်းစစ်လေ့လာသူများက တင်ပြလာသော စာရွက်စာတမ်းများအပေါ် CRA စံသတ်မှတ်ချက်များ အသုံးပြုကာ CRA လုပ်ဆောင်ခြင်း၊ |
| ၃။ CRA ရလဒ်များအား ထုတ် ပြန်ခြင်းနှင့် အကြံပြုချက်များ ပေးခြင်း၊ | | ▫ ဆန်းစစ်လေ့လာသူများက သက်ဆိုင်ရာ အစိုးရအဖွဲ့အစည်းထံ CRA ရလဒ်များ အသိပေးခြင်းနှင့် အကြံပြုချက်များပေးခြင်း၊ |
| ၄။ ဆန်းစစ်လေ့လာပြီး နောက်ပိုင်း ဆောင်ရွက် ချက်များ | ▫ CRA အကြံပြုချက်များအတိုင်း ဥပဒေကြမ်း အား ပြင်ဆင်ရေးဆွဲခြင်းနှင့် ACRC သို့ အစီရင်ခံစာတင်သွင်းခြင်း၊<br>▫ ပြင်ဆင်ရေးဆွဲထားသော ဥပဒေကြမ်းအား စိစစ်သုံးသပ်ရန် MOLEG သို့ တင်သွင်းခြင်း၊ | ▫ ဥပဒေကြမ်းအား MOLEG သို့ မတင်သွင်း မီ CRA အကြံပြုချက်များအတိုင်း ပြင်ဆင် ရေးဆွဲခြင်း ရှိ/မရှိ စောင့်ကြည့်ခြင်း၊ |

### ၁) ဆန်းစစ်လေ့လာမည့်အကြောင်းအရာကို ရွေးချယ်ခြင်း

CRA ဌာနမှ ဆန်းစစ်လေ့လာသူများသည် တည်ဆဲအက်ဥပဒေများနှင့် နည်းဥပဒေစည်းမျဉ်းစည်းကမ်းများအတွင်းရှိ အဂတိလိုက်စားမှုဖြစ်နိုင်ခြေရှိသော အချက်များကို စစ်ဆေးရန်အတွက်လည်း CRA ကို ဆောင်ရွက်နိုင်ပါသည်။ တည် ဆဲအက်ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများအား လေ့လာဆန်းစစ်သောအခါ ဆန်းစစ်လေ့လာသူများသည် အစိုးရအဖွဲ့အစည်းများနှင့် တိုင်ပင်ဆွေးနွေးကာ ဆန်းစစ်လေ့လာရမည့် ဥပဒေများ (အဂတိလိုက်စားမှု ဖြစ်နိုင်ခြေများ ကို ကိုင်တွယ်ဖြေရှင်းရန် လိုအပ်သည့် ဥပဒေများ သို့မဟုတ် လုပ်ငန်းတာဝန်များ) ကို ရွေးချယ်ပြီး CRA ကို ဆောင် ရွက်ရန်အတွက် ဆန်းစစ်လေ့လာရမည့် စာရွက်စာတမ်းများကို အစိုးရအဖွဲ့အစည်းများထံမှ လက်ခံရယူပါသည်။

ဆန်းစစ်လေ့လာသူများသည် ဆန်းစစ်လေ့လာရမည့် ဥပဒေများကို ရွေးချယ်ရာတွင် ကာလလတ်/ ကာလရှည် စီမံ ကိန်းတစ်ခု ရေးဆွဲကာ ဆောင်ရွက်ပါသည်။ ဆန်းစစ်လေ့လာသူများသည် ထိုစီမံကိန်းကို ရေးဆွဲရန် ဆုံးဖြတ်လိုက် ပါက ACRC က အုပ်ချုပ်ရေးဌာနများနှင့် အစိုးရအဖွဲ့အစည်းများထံ တည်ဆဲဥပဒေများအတွက် ဆန်းစစ်လေ့လာ ရမည့် ဥပဒေများကို တင်ပြကြရန် တောင်းဆိုပါသည်။ ထို့နောက် ACRC အဖွဲ့အတွင်း တိုင်ပင်ဆွေးနွေးကာ ဆန်းစစ် လေ့လာမှုစီမံကိန်းများကို အပြီးသတ်ရေးဆွဲကာ ဆန်းစစ်လေ့လာမည့်ဥပဒေများကို ဆုံးဖြတ်ရွေးချယ်ခြင်းနှင့် အစိုးရ အဖွဲ့အစည်းများထံမှ CRA ကို ဆောင်ရွက်ရန် လိုအပ်သော စာရွက်စာတမ်းများ တင်ပြရန် တောင်းဆိုခြင်းတို့ လုပ်ဆောင်ပါသည်။

ဆန်းစစ်လေ့လာသူများသည် အရေးကြီးသည့် ကိစ္စရပ်များကို စိစစ်ကာ ဆန်းစစ်လေ့လာမည့်ဥပဒေများကို ရွေးချယ် နိုင်ပါသည်။ ဥပမာ ဆန်းစစ်လေ့လာမှုတစ်ခုအတွင်း အဂတိလိုက်စားမှုဖြစ်နိုင်ခြေများ ရှိသည်ဟု တွေ့ရှိရသော ဥပဒေ များ၊ ပြည်သူလူထုမှ အရေးယူဆောင်ရွက်ပေးရန် တောင်းဆိုမှုများ ဖြစ်ပေါ်စေသည့် အဂတိလိုက်စားမှု အရှုပ်တော် ပုံများနှင့် ဆက်နွှယ်နေသည့် ပြဌာန်းချက်များ၊ စသည်တို့ ဖြစ်ပါသည်။ ထိုသို့ အရေးကြီးသော ကိစ္စရပ်များနှင့် သက်ဆိုင်သည့် ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများကို ရွေးချယ်ကာ တည်ဆဲဥပဒေများ၊ နည်းဥပဒေစည်းမျဉ်း စည်းကမ်းများအတွင်းရှိ အဂတိလိုက်စားမှုဖြစ်နိုင်ခြေများကို လျော့နည်းသွားစေရန် CRA ကို ဆောင်ရွက်ပါသည်။

## ၂) CRA ကို ဆောင်ရွက်ခြင်း

ဆန်းစစ်လေ့လာမည့်ဥပဒေများကို အပြီးသတ်ရွေးချယ်ပြီးပါက အစိုးရဌာနများသည် ACRC သို့ တင်ပြရမည့် စာရွက် စာတမ်းများကို ပြင်ဆင်ကာ တင်သွင်းရပါသည်။ ဆန်းစစ်လေ့လာသူများက CRA ကို ဆောင်ရွက်ရန်အတွက် လိုအပ် သည်ဟုယူဆပါက ဆန်းစစ်လေ့လာရန် ထပ်ဆောင်းလိုအပ်မည့် စာရွက်စာတမ်းများ (စည်းကမ်းထိန်းသိမ်းရေး အစီ ရင်ခံစာများ၊ စာရင်းစစ်ခြင်း /စုံစမ်းစစ်ဆေးခြင်း ရလဒ်များ၊ တိုင်ကြားချက်များကို ကိုင်တွယ်ဖြေရှင်းမှုများ၊ စသည်) ကို သိရှိနိုင်ရန် ကနဦးစုံစမ်းစစ်ဆေးမှုများနှင့် စစ်တမ်းများ ဆောင်ရွက်နိုင်ပါသည်။ အောက်ဖော်ပြပါ ဇယားတွင် တည်ဆဲ အက်ဥပဒေတစ်ခုအတွက် CRA ကို ဆောင်ရွက်ခဲ့သည့် သာဓကကို ဖော်ပြထားပါသည်

CRA သာဓက - "အခြေခံနှင့် အထက်တန်းပညာရေးအက်ဥပဒေ"

### ဆန်းစစ်သည့်ပုဒ်မ

ပုဒ်မ ၃၁-၂ (ထုတ်ပယ်ခြင်းနှင့် စည်း ကမ်းနှင့်မညီ၍ ပိတ်ပင်ခြင်း)

① ပြည်သူ့အရာထမ်းအက်ဥပဒေပုဒ်မ ၃၃ အောက်ရှိ ပုဒ်မခွဲများနှင့် အကျုံးဝင် သည့် မည်သူမဆိုအား ကျောင်းအုပ်ချုပ် ရေးကော်မတီအဖွဲ့ဝင်အဖြစ် ရွေးချယ် ခြင်း မပြုရ။

② ပြည်သူ့အရာထမ်းအက်ဥပဒေပုဒ်မ ၃၃ အောက်ရှိ ပုဒ်မခွဲများနှင့် အကျုံးဝင် သည့် မည်သည့်ကျောင်းလည်ပတ်ရေး ကော်မတီအဖွဲ့ဝင်မဆိုအား အငြိမ်းစားယူစေရမည်။

### အဂတိလိုက်စားမှုဖြစ်နိုင်ခြေ

▫ အဂတိလိုက်စားမှုဖြစ်နိုင်ခြေများကို ဖော်ထုတ်သိရှိရန်အတွက် "ဆုံးဖြတ်ချက်ချမှတ်ပိုင်ခွင့် ပေးအပ်ခြင်း ဆိုင်ရာ အခြေခံ၏ ခိုင်မာမှုနှင့် ဓမ္မဓိဋ္ဌာန် ကျမှု" စံသတ်မှတ်ချက်ကို အသုံးပြုနိုင် ပါသည်။

▫ ထိုပုဒ်မတွင် ကော်မတီအဖွဲ့ဝင်များ အား ပြန်လည် ရွေးကောက်တင်မြှောက် မှုကို ကန့်သတ်သည့် ပြဋ္ဌာန်းချက်တစ်ခု လိုအပ်ပါသည်။ သို့မဟုတ်ပါက အစိုးရအရာရှိများသည် ၎င်းတို့၏ လုပ်ပိုင်ခွင့်အတွင်းမှ နေ၍ အဂတိ လိုက်စားမှု ကျူးလွန်ထားသော ကော်မတီအဖွဲ့ဝင် များကို ပြန်လည် ရွေးကောက်တင်မြှောက်နိုင်ပါသည်။

### CRA အကြံပြုချက်

ပုဒ်မ ၃၁-၂ (ထုတ်ပယ်ခြင်းနှင့် စည်း ကမ်းနှင့်မညီ၍ ပိတ်ပင်ခြင်း)

**ပြဋ္ဌာန်းချက်တစ်ခု ထပ်မံဖြည့်စွက်ခြင်း**

③ ပုဂ္ဂိုလ်ရေးအကျိုးစီးပွား ရရှိရန် အတွက် မိမိ၏ လုပ်ပိုင်ခွင့်အာဏာကို အလွဲသုံးစားပြုခြင်းကြောင့် ကော်မတီမှ ဖယ်ရှားထားသော ကော်မတီဝင်တစ်ဦး အား ○○ နှစ်ကြာသည်အထိ ကော်မတီ ဝင်အဖြစ် ပြန်လည်ရွေးကောက်တင် မြှောက်ခြင်း မပြုရ။

## ၃) CRA ရလဒ်များ ထုတ်ပြန်ခြင်းနှင့် အကြံပြုချက်များ ပေးခြင်း

အစိုးရအဖွဲ့အစည်းများထံ ရလဒ်များအား ထုတ်ပြန်ပေးခြင်းနှင့် အကြံပြုချက်များ ပေးခြင်း မပြုမီ ဆန်းစစ်လေ့လာသူ များသည် CRA အကြံပြုချက်များ (တည်ဆဲဥပဒေများအား အဓိပ္ပါယ်ကောက်ယူမှုနှင့် CRA ရလဒ်များအား ဆန်းစစ် လေ့လာမှုများမှ ထွက်ပေါ်လာသော) အား ထိုအစိုးရအဖွဲ့အစည်းများနှင့် တိုင်ပင်ဆွေးနွေးပါသည်။ အရေးကြီးသော ကိစ္စရပ်များ နှင့်စပ်လျဉ်းသည့် အကြံပြုချက်များကို ပေးနိုင်ရန်အတွက် ဆန်းစစ်လေ့လာသူများသည် သက်ဆိုင်ရာ အဖွဲ့အစည်းများ၊ အကျိုးသက်ဆိုင်သူများ၊ ပညာရှင်များ၏ အမြင်များကို ရယူကာ အကြံပြုချက်များအတွင်း ပေါင်းစပ် ထည့်သွင်းနိုင်ရန်အတွက် လူထုကြားနာပွဲများ သို့မဟုတ် အပြန်အလှန်ဆွေးနွေးပွဲများ ကျင်းပပါသည်။

တိုင်ပင်ဆွေးနွေးမှုလုပ်ငန်းစဉ်များ ပြီးဆုံးသောအခါ ဆန်းစစ်လေ့လာသူများသည် ဆန်းစစ်လေ့လာမှုအစီရင်ခံစာကို ပြုစုကာ CRA အကြံပြုချက်များနှင့် အပြီးအစီးအကောင်အထည်ဖော်ရန် နောက်ဆုံးသတ်မှတ်သည့်ရက်များကို အသိ ပေးရန်အတွက် အစိုးရ အဖွဲ့အစည်းများထံ အစီရင်ခံစာကို မျှဝေပေးပါသည်။

[3] " အရေးကြီးသော ကိစ္စများ" အား CRA အတွက် လုပ်ငန်းဆောင်ရွက်မှုလမ်းညွှန်ချက်များ၏ အပိုဒ် ၉ (၃) တွင် အောက်ပါအတိုင်း အဓိပ္ပါယ်ဖွင့်ဆိုထားပါသည်

(က) ပြည်သူများ၏ဘဝအပေါ် ကြီးမားစွာ သက်ရောက်မှုရှိနိုင်သည့် ကိစ္စများ၊

(ခ) ကြီးမားသည့် အကျိုးစီးပွားယှက်နွယ်မှု ရှိသောအခါ သို့မဟုတ် ACRC နှင့် သက်ဆိုင်ရာအဖွဲ့အစည်းကြား ဆန့်ကျင်ဘက်အမြင်များ ရှိနေသောအခါ၊

(ဂ) ဗဟိုအုပ်ချုပ်ရေးအဖွဲ့အစည်းတစ်ခုထက်မကနှင့် ဆက်စပ်ပတ်သက်သော ကိစ္စများ၊

### ၄) ဆန်းစစ်လေ့လာပြီးနောက်ပိုင်း ဆောင်ရွက်ချက်များ

သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းများသည် CRA ရလဒ်များနှင့်အကြံပြုချက်များအား လက်ခံရရှိပြီးနောက် အဂတိ လိုက်စားမှုကို ဖြစ်စေနိုင်သော အချက်များ ပါဝင်သည့် တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများကို ထိုအကြံပြုချက်များအား ထည့်သွင်းကာ ပြင်ဆင်ရန်အတွက် ဥပဒေအဆိုပြုလွှာကို ပြုစုပါသည်။ ထို့ပြင် အစိုးရ အဖွဲ့အစည်းများသည် ၎င်းတို့၏ ဥပဒေအဆိုပြုလွှာများထဲတွင် CRA အကြံပြုချက်များကို မည်သို့ ထည့်သွင်းပြုစုထား ကြောင်း ရှင်းလင်းတင်ပြထားသည့် အစီရင်ခံစာများကို ACRC သို့ တင်ပြရပါသည်။ ဥပဒေစိစစ်သုံးသပ်ရန်အတွက်  ဥပဒေအဆိုပြုလွှာအား MOLEG သို့ မတင်ပြမီ ထိုအစီရင်ခံစာကို ACRC သို့ ဦးစွာ တင်ပြရပါသည်။ အကယ်၍ အစိုးရ အဖွဲ့အစည်းများက CRA အကြံပြုချက်များအား ထည့်သွင်းဆောင်ရွက်နိုင်ခြင်းမရှိပါက အကြောင်းရင်းများကို ထိုအစီ ရင်ခံစာများတွင် ဖော်ပြပေးရန် လိုပါသည်။

ကိုရီးယားနိုင်ငံတွင် ဖြစ်လေ့ဖြစ်ထမရှိသော်လည်း အစိုးရအဖွဲ့အစည်းများသည် တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်း မျဉ်းစည်းကမ်းများအား ပြန်လည်ဆန်းစစ်လေ့လာပေးရန် ACRC သို့ ပန်ကြားနိုင်ပါသည်။ ထိုသို့ ပြန်လည်ဆန်းစစ်ပေး ရန် ပန်ကြားလွှာများ လက်ခံရရှိပါက ACRC သည် အောက်ပါတို့ကို စိစစ်ကာ CRA ကို ပြန်လည်လုပ်ဆောင်သင့်သည့် ခိုင်လုံသောအကြောင်းများ ရှိ/မရှိ ဂရုတစိုက်စဉ်းစားသုံးသပ်ပါသည် - က) ပြန်လည်ဆန်းစစ်ပေးရန် တောင်းဆိုရ သည့် ရည်ရွယ်ချက်နှင့် ခိုင်လုံမှု၊ ခ) ပြန် လည်ဆန်းစစ်လေ့လာရန် လိုအပ်သည့် အခြေအနေအပြောင်းအလဲများ (ဥပမာ ပြင်ပပတ်ဝန်းကျင်မှု အပြောင်းအလဲ များ)၊ ဂ) အခြားခိုင်လုံသည့် အကြောင်းရင်းများ (ဥပမာ သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် တိုင်ပင်ဆွေးနွေးရန်နှင့် အခက်အခဲများရှိခြင်း) တို့ ဖြစ်ပါသည်။ ပြန်လည်ဆန်းစစ်လေ့လာမှု ပြုသောအခါ ACRC သည် ပထမတစ်ကြိမ် CRA ကို ဆောင်ရွက်ရာတွင် မပါဝင်သည့် ဆန်းစစ်လေ့လာသူအသစ် တစ်ဦးကို တာဝန်ပေးပြီး တရားမျှတ၍ ထိရောက်စွာ ဆောင်ရွက်နိုင်စေရန် ကျွမ်းကျင်ပညာရှင်များ၏ သဘောထား အမြင်များကို တောင်းခံပါသည်။

ACRC က အစိုးရအဖွဲ့အစည်းများသည် CRA အကြံပြုချက်များအား တက်ကြွစွာ အကောင်အထည်ဖော်နေခြင်း ရှိ/ မရှိနှင့် ပူးပေါင်းဆောင်ရွက်မှုအတိုင်းအတာတို့ကို ပုံမှန်စောင့်ကြည့်လေ့လာပါသည်။ ထိုစောင့်ကြည့်လေ့လာမှုရလဒ် များအား သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းများနှင့် လုပ်ငန်းစွမ်းဆောင်ရည်ကဲဖြတ်မှုများအတွင်း ပေါင်းစပ်ထည့်သွင်းပါ သည်။ CRA ပြုလုပ်ထားပြီး နောက်တစ်ကြိမ်ထပ်မံ ဆန်းစစ်လေ့လာသော တည်ဆဲဥပဒေများနှင့် စည်းမျဉ်းစည်းကမ်း များကို ပြင်ဆင်သောအခါ ဥပဒေကြမ်းများတွင် ယခင် CRA အကြံပြုချက်များကို ထည့်သွင်းပြင်ဆင်ထားခြင်း ရှိ/မရှိ ACRC က စစ်ဆေးပါသည်။

## အုပ်ချုပ်ရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းမူကြမ်းများကို ဆန်းစစ်လေ့လာခြင်း

မူအားဖြင့် အုပ်ချုပ်ရေးအဖွဲ့အစည်းများသည် ၎င်းတို့၏ အုပ်ချုပ်ရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများအတွင်းရှိ အဂတိ လိုက်စားမှုကို ဖြစ်စေနိုင်သော အချက်များအား ဖယ်ရှားရန်အတွက် CRA ကို ၎င်းတို့ဖာသာ ဆောင်ရွက်ရန် တာဝန် ရှိပါသည်။ အစိုးရအဖွဲ့အစည်းများမှ ၎င်းတို့ဖာသာ CRA ကို ဆောင်ရွက်နိုင်မှု စွမ်းရည်မြှင့်တင်ပေးရန်အတွက် ACRC သည် CRA လက်စွဲစာအုပ်များနှင့် စစ်ဆေးရန်စာရင်းများ (checklists)၊ CRA ဆောင်ရွက်ထားမှု နမူနာပုံစံများကို အစိုးရအဖွဲ့အစည်းများထံ ဖြန့်ဝေပေးထားပါသည်။

ထို့ပြင် ACRC သည် အောက်ပါအခြေအနေများတွင် အုပ်ချုပ်ရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများအတွက် CRA ကို တိုက်ရိုက်ဆောင်ရွက်နိုင်ပါသည် - က) ဆန်းစစ်လေ့လာသူများသည် ယခင်က ACRC မှ သုံးသပ်လေ့လာထားသော အုပ်ချုပ်ရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို ပြဋ္ဌာန်းသောအခါ သို့မဟုတ် ပြင်ဆင်သောအခါ၊ ခ) အုပ်ချုပ်ရေးအဖွဲ့အစည်းသည် အဂတိလိုက်စားမှုကို ဖြစ်စေနိုင်သောအချက်များအား ဖယ်ရှားရန် ဆန်းစစ်လေ့လာမှုကို ၎င်းတို့ဖာသာ ပြုလုပ်ရန် အခက်အခဲရှိသောအခါတို့ ဖြစ်ပါသည်။

တောင်းဆိုလာပါက ACRC သည် အုပ်ချုပ်ရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းမူကြမ်းများကို ရက်ပေါင်း ၄၀ အတွင်း CRA ကို ပြီးစီးအောင် ဆောင်ရွက်ပေးပြီး ဆန်းစစ်လေ့လာမှုအစီရင်ခံစာများကို အုပ်ချုပ်ရေးအဖွဲ့အစည်းများထံ ပြန်လည် ပေးပို့ပါသည်။

## တည်ဆဲအုပ်ချုပ်ရေးစည်းမျဉ်းစည်းကမ်းများကို ဆန်းစစ်လေ့လာခြင်း

တည်ဆဲအုပ်ချုပ်ရေးစည်းမျဉ်းစည်းကမ်းများထဲရှိ အဂတိလိုက်စားမှုကို ဖြစ်စေနိုင်သော အချက်များကို ဖယ်ရှားရန် အတွက် ACRC သည် အဂတိလိုက်စားမှုကို ဖြစ်စေနိုင်သော အချက်များပါရှိသည့် အုပ်ချုပ်ရေးစည်းမျဉ်းအချို့ကို ဆန်းစစ်လေ့လာရန် ရွေးချယ်၍ CRA ကို ဆောင်ရွက်နိုင်ပါသည်။ ထို့ပြင် ACRC သည် ဥပဒေကြမ်းများ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းမူကြမ်းများအား ထိရောက်စွာ ဆန်းစစ်လေ့လာနိုင်ရန်အတွက် CRA ကို ဆောင်ရွက်နေစဉ်တွင် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကိုလည်း သုံးသပ်လေ့လာကောင်း လေ့လာနိုင်ပါသည်။ အက်ဥပဒေ များနှင့် နည်းဥပဒေစည်းမျဉ်းစည်းကမ်းများသည် များသောအားဖြင့် အချို့သော အုပ်ချုပ်ရေးလုပ်ထုံးလုပ်နည်းများ သို့မဟုတ် လုပ်ငန်းများအား အုပ်ချုပ်ရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများအဖြစ် အစိုးရအဖွဲ့အစည်းများထံ တာဝန် လွှဲပြောင်းကာ လုပ်ပိုင်ခွင့်ပေးလေ့ရှိပါသည်။ ထို့ကြောင့် အဂတိလိုက်စားမှုများကို တားဆီးကာကွယ်ရန်အတွက် အက် ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများအား ဆန်းစစ်လေ့လာရာတွင် အုပ်ချုပ်ရေးစည်းမျဉ်းစည်းကမ်းများ အတွင်းရှိ အဂတိလိုက်စားမှုကို ဖြစ်စေနိုင်သောအချက်များအား ဖြေရှင်းခြင်းမပြုဘဲ ထိရောက်မှု မရှိနိုင်ပါ။

အကယ်၍ အုပ်ချုပ်ရေးစည်းမျဉ်းအချို့အား ACRC ၏ CRA ဆောင်ရွက်ရမည့် ဥပဒေများအဖြစ် ရွေးချယ်ခံရပါက သက်ဆိုင်ရာအစိုးရဌာနများသည် ဆန်းစစ်လေ့လာရာတွင် လိုအပ်မည့် စာရွက်စာတမ်းများအား ACRC မှ ဆန်း စစ်လေ့လာသူများက တောင်းခံသောအခါ ပေးအပ်ရပါသည်။ ဆန်းစစ်လေ့လာသူများသည် အစိုးရဌာနများမှ တင်ပြ လာသော စာရွက်စာတမ်းများကို အကဲဖြတ်ရန်အတွက် လိုအပ်သည်ဟု ယူဆပါက ကနဦးစုံစမ်းစစ်ဆေးမှုများနှင့် စစ်တမ်းများကို ဆောင်ရွက်ပါသည်။

အစိုးရအဖွဲ့အစည်းများထံ ရလဒ်များအား ထုတ်ပြန်ပေးခြင်းနှင့် အကြံပြုချက်များ ပေးခြင်း မပြုမီ ဆန်းစစ်လေ့လာသူ များသည် CRA အကြံပြုချက်များ (တည်ဆဲအုပ်ချုပ်ရေးစည်းမျဉ်းများအား အဓိပ္ပါယ်ကောက်ယူမှုနှင့် CRA ရလဒ်များ ကို ဆန်းစစ်လေ့လာမှုများမှ ထွက်ပေါ်လာသော) အား ထိုအစိုးရအဖွဲ့အစည်းများနှင့် တိုင်ပင်ဆွေးနွေးပါသည်။ အရေး ကြီးသော ကိစ္စရပ်များနှင့်စပ်လျဉ်းသည့်အကြံပြုချက်များ ပေးနိုင်ရန်အတွက် ဆန်းစစ်လေ့လာသူများသည် သက်ဆိုင် ရာအဖွဲ့အစည်းများ၊ အကျိုးသက်ဆိုင်သူများ၊ ပညာရှင်များ၏ အမြင်များကို ရယူကာ အကြံပြုချက်များ အတွင်း ပေါင်း စပ်ထည့်သွင်းပေးရန် လူထုကြားနာပွဲများ သို့မဟုတ် အခြေအတင်ငြင်းခုံသည့် ဆွေးနွေးပွဲများ ကျင်းပပါသည်။

တိုင်ပင်ဆွေးနွေးမှုလုပ်ငန်းစဉ်များ ပြီးဆုံးသောအခါ ဆန်းစစ်လေ့လာသူများသည် ဆန်းစစ်လေ့လာမှုအစီရင်ခံစာကို ပြုစုကာ CRA အကြံပြုချက်များနှင့် ပြီးစီးအောင် အကောင်အထည်ဖော်ရန် နောက်ဆုံးသတ်မှတ်သည့်ရက်များကို အသိပေးရန်အတွက် အစိုးရ အဖွဲ့အစည်းများထံ အစီရင်ခံစာကို မျှဝေပေးပါသည်။

သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းများသည် CRA ရလဒ်များနှင့်အကြံပြုချက်များအား လက်ခံရရှိပြီးနောက် အဂတိ လိုက်စားမှုကို ဖြစ်စေနိုင်သော အချက်များ ပါဝင်သည့် ၎င်းတို့၏ အုပ်ချုပ်ရေး စည်းမျဉ်းစည်းကမ်းများကို ထိုအကြံပြု ချက်များအား ထည့်သွင်းကာ ပြင်ဆင်ရန်အတွက် ဥပဒေအဆိုပြုလွှာကို ပြုစုပါသည်။ ထို့ပြင် အစိုးရအဖွဲ့အစည်းများ သည် ၎င်းတို့၏ ဥပဒေအဆိုပြုလွှာများထဲတွင် CRA အကြံပြုချက်များကို မည်သို့ထည့်သွင်းပြုစုထားကြောင်း ရှင်းလင်း တင်ပြထားသည့် အစီရင်ခံစာများကို ACRC သို့ တင်ပြရပါသည်။ ဥပဒေစိစစ်သုံးသပ်ရန်အတွက် ဥပဒေအဆိုပြုလွှာ အား MOLEG သို့ မတင်ပြမီ ထိုအစီရင်ခံစာကို ACRC သို့ ဦးစွာ တင်ပြရပါသည်။ အကယ်၍ အစိုးရ အဖွဲ့အစည်း များက CRA အကြံပြုချက်များအား ထည့်သွင်းဆောင်ရွက်နိုင်ခြင်း မရှိပါက အကြောင်းရင်းများကို ထိုအစီရင်ခံစာများ တွင် ဖော်ပြပေးရန် လိုပါသည်။

# ၅။

## စည်ပင်သာယာဥပဒေစည်းမျဉ်းများအတွက် CRA ဆောင်ရွက်ခြင်း

# ၅။ စည်ပင်သာယာဥပဒေစည်းမျဉ်းများအတွက် CRA ဆောင်ရွက်ခြင်း

## စည်ပင်သာယာဥပဒေစည်းမျဉ်းမူကြမ်းများအား ဆန်းစစ်လေ့လာခြင်း

အုပ်ချုပ်ရေးဆိုင်ရာစည်းမျဉ်းစည်းကမ်းများအတွက် ဆောင်ရွက်သည့် CRA နည်းတူ စည်ပင်သာယာအုပ်ချုပ်ရေးအဖွဲ့များအတွင်းရှိ ဆန်းစစ်လေ့လာမှုဌာနများသည်လည်း အသစ်ပြဋ္ဌာန်းသည့် သို့မဟုတ် ပြင်ဆင်သည့် စည်ပင်သာယာ ဥပဒေစည်းမျဉ်းများကို ၎င်းတို့ဖာသာ ဆန်းစစ်လေ့လာပါသည်။ အောက်ပါဇယားတွင် စည်ပင်သာယာဥပဒေစည်းမျဉ်း အတွက် ဆောင်ရွက်သည့် CRA လုပ်ငန်းစဉ်အဆင့်ဆင့်ကို အကျဉ်းဖော်ပြထားပါသည်။

စည်ပင်သာယာဥပဒေစည်းမျဉ်းမူကြမ်းများအား သုံးသပ်လေ့လာသည့် CRA လုပ်ငန်းစဉ်

| CRA လုပ်ငန်းစဉ်အဆင့်ဆင့် | CRA ဆောင်ရွက်မည့် ဥပဒေစည်းမျဉ်းများ ရေးဆွဲသည့်ဌာနမ လုပ်ဆောင်ရသည့် လုပ်ငန်းများ | ဆန်းစစ်လေ့လာသည့်ဌာနမှ လုပ်ဆောင်ရသည့် လုပ်ငန်းများ |
|---|---|---|
| ၁။ CRA ဆောင်ရွက်ပေးရန် ပန်ကြားခြင်း | ▫ ဆန်းစစ်လေ့လာရမည့် စာရွက်စာတမ်းများ (ဥပဒေကြမ်းအပါအဝင်) အား ဆန်းစစ်လေ့လာသည့်ဌာနသို့ တင်ပြခြင်း | ▫ ဆန်းစစ်လေ့လာရမည့် စာရွက်စာတမ်း များအား လက်ခံခြင်းနှင့် CRA အတွက် ပြင်ဆင်ခြင်း |
| ၂။ CRA ဆောင်ရွက်ခြင်း | ▫ အခြားဥပဒေပြုရေးလုပ်ငန်းစဉ်များ ဆောင် ရွက်ခြင်း (ဥပမာ သက်ဆိုင်ရာ အဖွဲ့အစည်း များနှင့် တိုင်ပင်ဆွေးနွေးမှုများ ပြုလုပ်ခြင်း၊ ဥပဒေအား ကနဦးထုတ်ပြန်ကြေညာခြင်း)၊ | ▫ ဆန်းစစ်လေ့လာသည့်ဌာနအတွင်းရှိ ဆန်းစစ်လေ့လာသူများသည် တင်ပြလာ သော စာရွက်စာတမ်းများအပေါ် CRA ကို ဆောင်ရွက်ခြင်း၊ |
| ၃။ CRA ရလဒ်များနှင့် အကြံပြု ချက်များအား ထုတ်ပြန်ပေးခြင်း | | ▫ ဆန်းစစ်လေ့လာသူများက CRA ရလဒ် များနှင့် အကြံပြုချက်များအား ဥပဒေရေးဆွဲ သည့်ဌာနသို့ အသိပေးခြင်း၊ |
| ၄။ ဆန်းစစ်လေ့လာပြီး နောက် ပိုင်း ဆောင်ရွက်ချက်များ | ▫ ဥပဒေစည်းမျဉ်းမူကြမ်းအား CRA အကြံပြု ချက်များနှင့်အညီ ပြင်ဆင်ရေးဆွဲကာ ဥပဒေ စိစစ်သုံးသပ်ရန်အတွက် တရားစီရင်မှုရေးရာ ဌာနသို့ တင်ပြခြင်း၊ | |

### ၁) CRA ဆောင်ရွက်ပေးရန် ပန်ကြားခြင်း

ဒေသန္တရအစိုးရ (စည်ပင်သာယာအုပ်ချုပ်ရေးအဖွဲ့) အတွင်းရှိ ဥပဒေရေးဆွဲရေးဌာနသည် စည်ပင်သာယာဥပဒေ စည်းမျဉ်းများကို ပြဋ္ဌာန်းရန် သို့မဟုတ် ပြင်ဆင်ရန်အတွက် ဥပဒေအဆိုပြုလွှာကို ပြုစုရပါသည်။ သက်ဆိုင်ရာအဖွဲ့စည်းများ၊ ဌာနများနှင့် တိုင်ပင်ဆွေးနွေးမှုများ စတင်သည်နှင့်တစ်ပြိုင်နက် ထိုဌာနသည် ဆန်းစစ်လေ့လာသည့်ဌာန (ဥပမာ စာရင်းစစ်နှင့် စစ်ဆေးရေးရုံး၊ ဥပဒေရေးရာရုံး၊ စသည်) သို့ ဆန်းစစ်လေ့လာမှုအတွက် ပန်ကြားလွှာ၊ ဥပဒေ အဆိုပြုလွှာ (မူလပြဋ္ဌာန်းချက်များနှင့် အသစ်ပြဋ္ဌာန်းမည့်/ပြင်ဆင်မည့် ပြဋ္ဌာန်းချက်များကို နှိုင်းယှဉ်ပြထားသော ဇယား တစ်ခုအပါအဝင်)၊ ဆန်းစစ်လေ့လာရမည့်အခြေခံစာရွက်စာတမ်းများ၊ စည်ပင်သာယာဥပဒေစည်းမျဉ်းများကို ပြဋ္ဌာန်း ခြင်း သို့မဟုတ် ပြင်ဆင်ခြင်းအတွက် ရှင်းလင်းချက်များကို ပေးပို့ပါသည်။

အဂတိလိုက်စားမှုဖြစ်စေသော အကြောင်းများနှင့် သက်ဆိုင်ခြင်းမရှိသည့် ရိုးရှင်းသည့် သို့မဟုတ် နည်းပညာရပ်ပိုင်း ဆိုင်ရာ ကိစ္စများ (ဥပမာ စာရွက်စာတမ်းများစီမံခန့်ခွဲမှု၊ စသည်) ကို ပြဋ္ဌာန်းထားသည့် စည်ပင်သာယာဥပဒေ စည်းမျဉ်းများသည် CRA မှ ကင်းလွတ်ခွင့်ရပါသည်။ သို့သော် ဆန်းစစ်လေ့လာသည့်ဌာနသည် အဆိုပါစည်းမျဉ်းစည်း ကမ်းများအတွက်လည်း CRA ကို ဆောင်ရွက်မည်ဆိုပါက ဆောင်ရွက်ပိုင်ခွင့် ရှိပါသည်။

ဆန်းစစ်လေ့လာသည့်ဌာနအတွင်းရှိ ဆန်းစစ်လေ့လာသူများသည် တင်ပြလာသော စာရွက်စာတမ်းတစ်ခုချင်းစီအား တင်ပြလာသည့် အစီအစဉ်အတိုင်း နံပါတ်စဉ်တပ်ကာ ထိန်းသိမ်းထားပါသည်။ CRA အတွက် နောက်ထပ်တင်ပြ လာသည့် စာရွက်စာတမ်း၊ ပြုစုရေးသားထားသည့် စာရွက်စာတမ်းမှန်သမျှအား ဆန်းစစ်လေ့လာမှု ပြီးဆုံးသည်အထိ ဖိုင်တွဲတစ်ခုတည်းတွင်သာ စုစည်းထားရှိပါသည်။ ဆန်းစစ်လေ့လာသူများက ဆန်းစစ်ရမည့်စာရွက်စာတမ်းများ လို နေခြင်း ရှိ/မရှိ၊ စနစ်တကျပြင်ဆင်တင်ပြထားခြင်း ရှိ/မရှိ သိရှိနိုင်ရန် တင်ပြလာသော ဥပဒေအဆိုပြုလွှာနှင့် စာရွက် စာတမ်းများကို စစ်ဆေးပါသည်။ CRA ကို ဆောင်ရွက်ရန်အတွက် စာရွက်စာတမ်းများ ထပ်မံလိုအပ်ပါက ဥပဒေ ရေးဆွဲသည့်ဌာနသို့ လိုအပ်သော စာရွက်စာတမ်းများကို ထပ်မံတင်ပြရန် တောင်းဆိုပါသည်။

## ၂) CRA ကို ဆောင်ရွက်ခြင်း

ဆန်းစစ်လေ့လာရမည့် စာရွက်စာတမ်းများ ပြည့်စုံသောအခါ ဆန်းစစ်လေ့လာသူများသည် ဥပဒေရေးဆွဲသည့်ဌာနမှ တင်သွင်းသည့် စာရွက်စာတမ်းများအား CRA စံသတ်မှတ်ချက်များကို အသုံးပြု၍ CRA ကို ဆောင်ရွက်ကာ စည်ပင် သာယာဥပဒေစည်းမျဉ်းမူကြမ်းများအတွင်းရှိ အဂတိလိုက်စားမှုကို ဖြစ်စေနိုင်သော အချက်များအား သတ်မှတ်ဖော် ထုတ်ပါသည်။ ထို့ပြင် စည်ပင်သာယာ ဥပဒေစည်းမျဉ်းများအတွင်းရှိ အဂတိလိုက်စားမှုကို ဖြစ်စေနိုင်သောအချက်များ အား ထိရောက်စွာ ဖယ်ရှားနိုင်ရန်အတွက် ဆန်းစစ်လေ့လာသူများသည် သက်ဆိုင်ရာ အုပ်ချုပ်ရေးစည်းမျဉ်းစည်းကမ်းများ (ဥပမာ ညွှန်ကြားချက်များ၊ စည်းမျဉ်းများ၊ စသည်) ကိုလည်း သုံးသပ်လေ့လာကောင်း လေ့လာနိုင်ပါသည်။

CRA ရလဒ်များနှင့် အကြံပြုချက်များကို စောင့်ဆိုင်းနေစဉ်တွင် ဥပဒေရေးဆွဲသည့်ဌာနသည် သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် တိုင်ပင်ဆွေးနွေးမှုများ ပြုလုပ်ခြင်း၊ ဥပဒေအား ကနဦးထုတ်ပြန်ကြေညာခြင်းများကဲ့သို့ ပြဋ္ဌာန်းမည့် သို့မဟုတ် ပြင်ဆင်သည့် ဥပဒေကြမ်းများအတွက် လိုအပ်သော ဥပဒေပြုရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်နေ ပါသည်။ အောက်ပါဇယားတွင် စည်ပင်သာယာ ဥပဒေကြမ်းတစ်ခုအတွက် ဆောင်ရွက်ခဲ့သော CRA တစ်ခုကို ဥပမာ အဖြစ် တင်ပြထားပါသည်။

CRA သာဓက - "ဂျလာဘုဒိုပြည်နယ်ရှိ ဒေသထွက်စားသောက်ကုန်များ အားပေးမြှင့်တင်ခြင်းဆိုင်ရာ ဥပဒေ"

| ဆန်းစစ်လေ့လာသည့်ပုဒ်မ | အဂတိလိုက်စားမှုဖြစ်ပေါ်နိုင်ခြေ | CRA အကြံပြုချက်များ |
|---|---|---|
| ပုဒ်မ ၆ (တောင်သူဈေးအဖြစ် သတ်မှတ်ပေးခြင်း<br>① မြို့တော်ဝန်များထံမှ တောင်သူများ အတွက် ဈေးတစ်ခု သတ်မှတ်ပေးရန် ပန်ကြားမှုများ လက်ခံရရှိပါက ပြည်နယ် အုပ်ချုပ်ရေးမှူးသည် အကဲဖြတ်စစ်ဆေး ရန်အတွက် ဒေသခံ အစားအသောက် ကျွမ်းကျင်ပညာရှင် ၅ ဦး အထိ ပါဝင် သော အကဲဖြတ်စစ်ဆေးရေးကော်မတီ ကို ဖွဲ့စည်းရမည်။<br>② အကဲဖြတ်စစ်ဆေးမှု ပြီးစီးသောအခါ ပြည်နယ်အုပ်ချုပ်ရေးမှူးသည် အရည် အချင်းနှင့် ပြည့်မီသော ဈေးအား တောင်သူဈေးအဖြစ် သတ်မှတ်ကာ အသိအမှတ်ပြုလက်မှတ်နှင့် အမည် ဆိုင်းဘုတ်ပြားကို ထုတ်ပေးရမည်။ | ▫ အဂတိလိုက်စားမှုဖြစ်နိုင်ခြေများကို ဖော်ထုတ်ရန်အတွက် ပြည်သူ့ဝန် ဆောင်မှုများ ဆောင်ရွက်ပေးခြင်းနှင့် အုပ်ချုပ်ရေးလုပ်ငန်းစဉ်၏ ရှင်းရှင်း လင်းလင်းရှိမှု နှင့် အကျိုးစီးပွားဆက်နွယ် မှု ဖြစ်ပေါ်နိုင်ခြေ စံသတ်မှတ်ချက်ကို အသုံးပြုနိုင်သည်။<br>▫ အကဲဖြတ်စစ်ဆေးမှုအား မည်သည့် အချိန်တွင် ပြုလုပ်မည်နှင့် အကဲဖြတ် ရလဒ်များအား မည်သည့်အချိန်တွင် ကြေညာမည်ဆိုသည်ကို ခန့်မှန်းသိရှိ ရန် ခက်ခဲပါသည်။<br>▫ လက်ရှိပုဒ်မတွင် အကျိုးစီးပွား ယှက်နွယ်မှု၊ ဆန့်ကျင်ဘက်ဖြစ်မှုကို တားဆီးကာကွယ်သည့် နည်းလမ်း များကို ပေးထားသည့် ပြဋ္ဌာန်းချက် များ မပါဝင်ပါသည်။ | ပုဒ်မ ၆ (တောင်သူဈေးအဖြစ်  သတ်မှတ်ပေးခြင်း<br>① မြို့တော်ဝန်များထံမှ တောင်သူများ အတွက် ဈေးတစ်ခု သတ်မှတ်ပေးရန် ပန်ကြားမှုများ လက်ခံရရှိပါက ပြည်နယ် အုပ်ချုပ်ရေးမှူးသည် အကဲဖြတ်စစ်ဆေး ရန်အတွက် ဒေသခံ အစားအသောက် ကျွမ်းကျင်ပညာရှင် ၅ ဦး အထိ ပါဝင် သော အကဲဖြတ်စစ်ဆေးရေးကော်မတီ ကို ဖွဲ့စည်းရမည်။ အကဲဖြတ်စစ်ဆေးမှုအား ပန်ကြားလွှာကို လက်ခံရရှိပြီး ◯◯ ရက်အတွင်း ဆောင်ရွက်ရမည်။<br>ထပ်မံဖြည့်စွက်ရမည့်ပြဋ္ဌာန်းချက်များ<br>② ဆုံးဖြတ်ချက်ချမှတ်မှု လုပ်ငန်းစဉ် တွင် တရားမျှတမှုရှိစေရန်အတွက် ဤအက်ဥပဒေ၏ ပုဒ်မ ၂၊ အပိုဒ်ခွဲ ၁ အောက်ရှိ အချက်များနှင့် ကိုက်ညီသူ များအား အကဲဖြတ်စစ်ဆေးရေး ကော်မတီတွင် ထည့်သွင်းဖွဲ့စည်းခြင်း မပြုရ။<br>③ အကဲဖြတ်စစ်ဆေးမှု ပြီးဆုံးပါက ပြည်နယ်အုပ်ချုပ်ရေးမှူးသည် မြို့တော် ဝန်အား ရလဒ်များကို ◯◯ ရက်အတွင်း အသိပေးရမည်။ |

## ၃) CRA ရလဒ်များအား ထုတ်ပြန်ခြင်းနှင့် အကြံပြုချက်များ ပေးခြင်း

CRA ကြောင့် ဥပဒေပြုရေးလုပ်ငန်းစဉ် နှောင့်နှေးမှုမရှိစေရန်အတွက် ဆန်းစစ်လေ့လာသူများသည် ဥပဒေအား ကနဦး ထုတ်ပြန်ကြေညာထားသည့်ကာလ ပြီးဆုံးသည့်နေ့မတိုင်မီ CRA လုပ်ငန်းစဉ်ကို ပြီးစီးအောင် ဆောင်ရွက်လေ့ရှိ ပါသည်။ CRA လုပ်ငန်းစဉ် ပြီးဆုံးပါက ဆန်းစစ်လေ့လာသူများသည် ဆန်းစစ်လေ့လာမှုအစီရင်ခံစာကို ချက်ချင်းပြုစု ကာ ဆန်းစစ်လေ့လာမှုရလဒ်များနှင့်အကြံပြုချက်များကို ဥပဒေရေးဆွဲသည့်ဌာနသို့ အကြောင်းကြားအသိပေးပါသည်။

### ၄) ဆန်းစစ်လေ့လာပြီးနောက်ပိုင်း ဆောင်ရွက်ချက်များ

ဆန်းစစ်လေ့လာမှုရလဒ်များအရ ပြဿနာတစ်ခု သို့မဟုတ် ပိုကောင်းအောင် ပြုပြင်ရမည့်အရာများ တွေ့ရှိပါက ဆန်း စစ်လေ့လာသူများက အစီရင်ခံစာများနှင့် အကြံပြုချက်များကို ဥပဒေရေးဆွဲသည့်ဌာနအား ပေးပို့ပါသည်။ အကယ်၍ ဥပဒေကြမ်းတွင် အဂတိလိုက်စားမှုကို ဖြစ်စေနိုင်သော အချက်များ မပါရှိပါက ဆန်းစစ်လေ့လာသူများက ထိုဥပဒေ ကြမ်းကို ထောက်ခံအတည်ပြုပေးပါသည်။ CRA ရလဒ်များကို လက်ခံရရှိပြီးသောအခါ ဥပဒေရေးဆွဲသည့်ဌာနသည် CRA အကြံပြုချက်များနှင့်အညီ စည်ပင်သာယာဥပဒေစည်းမျဉ်းများအား ပြင်ဆင်ရေးဆွဲကာ ဥပဒေစိစစ်သုံးသပ်ရန် အတွက် တရားစီရင်မှုရေးရာဌာနသို့ ပြင်ဆင်ထားသော ဥပဒေအဆိုပြုလွှာကို ပေးပို့ပါသည်။

သက်ဆိုင်ရာဌာနများကြား ဆန့်ကျင်ဘက်အမြင်များ ရှိနေခြင်းကဲ့သို့ အကြံပြုချက်များပေးရန် ခက်ခဲသည့် အခြေ အနေတွင် ဆန်းစစ်လေ့လာသူများသည် ACRC ထံမှ အကြံဉာဏ်နှင့်အကူအညီများကို တောင်းခံနိုင်ပါသည်။ ထိုအခါ မျိုးတွင် သက်ဆိုင်ရာဒေသန္တရအစိုးရသည် ၎င်းတို့ကိုယ်စား ACRC အား CRA ကို ဆောင်ရွက်ပေးရန် ACRC အက် ဥပဒေလိုက်နာရေး ကြပ်မတ်ဆောင်ရွက်မှုဥပဒေ၏ ပုဒ်မ ၃၀၊ အပိုဒ် ၇-၈ နှင့်အညီ ပန်ကြားတောင်းခံနိုင်ပါသည်။

## တည်ဆဲစည်ပင်သာယာဥပဒေစည်းမျဉ်းများအား ဆန်းစစ်လေ့လာခြင်း

### ၁) ဆန်းစစ်လေ့လာမှုလုပ်ငန်းစဉ်

ဆန်းစစ်လေ့လာသူများသည် တည်ဆဲစည်ပင်သာယာဥပဒေစည်းမျဉ်းများအတွင်းရှိ အဂတိလိုက်စားမှုကို ဖြစ်စေနိုင် သော အချက်များကို ဖယ်ရှားရန်အတွက် CRA ကို ဆောင်ရွက်နိုင်ပါသည် ။ CRA ကို ဆောင်ရွက်သောအခါ ဆန်းစစ် လေ့လာသူများသည် သက်ဆိုင်ရာဌာနများအား ဆန်းစစ်လေ့လာရမည့်စာရွက်စာတမ်းများကို တင်ပြရန် တောင်းဆို နိုင်ပါသည်။

အစိုးရအဖွဲ့အစည်းများထံ ရလဒ်များအား ထုတ်ပြန်ပေးခြင်းနှင့် အကြံပြုချက်များ ပေးခြင်း မပြုမီ ဆန်းစစ်လေ့လာသူ များသည် CRA အကြံပြုချက်များ (တည်ဆဲဥပဒေများအား အဓိပ္ပါယ်ကောက်ယူမှုနှင့် CRA ရလဒ်များအား ဆန်းစစ် လေ့လာမှုများမှ ထွက်ပေါ်လာသော) အား ထိုအစိုးရအဖွဲ့အစည်းများနှင့် တိုင်ပင်ဆွေးနွေးပါသည်။ အရေးကြီးသော ကိစ္စရပ်များနှင့်စပ်လျဉ်းသည့် အ□ကံပြုချက်များကို ပေးနိုင်ရန်အတွက် ဆန်းစစ်လေ့လာသူများသည် သက်ဆိုင်ရာ အဖွဲ့အစည်းများ၊ အကျိုးသက်ဆိုင်သူများ၊ ပညာရှင်များ၏ အမြင်များကို ရယူကာ အကြံပြုချက်များအတွင်း ပေါင်းစပ် ထည့်သွင်းနိုင်ရန်အတွက် လူထုကြားနာပွဲများ သို့မဟုတ် အပြန်အလှန်ဆွေးနွေးပွဲများ ကျင်းပပါသည်။

### ၂) ဆန်းစစ်လေ့လာပြီးနောက်ပိုင်း ဆောင်ရွက်ချက်များ

တိုင်ပင်ဆွေးနွေးမှုလုပ်ငန်းစဉ်များ ပြီးဆုံးသောအခါ ဆန်းစစ်လေ့လာသူများသည် ဆန်းစစ်လေ့လာမှုအစီရင်ခံစာကို ပြုစုကာ CRA အကြံပြုချက်များနှင့် အကောင်အထည်ဖော်ရန် နောက်ဆုံးသတ်မှတ်ရက်များကို အသိပေးရန်အတွက် သက်ဆိုင်ရာဌာနများထံ အစီရင်ခံစာကို မျှဝေပေးပါသည်။ သက်ဆိုင်ရာဌာနများသည် ဆန်းစစ်လေ့လာချက် အစီရင် ခံစာများအား လက်ခံရရှိပြီးနောက် တည်ဆဲစည်ပင်သာယာဥပဒေစည်းမျဉ်းများကို ပြင်ဆင်ရန်အတွက် ဥပဒေအဆိုပြု လွှာကို ပြုစုပါသည်။ ထို့ပြင် သက်ဆိုင်ရာဌာနများသည် ဥပဒေအဆိုပြုလွှာအား ဥပဒေစိစစ်သုံးသပ်ရန်အတွက် စည်ပင်သာယာဥပဒေစည်းမျဉ်းများ သုံးသပ်စိစစ်ရေးကော်မရှင်သို့ မတင်ပြမီ ၎င်းတို့၏ ဥပဒေအဆိုပြုလွှာများထဲတွင် CRA အကြံပြုချက်များကို မည်သို့ ထည့်သွင်းပြုစုထားကြောင်း ရှင်းလင်းတင်ပြထားသည့် အစီရင်ခံစာများကို ဆန်းစစ်လေ့လာသည့်ဌာနသို့ တင်ပြရပါသည်။

အကယ်၍ သက်ဆိုင်ရာဌာနများသည် ဆန်းစစ်လေ့လာမှုအား ၎င်းတို့ကိုယ်တိုင် တိုက်ရိုက်ဆောင်ရွက်ပြီး ပြဋ္ဌာန်းချက် များကို ပိုမိုကောင်းမွန်အောင် လုပ်ဆောင်ခြင်း ဖြစ်ပါက ဆန်းစစ်လေ့လာချက် အစီရင်ခံစာကို အသေးစိတ်ရေးသား ကာ ဆန်းစစ်လေ့လာသည့် ဌာနသို့ ပေးပို့ကာ အတည်ပြုချက်ရယူပြီးမှသာ တည်ဆဲဥပဒေစည်းမျဉ်းများကို ပြင်ဆင်ရ ပါသည်။

ဒေသန္တရအစိုးရများသည် တည်ဆဲဥပဒေများထဲရှိ နယ်ပယ်အချို့အတွင်းမှ အဂတိလိုက်စားမှုကို ဖြစ်စေနိုင်သော အချက်များ ဖယ်ရှားနိုင်ရန် CRA ကို ဆောင်ရွက်သောအခါ ထိရောက်စွာ ဆောင်ရွက်နိုင်စေရန်အတွက် သင်တန်းများ ပေးရန်နှင့် တိုင်ပင်ဆွေးနွေးမှုများ ပြုလုပ်ပေးရန် ACRC သို့ ပန်ကြားနိုင်ပါသည်။

## ACRC မှ စည်ပင်သာယာဥပဒေစည်းမျဉ်းများအား ဆန်းစစ်လေ့လာခြင်း

### ၁) ဆန်းစစ်လေ့လာမှုလုပ်ငန်းစဉ်

ဒေသန္တရအစိုးရတစ်ခု၏ အကြီးအကဲမှ ပန်ကြားလာသောအခါ CRA ဌာနမှ ဆန်းစစ်လေ့လာသူများသည် စည်ပင် သာယာဥပဒေစည်းမျဉ်းမူကြမ်းများအတွက် CRA ကို ဆောင်ရွက်နိုင်ပါသည်။ ထို့ပြင် ဆန်းစစ်လေ့လာသူများသည် အဂတိလိုက်စားမှုများအား တားဆီးကာကွယ်ရန်အတွက် တည်ဆဲစည်ပင်သာယာဥပဒေစည်းမျဉ်းအချို့ (ဥပမာ အဂတိလိုက်စားမှုများ ဆက်တိုက်ဖြစ်ပေါ်နေသည်ကို လေ့လာတွေ့ရှိရသော စည်းမျဉ်းဥပဒေများ၊ သို့မဟုတ် အချို့သော စည်းမျဉ်းဥပဒေများသည် သဘာဝအားဖြင့် အဂတိလိုက်စားမှုဖြစ်နိုင်ခြေရှိသည်ဟု ယူဆသောအခါ) ကို ရွေးချယ်ကာ CRA ကို ဆောင်ရွက်နိုင်ပါသည်။

ဆန်းစစ်လေ့လာမည့်အကြောင်းအရာများကို အပြီးသတ်ဆုံးဖြတ်ရွေးချယ်ပြီးသည့်နောက် သက်ဆိုင်ရာ ဒေသန္တရ အစိုးရဌာနများသည် ဆန်းစစ်လေ့လာရမည့် စာရွက်စာတမ်းများကို ပြင်ဆင်ကာ ACRC သို့ တင်ပြပါသည်။ ဆန်းစစ် လေ့လာသူများက ထပ်ဆောင်းလိုအပ်သည့် စာရွက်စာတမ်းများ (ဥပမာ စည်းကမ်းထိန်းသိမ်းရေးအတွက် အရေးယူ ဆောင်ရွက်ထားသည့် အမှုကိစ္စ အစီရင်ခံစာများ၊ စာရင်းစစ်ခြင်း/ စုံစမ်းစစ်ဆေးခြင်း ရလဒ်များ၊ တိုင်ကြားစာများကို ကိုင်တွယ်ဖြေရှင်းထားမှုများ၊ စသည်) ရှိ/မရှိ စိစစ်ရန် ကနဦးစုံစမ်းစစ်ဆေးမှုနှင့် စစ်တမ်းများကို ပြုလုပ်နိုင်ပါသည်။ သက်ဆိုင်ရာ ဒေသန္တရအစိုးရအဖွဲ့အစည်းများကလည်း ဆန်းစစ်လေ့လာသူများမှ တောင်းဆိုလာပါက ထပ်ဆောင်း လိုအပ်သည့် စာရွက်စာတမ်းများ (ဥပမာ လုပ်ငန်းဆောင်ရွက်မှုအခြေခံအနေပြ စာရွက်စာတမ်းများ၊ စာရင်းအင်းများ၊ လုပ်ငန်းအစီအစဉ်များ၊ ဆက်စပ်ပတ်သက်သည့် တိုင်ကြားမှုဆိုင်ရာ စာရွက်စာတမ်းများ၊ စာရင်းစစ်ခြင်းနှင့် စုံစမ်း စစ်ဆေးခြင်း ရလဒ်များ၊ စသည်) ကို တင်ပြရပါသည်။

CRA လုပ်ငန်းစဉ်တစ်လျှောက်တွင် ဆန်းစစ်လေ့လာသူများသည် ဆွေးနွေးပွဲများနှင့် အစည်းအဝေးများကဲ့သို့ ပြင်ပ အဖွဲ့အစည်းများနှင့် တိုင်ပင်ဆွေးနွေးမှုများမှတစ်ဆင့် အမြင်အမျိုးမျိုးကို စုဆောင်းရယူပြီး လိုအပ်ပါက ACRC အက် ဥပဒေပုဒ်မ ၂၉ နှင့်အညီ ဒေသန္တရအစိုးရ၏ အနေအထားကို ဆန်းစစ်လေ့လာသည့် စစ်တမ်းများ ဆောင်ရွက်ရန် အတွက် ဒေသန္တရအစိုးရနှင့်လည်းကောင်း၊ ပြင်ပမှ ကျွမ်းကျင်ပညာရှင်များနှင့်လည်းကောင်း ပူးပေါင်းဆောင်ရွက် ပါသည်။

### ၂) ဆန်းစစ်လေ့လာပြီးနောက်ပိုင်း ဆောင်ရွက်ချက်များ

CRA ကို ဆောင်ရွက်ပြီးစီးသောအခါ ဆန်းစစ်လေ့လာသူများသည် ဆန်းစစ်လေ့လာမှုရလဒ်များ၊ CRA အကြံပြုချက် များနှင့် ပြီးစီးအောင် အကောင်အထည်ဖော်ရမည့် နောက်ဆုံးသတ်မှတ်ရက်များကို ဒေသန္တရအစိုးရ အကြီးအကဲများ ထံ အသိပေးအကြောင်းကြားပါသည်။ ဒေသန္တရအစိုးရအကြီးအကဲများသည် CRA အကြံပြုချက်များကို လက်ခံရရှိပြီး နောက်တွင် ပေးထားသည့်ရက်အတွင်း လိုအပ်သည်များကို ဆောင်ရွက်ကာ ဆောင်ရွက်မှုရလဒ်များကို ACRC သို့ အစီရင်ခံတင်ပြရန် လိုအပ်ပါသည်။

ACRC က ဒေသန္တရအစိုးရများ၏ အကြံပြုချက်များကို အကောင်အထည်ဖော်မှုအနေအထားနှင့် ပူးပေါင်းဆောင်ရွက်မှု အဆင့်တို့ကို ပုံမှန်စောင့်ကြည့်လေ့လာပါသည်။ ထိုစောင့်ကြည့်လေ့လာမှုရလဒ်များကို AIA တွင် ထည့်သွင်းအကဲဖြတ် ပါသည်။

# ၆။

# ပြည်သူ့ဝန်ဆောင်မှုအဖွဲ့အစည်းများ၏ စည်းမျဉ်းများနှင့် နည်းဥပဒေများအတွက် CRA ဆောင်ရွက်ခြင်း

# ၆။ ပြည်သူ့ဝန်ဆောင်မှုအဖွဲ့အစည်းများ၏ စည်းမျဉ်းများနှင့် နည်းဥပဒေများအတွက် CRA ဆောင်ရွက်ခြင်း

## စည်းမျဉ်းများနှင့် နည်းဥပဒေများကို ဆန်းစစ်လေ့လာခြင်း

### ၁။ စည်းမျဉ်းများနှင့် နည်းဥပဒေများအား အဖွဲ့အစည်းများကိုယ်တိုင် ဆန်းစစ်လေ့လာခြင်း

ပြည်သူ့ဝန်ဆောင်မှုအဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုဖြစ်နိုင်ခြေများကို ဖယ်ရှားခြင်းဖြင့် ပွင့်လင်းမြင်သာမှု ရှိသော မူဝါဒချမှတ်မှုနှင့် မူဝါဒအကောင်အထည်ဖော်မှုလုပ်ငန်းစဉ် ဖြစ်စေရေးအတွက် ထိုအဖွဲ့အစည်းများအတွင်းရှိ စည်းမျဉ်းများနှင့် နည်းဥပဒေများအတွက် CRA ကို ဆောင်ရွက်ပါသည်။ ၂၀၀၇ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့မှစတင်၍ ACRC အက်ဥပဒေလိုက်နာရေးကြပ်မတ်ဆောင်ရွက်မှုဥပဒေ၏ ပုဒ်မ ၃၀၊ အပိုဒ် ၉ နှင့်အညီ ပြည်သူ့ဝန်ဆောင်မှုအဖွဲ့အစည်းများ၏ စည်းမျဉ်းများနှင့် နည်းဥပဒေများကို CRA ဖြင့် ဆန်းစစ်လေ့လာခဲ့ပါသည်။

စည်းပင်သာယာဥပဒေစည်းမျဉ်းများအတွက် ဆောင်ရွက်သော CRA ကဲ့သို့ပင် ပြည်သူ့ဝန်ဆောင်မှုအဖွဲ့အစည်းများရှိ ဆန်းစစ်လေ့လာမှုဌာနများသည် CRA ကို ၎င်းတို့ဖာသာ ဆောင်ရွက်နိုင်ပါသည်။ CRA ကို အဖွဲ့အစည်းတစ်ခုချင်းစီ၏ လုပ်ငန်းသဘာဝနှင့်ကိုက်ညီအောင် ညှိနှိုင်းဆောင်ရွက်ကြခြင်း ဖြစ်ပါသည်။ ပြည်သူ့ဝန်ဆောင်မှုအဖွဲ့အစည်းများ သည် စည်းမျဉ်းနှင့် နည်းဥပဒေ မူကြမ်းများအတွက် CRA ကို ဆောင်ရွက်သလို လူမှုရေးပြဿနာတစ်ရပ်အဖြစ် ပေါ်ပေါက်လာသော တည်ဆဲဥပဒေစည်းမျဉ်းများအတွက်လည်း ဆောင်ရွက်ပါသည်။ အောက်ပါဇယားတွင် ပြည်သူ့ဝန်ဆောင်မှုအဖွဲ့အစည်းများ၏ နည်းဥပဒေများအတွက် ဆောင်ရွက်ခဲ့သည့် CRA တစ်ခုကို သာဓကအဖြစ် တင်ပြ ထားပါသည်။

CRA သာဓက - "ဝန်ဆောင်မှုများအား အများပြည်သူသိရှိရေး ဆောင်ရွက်မှုကုန်ကျစရိတ်များအား စီမံခန့်ခွဲမှုဆိုင်ရာ နည်းဥပဒေများ"

| ဆန်းစစ်သည့်ပုဒ်မ | အဂတိလိုက်စားမှုဖြစ်နိုင်ခြေများ | CRA အကြံပြုချက် |
|---|---|---|
| ပုဒ်မ ၈ (အသုံးစရိတ်ဆိုင်ရာ အထောက်အထားများ)<br>③ နာယက၊ ရုံးခွဲဥက္ကဋ္ဌ၊ ရုံးအကြီးအကဲ နှင့် အဖွဲ့ခေါင်းဆောင်များသည် ဝန်ဆောင်မှုများအား အများပြည်သူသိရှိရေး ဆောင်ရွက်မှုကုန်ကျစရိတ်များ ကို လစဉ် ဝက်ဆိုက်တွင် ထုတ်ပြန် ကြေညာပေးရမည်။ | ▫ အဂတိလိုက်စားမှုဖြစ်နိုင်ခြေများ ကို ဖော်ထုတ်သိရှိရန်အတွက် ပွင့်လင်း မြင်သာမှု စံသတ်မှတ်ချက်ကို အသုံးပြု နိုင်သည်။<br>▫ လက်ရှိပုဒ်မတွင် ဌာနများ သို့မဟုတ် ဖျူရိုများသည် ထို အသုံးစရိတ်များ (စုစု ပေါင်း အသုံးစရိတ်များ၏ ၅၈%) ကို မည်သို့ သုံးစွဲနေကြောင်း သတင်းအချက် အလက်များကို ထုတ်ဖော်ကြေညာ ပေးရန် သတ်မှတ်ပြဋ္ဌာန်း ထားခြင်း မရှိပါ။ | ပုဒ်မ ၈ (အသုံးစရိတ်ဆိုင်ရာ အထောက်အထားများ)<br>③ အဖွဲ့အစည်းအတွင်းရှိ ဌာနတစ်ခု ချင်းစီ၏ ဝန်ဆောင်မှုများအား အများ ပြည်သူသိရှိအောင် ဆောင်ရွက်မှု ကုန်ကျစရိတ်များကို ဝက်ဆိုက်တွင် လစဉ် ထုတ်ပြန်ကြေညာပေးရမည်။ |

ပြည်သူ့ဝန်ထမ်းကျင့်ဝတ်ဆိုင်ရာ အက်ဥပဒေ ပုဒ်မ ၃-၂ အောက်ရှိ ပြည်သူ့ဝန်ဆောင်မှုအဖွဲ့အစည်းများမှ ပြဋ္ဌာန်း သော၊ စီမံဆောင်ရွက်သော အဖွဲ့အစည်းစည်းမျဉ်းများနှင့် နည်းဥပဒေများသည် CRAကို ခံယူကြရပါသည်။ အောက်ပါ အဖွဲ့အစည်း၏ စည်းမျဉ်းများနှင့် နည်းဥပဒေများအတွက် CRA ကို ဆောင်ရွက်ပါသည် - က) ပြည်သူများ၏ ဘဝများ နှင့် စီးပွားရေးလုပ်ဆောင်မှုများ (ဥပမာ စာရင်းကိုင်ခြင်း၊ ကန်ထရိုက်စာချုပ်များ၊ ရောင်းချခြင်း၊ ဆောက်လုပ်ရေးနှင့် ဗိသုကာ၊ ပိုင်ဆိုင်ပစ္စည်းစီမံခန့်ခွဲမှု) အပေါ် တိုက်ရိုက်သက်ရောက်မှုရှိသော စည်းမျဉ်းများနှင့် နည်းဥပဒေများ ၊ ခ) အဂတိလိုက်စားမှုဖြစ်နိုင်ခြေရှိသော စည်းမျဉ်းများနှင့် နည်းဥပဒေများ (ဥပမာ ယုံကြည်အပ်နှံမှု၊ ဝန်ထမ်းရေးရာ၊ စာရင်းစစ်ခြင်း၊ စုံစမ်းစစ်ဆေးခြင်း၊ တာဝန်ပေးအပ်ခြင်း၊ စသည်) နှင့် ဂ) အဂတိလိုက်စားမှုများ၊ စစ်ဆေးမှုများ၊ စာရင်း ခြင်းများနှင့် လွှတ်တော်၏ တောင်းဆိုမှုများမှတစ်ဆင့် ပြဿနာများ သို့မဟုတ် ပြင်ဆင်ရန် လိုအပ်သည့်အချက်များကို ဖော်ထုတ်တွေ့ရှိသည့် စည်းမျဉ်းများနှင့် နည်းဥပဒေများ ဖြစ်ပါသည်။

ရိုးရှင်းသော သို့မဟုတ် နည်းပညာရပ်ဆိုင်ရာ ကိစ္စများနှင့် စပ်လျဉ်းသည့် အဖွဲ့အစည်းစည်းမျဉ်းများနှင့် နည်းဥပဒေ များ (ဥပမာ အဖွဲ့အစည်းများ တည်ထောင်ခြင်းဆိုင်ရာ စည်းမျဉ်းများ၊ စီမံအုပ်ချုပ်ရေး၊ အုပ်ချုပ်ရေးဆိုင်ရာ ပံ့ပိုးမှုများ၊ အလုပ်ခွဲဝေမှု၊ အဖွဲ့အစည်းလည်ပတ်မှုနှင့် စာရွက်စာတမ်းများ စီမံခန့်ခွဲမှု၊ စသည်) သည် CRA မှ ကင်းလွတ်ခွင့် ရပါသည်။ အပမ်းဖြေရာနေရာများ၊ သက်သာချောင်ချိရေးနှင့် ယဉ်ကျေးမှု အဆောက်အအုံပစ္စည်းများ အသုံးပြုခြင်းနှင့် စပ်လျဉ်းသည့် စည်းမျဉ်းများနှင့် နည်းဥပဒေများသည်လည်း ဆန်းစစ်လေ့လာခြင်းမှ ကင်းလွတ်ခွင့်ရပါသည် ။ သို့သော် လည်း ဆန်းစစ်လေ့လာမှုဌာနသည် အဆိုပါနည်းဥပဒေများနှင့်စည်းမျဉ်းများကိုလည်း လိုအပ်လျှင် CRA ဆောင်ရွက် ပိုင်ခွင့် ရှိပါသည်။ အောက်ပါဇယားတွင် တည်ဆဲစည်းမျဉ်းများနှင့် နည်းဥပဒေများ သို့မဟုတ် မူကြမ်းများအတွက် ဆောင်ရွက်သည့် CRA လုပ်ငန်းစဉ်အဆင့်ဆင့်ကို အကျဉ်းဖော်ပြထားပါသည်။

### စည်းမျဉ်းနှင့် နည်းဥပဒေ မူကြမ်းများ ဆန်းစစ်သုံးသပ်သည့် CRA လုပ်ငန်းစဉ်

| CRA လုပ်ငန်းစဉ်အဆင့်ဆင့် | CRA ဆောင်ရွက်မည့် စည်းမျဉ်း/နည်းဥပဒေ ရေးဆွဲသည့် ဌာနမှ လုပ်ဆောင်ရသည့် လုပ်ငန်းများ | ဆန်းစစ်လေ့လာသည့် ဌာနမှ လုပ်ဆောင် ရသည့် လုပ်ငန်းများ |
|---|---|---|
| ၁။ CRA ဆောင်ရွက်ပေးရန် ပန်ကြားခြင်း | ▫ ဆန်းစစ်လေ့လာရမည့် စာရွက်စာတမ်းများ (မူကြမ်းအပါအဝင်) အား ဆန်းစစ်လေ့လာ သည့်ဌာနသို့ တင်ပြခြင်း | ▫ ဆန်းစစ်လေ့လာရမည့် စာရွက်စာတမ်း များအား လက်ခံခြင်း၊ စီမံခန့်ခွဲခြင်းနှင့် CRA အတွက် ပြင်ဆင်ခြင်း |
| ၂။ CRA ဆောင်ရွက်ခြင်း | ▫ CRA ရလဒ်များနှင့် အကြံပြုချက်များကို စောင့်ဆိုင်းခြင်း၊ | ▫ ဆန်းစစ်လေ့လာသည့်ဌာနအတွင်းရှိ ဆန်းစစ်လေ့လာသူများသည် တင်ပြလာ သော စာရွက်စာတမ်းများအပေါ် CRA ကို သတ်မှတ်ထားသော အချိန်ကာလအတွင်း ဆောင်ရွက်ခြင်း၊ |
| ၃။ CRA ရလဒ်များနှင့် အကြံပြု ချက်များအား ထုတ်ပြန်ပေးခြင်း | | ▫ ဆန်းစစ်လေ့လာသူများက CRA ရလဒ် များနှင့် အကြံပြုချက်များအား မူကြမ်း ရေးဆွဲသည့်ဌာနသို့ အသိပေးခြင်း၊ |
| ၄။ ဆန်းစစ်လေ့လာပြီးနောက် ပိုင်း ဆောင်ရွက်ချက်များ | ▫ CRA အကြံပြုချက်များအတိုင်း မူကြမ်းကို ပြင်ဆင်ရေးဆွဲခြင်းနှင့် အကြံပြုချက်များကို မည်သို့ ပေါင်းထည့်ရေးဆွဲထားကြောင်း ဆန်းစစ်လေ့လာသည့်ဌာနသို့ အသိပေးခြင်း၊ | ▫ စည်းမျဉ်းများနှင့် နည်းဥပဒေများကို မိမိတို့ဖာသာ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရာတွင် စိန်ခေါ်မှုများ ရင်ဆိုင် ရသောအခါ ACRC သို့ CRA ကို ဆောင်ရွက်ပေးရန် ပန်ကြားခြင်း၊ |

### တည်ဆဲ စည်းမျဉ်းနှင့် နည်းဥပဒေများ ဆန်းစစ်သုံးသပ်သည့် CRA လုပ်ငန်းစဉ်

| CRA လုပ်ငန်းစဉ်အဆင့်ဆင့် | CRA ဆောင်ရွက်မည့် စည်းမျဉ်း/နည်းဥပဒေ ရေးဆွဲသည့်ဌာနမှ လုပ်ဆောင်ရသည့် လုပ်ငန်းများ | ဆန်းစစ်လေ့လာသည့် ဌာနမှ လုပ်ဆောင် ရသည့် လုပ်ငန်းများ |
|---|---|---|
| 1. CRA ဆောင်ရွက်ပေးရန် ပန်ကြားခြင်း | ▫ ဆန်းစစ်လေ့လာသည့်ဌာနသို့ CRA ကို ဆောင်ရွက်ပေးရန် ပန်ကြားသည့်စာ (CRA ဆောင်ရွက်ရန် အဘယ်ကြောင့် လိုအပ် ကြောင်း ရှင်းလင်းတင်ပြချက်အပါအဝင်) ကို ပေးပို့ခြင်း၊ | ▫ သက်ဆိုင်ရာ စည်းမျဉ်းများနှင့် နည်း ဥပဒေများကို သုံးသပ်ကာ CRA ဆောင် ရွက်ရမည့် ဥပဒေများကို ရွေးချယ်ခြင်း၊<br>**သတိပြုရန်** ဆန်းစစ်လေ့လာသည့်ဌာနသည် ပန်ကြားခြင်း မရှိသည့်တိုင် ဆန်းစစ်လေ့လာ ရမည့်ဥပဒေများကို ရွေးချယ်ကာ CRA ကို ဆောင်ရွက်ပိုင်ခွင့် ရှိပါသည်။ |
| 2. CRA ဆောင်ရွက်ခြင်း | ▫ CRA ရလဒ်များနှင့် အကြံပြုချက်များကို စောင့်ဆိုင်းခြင်း၊ | ▫ ဆန်းစစ်လေ့လာသည့်ဌာနအတွင်းရှိ ဆန်းစစ်လေ့လာသူများသည် ဆန်းစစ် လေ့လာရန် ရွေးချယ်ထားသည့် ဥပဒေ များအတွက် CRA ကိုဆောင်ရွက်ခြင်း၊<br>**သတိပြုရန်** ဆန်းစစ်လေ့လာသူများသည် လိုအပ်လျှင် ACRC နှင့်၊ သက်ဆိုင်ရာကျွမ်းကျင် ပညာရှင်များနှင့် တိုင်ပင်ဆွေးနွေးမှုများ ပြုလုပ် နိုင်သည်။ |
| 3. CRA ရလဒ်များနှင့် အကြံပြု ချက်များအား ထုတ်ပြန်ပေးခြင်း | | ▫ ဆန်းစစ်လေ့လာသူများက CRA ရလဒ် များနှင့် အကြံပြုချက်များအား မူကြမ်း ရေးဆွဲသည့်ဌာနသို့ အသိပေးခြင်း၊ |
| 4. ဆန်းစစ်လေ့လာပြီးနောက် ပိုင်း ဆောင်ရွက်ချက်များ | ▫ CRA အကြံပြုချက်များအတိုင်း မူကြမ်းကို ပြင်ဆင်ရေးဆွဲခြင်းနှင့် အကြံပြုချက်များကို မည်သို့ ပေါင်းထည့်ရေးဆွဲထားကြောင်း ဆန်းစစ်လေ့လာသည့်ဌာနသို့ အသိပေးခြင်း၊ | ▫ စည်းမျဉ်းများနှင့် နည်းဥပဒေများကို မိမိတို့ဖာသာ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရာတွင် စိန်ခေါ်မှုများ ရင်ဆိုင် ရသောအခါ ACRC သို့ CRA ကို ဆောင်ရွက်ပေးရန် ပန်ကြားခြင်း၊ |

## ၂။ ACRC မှ ဆောင်ရွက်သော CRA

ပြည်သူ့ဝန်ဆောင်မှုအဖွဲ့အစည်း အကြီးအကဲသည် ၎င်းတို့ဖာသာ ဆန်းစစ်လေ့လာမှုများ ပြုလုပ်ရာတွင် ပိုမိုကောင်း မွန်အောင် ဆောင်ရွက်နိုင်ခြင်း မရှိပါက ACRC သို့ CRA ကို ဆောင်ရွက်ပေးရန် တောင်းဆိုနိုင်သည်။

### အဖွဲ့အစည်းများမှ ၎င်းတို့ဖာသာ ဆန်းစစ်လေ့လာခြင်းဖြင့် ကိုင်တွယ်ဖြေရှင်းရန် ခက်ခဲသော အဂတိလိုက်စားမှုဖြစ်နိုင်ခြေများ

၁။ ပြည်သူ့ဝန်ထမ်းအဖွဲ့အစည်းတစ်ခုသည် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ဌာနများကြား အကျိုးစီးပွားဆက်နွှယ်မှုများကြောင့် နည်းဥပဒေ၊ စည်းမျဉ်းများကို ပိုမိုကောင်းမွန်အောင် ၎င်းတို့ဖာသာ ဆောင်ရွက်နိုင်ခြင်း မရှိလျှင်၊

၂။ အဖွဲ့အစည်းတွင်းရှိ စည်းမျဉ်းများနှင့် နည်းဥပဒေများ၏ ပင်ကိုသဘာဝအရ အဂတိလိုက်စားမှုကို ဖြစ်စေနိုင်သော အချက်များ ရှိနေခြင်းကြောင့် ဖယ်ရှားရန် ပြန်လည်ပြင်ဆင်ဖို့ လိုအပ်သောအခါ၊

၃။ ပြည်သူ့ဝန်ဆောင်မှုအဖွဲ့အစည်းတစ်ခုသည် ကိုယ်တိုင်ဆုံးဖြတ်လုပ်ကိုင်ရန် ခက်ခဲကြောင်း တွေ့ရှိရသည့် အခါများတွင်၊

ACRC အား CRA ကို ဆောင်ရွက်ပေးရန် ပန်ကြားသောအခါ ပြည်သူ့ဝန်ဆောင်မှုအဖွဲ့အစည်းသည် ACRC မှ CRA ကို ဆောင်ရွက်ပေးရန် အဘယ်ကြောင့်လိုအပ်သည်ဟူသည့် ၎င်းတို့၏ ထင်မြင်ချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းချက် ကို တင်ပြပါသည်။ CRA ဌာနအတွင်းမှ ဆန်းစစ်လေ့လာသူများက CRA ကို ဆောင်ရွက်ကာ ဆန်းစစ်မှုရလဒ်များအား ပြည်သူ့ဝန်ဆောင်မှုအဖွဲ့အစည်းနှင့် တိုင်ပင်ဆွေးနွေးပြီးနောက် ရလဒ်များနှင့် အကြံပြုချက်များအား အကြောင်းကြား သည့်စာကို ပေးပို့ပါသည်။ ဆန်းစစ်လေ့လာမှုရလဒ်များကို လက်ခံရရှိပြီးနောက်တွင် ပြည်သူ့ဝန်ဆောင်မှုအဖွဲ့အစည်း သည် အကြံပြုချက်များနှင့်အညီ တည်ဆဲစည်းမျဉ်း/နည်းဥပဒေများနှင့် မူကြမ်းများကို မည်သို့ ပြင်ဆင်ရေးဆွဲထား ကြောင်း တင်ပြသည့် အစီရင်ခံစာတစ်စောင်ကို ACRC သို့ ပေးပို့ပါသည်။

# ၇။

# CRA ကို စတင်မိတ်ဆက်ကျင့်သုံးရန်အတွက် မဟာဗျူဟာကျ ချဉ်းကပ်ဆောင်ရွက်နည်းများ - ရွေးချယ်ရန် နည်းလမ်းများနှင့် ထည့်သွင်းစဉ်းစား ရန် အချက်များ

# ၇။ CSR ကို စတင်မိတ်ဆက်ကျင့်သုံးရန်အတွက် မဟာဗျူဟာကျ ချဉ်းကပ်ဆောင်ရွက်နည်းများ - ရွေးချယ်ရန် နည်းလမ်းများနှင့် ထည့်သွင်းစဉ်းစား ရန် အချက်များ

ဤစာအုပ်တွင် ယခုအချိန်အထိ တင်ပြခဲ့သည်များမှာ ACRC သည် ဥပဒေကြမ်းများနှင့် ဥပဒေများအတွက် CRA ကို မည်သို့ ဆောင်ရွက်ကြောင်း အဓိကထားတင်ပြခဲ့ခြင်း ဖြစ်ပါသည်။ ကိုရီးယားနိုင်ငံနှင့် အခြားနိုင်ငံများကြား အသိပညာ မျှဝေမှုများ ပြုလုပ်မှုအား အထောက်အပံ့ပြုရန်အတွက် ဤအခန်းတွင်မူ CRA နည်းစနစ်ကို စံအဖြစ်သတ်မှတ်ကာ ကျင့်သုံး ရန် စိတ်ဝင်စားသော နိုင်ငံများအနေဖြင့် အဓိကထည့်သွင်းစဉ်းစားရမည့် အချက်အချို့နှင့် မူဝါဒဆိုင်ရာ အကြံပြုချက်များ ကို တင်ပြသွားရန် ရည်ရွယ်ပါသည်။ အောက်ပါဖော်ပြပါတင်ပြချက်များအား လမ်းညွှန်အဖြစ် အသုံးပြုနိုင်သော်လည်း နိုင်ငံတစ်ခုချင်းစီအနေဖြင့် မိမိနိုင်ငံ၏ အခြေအနေနှင့် လိုက်လျောညီထွေစွာ စနစ်များအတွင်း ထည့်သွင်းဆောင်ရွက်နိုင် ရန်အတွက် မိမိတို့၏ ကိုယ်ပိုင် မဟာဗျူဟာကျ ချဉ်းကပ်မှုတစ်ခုကို ချမှတ်လုပ်ဆောင်ရန် အကြံပြုပါသည်။

## ၁။ CRA ကို ကျင့်သုံးအကောင်အထည်ဖော်ရန်အတွက် ဥပဒေအခြေခံတစ်ခု ရရှိအောင် မည်သို့ ဖန်တီးမည်နည်း။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့အစည်း (သို့မဟုတ် အခြားသက်ဆိုင်ရာ အဖွဲ့အစည်းများ) အနေဖြင့် CRA ကို စတင် ဆောင်ရွက်ကာ နောက်ပိုင်းနှစ်များတွင် တဖြည်းဖြည်း တိုးချဲ့သွားနိုင်လောက်အောင် ကျယ်ပြန့်သည့် အတိုင်းအတာ တစ်ခုဖြင့် CRA ကို ဆောင်ရွက်ခွင့်ပေးသော ရှင်းလင်းတိကျသည့် ဥပဒေအခြေခံတစ်ခု ချမှတ်ပေးရန် အရေးကြီးပါသည်။ CRA ကို စတင်ဆောင်ရွက်သောအခါတွင် သေးငယ်သော ခြေလှမ်းဖြင့် စတင်နိုင်ပါသည်။ အစိုးရနှင့် အများပြည်သူ အတွက် ဦးစားပေးအဆင့် အမြင့်မားဆုံး အဂတိလိုက်စားမှုဆိုင်ရာ ကိစ္စရပ်များအတွက် CRA ကို ဆောင်ရွက်နိုင်ပါသည်။ CRA အား အစိုးရအဖွဲ့အစည်းများအတွင်းနှင့် အများပြည်သူမှ ကောင်းစွာ အသိအမှတ်ပြုလက်ခံလာသောအခါ CRA ကို ဆောင်ရွက်မှုအတိုင်းအတာအား ချဲ့ထွင်သွားနိုင်ပါသည်။ အနာဂတ်တွင် CRA အား တိုးချဲ့ဆောင်ရွက်ရန် အလားအလာရှိ သည့် အတိုင်းအတာကို လွှမ်းခြုံနိုင်မည့် ဥပဒေအခြေခံကို ရရှိအောင် တစ်ချိန်တည်းတွင် ဆောင်ရွက်နေဖို့လည်း အရေး ကြီးပါသည်။ ထိုသို့ ဆောင်ရွက်ထားခြင်း မရှိပါက အစိုးရအဖွဲ့အစည်းများက CRA လုပ်ငန်းစဉ်ကို ပယ်ချနိုင်ပြီး မိမိနိုင်ငံ၏ CRA ကို ဆောင်ရွက်နိုင်စွမ်းတိုးလာသည်နှင့်အညီ CRA ကို တစ်ဆင့်ချင်းစီ တိုးတက်လုပ်ဆောင်သွားနိုင်ခြင်း ရှိမည် မဟုတ်ပါ။

ဥပမာ CRA အတွက် ဥပဒေအခြေခံသည် အောက်ပါတို့ကို လွှမ်းခြုံသင့်ပါသည်

က) CRA ကို အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် အထောက်အကူများ (ဥပမာ ဥပဒေကြမ်းများ၊ ဥပဒေများ နှင့် အမိန့်ဒီကရီများ)

ခ) အဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် လုပ်ပိုင်ခွင့်များ (ဥပမာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးအဖွဲ့အစည်း၏ CRA ကို ဆောင်ရွက်ပိုင်ခွင့်၊ သုံးသပ်စစ်ဆေးမှုရလဒ်များ ထုတ်ပြန်ပေးပိုင်ခွင့်နှင့် ဥပဒေပြုရေးလုပ်ငန်းစဉ်တစ်နေရာတွင် အကြံပြုချက်များ ပေးပိုင်ခွင့်) နှင့်

ဂ) CRA ကို အကောင်အထည်ဖော်ဆောင်ရွက်သည့် နည်းစနစ် (ဥပမာ ဆန်းစစ်မှုကာလ၊ တိုင်ပင်ဆွေးနွေးမှု လုပ်ထုံးလုပ်နည်းများ၊ တင်ပြရမည့် စာရွက်စာတမ်းများ သို့မဟုတ် ဆန်းစစ်လေ့လာရန် လိုအပ်မည့် အရာများနှင့် ဆန်းစစ်လေ့လာမှုပြုပြီးနောက်ပိုင်း လုပ်ဆောင်ချက်များ)

CRA ကို ကျင့်သုံးဆောင်ရွက်ရန်အတွက် ပြည့်စုံ၍ ရှင်းလင်းတိကျသော အခြေခံကို အစကနဦးကတည်းက ဖန်တီးထား ခြင်းဖြင့် CRA ကို ဆောင်ရွက်သည့် အဖွဲ့အစည်းအနေဖြင့် နောက်ပိုင်းတွင် အစိုးရအဖွဲ့အစည်းများအား CRA အကြံပြု ချက်များကို လက်ခံရန် တိုက်တွန်းရာတွင် အသုံးပြုရမည့် အချိန်နှင့် အင်အားများ များစွာ သက်သာသွားမည်ဖြစ်ပါသည်။

## ၂။ CRA ကို မည်သူ ဆောင်ရွက်သင့်သနည်း

သီအိုရီအရ CRA ကို အကောင်အထည်ဖော်နိုင်သည့် အဖွဲ့အစည်း သုံးမျိုးရှိပါသည် - က) လွှတ်တော်ကဲ့သို့သော ဥပဒေပြုအဖွဲ့အစည်း၊ ခ) အုပ်ချုပ်ရေးအဖွဲ့အစည်း (ကိုရီးယားနိုင်ငံတွင် ဝန်ကြီးချုပ်ရုံးအောက်ရှိ ACRC ကဲ့သို့) သို့မဟုတ် ဂ) သီးခြားလွတ်လပ်သော အဂတိလိုက်စားမှုတိုက်ဖျက်ရေး အဖွဲ့အစည်းတစ်ခုတို့ ဖြစ်ပါသည်။ နိုင်ငံ၏ ဥပဒေပြုရေး အခြေအနေနှင့် ပြည်သူ့အုပ်ချုပ်ရေး ပတ်ဝန်းကျင်တို့ပေါ်တွင် မူတည်ကာ CRA ကို ဆောင်ရွက်မည့် အဖွဲ့အစည်းအား ရွေးချယ်ရပါမည်။

ကိုရီးယားနိုင်ငံတွင် အစိုးရ၏ လုပ်ပိုင်ခွင့်တာဝန်နှင့် စီမံအုပ်ချုပ်ရေးဆိုင်ရာ လုပ်ငန်းများကို အုပ်ချုပ်ရေး စည်းမျဉ်းများနှင့် လုပ်ထုံးလုပ်နည်းများကဲ့သို့သော လက်အောက်ခံဥပဒေများတွင် ပြဋ္ဌာန်းထားလေ့ရှိပါသည်။ ကိုရီးယားလွှတ်တော်သည် ဥပဒေများကို သုံးသပ်လေ့လာသောအခါတွင် လက်အောက်ခံဥပဒေများကို သုံးသပ်ခြင်းမရှိသည့်အတွက် လွှတ်တော်မှ ဆောင်ရွက်သည့် CRA သည် အုပ်ချုပ်ရေးစည်းမျဉ်းစည်းကမ်းများအောက်ရှိ အစိုးရအဖွဲ့အစည်းများ၏ အမှန်တကယ် လည်ပတ်ဆောင်ရွက်နေမှု အခြေအနေမှန်များကို အောင်မြင်စွာ ကိုင်တွယ်ဖြေရှင်းနိုင်မည် မဟုတ်ပါ။ ထို့ကြောင့် ဝန်ကြီးချုပ်ရုံးအောက်ရှိ (အုပ်ချုပ်ရေးမဏ္ဍိုင်၏ အစိတ်အပိုင်းဖြစ်သည့်) ACRC သည်သာ အသင့်တော်ဆုံးဖြစ်ပါသည်။

ကိုရီးယးနိုင်ငံပြင်ပတွင်လည်း အုပ်ချုပ်ရေးမဏ္ဍိုင်အတွင်းရှိ အဖွဲ့အစည်းတစ်ခုမှ CRA ကို ဆောင်ရွက်မည်ဆိုလျှင် လက်အောက်ခံဥပဒေများ (ဆိုလိုသည်မှာ ဥပဒေများကို လိုက်နာအောင် ကြပ်မတ်ပေးသည့် အမိန့်ဒီကရီများနှင့် အုပ်ချုပ်ရေးစည်းမျဉ်းစည်းကမ်းများ) အတွင်းရှိ အဂတိလိုက်စားမှုဖြစ်နိုင်ခြေများကို ဆန်းစစ်ရန် ကောင်းမွန်သော အနေအထားတွင် ရှိနိုင်ပါသည်။ ထို့ကြောင့် အုပ်ချုပ်ရေးအဖွဲ့အစည်းတစ်ခု၏ အခြေအနေမှန်ကို ထင်ဟပ်နိုင်သော လက်တွေ့ကျသည့် CRA ရလဒ်များနှင့် အကြံပြုချက်များကို ထုတ်ပြန်ပေးနိုင်မည်ဖြစ်သည်။

CRA ကို အကောင်အထည်ဖော်ရမည့်တာဝန်အား ပေးအပ်ရမည့် အဓိကအဖွဲ့အစည်းကို ဆုံးဖြတ်ရာတွင် နိုင်ငံ၏ အခြေ အနေပေါ်တွင် မူတည်ကာ ဆုံးဖြတ်သင့်ပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ကျွမ်းကျင်မှုများရှိပြီး နိုင်ငံရေးအရ ဝင်ရောက်စွက်ဖက်မှုများ မရှိဘဲ CRA ကို ဆောင်ရွက်နိုင်လောက်အောင် သီးခြားလွတ်လပ်သော အဖွဲ့အစည်းတစ်ခု ဖြစ်ရန် အလွန်အရေးကြီးပါသည်။ အရေးအကြီးဆုံးမှာ နိုင်ငံအနေဖြင့် CRA အား ဥပဒေပြုရေးလုပ်ငန်းစဉ်တွင် ထည့်သွင်း ကာ တာဝန်ပေးအပ်မည့် အဖွဲ့အစည်းကိုလည်း CRA ဆိုင်ရာ ဥပဒေအခြေခံထဲတွင် ထည့်သွင်းပြဋ္ဌာန်းပေးထားကြောင်း သေချာအောင် လုပ်ဆောင်သင့်ပါသည်။

## တည်ဆဲဥပဒေများ သို့မဟုတ် ဥပဒေကြမ်းများ သို့မဟုတ် နှစ်ခုစလုံးအတွက် CRA ကို ဆောင်ရွက်မည့် ကနဦးအတိုင်း အတာကို မည်သို့ သတ်မှတ်မည်နည်း။

CRA ကို ဆောင်ရွက်မည့် ကနဦးအတိုင်းအတာအား အဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့၏ လုပ်ပိုင်ခွင့်တာဝများ၊ စွမ်း ဆောင်ရည်များနှင့်အညီသာမက နိုင်ငံတွင် ရင်ဆိုင်နေရသည့် အဂတိလိုက်စားမှုဆိုင်ရာ စိန်ခေါ်မှုများ၊ အဖွဲ့အစည်းဆိုင်ရာ စွမ်းဆောင်ရည်များနှင့်အညီ မဟာဗျူဟာကျသတ်မှတ်ရန် လိုအပ်မည်ဖြစ်သည်။

CRA ကို ဥပဒေကြမ်းများအတွက်သာမက တည်ဆဲဥပဒေများအတွက်ပါ ဆောင်ရွက်နိုင်လျှင် အကောင်းဆုံးဖြစ်သည်။ ၂၀၀၆ခုနှစ်တွင် CRA ကို စတင်ကျင့်သုံးဆောင်ရွက်ခဲ့စဉ်ကတည်းက ACRC သည် တည်ဆဲဥပဒေများအတွက်သာမက ဥပဒေကြမ်းများအတွက်ပါ CRA ကို ဆောင်ရွက်ခဲ့ပါသည်။ CRA ဆောင်ရွက်မှုလမ်းညွှန် အပိုဒ် ၁၃ (၁) တွင် "ACRC သည် တည်ဆဲဥပဒေများ၊ နိုင်ငံတော်သမ္မတ၏ အမိန့်ဒီကရီများ၊ ဝန်ကြီးချုပ်၏ အမိန့်ဒီကရီများ၊ ဝန်ကြီးဌာနများမှ ထုတ်ပြန် ပြဋ္ဌာန်းချက်များနှင့် ညွှန်ကြားချက်များ၊ စည်းမျဉ်းများ၊ ကြေညာချက်များနှင့် အသိပေးစာများ၊ အုပ်ချုပ်ရေးစည်းမျဉ်း စည်းကမ်းများ (နောက်ပိုင်းတွင် တည်ဆဲဥပဒေများနှင့် လက်အောက်ခံနည်းဥပဒေစည်းမျဉ်းစည်းကမ်းများဟု ခေါ်ဝေါ် သုံးစွဲသွားပါမည်) အတွက် အဂတိလိုက်စားမှုဖြစ်နိုင်ခြေများကို သုံးသပ်စစ်ဆေးမည့် ကာလလတ်နှင့် ကာလရှည် စီမံကိန်း များကို ရေးဆွဲချမှတ်နိုင်ပါသည်" ဟု ဖော်ပြထားပါသည်။

ACRC သည် အောက်ပါအခြေ အနေများတွင် တည်ဆဲဥပဒေများအတွက် CRA ကို ဆောင်ရွက်လေ့ရှိပါသည် - က) သက်ဆိုင်ရာဥပဒေများနှင့်စပ်လျဉ်း၍ အဂတိလိုက်စားမှုဖြစ်နိုင်ခြေများ သို့မဟုတ် အခြားသောမူမမှန်မှုများကို လူမှုရေး ပြဿနာရပ်များအဖြစ် လက်ခံအသိအမှတ်ပြုသောအခါ သို့မဟုတ် လူမှုအဖွဲ့အစည်းအတွင်း စိုးရိမ်ပူပန်မှုများကို မြင့်တက် လာစေနိုင်သည် ဟု မျှော်မှန်းရသောအခါ၊ ခ) ဥပဒေများအတွင်းရှိ အဂတိလိုက်စားမှုဖြစ်နိုင်ခြေများသော နယ်ပယ်များကို သုံးသပ်စစ်ဆေးရန်အတွက် CRA ကို လိုအပ်သောအခါ၊ ဂ) သက်ဆိုင်ရာဥပဒေသည် အမျိုးသားဦးစားပေးအဖြစ် အားပေး မြှင့်တင်နေသည့် မူဝါဒနယ်ပယ်အတွင်း ရှိနေခြင်း သို့မဟုတ် ဘတ်ဂျက်အသုံးစရိတ်များ တိုးမြှင့်ပေးသည့် နယ်ပယ်အတွင်း ရှိနေခြင်းကြောင့် အဂတိလိုက်စားမှုကို ဖြစ်စေနိုင်သော အချက်များအား ဖယ်ရှားရန် သို့မဟုတ် လျှော့ချရန် အရေးတကြီး လိုအပ်နေသောအခါ၊ ဃ) ပြဋ္ဌာန်းမည့်/ပြင်ဆင်မည့် ဥပဒေကြမ်းအတွက် CRA ကို ဆောင်ရွက်သောအခါတွင် သက်ဆိုင် ရာ သို့မဟုတ် ဆက်နွယ်မှုရှိသော တည်ဆဲဥပဒေများတွင် အဂတိလိုက်စားမှုကို ဖြစ်စေနိုင်သော အချက်များ တွေ့ရှိသော အခါတို့တွင် ဖြစ်ပါသည်။

ACRC ၏ အတွေ့အကြုံများအရ နိုင်ငံများသည် တည်ဆဲဥပဒေများအတွက် CRA ကို ဆောင်ရွက်သောအခါတွင် စိန်ခေါ်မှုများကို ရင်ဆိုင်ရနိုင်ပါသည်။ CRA ကို ဆော်ငရွက်သော အဖွဲ့အစည်းတွင် လူစွမ်းအားအရင်းအမြစ်နှင့် ဘဏ္ဍာ ရေးအရင်းအမြစ်များ အကန့်အသတ်ရှိသောအခါတွင် တည်ဆဲဥပဒေများအားလုံးအတွက် CRA ကို ဆောင်ရွက်ရန်မှာ ဖြစ်နိုင်ကောင်းမှ ဖြစ်နိုင်ပေလိမ့်မည်။ ထိုအခါ အချို့သော အဂတိလိုက်စားမှုဖြစ်နိုင်ခြေများ ကို ရွေးချယ်ခြင်း သို့မဟုတ် အချို့သော ပြဿနာရပ်များကို သတ်မှတ်ခြင်းများ (ဥပမာ မီဒီယာများတွင် အပြောများနေသော အဂတိလိုက်စားမှု ကိစ္စများ) ပြုလုပ်ရမည်ဖြစ်သည်။ ထိုအခါ CRA ကို ဆောင်ရွက်ရန် ရွေးချယ်ခံရသော (CRA ရလဒ်များကြောင့် အကျိုး သက်ရောက်မှုကို ခံရမည့်) အစိုးရအဖွဲ့အစည်းများက ၎င်းတို့အား တစ်ဖက်သတ်၊ မတရား ရွေးချယ်သည်ဟု ယူဆနိုင် ပါသည်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့အစည်းသည် ၎င်း၏ ရွေးချယ်မှုအား ခိုင်မာအားကောင်းသည် ကျိုးကြောင်း ပြချက်ဖြင့် ကာကွယ်ရမည်ဖြစ်သည်။

CRA ကို ဆောင်ရွက်ခြင်း၏ ကနဦးအဆင့်တွင် အရေးအကြီးဆုံးမှာ ရှင်းလင်း၍ ကျိုးကြောင်းဆီလျော်သော CRA စံသတ် မှတ်ချက်များကို ချမှတ်ရန်ဖြစ်ပါသည်။ စံသတ်မှတ်ချက်များ၏ ကျိုးကြောင်းလျော်ကန်မှု၊ ရှင်းရှင်းလင်းလင်းဖြစ်မှုနှင့် အစပ် အဟပ်မိမှုတို့က CRA ကို ဆောင်ရွက်မည့် အဖွဲ့အစည်းများအား ဆန်းစစ်မှုခံယူရမည့် အဖွဲ့အစည်းများထံမှ ဆန့်ကျင်ခြင်း မခံရအောင် ကာကွယ်ပေးနိုင်သလို CRA ရလဒ်များနှင့် အကြံပြုချက်များအား လက်ခံမှုနှုန်းလည်း တိုးလာစေပါလိမ့်မည်။ အဖွဲ့အစည်းအတွင်းတွင် စနစ်တကျနှင့် အခြေခိုင်သွားပြီဆိုလျှင် အကောင်အထည်ဖော်သည့် အဖွဲ့အစည်းသည် CRA ညွှန်ကိန်းများကို အစဉ်အမြဲ ပိုကောင်းအောင် ပြင်ဆင်နေနိုင်ပြီး ဥပဒေအမျိုးမျိုး (ဥပမာ ပြင်ဆင်ချက်ဥပဒေကြမ်းများ၊ တည်ဆဲဥပဒေများ၊ စည်ပင်သာယာရေး စည်းမျဉ်းစည်းကမ်းများ၊ ပြည်သူ့ဝန်ဆောင်မှုအဖွဲ့အစည်းများ၏ အဖွဲ့အစည်း တွင်း စည်းမျဉ်းစည်းကမ်းများ) အပေါ် CRA ကို ဆောင်ရွက်သွားမည့် အတိုင်းအတာအား တဖြည်းဖြည်း တိုးချဲ့သွားနိုင် ပါသည်။

ထို့ကြောင့် ACRC ၏ အတွေ့အကြုံအရ CRA အား ဥပဒေကြမ်းများအတွက် ဦးစွာ မိတ်ဆက်ကျင့်သုံးပြီး တစ်ချိန်တည်း တွင် တည်ဆဲဥပဒေများအတွက် CRA ကို တိုးချဲ့ဆောင်ရွက်သွားနိုင်ရန် ဥပဒေမူဘောင်ကို လမ်းဖွင့်ပေးထားရန် စဉ်းစား သင့်လှကြောင်း အကြံပြုအပ်ပါသည်။

## ၄။ ကနဦး CRA အကောင်အထည်ဖော်မှုအတွက် ဦးစားပေးရမည့် အကြောင်းအရာများ/နယ်ပယ်များကို မည်သို့ ရွေးချယ်ရမည်နည်း။

ကနဦးအဆင့်တွင် CRA ကို ဆောင်ရွက်သော အဖွဲ့အစည်းသည် ဝန်ထမ်းအင်အား၊ ငွေအင်အား အကန့်အသတ် ရှိနိုင် ပါသည်။ ထို့ကြောင့် မည်သည့်ဥပဒေအမျိုးအစားကို ဦးတည်ဆောင်ရွက်မည်ဟု ဆုံးဖြတ်သည်ဖြစ်စေ CRA ကို ဆောင် ရွက်ရမည့် ကိစ္စရပ်များကို ထပ်မံရွေးချယ်ရမည်ဖြစ်ပါသည်။ အများပြည်သူ စိတ်ဝင်စားမှုဖြင့်မားသော ကိစ္စရပ်များကို ရွေးချယ်ရန် ဆုံးဖြတ်လျှင် CRA အတွက် အများပြည်သူ၏ အားပေးကူညီမှုကို ရရှိစေနိုင်သဖြင့် CRA ကို အခြေတကျဖြစ် စေမည့် အရှိန်အဟုန်တစ်ခုကို ဖန်တီးနိုင်ပါသည်။ သို့သော် အုပ်ချုပ်ရေးအဖွဲ့အစည်း၏ စိတ်ဝင်စားမှုသည် ပြည်သူတို့၏ ဦးစားပေးမှုနှင့် ကိုက်ညီခြင်း မရှိပါက အဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့အစည်းသည် အစိုးရအဖွဲ့အစည်းများထံမှ ပိုမို ပြင်းထန်သော ဆန့်ကျင်မှုကို ရင်ဆိုင်ရနိုင်ပါသည်။ အခြားတစ်ဖက်တွင် အုပ်ချုပ်ရေးအဖွဲ့အစည်းများမှ ထိပ်တန်းဦးစား ပေးတစ်ရပ်အဖြစ် သတ်မှတ်သော နယ်ပယ်များတွင် CRA ကို စတင်ဆောင်ရွက်ပါက အစိုးရထံမှ ဆန့်ကျင်မှုကို နည်းပါး သွားစေနိုင်ပြီး အကောင်အထည်ဖော်မည့်အဖွဲ့အစည်းအတွက် CRA ကို တရားဝင်ထည့်သွင်းဆောင်ရွက်ရန် ပိုမို လွယ်ကူ စေမည်ဖြစ်သည်။

တစ်ချိန်တည်းတွင် ပြည်သူများ၏ ဘဝများအပေါ် တိုက်ရိုက်သက်ရောက်နိုင်သော ဥပဒေကြမ်းများ သို့မဟုတ် ဥပဒေများ အတွက် CRA ကို ဆောင်ရွက်မည်ဆိုလျှင်လည်း ဆောင်ရွက်ထိုက်ပါသည်။ ACRC ကို နမူနာယူရမည်ဆိုလျှင် ကော်မရှင် သည် ပြည်သူများ၏ နေ့စဉ်ဘဝတွင် ရယူနေရသည့် ပြည်သူ့ဝန်ဆောင်မှုများအပေါ် များစွာသက်ရောက်မှုရှိသော အုပ်ချုပ်ရေးစည်းမျဉ်း စည်းကမ်းများကဲ့သို့ လက်အောက်ခံဥပဒေများအတွက်  CRA ကို ဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့ပါသည်။ အချိန်ကာလကြာမြင့်လာသည်နှင့်အမျှ ထိုသို့ ဆောင်ရွက်မှုသည် CRA လုပ်ငန်းစဉ်အပေါ် အများ၏ ယုံကြည်လက်ခံမှုကို တိုးပွားစေရန်အတွက်သာမက အဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့အစည်းအတွက်နှင့် အဂတိလိုက်စားမှု တားဆီး ကာကွယ်ရေး လုပ်ငန်းကြီးတစ်ခုလုံးအတွက်ပါ နိုင်ငံရေးအရ ထောက်ခံအားပေးမှုများ တိုးပွားလာစေရန်လည်း အထောက် အကူဖြစ်ခဲ့ပါသည်။

### ပြည်သူ့ဝန်ဆောင်မှုအဖွဲ့အစည်းများ၏ အဖွဲ့အစည်းတွင်း စည်းမျဉ်းစည်းကမ်းများကို သုံးသပ်ရန်နှင့် CRA ကို ဆောင်ရွက်ရန်အတွက် ACRC ကို လုပ်ပိုင်ခွင့်ပေးသော ဥပဒေကြမ်း

လတ်တလောတွင် ACRC သည် ပြည်သူ့ဝန်ဆောင်မှုအဖွဲ့အစည်းများ၏ အဖွဲ့အစည်းတွင်း စည်းမျဉ်းစည်းကမ်းများ ကို သုံးသပ်လေ့လာနိုင်ရန်အတွက် ၎င်း၏ လုပ်ပိုင်ခွင့်ကို တိုးချဲ့ပေးမည့် ဥပဒေကို အတည်ပြုပြဋ္ဌာန်းနိုင်ရန် ကြိုးပမ်း နေပါသည်။ ဤသည်မှာ အစိုးရသည် ပြည်သူများ၏ ဘဝများအပေါ် တိုက်ရိုက်သက်ရောက်နိုင်သည့် အများပိုင်ကုမ္ပဏီများအပါအဝင် ပြည်သူ့ဝန်ဆောင်မှုအဖွဲ့အစည်းများသို့ တာဝန်များကို တိုး၍ ပေးအပ်လာခြင်းသည့် အချက်ကြောင့်လည်း ဖြစ်ပါသည်။ ထိုဥပဒေကြမ်းကို အတည်ပြုပြီးသည်နှင့်တစ်ပြိုင်နက် ACRC သည် က) ပြည်သူ ဝန်ဆောင်မှုအဖွဲ့အစည်းများထံမှ ၎င်းတို့၏ ဌာနတွင်း စည်းမျဉ်းစည်းကမ်းများဆိုင်ရာ သတင်းအချက်အလက်များကို တင်ပြရန် တောင်းဆိုခြင်း၊ ခ) ပြည်သူ့ဝန်ဆောင်မှုအဖွဲ့အစည်းများ၏ ဌာနတွင်း စည်းမျဉ်းစည်းကမ်းများအတွက် CRA ကို တိုက်ရိုက်ဆောင်ရွက်ခြင်းတို့ ပြုလုပ်နိုင်မည်ဖြစ်

## ၅။ CRA စံသတ်မှတ်ချက်များအား ဖြစ်ပေါ်နေသော အခြေအနေများနှင့် လိုက်လျောညီထွေဖြစ်အောင် မည်သို့ ပြုလုပ်ရ မည်နည်း။

ကိုးရီးယားနိုင်ငံရှိ ACRC သည် အဓိကကျသော အဂတိလိုက်စားမှုဖြစ်နိုင်ခြေများအား သတ်မှတ်ဖော်ထုတ်ရန်အတွက် CRA စံသတ်မှတ်ချက် ၁၁ ခုကို အသုံးပြုနေပါသည်။ အဆိုပါစံသတ်မှတ်ချက်များသည် ကိုရီးယားနိုင်ငံ၏ ဥပဒေရေးရာ အခြေအနေနှင့် ACRC ၏ စွမ်းဆောင်ရည်တို့ကို ထင်ဟပ်သော စံသတ်မှတ်ချက်များဖြစ်ပါသည်။ CRA နည်းစနစ်များကို လက်ခံကျင့်သုံးလိုသော နိုင်ငံများသည် မိမိတို့၏ ကိုယ်ပိုင်ဥပဒေရေးရာ ဖွဲ့စည်းပုံပေါ်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဦးစားပေးများနှင့် စွမ်းဆောင်ရည်များပေါ်တွင် အခြေခံကာ မိမိတို့၏ ကိုယ်ပိုင်  CRA စံသတ်မှတ်ချက်များကို ပြုစုရန် လိုပါလိမ့်မည်။

ကနဦးအဆင့်တွင် အဓိကကျသော အဂတိလိုက်စားမှု ဖြစ်နိုင်ခြေများထဲမှ အဖွဲ့အစည်းအနေဖြင့် ဦးစားပေးအဖြစ် ကိုင် တွယ်ဖြေရှင်းလိုသော ဖြစ်နိုင်ခြေအချို့ကိုသာ လွှမ်းခြုံသည့် ရိုးရှင်းလွယ်ကူသော စံသတ်မှတ်ချက်များကို စတင်အသုံးပြု ရန် အကြံပြုလိုပါသည်။ CRA လုပ်ငန်းစဉ်သည် အဖွဲ့အစည်းစနစ်အတွင်း ကောင်းစွာ အခြေကျပြီဆိုလျှင် အဂတိလိုက်စား မှုတိုက်ဖျက်ရေးအဖွဲ့အစနေဖြင့် ပိုမိုများပြားကျယ်ပြန့်သော အဂတိလိုက်စားမှုဖြစ်နိုင်ခြေများကို ကိုင်တွယ်ဖြေရှင်းရန် အတွက် ပိုမိုခက်ခဲနက်နဲသော စံသတ်မှတ်ချက်များကို တဖြည်းဖြည်းတိုးကာ မိတ်ဆက် အသုံးပြုသွားနိုင်ပါသည်။

### ဥပမာ ACRC ၏ လက်ရှိအသုံးပြုနေသော CRA စံသတ်မှတ်ချက်များကို အောက်ပါနည်းများဖြင့် ပိုမိုရိုးရှင်းလွယ်ကူသွား အောက် ပြုလုပ်နိုင်ပါသည်

- “လိုက်နာရသည့်အတွက် ဖြစ်ပေါ်လာသည့် ဝန်ထုပ်ဝန်ပိုး၏ ကျိုးကြောင်းလျော်ကန်သင့်မြတ်မှု” နှင့် “စည်းမျဉ်းစည်းကမ်းများ၏ လုံလောက်မှု” စံသတ်မှတ်ချက်နှစ်ခုအား “ပြစ်ဒဏ်များနှင့် လိုက်နာရခြင်းကြောင့် ပေးဆပ်ရမှုများ၏ ကျိုးကြောင်းလျော်ကန်သင့်မြတ်မှု” အဖြစ် တစ်ခုတည်းဖြစ်အောင် ပေါင်းစပ်ခြင်း၊
- “လက်လှမ်းမီမှု” နှင့် “ပွင့်လင်းစွာချပြမှု” တို့အား “မူဝါဒချမှတ်ရာတွင် နိုင်ငံသားများ၏ ပါဝင်ဆောင်ရွက်မှု” အဖြစ် ပေါင်းစပ်ခြင်း၊ နှင့်/သို့မဟုတ်
- “အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များ အားကောင်းအောင် လုပ်ဆောင်ရန် လိုအပ်မှု” အား ပယ်ဖျက်ခြင်း၊

အခြားတစ်ဖက်တွင် "မျက်နှာသာပေးဆက်ဆံမှုများ ဖြစ်ပေါ်နိုင်ခြေ"၊ "ဆုံးဖြတ်ချက်ချမှတ်ပိုင်ခွင့် ပေးအပ်ခြင်းဆိုင်ရာ အခြေခံ ၏ ခိုင်မာမှုနှင့် ဓမ္မဓိဋ္ဌာန်ကျမှု"၊ "ပွင့်လင်းစွာချပြမှု" နှင့် "ပြည်သူ့ဝန်ဆောင်မှုများနှင့် အုပ်ချုပ်ရေး လုပ်ငန်းစဉ်တို့၏ ရှင်းရှင်းလင်းလင်းရှိမှု" ကဲ့သို့သော စံသတ်မှတ်ချက်များသည် ကနဦး CRA လုပ်ငန်းစဉ်ကို အကောင်အထည်ဖော်ရာတွင် ပိုမိုလွယ်ကူစွာ အသုံးပြုနိုင်သော စံသတ်မှတ်ချက်များ ဖြစ်နိုင်ပါသည်။

## ၆။ စည်ပင်သာယာဥပဒေစည်းမျဉ်းများနှင့် ပြည်သူ့ဝန်ဆောင်မှုအဖွဲ့အစည်းများ၏ ဌာနတွင်း စည်းမျဉ်းများအတွက် CRA ကို ဆောင်ရွက်သည့် စွမ်းရည်ကို မည်သို့ မြှင့်တင်ပေးနိုင်မည်နည်း။

မူအားဖြင့် စည်ပင်သာယာဥပဒေစည်းမျဉ်းများနှင့် ဌာနတွင်း စည်းမျဉ်းများတွက် CRA ကို စစ်ဆေးရေးနှင့် စာရင်းစစ်အဖွဲ့က ဆောင်ရွက်ပါသည်။ CRA ကို ဆောင်ရွက်ရန် စည်ပင်သာယာရေး အဖွဲ့အစည်းများနှင့် ပြည်သူ့ဝန်ဆောင်မှု အဖွဲ့အစည်းများအား ဖိအားပေးရန် ACRC တွင် လုပ်ပိုင်ခွင့်တာဝန်ပါ။ သို့သော် ထိုကဲ့သို့သော ဌာနတွင်း စည်းမျဉ်းစည်း ကမ်းများအတွက်လည်း CRA ကို ဆောင်ရွက်နိုင်ကြောင်း သိရှိထားသည့်အတွက် ပြည်သူ့ဝန်ထမ်းအဖွဲ့အစည်းများအပေါ် အပြုသဘောဆောင်သည့် ဖိအားတစ်ခု သက်ရောက်စေပြီး အမူအကျင့် ပြောင်းလဲမှုများကို ဖြစ်စေပါသည်။ အဘယ် ကြောင့်ဆိုသော် ၎င်းတို့ကို အဂတိလိုက်စားမှုတိုက်ဖျက်ရေး လုပ်ငန်းများတွင် ပိုမိုအားစိုက်ထုတ်လုပ်ဆောင်ရန်၊ စည်းမျဉ်း စည်းကမ်းများကို ပြဋ္ဌာန်းသောအခါ သို့မဟုတ် ပြင်ဆင်သောအခါတွင် အဂတိလိုက်စားမှုကိုတားဆီးကာကွယ်သည့် နည်းလမ်းများအား ထည့်သွင်းစဉ်းစားရန် အားပေးရာရောက်သောကြောင့် ဖြစ်ပါသည်။

ထို့ကြောင့် စည်ပင်သာယာရေးအဖွဲ့များနှင့် ပြည်သူ့ဝန်ဆောင်မှုအဖွဲ့အစည်းများသည် CRA ကို မဖြစ်မနေ ဆောင်ရွက်ရ မည့် အတိုင်းအတာအတွင်းတွင် ထည့်သွင်းထားခြင်းမရှိဟု ဆိုသော်လည်း ၎င်းတို့၏ CRA အကောင်အထည်ဖော်မှု စွမ်းရည်အား တိုးမြှင့်ပေးနိုင်မည့် နည်းလမ်းများကို ချမှတ်ဆောင်ရွက်လျှင် အကျိုးရှိနိုင်ပါသည်။ ဥပမာ ACRC ၏ အဂတိ လိုက်စားမှုတိုက်ဖျက်ရေးသင်တန်းကျောင်း (https://acti.nhi.go.kr/) က အွန်လိုင်းသင်တန်း အစီအစဉ်တစ်ခု ဖြစ်သော "CRA ကို ဆောင်ရွက်သော ကိစ္စများမှတစ်ဆင့် CRA အား လေ့လာသင်ယူခြင်း" အစီအစဉ်ကို ဆောင်ရွက်ပေးပါသည်။ ACRC သည် သဘောဆန္ဒအလျောက် သက်ဆိုင်ရာဥပဒေများအတွက် CRA ကို ဆောင်ရွက်ကြသည့် အစိုးရအဖွဲ့အစည်းများ၏ စံနမူနာကောင်းများကိုလည်း အလားတူ ဆောင်ရွက်မှုများကို အားပေးရန်၊ လမ်းညွှန်မှုပေးရန်အတွက် စုဆောင်းရယူပါသည်။ ထို့ပြင် ACRC သည် ၎င်း၏ အခြားသော အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ သုံးသပ်စစ်ဆေးမှု များကို ခံယူရသည့် ပြည်သူ့ဝန်ထမ်းအဖွဲ့အစည်းများတွင် CRA လုပ်ငန်းစဉ်ကို အဖွဲ့အစည်းစနစ်အတွင်း ထည့်သွင်း ဆောင်ရွက်ချင်လာအောင် ဆွဲဆောင်အားပေးမှုများ ပြုလုပ်ပါသည်။ ဥပမာ ACRA သည် ၎င်း၏ နှစ်စဉ်ဆောင်ရွက်သော အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဆောင်ရွက်ချက်အား လေ့လာဆန်းစစ်ခြင်း (AIA)တွင် "CRA မှ အကြံပြုချက်များကို အကောင်အထည်ဖော်ခြင်း" ဟူသည့် စံသတ်မှတ်ချက်တစ်ခုကို ထပ်ဖြည့်ခဲ့ပါသည်။ AIA ရလဒ်များအား အများပြည်သူထံ သို့ ထုတ်ပြန်အသိပေးသည်ဖြစ်ရာ ပြည်သူ့ဝန်ဆောင်မှုအဖွဲ့အစည်းများ၏ အကြီးအကဲများအား AIA အမှတ် များများရစေ ရန်အတွက် CRA ကို ဆောင်ရွက်ချင်လာအောင် လှုံ့ဆော်ပေးရန် ARCR မှ ကြိုးပမ်းပါသည်။

## ၇။ အစိုးရအဖွဲ့အစည်းများထံမှ ထောက်ခံအားပေးမှုရအောင် မည်သို့ ဆောင်ရွက်ရမည်နည်း။

ကိုရီးယားနိုင်ငံ၏ အတွေ့အကြုံအရ CRA မှတစ်ဆင့် အဂတိလိုက်စားမှုဖြစ်နိုင်ခြေများအား စနစ်တကျ ဆောင်ရွက် ခြင်းဖြင့် အချိန်ကာလတစ်ခု ကြာမြင့်လာချိန်တွင် ယင်းသည် အစိုးရအဖွဲ့အစည်းများအား ဥပဒေကြမ်းကို CRA အတွက် မတင်ပြမီမှပင် ၎င်းတို့အဆိုပြုသည့် ဥပဒေကြမ်းများ သို့မဟုတ် ဥပဒေများအတွင်းရှိ အဂတိလိုက်စားမှုဖြစ်နိုင်ခြေများကို လျှော့ချရန် လက်ဦးမှုရယူဆောင်ရွက်ဖြစ်အောင် အားပေးနိုင်ခဲ့ပါသည်။ ထိုသို့ဖြစ်လာစေရန်အတွက် သက်ဆိုင်ရာ အဖွဲ့အစည်းများထံမှ နိုင်ငံရေးနှင့် အဖွဲ့အစည်းပိုင်းဆိုင်ရာ အားပေးပံ့ပိုးမှုများလိုအပ်ပြီး တစ်ချိန်တည်းတွင် CRA အတွက် ရှင်းလင်းတိကျသော ဥပဒေအခြေခံကို ရရှိအောင် ဆောင်ရွက်ရမည်ဖြစ်သည်။

ရှေ့ပိုင်းအခန်းများတွင် ဖော်ပြခဲ့သည့်အတိုင်း ကိုရီးယားနိုင်ငံတွင် CRA အား တရားဝင်ဥပဒေပြုရေးလုပ်ငန်းစဉ်တွင် အစိတ်အပိုင်းတစ်ခုအဖြစ် ထည့်သွင်းထားပြီးဖြစ်ကာ CRA ရလဒ်များအား ဒုတိယဝန်ကြီးများအစည်းအဝေးနှင့် MOLEG တို့၏ ဥပဒေသုံးသပ်စိစစ်မှုတို့အတွက် ရည်ညွှန်းကိုးကားချက်အဖြစ် အသုံးပြုနိုင်ရန် တင်ပြပါသည်။ သို့ပါသောကြောင့် အစိုးရအဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အဆိုပြုသော ဥပဒေကြမ်းများအပေါ် ACRC ၏ အကြံပြုချက်များအား လျစ်လျူရှု ရန် ခက်ခဲစေခဲ့ပါသည်။

အခြားသော နိုင်ငံများ၊ အခြေအနေများတွင် CRA ကို စတင်မိတ်ဆက်ကျင့်သုံးရန် ကြိုးပမ်းသောအခါတွင် သက်ဆိုင်ရာ အကျိုးဆက်စပ်ပတ်သက်သူများအား ပါဝင်စေလျက် တစ်ဆင့်ချင်းဆောင်ရွက်သွားမည်ဆိုလျှင် ထိရောက်မှု ရှိနိုင်ပါသည်။ ဦးစွာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့အစည်းသည် CRA စံသတ်မှတ်ချက်များနှင့် checklist တို့ကို အဆင်ပြေလွယ်ကူစွာ အသုံးပြုနိုင်ရန်နှင့် လက်တွေ့ဆောင်ရွက်နိုင်သော၊ လက်လှမ်းမီနိုင်သော၊ အလွယ်တကူအသုံးပြုနိုင်သော CRA ပုံစံချပ်တစ်ခုကို ပြုစုရန်အတွက် အထူးလုပ်ငန်းအဖွဲ့တစ်ဖွဲ့ကို ဖွဲ့စည်းနိုင်ပါသည်။ ထို့နောက် CRA ကို မိတ်ဆက်ရန်နှင့် CRA လုပ်ငန်းစဉ်အား ပိုကောင်းအောင် ပြင်ဆင်မွမ်းမံနိုင်ရေးအတွက် အကြံပြုချက်များ ရယူရန် သက်ဆိုင်သူများကို ဖိတ်ကြားကာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပနိုင်ပါသည်။ ထို့နောက်တွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့အစည်းသည် ရှေ့ပြေးစမ်းသပ်ဆော်ငရွက်မှုတစ်ခု ပြုလုပ်ကာ သက်ဆိုင်ရာ အဖွဲ့အစည်းများထံမှ အကြံပြုချက်များကို ရယူ၍ ပေါ်ပေါက်လာသော ပြဿနာမှန်သမျှကို ဖြေရှင်းနိုင်ပါသည်။ နောက်ဆုံးတွင် အပြီးသတ်ပြုစုထားသော CRA လုပ်ငန်းစဉ်အတွက် အပြီးသတ် တိုင်ပင်ဆွေးနွေးကာ အကြံပြုချက်များ ရယူနိုင်ရန် ဖြန့်ဝေပေးပြီး အဆင့်မြင့်ဆုံးအာဏာပိုင်များမှ တရားဝင်အတည်ပြုချက် ရရှိရန်အတွက် တင်ပြနိုင်ပါသည်။

## ၈။ CRA ကို ဆောင်ရွက်သော ဝန်ထမ်းများ၏ စွမ်းဆောင်ရည်ကို မည်သို့ မြှင့်တင်ပေးမည်နည်း။

CRA ကို ထိရောက်စွာ စဉ်ဆက်မပြတ်ဆောင်ရွက်သွားရန်အတွက် သက်ဆိုင်ရာအဖွဲ့အစည်းအနေဖြင့် အောက်ပါတို့ကို ဖြည့်ဆည်းပေးရန် လိုအပ်ပါသည် - ၁) ဝန်ထမ်းများအား လိုအပ်သည့် ကျွမ်းကျင်မှုများ ရရှိအောင် ဆောင်ရွက်ပေးခြင်းနှင့် ၂) လုပ်ငန်းတာဝန်များကို သင့်တော်စွာ ခွဲဝေပေးခြင်းတို့ ဖြစ်ပါသည်။ CRA အတွက် ဥပဒေဆိုင်ရာ ကျွမ်းကျင်မှုများ လိုအပ်သည် မှန်သော်လည်း CRA ဝန်ထမ်းများအားလုံးသည် ဥပဒေပညာရှင်များ ဖြစ်ရန် မလိုအပ်ပါ။ ACRC တွင် CRA အဖွဲ့၌ အထွေထွေအုပ်ချုပ်ရေးအရာရှိများနှင့် ဥပဒေကျွမ်းကျင်ပညာရှင်များ ပါဝင်ပါသည်။ ထို့ကြောင့် CRA အား နည်းပညာရပ်ဆိုင်ရာ ဥပဒေရှုထောင့်သက်သက်မှသာမက ဥပဒေကြမ်းများ ဥပဒေများကို ကျင့်သုံးအကောင်အထည်ဖော် မည့် ပြည်သူ့အုပ်ချုပ်ရေးယန္တရားကြီးတစ်ခုလုံး၏ အလုပ်လုပ်ပုံကို နားလည်သိရှိမှုဖြင့် ဆောင်ရွက်နိုင်စေပါသည်။

CRA အဖွဲ့တွင်းတွင် အလုပ်ခွဲဝေမှုနှင့်စပ်လျဉ်း၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့တွင် ရွေးချယ်စရာ နည်းလမ်းနှစ်ခု ရှိပါသည် - အဖွဲ့ဝင်များအား သီးခြား CRA စံသတ်မှတ်ချက်တစ်ခုချင်းစီကိုသာ အထူးပြုကျွမ်းကျင်အောင် ခွဲဝေတာဝန်ပေး ဆောင်ရွက်စေမည်လား သို့မဟုတ် CRA စံသတ်မှတ်ချက်များအားလုံးကို အသုံးပြုလုပ်ဆောင်စေမည်လားဟူ၍ ရွေးချယ် ရပါသည်။ ၁၀ နှစ်တာ CRA အတွေ့အကြုံအရ ACRC က အောက်ပါအကြောင်းများကြောင့် CRA ဝန်ထမ်းများအား CRA စံသတ်မှတ်ချက်များအားလုံးကို အသုံးပြုနိုင်အောင် စွမ်းရည်မြှင့်တင်ပေးသင့်ကြောင်း အကြံပြုထားပါသည်

- ဝန်ထမ်းများကြား တာဝန်ခွဲဝေမှု မညီမျှခြင်းများ ဖြစ်ပေါ်နိုင်ခြေ - ကိုရီးယားနိုင်ငံတွင် စံသတ်မှတ်ချက် ၁၁ ခုအနက် ၄ ခုဖြင့်သာ အဂတိလိုက်စားမှုဖြစ်နိုင်ခြေအများစုကို ဖော်ထုတ်သိရှိရပါသည်။ ၎င်းတို့မှာ 'စည်းမျဉ်း စည်းကမ်းများ၏ လုံလောက်မှု'၊ 'ဆုံးဖြတ်ချက်ချမှတ်ပိုင်ခွင့်ပေးအပ်ခြင်းဆိုင်ရာ အခြေခံ၏ ခိုင်မာမှုနှင့် ဓမ္မဓိဋ္ဌာန် ကျမှု'၊ 'ပြည်သူ့ဝန်ဆောင်မှုနှင့် အုပ်ချုပ်ရေးလုပ်ငန်းစဉ်များ၏ ရှင်းရှင်းလင်းလင်းရှိမှု' နှင့် 'အကျိုးစီးပွားဆက် နွယ်မှုဖြစ်နိုင်ခြေ' တို့ ဖြစ်ပါသည်။ ထို့ကြောင့် ဝန်ထမ်းတစ်ဦးချင်းစီအား စံသတ်မှတ်ချက်တစ်ခုစီကိုသာ တာဝန် ပေးမည်ဆိုပါက အလုပ်တာဝန်များကို အညီအမျှ ခွဲဝေနိုင်လိမ့်မည်မဟုတ်ပါ။

- စံသတ်မှတ်ချက်များကြား ဆက်စပ်စဉ်းစားရန် လိုအပ်မှု - CRA စံသတ်မှတ်ချက်များသည် တစ်ခုနှင့်တစ်ခု အပြန်အလှန်ဆက်နွယ်နေပါသည်။ အကယ်၍ အဖွဲ့ဝင်တစ်ဦးသည် စံသတ်မှတ်ချက်တစ်ခုတည်းကိုသာ အထူး ပြု ကျွမ်းကျင်မည်ဆိုပါက စံသတ်မှတ်ချက်များကြား အပြန်အလှန်ဆက်နွယ်နေမှုကို ဖြေရှင်းရန် ခက်ခဲပါလိမ့် မည်။ ဥပမာ အဂတိလိုက်စားမှုဖြစ်နိုင်ခြေတစ်ခုအား စံသတ်မှတ်ချက် နှစ်ခု သို့မဟုတ် ထို့ထက်ပို၍ ပေါင်းစုကာ ဖန်တီးဖြစ်ပေါ်စေခြင်းမျိုးဖြစ်ပါသည်။

- ဘက်စုံခြုံငုံသုံးသပ်သည့် ဥပဒေရေးရာရှုထောင့်အမြင် လိုအပ်မှု - ACRC ၏ အတွေ့အကြုံအရ ဥပဒေပြဋ္ဌာန်း ချက်များသည် ဥပဒေတစ်ခုတည်းအတွင်းရှိ အခြားပြဋ္ဌာန်းချက်များနှင့်သော်လည်းကောင်း၊ အထက်အောက် ဥပဒေများမှ ပြဋ္ဌာန်းချက်များနှင့်သော်လည်းကောင်း အပြန်အလှန်ချိတ်ဆက်နေတတ်ပါသည်။ အချို့ပြဋ္ဌာန်းချက် များ၏ အဓိပ္ပါယ်အတိအကျအား အထက် သို့မဟုတ် လက်အောက်ခံဥပဒေများမှ သက်ဆိုင်ရာ ပြဋ္ဌာန်းချက်များ ကို နားလည်မှသာလျှင် သိရှိနိုင်ပါသည်။ ထိုအခါမျိုးတွင် CRA အဖွဲ့အနေဖြင့် အဂတိလိုက်စားမှု ဖြစ်နိုင်ခြေများ သည် အခြားသော သက်ဆိုင်ရာဥပဒေများနှင့် ဆက်နွယ်နေမှုကြောင့် လျော့ပါးသွားမည်လား/ ပိုဆိုးလာမည် လားဆိုသည်ကို ရှာဖွေဖော်ထုတ်ရမည်ဖြစ်ပါသည်။ ထို့ကြောင့် CRA ဆောင်ရွက်သူတိုင်းသည် စံသတ်မှတ်ချက် များအားလုံးကို အသုံးပြုပြီး ဘက်စုံခြုံငုံသည့်ဥပဒေအမြင်ဖြင့် ဆောင်ရွက်နိုင်လျှင် ပိုမို ထိရောက်မှုရှိမည် ဖြစ်ပါသည်။

အဖွဲ့၏ စွမ်းရည်မြှင့်တင်ရန်အတွက် ACRC သည် ယခင်က ဆောင်ရွက်ထားသော CRA များနှင့် အကြံပြုချက်များကို စုစည်းကာ အချက်အလက်စနစ်တစ်ခု ဖန်တီးထားပြီး CRA အဖွဲ့တစ်ဖွဲ့ပြီးတစ်ဖွဲ့ အချက်အလက်များအား အစဉ်အဆက် ဖြည့်သွင်းတိုးချဲ့သွားရန်ဖြစ်ပါသည်။ ထိုအချက်အလက်စနစ်အတွင်းရှိ CRA ဖြစ်ရပ်မှန်များနှင့် စံနမူနာပြုဖွယ် အကြံပြုချက်များသည် အသစ်ခန့်အပ်သော ဝန်ထမ်းများအတွက် CRA စံသတ်မှတ်ချက်များ လက်တွေ့ကျင့်သုံးမှုအား အချိန်တိုတွင်း လေ့လာနိုင်အောင် အထောက်ကူပြုပါသည်။ ACRC ၏ အတွေ့အကြုံအရ သီအိုရီသာမက လက်တွေ့သာဓကများသည် အကောင်းဆုံး အထောက်အကူများ ဖြစ်ပါသည်။

## ၉။ အခြားသော ဥပဒေသုံးသပ်စိစစ်မှု လုပ်ငန်းစဉ်များနှင့် မည်သို့ ပေါင်းစပ်ညှိနှိုင်းရမည်နည်း။

ကိုရီးယားဥပဒေပြုရေးဝန်ကြီးဌာန (MOLEG) တွင် ဥပဒေများအားလုံးကို သုံးသပ်စိစစ်ရန် တာဝန်ရှိပါသည်။ သို့ပါသော ကြောင့် ACRC နှင့် MOLEG အဖွဲ့အစည်းနှစ်ရပ်စလုံးသည် ဥပဒေများကို သုံးသပ်လေ့လာမှုများ ပြုလုပ်ကြပါသည်။ သို့သော် ACRC ၏ CRA သည် MOLEG ၏ ဥပဒေသုံးသပ်လေ့လာမှုလုပ်ငန်းစဉ်နှင့်မတူညီဘဲ ကွဲပြားသည့် သီးခြား လုပ်ငန်းစဉ်တစ်ခု ဖြစ်ပါသည်။ ဥပဒေကြမ်းအတွက် CRA လုပ်ငန်းစဉ်ကို ဆောင်ရွက်ပြီးသောအခါမှသာ MOLEG က ဥပဒေသုံးသပ်လေ့လာမှုကို ပြုလုပ်ပါသည်။ ထို့ကြောင့် ထိုအဖွဲ့အစည်းနှစ်ခုကြားတွင် ပဋိပက္ခ တစ်စုံတစ်ရာ မရှိပါ။

ထို့ပြင် ACRC နှင့် MOLEG ကြား ပူးပေါင်းဆောင်ရွက်မှုအလားအလာများကို အားပေးနိုင်သည့် နည်းလမ်းဖြင့် CRA ကို တရားဝင် ပြုလုပ်ထားပါသည်။ CRA အတွက် လုပ်ငန်းဆောင်ရွက်မှုလမ်းညွှန် အပိုဒ် ၉ (၂) အောက်တွင် CRA အကြံပြု ချက်များကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ACRC သည် MOLEG နှင့် တိုင်ပင်ဆွေးနွေးနိုင်သည်ဟု ဖော်ပြပါရှိပါသည်။ အဆိုပါလမ်းညွှန်များ၏ အပိုဒ် ၁၀ (၇) တွင် CRA ရလဒ်များနှင့် ACRC အကြံပြုချက်များသည် ဥပဒေကြမ်းများ သုံးသပ်မှုနှင့် ဥပဒေပြင်ဆင်ပြောင်းလဲမှုများ (ဥပဒေပြုရေးတာဝန် ထမ်းဆောင်မှုနည်းဥပဒေ ပုဒ်မ ၂၁ နှင့် ၂၄ တွင် အသီးသီးပါရှိ) အတွက် ရည်ညွှန်းကိုးကားနိုင်မည်ဆိုလျှင် ACRC သည် ယင်းတို့ကို MOLEG ထံ မျှဝေပေးနိုင်ပါသည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့အစည်းနှင့် အခြားသော ဥပဒေသုံးသပ်စိစစ်ရေးအဖွဲ့အစည်းများကြား ပူးပေါင်း ဆောင်ရွက်ရန်လိုအပ်သော နိုင်ငံများသည် ACRC ၏ အတွေ့အကြုံကို ထည့်သွင်းစဉ်းစားကာ CRA နှင့် အခြားလုပ်ငန်းစဉ် များကြား ပဋိပက္ခဖြစ်ခြင်း သို့မဟုတ် ထပ်နေခြင်းများကို ရှောင်ရှားနိုင်မည့် နည်းလမ်းများအား ရှာဖွေဖော်ထုတ်ရန် အကြံပြုလိုပါသည်။

## ၁၀။ CRA ရလဒ်များကို ကန့်ကွက်ပယ်ချနိုင်ခြေအား မည်သို့ လျှော့ချမည်နည်း။

CRA ကို ဆောင်ရွက်ပြီးနောက်တွင် ACRC သည် က) CRA လုပ်ငန်းစဉ်အတွင်းတွင် အဂတိလိုက်စားမှု ဖြစ်နိုင်သော အချက်များ မတွေ့ရှိလျှင် ACRC က တင်သွင်းထားသော ဥပဒေအဆိုပြုလွှာကို အတည်ပြုပေးခြင်းသော်လည်းကောင်း၊ ခ) ACRC သည် အဆိုပြုလွှာတစ်စိတ်တစ်ပိုင်းကို အတည်ပြုပေးပြီး CRA တွင် တွေ့ရှိရသည့် အဂတိလိုက်စားမှုဖြစ်နိုင်ခြေ များကို ဖယ်ရှားပစ်ရန် အကြံပြုချက်များ ပေးခြင်းသော်လည်းကောင်း ပြုလုပ်ပါသည်။  သီအိုရီအရ ဥပဒေပြုရေး အဆိုပြု လွှာတစ်ခုလုံးကို ပယ်ချနိုင်သော်လည်း ACRC သည် အုပ်ချုပ်ရေးအဖွဲ့အစည်းမှ အဆိုပြုသော ဥပဒေကြမ်းများ ပိုမို ကောင်းမွန်လာပြီး တရားဝင်ပြဋ္ဌာန်းနိုင်စေရေးအတွက် အပြုသဘောဆောင်သော အကြံပြုချက်များ ပေးရန် ရည်ရွယ်ပါ သည်။ ထို့ပြင် ACRC သည် CRA ရလဒ်များကို တရားဝင် မထုတ်ပြန်မီ သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းများနှင့် တိုင်ပင် ဆွေးနွေးကာ CRA ရလဒ်များနှင့် အကြံပြုချက် များကို တူညီစွာ နားလည်စေရန် ဆောင်ရွက်ပါသည်။

ထိုမျှသာမက ကိုရီးယားရှိ CRA ဥပဒေသည် အစိုးရအဖွဲ့အစည်းများအား CRA ရလဒ်များနှင့် ACRC ၏ အကြံပြုချက်များ ကို လက်ခံမည်လား သို့မဟုတ် ပယ်ချမည်လား ဆိုသည်ကို ဆုံးဖြတ်ခွင့်ပေးထားပါသည်။ လိုအပ်သည်ဟု ယူဆပါက ၎င်းတို့ကို CRA ကို ထပ်မံဆောင်ရွက်ပေးရန်လည်း တောင်းဆိုနိုင်ပါသည်။ ထိုကဲ့သို့ ဆန်းစစ်လေ့လာမှု ခံယူရသည့် အဖွဲ့အစည်းများအတွက် 'ရွေးချယ်စရာများ' နှင့် 'ကိုယ်ပိုင်ဆုံးဖြတ်ပိုင်ခွင့်များ' ဖန်တီးပေးထားသည့် နည်းလမ်းဖြင့် ဆောင်ရွက်ခြင်းကလည်း CRA လုပ်ငန်းစဉ်အပေါ် ၎င်းတို့၏ ဆန့်ကျင်မှုများကို လျော့နည်းအောင် အထောက်အကူပြု ခဲ့ပါသည်။ တစ်ချိန်တည်းတွင် ကောင်းစွာအခြေတကျဖြစ်နေသည့် ခိုင်မာသော CRA နည်းစနစ်များနှင့်အတူ CRA အား တရားဝင်မထုတ်ပြန်မီ အစိုးရအဖွဲ့အစည်းများနှင့် ထဲထဲဝင်ဝင် တိုင်ပင်ဆွေးနွေးမှုများကလည်း သက်ဆိုင်ရာ အဖွဲ့အစည်း များထံမှ နားလည်လက်ခံမှုကို တိုးပွားရရှိစေပါသည်။ ယခု ကိုရီးယားနိုင်ငံတွင် အစိုးရဝန်ကြီးဌာနများသည် CRA ရလဒ် များကို လက်ခံလေ့ရှိပြီး ပြန်လည်ဆန်းစစ်ပေးရန် တောင်းဆိုခြင်းများ အလွန်ရှားပါးပါသည်။  အချိန်ကာလ ကြာလာသည် နှင့်အမျှ CRA အကြံပြုချက်များကို လက်ခံသည့်နှုန်းလည်း တဖြည်းဖြည်း တိုးတက်လာရာ ၂၀၁၇ခုနှစ်တွင် လက်ခံမှုနှုန်း သည် အထင်ကြီးလေးစားလောက်ဖွယ် ၉၆.၈% အထိ ရရှိခဲ့ပါသည်။

## ၁၁။ ကနဦးဆန့်ကျင်မှုများကို ကျော်လွှားနိုင်ရန်အတွက် နိုင်ငံရေးအရ ထောက်ခံအားပေးမှုကို မည်သို့ ရယူရမည်နည်း။

အထက်ဖော်ပြပါ 'အားပေးမှု' နည်းလမ်းများကို ကျင့်သုံးသည့်တိုင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့အစည်းတစ်ခု သည် CRA လုပ်ငန်းစဉ်ကို ဆောင်ရွက်သောအခါတွင် ကနဦးအဆင့်၌ ဆန့်ကျင်မှုများကို ရင်ဆိုင်ရနိုင်ပါသည်။  ဤစိန်ခေါ်မှုကို ကျော်လွှားနိုင်ရန်အတွက် CRA သည် ပုံမှန်ကျင့်သုံးဆောင်ရွက်နေသည့် ပြည်သူ့အုပ်ချုပ်ရေးအလေ့ အထတစ်ခု ဖြစ်လာစေရေးအတွက် နိုင်ငံရေး အရ ထောက်ခံအားပေးမှုများ ရရှိနိုင်မည့် နည်းလမ်းများကို ရှာဖွေရန် လိုအပ်ပါသည်။ ဥပမာ CRA သတင်းအချက်အလက်များအား ပြည်သူလူထုထံ ချပြပေးခြင်းသည် CRA အား အဂတိလိုက် စားမှု တားဆီးကာကွယ်ရေး နည်းလမ်းတစ်ခုအဖြစ် လက်ခံကျင့်သုံးမှုကို အားပေးထောက်ခံမှုများ ပိုမိုရရှိအောင် လုပ် ဆောင်နိုင်ပါသည်။ ကိုရီးယားနိုင်ငံတွင် ACRC သည် CRA ဖြစ်ရပ်လေ့လာချက်အစီရင်ခံစာအား ၎င်း၏ ဝက်ဆိုက်တွင် နှစ်စဉ်တင်ပေးပြီး CRA ၏ အကောင်းဆုံး ကျင့်သုံးမှုအလေ့အထများကို မျှဝေပေးပါသည်။ ဤအစီရင်ခံစာတွင် အဂတိ လိုက်စားမှုကို ဖြစ်စေသော အချက်များကို သတ်မှတ်ဖော်ထုတ်ရန် CRA စံသတ်မှတ်ချက်တစ်ခုချင်းစီအား မည်သို့ အသုံးပြုနိုင်ကြောင်းနှင့် အဂတိလိုက်စားမှုဖြစ်နိုင်ခြေများကို ကာကွယ်ရန် မည်သည့် ပြောင်းလဲမှုများ ပြုလုပ်ခဲ့ကြောင်း အမှန်တကယ်ဖြစ်ပွားခဲ့သော ဖြစ်ရပ်နမူနာများအား တင်ပြပေးပါသည်။ ထိုသို့ CRA ဆိုင်ရာ သတင်းအချက်အလက် များအား ပြည်သူများထံ အသိပေးခြင်းဖြင့် CRA ၏ အသုံးဝင်မှုကို ပြည်သူများ အသိအမှတ်ပြုမှုကို တိုးတက်စေပြီး နိုင်ငံရေးအရ ထောက်ခံအားပေးမှုကိုလည်း ရရှိစေသည့်အတွက် CRA အကောင်အထည်ဖော်မှုအား လွယ်ကူချောမွေ့စေ နိုင်ပါသည်။ ထို့ပြင် CRA ကို ဆောင်ရွက်လိုသော နိုင်ငံများသည် ထပ်ဆောင်းအားပေးမှုများ ပြုရန် နှင့် သက်ဆိုင်ရာ အဖွဲ့အစည်းများအား "မပေါ့မလျော့အောင် သတိပေးချက်များ" ပြုလုပ်ရန်အတွက် အခြားသော အစိုးရ၏ လုပ်ငန်းစွမ်း ဆောင်ရည်ဆန်းစစ်ချက်များ သို့မဟုတ် နှစ်စဉ်သုံးသပ်မှုများ (ဥပမာ လွှတ်တော် သို့မဟုတ် ဝန်ကြီးချုပ်ရုံးမှ ဆောင်ရွက် သည့်) ကို မည်သို့ အသုံးပြုနိုင်မည်ဆိုသည်ကိုလည်း စဉ်းစားသုံးသပ်နိုင်ပါသည်။ ဥပမာ သက်ဆိုင်ရာ အဖွဲ့အစည်းများမှ CRA ရလဒ်များနှင့် အကြံပြုချက်များအား လက်ခံခြင်း ရှိ/မရှိ ဆန်းစစ်သည့် ပြဋ္ဌာန်းချက်များ ထည့်သွင်းခြင်းမျိုး ဖြစ်ပါ

## ၁၂။ CRA စံသတ်မှတ်ချက်များအား ခေတ်နှင့်လျော်ညီအောင်၊ ပိုမိုကောင်းမွန်သော မည်သို့ လုပ်ဆောင်မည်နည်း။

CRA သည် အမြဲမပြတ်ပြောင်းလဲနေသည့် လုပ်ငန်းစဉ်တစ်ခု ဖြစ်သင့်ပါသည်။ ပြောင်းလဲနေသော အဂတိလိုက်စားမှုဖြစ် နိုင်ခြေများနှင့် ပြည်သူ့အုပ်ချုပ်ရေးကဏ္ဍအတွင်းရှိ ပြောင်းလဲမှုများကို ထိရောက်စွာ ကိုင်တွယ်ဖြေရှင်းနိုင်ရန်အတွက် CRA စံသတ်မှတ်ချက်များအား စဉ်ဆက်မပြတ် ပြင်ဆင်ဖြည့်စွက်မှုများကို အင်တိုက်အားတိုက် အားထုတ်လုပ်ဆောင်ဖို့ လိုအပ်ပါသည်။

ကိုရီးယားနိုင်ငံတွင် CRA ကို ၂၀၁၆ခုနှစ်တွင် စတင်ကျင့်သုံးခဲ့ချိန်မှစ၍ နည်းစနစ်ကို ပိုမိုအားကောင်းစေရန်နှင့် ခေတ်နှင့် မလျော်ညီတော့သည့် ညွှန်ကိန်းများဖြင့် ဖြေရှင်းနိုင်ခြင်းမရှိတော့သည့် အသစ်ပေါ်ထွက်လာသော အဂတိလိုက်စားမှု စိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းနိုင်ရန်အတွက် ACRC မှ ပြင်ဆင်မှု သုံးလေးကြိမ် ပြုလုပ်ခဲ့ပြီးဖြစ်ပါသည်။ ဥပမာ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလတွင် ACRC သည် CRA စံသတ်မှတ်ချက်များအား အောက်ပါဇယားတွင် ဖော်ပြထားသည့်အတိုင်း ပြင်ဆင်ပြောင်းလဲမှုများ ပြုလုပ်ခဲ့ပါသည်။

### ၂၀၁၆ခုနှစ်တွင် ပြုလုပ်ခဲ့သည့် CRA စံသတ်မှတ်ချက်များ၏ အဓိကပြောင်းလဲမှုများအတွက် ကျိုးကြောင်းရှင်းလင်းချက်

၁။ အစိုးရအဖွဲ့အစည်းများသည် ၎င်းတို့၏ အုပ်ချုပ်ရေးလုပ်ငန်းများအား ပုဂ္ဂလိကကဏ္ဍမှ အဖွဲ့အစည်းများထံသို့ တိုး၍၊ တိုး၍ ယုံကြည်အပ်နှံလာမှုနှင့်အတူ ယင်းတို့နှင့်ဆက်နွယ်သည့် အဂတိလိုက်စားမှုများသည် ကိုရီးယား နိုင်ငံတွင် ကြီးမားသော ပူပန်မှုများကို ဖြစ်ပေါ်စေခဲ့ပါသည်။ ယင်းကို တုံ့ပြန်ဆောင်ရွက်သည့်အနေဖြင့် ACRC သည် ယုံကြည်အပ်နှံမှုအတွက် ယခင်က အသုံးပြုခဲ့သည့် "ယုံကြည်အပ်နှံမှု/တာဝန်ပေးအပ်မှု၏ သင့်တော်ဆီလျော်မှု" ဟူသော CRA စံသတ်မှတ်ချက်အစား "ယုံကြည်အပ်နှံမှု/တာဝန်ပေးအပ်မှု၏ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှု" ဟူသည့်ကို အစားထိုးခဲ့ပါသည်။

၂။ ထို့ပြင် ACRC သည် "ဘဏ္ဍာရေးအထောက်အပံ့စံနှုန်းများ၏ ရှင်းရှင်းလင်းလင်းရှိမှု" နေရာတွင် ပိုမိုနံ့စပ် တိကျသော စံသတ်မှတ်ချက်ဖြစ်သည့် "အစိုးရအထောက်အပံ့များအား လွဲမှားစွာ ခွဲဝေပေးမှု သို့မဟုတ် အလွဲသုံးမှု ဖြစ်နိုင်ခြေ" နှင့် အစားထိုးခဲ့ပါသည်။ ကိုရီးယားအစိုးရသည် မကြာသေးမီနှစ်များအတွင်း သက်သာချောင်ချိရေးနှင့် ထောက်ပံ့ကြေးဆိုင်ရာ ဘတ်ဂျက်များ ချပေးမှု တိုးပွားလာပြီး အဂတိလိုက်စားမှုနှင့် ဘတ်ဂျက်လေလွင့်မှုများ ဖြစ်နိုင်ခြေ တိုးပွားလာသည့်အတွက် ဤအပြောင်းအလဲကို ပြုလုပ်ခဲ့ရခြင်း ဖြစ်သည် ။

၃။ ကိုရီးယားတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် အဖွဲ့အစည်းဆိုင်ရာ စွမ်းရည်များ တိုးတက်လာမှုနှင့်အညီ သက်ဆိုင်ရာအဖွဲ့အစည်းများသည် ဥပဒေကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန်အတွက် အဂတိလိုက်စားမှုကို တားဆီးကာကွယ်ရေး လုပ်ငန်းစဉ်များကို ချမှတ်ဆောင်ရွက်ရန် လို/မလို သုံးသပ်စစ်ဆေးရန်အတွက် ACRC သည် "အဂတိလိုက် စားမှုတိုက်ဖျက်ရေးယန္တရားများ၏ ခိုင်မာအားကောင်းအောင် ဆောင်ရွက်ရန် လိုအပ်မှု" ဟူသည့် စံသတ်မှတ်ချက်အသစ်တစ်ခုကို ထည့်သွင်းခဲ့ပါသည်။

၄။ ပိုမိုရှင်းလင်းတိကျသည့် သုံးသပ်စစ်ဆေးမှုကို ပြုလုပ်ရန်အတွက် ACRC သည် "လိုက်နာရန်အတွက် ထမ်း ဆောင်ရမည့် ဝန်ထုပ်ဝန်ပိုး၏ ကျိုးကြောင်းလျော်ကန်မှု" ဟူသော စံသတ်မှတ်ချက်အတွက် "လုံလောက်မှု" ဟူသော အသုံးအနှုန်းကို "ကျိုးကြောင်းလျော်ကန်မှု" ဟု ပြောင်းလဲခဲ့ပြီး "လက်လှမ်းမီမှု/ပွင့်လင်းစွာချပြမှု" စံသတ် မှတ်ချက်ကို "လက်လှမ်းမီမှု" နှင့် "ပွင့်လင်းစွာချပြမှု" ဟူသည့် သီးခြားစံသတ်မှတ်ချက်နှစ်ခုအဖြစ် ခွဲထုတ်လိုက် ပါသည်။

ACRC ၏ အတွေ့အကြုံအရ အဂတိလိုက်စားမှု ဖြစ်နိုင်ခြေအသစ်များကို သတ်မှတ်ဖော်ထုတ်ရန်အတွက် CRA ကို အစဉ်အမြဲ ပြင်ဆင်ပြောင်းလဲနေရမည့် နည်းလမ်းတစ်ခုအဖြစ် အသုံးပြုရန် CRA နည်းလမ်းကို စတင်ကျင့်သုံးရန် ကြိုးပမ်းသူများအား အကြံပြုပါသည်။ အဂတိလိုက်စားမှုသည် တစ်သမတ်တည်း မပြောင်းမလဲရှိနေသော ဖြစ်စဉ်တစ်ခု မဟုတ်ပါ။ ပြောင်းလဲနေသော လူမှုရေးအခြေအနေများနှင့် ဥပဒေစနစ်၊ ပြည်သူ့အုပ်ချုပ်ရေးစနစ်အတွင်းရှိ ကယ်ပေါက် များမှ ထွက်ပေါ်လာသော ရလဒ်တစ်ခု ဖြစ်ပါသည်။

# နောက်ဆက်တွဲစာတမ်းများ

# နောက်ဆက်တွဲစာတမ်း

- ဥပဒေများအား တစ်စိတ်အပိုင်း ပြန်လည်ပြင်ဆင်သော အစိုးရအဖွဲ့အစည်းများသည် အခြေခံအားဖြင့် ဆန်းစစ်လေ့လာရမည့် စာရွက်စာတမ်းများကို ACRC သို့ တင်ပြရန် လိုအပ်ပါသည်။
- ဥပဒေအသစ်ပြဋ္ဌာန်းသော သို့မဟုတ် ဥပဒေ၏ ပြဋ္ဌာန်းချက်များအားလုံးကို အစအဆုံးပြင်ဆင်သော အစိုးရ အဖွဲ့အစည်းများသည် အခြေခံအားဖြင့် ဆန်းစစ်လေ့လာရမည့် စာရွက်စာတမ်းများသာမက အသေးစိတ် လေ့လာရမည့် စာရွက်စာတမ်းများကိုပါ ACRC သို့ တင်ပြရန် လိုအပ်ပါသည်။

**သတိပြုရန်** တစ်စိတ်တစ်ပိုင်းသာ ပြန်လည်ပြင်ဆင်သော်လည်း ACRC မှ တောင်းဆိုလာပါက အစိုးရအဖွဲ့အစည်း များသည် အသေးစိတ်ဆန်းစစ်လေ့လာရမည့် စာရွက်စာတမ်းများကိုလည်း တင်ပြရမည်ဖြစ်သည်။

### အက်ဥပဒေများနှင့် နည်းဥပဒေစည်းမျဉ်းစည်းကမ်းများအတွက် အခြေခံအားဖြင့် ဆန်းစစ်လေ့လာရမည့် စာရွက်စာတမ်းများ

နမူနာဖြည့်စွက်ပြထားသော ဆန်းစစ်လေ့လာမှုပုံစံ

<table>
<tr><td>Title of legislation</td><td colspan="7">Framework Act on National Informatization<br>(Title of system: )</td></tr>
<tr><td>Category</td><td colspan="2">Enactment</td><td colspan="3">Amendment</td><td colspan="2">Current law</td></tr>
<tr><td>Type</td><td>Act</td><td>Presidential Decree</td><td>Prime Ministerial Decree</td><td>Ordinance of Ministry</td><td>Administrative Rules (incl. bylaw, articles of association)</td><td>Ordinance</td><td>Regulation</td></tr>
<tr><td colspan="2">Related Administrative Regulations (announcements, directives, regulations, rules, guidelines etc.)</td><td colspan="6">1. Application Guidelines and Evaluation Criteria for Permission of Common Carriers<br>2. Guidelines for Handling Registration of Special Category Telecommunications Business<br>3. Regulation on R&D and Management of ICT<br>4. Project for Designating and Supporting Excellent New Technologies<br>5. Guidelines for Management of the Informatization Promotion Fund</td></tr>
<tr><td rowspan="5">Concerned Agency</td><td>Name</td><td colspan="6">Ministry of Science, ICT and Future Planning (MSIP)</td></tr>
<tr><td rowspan="2">Supervising Division (Review)</td><td colspan="3">Division (Section)</td><td colspan="3">Regulatory Reform & Legal Affairs Division</td></tr>
<tr><td colspan="3">Person in charge:<br>Rank / Name / Phone number</td><td colspan="3">5th rank / OOO / 02-2110-0000</td></tr>
<tr><td rowspan="2">Business Division (Implemen-tation)</td><td colspan="3">Division (Section)</td><td colspan="3">OOOO</td></tr>
<tr><td colspan="3">Person in charge:<br>Rank / Name / Phone number</td><td colspan="3">4th rank / OOO / 02-2110-0000</td></tr>
<tr><td rowspan="3">Legislative timeline (planned)<br>※ For enacted or revised Acts only</td><td rowspan="2">Consultation with Relevant Agencies</td><td>Counterpart</td><td colspan="2"></td><td colspan="3"></td></tr>
<tr><td>Period</td><td colspan="5">From . . . To . . . ( Day)</td></tr>
<tr><td>Pre-announcement</td><td colspan="6">From . . . To . . . ( Day)</td></tr>
<tr><td rowspan="2">Attachment</td><td>Essential Material</td><td colspan="6">1. Statutory proposal (Including a comparison table of before/after provisions)<br>2. Explanations on the revision of the Acts</td></tr>
<tr><td>Others</td><td colspan="6">1. Annual statement of contributions for common carriers<br>2. Current status of ICT R&D projects and evaluation report of each project</td></tr>
</table>

<table>
<tr><td rowspan="2">Drafter</td><td>Agency</td><td>Division</td><td>Rank</td><td>Name</td><td>Phone number</td></tr>
<tr><td>MSIP</td><td>OOOO</td><td>senior deputy director</td><td>OOO</td><td>02-2110-0000</td></tr>
</table>

## အက်ဥပဒေများနှင့် နည်းဥပဒေစည်းမျဉ်းစည်းကမ်းများအတွက် အသေးစိတ် ဆန်းစစ်လေ့လာရမည့် စာရွက်စာတမ်းများ

**ဆန်းစစ်လေ့လာမှုနယ်ပယ် - လိုက်နာမှု**

"လိုက်နာရခြင်းကြောင့် ပေးဆပ်ရမှုများ၏ ကျိုးကြောင်းလျော်ကန်သင့်မြတ်မှု" စံသတ်မှတ်ချက် - ဥပဒေများနှင့် စည်းမျဉ်း စည်းကမ်းများကို လိုက်နာရသည့်အတွက် လူပုဂ္ဂိုလ်များနှင့် စီးပွားရေးလုပ်ငန်းများ ကျခံရသည့် ကုန်ကျစရိတ်များ သည် ကျိုးကြောင်းလျော်ကန်သင့်မြတ်မှု ရှိပါသလား။

① များလွန်းသည်　② လျော်ကန်သင့်မြတ်သည်

**နမူနာဖြည့်စွက်ပြထားသော ဆန်းစစ်လေ့လာမှုပုံစံ**

<ဇယား ၁-၁> လိုက်နာဆောင်ရွက်ရန် ပေးဆပ်ရမှုများနှင့် စပ်လျဉ်းသည့် ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်း များအကြောင်း အသေးစိတ်အချက်အလက်များ

| စဉ်① | ဥပဒေအခြေခံ② | လိုက်နာဆောင်ရွက်မှု ပေးဆပ်ရမှုများ အကြောင်း အသေးစိတ်အချက်များ ③ | ဆက်စပ်သည့် အကျိုးသက် ဆိုင်သူများ④ (ဆက်သွယ်ရန်ဖုန်း) |
|---|---|---|---|
| ၁ | ▫ စားသောက်ကုန်သန့်ရှင်းရေး အက်ဥပဒေ ပုဒ်မ ၄ | ▫ အန္တရာယ်ရှိသော စားသောက်ကုန်များ ရောင်းချခြင်း၊ သိုလှောင်ခြင်း၊ သယ်ယူ ပို့ဆောင်ခြင်းနှင ခင်းကျင်းပြသခြင်းတို့ကို တားမြစ်သည်။ | ▫ ကိုရီးယားစားသောက်ကုန် ဝန်ဆောင်မှုလုပ်ငန်းအဖွဲ့ (1688-0000) |
| ၂ | ▫ စားသောက်ကုန်သန့်ရှင်းရေး အက်ဥပဒေ ပုဒ်မ ၈ | ▫ အဆိပ်အတောက်ရှိသော ကိရိယာများ၊ စသည် ရောင်းချခြင်းနှင့် အသုံးပြုခြင်းကို တားမြစ်သည်။ | ▫ ကိုရီးယားစားသောက်ကုန် ဝန်ဆောင်မှုလုပ်ငန်းအဖွဲ့ (02-3470-0000)<br>▫ ကိုရီးယားကြွေထည်အန ပညာအဖွဲ့ (031-632-0000) |
| ၃ | ▫ စားသောက်ကုန်သန့်ရှင်းရေး အက်ဥပဒေ ပုဒ်မ ၄၁ | ▫ စားသောက်ကုန်ဝန်ဆောင်မှု လုပ်ငန်းများမှ ဝန်ထမ်းများသည် သန့်ရှင်းရေးဆိုင်ရာ သင်တန်းများကို နှစ်စဉ် မတက်မနေရ တက်ရောက်ရန် လိုအပ်သည်။ | ▫ ကိုရီးယားစားသောက်ကုန် ဝန်ဆောင်မှုလုပ်ငန်းအဖွဲ့ (1688-0000) |

<အခြားမှတ်ချက်များ> လိုက်နာဆောင်ရွက်ရသည့်အတွက် ပေးဆပ်ရမှုများ၏ လိုအပ်မှုနှင့် ကျိုးကြောင်းခိုင်လုံမှု⑤

| | |
|---|---|
| ၃ | ▫ စားသောက်ကုန်လုပ်ငန်းကဏ္ဍမှ အလုပ်သမားများအား သန့်ရှင်းရေးသင်တန်းများ မဖြစ်မနေ ကျင်းပပေးရန် သတ်မှတ်ချက်သည် အစားအသောက်နှင့်ဆက်နွှယ်သည့် ကျန်းမာရေးအန္တရာယ်များကို တားဆီးကာကွယ်နိုင်ပြီး အစားအသောက်များ၏ အာဟာရအရည်အသွေးကို တိုးတက်စေနိုင်ပါသည်။ |

<ရည်ညွှန်းကိုးကားချက်များ>⑥

| | |
|---|---|
| ၁ | ▫ အန္တရာယ်ရှိသော စားသောက်ကုန်များနှင့်စပ်လျဉ်းသည့် သတင်းထုတ်ပြန်ချက်များ |
| ၂ | ▫ အဆိုပြုထားသော စားသောက်ကုန်သန့်ရှင်းရေးအက်ဥပဒေ ပြင်ဆင်ချက်နှင့် ဆက်နွှယ်ပတ်သက်သူများ၏ အမြင်များ |

① ဥပဒေအား လိုက်နာဆောင်ရွက်ရခြင်းကြောင့် ပေးဆပ်ရမည့်အရာများ၊ ကုန်ကျမည့်စရိတ်များကို ပြဋ္ဌာန်းထားသော ပြဋ္ဌာန်းချက် အသစ်များ သို့မဟုတ် ပြင်ဆင်ထားသော ပြဋ္ဌာန်းချက်များကို နံပါတ်စဉ်အလိုက် စာရင်းပြုစုရန်၊

② ထိုကုန်ကျစရိတ်များကို ပြဋ္ဌာန်းထားသည့် အက်ဥပဒေ၏ ပုဒ်မများကို ဖော်ပြရန်၊

③ ဥပဒေအား လိုက်နာဆောင်ရွက်ရာတွင် ကုန်ကျမည့်စရိတ်များကို ဖော်ပြရန်၊ ငွေလုံးငွေရင်းကုန်ကျစရိတ်များ၊ ဥပဒေအရ သို့မဟုတ် လက်တွေ့အနစ်နာခံရမှုများနှင့် opportunity cost များ၊
**ကုန်ကျစရိတ်နမူနာများ** - စာရွက်စာတမ်းအမျိုးမျိုး၊ ကြိုတင်ကြေညာချက်များ၊ သင်တန်းများ၊ ပုံမှန်စစ်ဆေးမှုများ၊ သတ်မှတ်ထားသော ပစ္စည်းအမျိုးအမည်များကို အသုံးပြုရခြင်း၊ အချို့ပစ္စည်းများ သို့မဟုတ် လုပ်ဆောင်ချက်များကို တားမြစ်ခြင်း၊ ဖယ်ရှားခြင်း၊ အလုပ်ပြင်ပ ကန့်သတ်ချက်များ၊ စသည်၊

④ ဥပဒေကို လိုက်နာရသည့်အတွက် ပေးဆပ်ရမှုများ၏ ကျိုးကြောင်းခိုင်လုံမှုကို စစ်ဆေးရန်အတွက် ဆက်သွယ်ရမည့် ဆက်စပ် ပတ်သက်သည့် အကျိုးသက်ဆိုင်သူများ (ဆိုလိုသည်မှာ ဥပဒေစည်းမျဉ်းစည်းကမ်းများကို လိုက်နာရမည့် လူပုဂ္ဂိုလ်များ သို့မဟုတ် အဖွဲ့အစည်းများ) ၏ အမည်နှင့် ဆက်သွယ်ရန် ဖုန်းနံပါတ်များကို ဖော်ပြရန်၊

⑤ လိုက်နာဆောင်ရွက်ရသည့်အတွက် ပေးဆပ်ရမှုများနှင့် ကုန်ကျမည့် စရိတ်များ၏ လိုအပ်မှုနှင့် ကျိုးကြောင်းခိုင်လုံမှုအတွက် လိုအပ်သည်ဟု ယူဆပါက သတင်းအချက်များ ထပ်ဆောင်းပံ့ပိုးပေးရန်၊ (ဇယား ၁-၁ တွင် ပေးထားသော နံပါတ်စဉ်အတိုင်း)၊

⑥ ရည်ညွှန်းကိုးကားနိုင်သည့် စာရွက်စာတမ်းများ စာရင်း၊ ထိုစာရွက်စာတမ်းတစ်ခုချင်းစီကို ပူးတွဲထည့်သွင်းပေးရန်၊
**ရည်ညွှန်းကိုးကားစရာစာရွက်စာတမ်းနမူနာများ** - သက်ဆိုင်သည့်ဥပဒေများ (နည်းဥပဒေစည်းမျဉ်းစည်းကမ်းများနှင့် အုပ်ချုပ်ရေးစည်းမျဉ်းများ)၊ လူထုကြားနာပွဲများမှ စာရွက်စာတမ်းများ၊ လူထုစစ်တမ်းရလဒ်များ၊ သတင်းထုတ်ပြန်ချက်များ၊ စသည်၊

**"ပြစ်ဒဏ်များ၏ လုံလောက်မှု" စံသတ်မှတ်ချက်** - ဥပဒေများအား ချိုးဖောက်ခြင်းကြောင့် ချမှတ်သည့် ပြစ်ဒဏ်များနှင့် အတိုင်းအတာများသည် သင့်လျော်မှုရှိပါသလား။

① လုံလောက်သည်  ② လျော့ကန်သင့်မြတ်သည်  ③ တင်းကြပ်လွန်းသည်။

**နမူနာဖြည့်စွက်ပြထားသော ဆန်းစစ်လေ့လာမှုပုံစံများ**

<ဇယား ၁-၂> ပြစ်ဒဏ်များနှင့်စပ်လျဉ်းသည့် ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများ၏ အသေးစိတ်အချက် အလက်များ

| စဉ်① | ဥပဒေအခြေခံ② | ချိုးဖောက်မှုဆိုင်ရာ အသေးစိတ်အချက်များ③ | ပြစ်ဒဏ်ဆိုင်ရာ အသေးစိတ်အချက်များ④ |
|---|---|---|---|
| ၁ | ▫ ပြစ်မှုကြောင့် နစ်နာ သူကာကွယ်စောင့် ရှောက်ရေး ဥပဒေ ပုဒ်မ ၄၇ | ▫ ထောက်ပံ့ကြေးအား လိမ်လည်ဟန်ဆောင်ခြင်း သို့မဟုတ် အခြားတရားမျှတမှု မရှိသော နည်းလမ်းများဖြင့် တရားမဝင် လက်ခံရယူထားသော ပုဂ္ဂိုလ် | ▫ ၅ နှစ်ထက်မပိုသော ထောင်ဒဏ် သို့မဟုတ် ကိုရီးယားဝမ်ငွေ သန်း ၂၀ ထက် မပိုသော ငွေဒဏ် |
| ၂ | ▫ ပြစ်မှုကြောင့် နစ်နာ သူကာကွယ်စောင့် ရှောက်ရေး ဥပဒေ ပုဒ်မ ၄၇ | ▫ ပြစ်မှုကြောင့် နစ်နာသူများအား ကာကွယ်စောင့်ရှောက်ရန် သို့မဟုတ် ပံ့ပိုးကူညီရန်ထက် အခြားရည်ရွယ်ချက်များအတွက် ထောက်ပံ့ကြေးကို သုံးစွဲခဲ့သော ပုဂ္ဂိုလ် | ▫ ၃ နှစ်ထက်မပိုသော ထောင်ဒဏ် သို့မဟုတ် ကိုရီးယားဝမ်ငွေ ၁၀ သန်း ထက် မပိုသော ငွေဒဏ် |

<အခြားမှတ်ချက်များ> ပြစ်ဒဏ်များချမှတ်ရန် လိုအပ်မှုနှင့် ပြစ်ဒဏ်ချမှတ်မှုအတိုင်းအတာ၏ ကျိုးကြောင်းခိုင်လုံမှု⑤

| စဉ် | ပြစ်ဒဏ်များချမှတ်ရန် လိုအပ်မှုနှင့် ပြစ်ဒဏ်ချမှတ်မှုအတိုင်းအတာ၏ ကျိုးကြောင်းခိုင်လုံမှု |
|---|---|
| ၁ | ▫ ထောက်ပံ့ကြေးအား တရားမဝင်ရယူခြင်း သို့မဟုတ် အခြားရည်ရွယ်ချက်များအတွက် အသုံးပြုခြင်းကြောင့် ဖြစ်ပေါ်လာသော လူမှုရေးအကျိုးသက်ရောက်မှုနှင့် ဆိုးကျိုးများကို ထည့်သွင်းစဉ်းစားကာ ထောက်ပံ့ကြေးအား လိမ်လည်ဟန်ဆောင်ခြင်း သို့မဟုတ် အခြားတရားမျှတမှု မရှိသော နည်းလမ်းများဖြင့် တရားမဝင် လက်ခံရယူ ထားသော ပုဂ္ဂိုလ်အား ၅ နှစ်ထက်မပိုသော ထောင်ဒဏ် သို့မဟုတ် ကိုရီးယားဝမ်ငွေ သန်း ၂၀ ထက် မပိုသော ငွေဒဏ် အပြစ်ပေးပါသည်။ ပြစ်မှုကြောင့် နစ်နာသူများအား ကာကွယ်စောင့်ရှောက်ရန် သို့မဟုတ် ပံ့ပိုးကူညီရန် ထက် အခြားရည်ရွယ်ချက်များအတွက် ထောက်ပံ့ကြေးကို သုံးစွဲခဲ့သော ပုဂ္ဂိုလ်အား ၃ နှစ်ထက်မပိုသော ထောင်ဒဏ် သို့မဟုတ် ကိုရီးယားဝမ်ငွေ ၁၀ သန်း ထက် မပိုသော ငွေဒဏ် အပြစ်ပေးပါသည်။ |

<ရည်ညွှန်းကိုးကားချက်များ>⑥

| စဉ် | ရည်ညွှန်းကိုးကားချက်များ၏ အသေးစိတ်အချက်အလက်များ |
|---|---|
| ၁ | ▫ ထောက်ပံ့ကြေးများအား တရားမဝင်သော၊တရားမျှတမှုမရှိသော နည်းလမ်းဖြင့် လက်ခံရယူသော၊ ထောက်ပံ့ကြေး များအား အခြားရည်ရွယ်ချက်များအတွက် အသုံးပြုသော လူပုဂ္ဂိုလ်များ၏ အမှုမှတ်တမ်းများကဲ့သို့ သက်ဆိုင်ရာ စာရင်းအင်းအချက်အလက်များ၊<br>▫ အခြားအက်ဥပဒေများ၊ နည်းဥပဒေစည်းမျဉ်းစည်းကမ်းများတွင် ချမှတ်ထားသော အလားတူပြစ်ဒဏ်များ၊ |

① ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများကို ချိုးဖောက်ခြင်းကြောင့် ချမှတ်သည့် ပြစ်ဒဏ်များကို ပြဋ္ဌာန်းထားသော ပြဋ္ဌာန်းချက် အသစ်များ သို့မဟုတ် ပြင်ဆင်ထားသော ပြဋ္ဌာန်းချက်များ (သက်ဆိုင်ရာ နောက်ဆက်တွဲအပါအဝင်) ကို နံပါတ်စဉ်အလိုက် စာရင်းပြုစုရန်၊

② ပြစ်ဒဏ်များကို ပြဋ္ဌာန်းထားသည့် အက်ဥပဒေ၏ ပုဒ်မများကို ဖော်ပြရန်၊

③ ပြစ်ဒဏ်များ၏ အဆင့်ကို ဖော်ပြထားခြင်း (ဥပမာ အမျိုးအစား၊ ပြင်းထန်မှု၊ ချိုးဖောက်မှုများ၏ အရေအတွက်နှင့် ပြင်းထန်မှု အတိုင်းအတာ၊ စသည်)၊

④ ဥပဒေများ ချိုးဖောက်ခြင်းအတွက် ချမှတ်သော ပြစ်ဒဏ်များ၏ အမျိုးအစားနှင့် အဆင့်ကို အကျဉ်းဖော်ပြရန်၊ (နောက်ဆက်တွဲ အပိုင်းတွင် ပြစ်ဒဏ်များ၏ အသေးစိတ်ကို ဖော်ပြထားပါက ယင်းအား အနှစ်ချုပ်ကာ ပူးတွဲထည့်သွင်းရန်)၊

**ပြစ်ဒဏ်နမူနာများ**

• စီးပွားရေးလုပ်ငန်းအတွက် ခွင့်ပြုချက် ဖျက်သိမ်းခြင်း၊ ပြန်လည်ရုပ်သိမ်းခြင်း၊ ဆိုင်းငံ့ခြင်း၊
• ပြစ်ဒဏ်၊ ပေါ့ဆမှုအတွက်ဒဏ်ကြေး၊ အခွန်ထပ်ဆောင်းကောက်ခံခြင်း၊ တရားမဝင်ရရှိသော ငွေကြေး၊ အဖိုးအခထပ်ဆောင်းကောက်ခံခြင်း၊ အပိုကြေး၊ စည်းကြပ်ငွေ၊
• ချိုးဖောက်မှုများအား အများပြည်သူသိရှိအောင် ကြေညာခြင်း၊ အလုပ်ခန့်ထားရာတွင် ကန့်သတ်ခြင်း၊ ပစ္စည်းပေးသွင်းမှုကို ငြင်းဆန်ခြင်း၊ အစိုးရလိုင်စင်ထုတ်ပေးသော လုပ်ငန်းများ သို့မဟုတ် တင်ဒါများတွင် ကန့်သတ်ခြင်း၊

⑤ ပြစ်ဒဏ်များချမှတ်ရန် လိုအပ်မှုနှင့် ပြစ်ဒဏ်ချမှတ်မှုအတိုင်းအတာ၏ ကျိုးကြောင်းခိုင်လုံမှုအတွက် လိုအပ်သည်ဟု ယူဆပါက သတင်းအချက်များ ထပ်ဆောင်းပံ့ပိုးပေးထားခြင်း (ဇယား ၁-၂ တွင် ပေးထားသော နံပါတ်စဉ်အတိုင်း)၊

⑥ ရည်ညွှန်းကိုးကားနိုင်သည့် စာရွက်စာတမ်းများ စာရင်း၊ ထိုစာရွက်စာတမ်းတစ်ခုချင်းစီကို ပူးတွဲထည့်သွင်းပေးထားခြင်း၊
ရည်ညွှန်းကိုးကားစရာစာရွက်စာတမ်းနမူနာများ - သုတေသနစာတမ်းများ၊ လူထုကြားနာပွဲများမှ စာရွက်စာတမ်းများ၊ လူထုစစ်တမ်းရလဒ်များ၊ သတင်းထုတ်ပြန်ချက်များ၊ စသည်၊

**"မျက်နှာသာပေး ဆက်ဆံမှုများ ဖြစ်ပေါ်နိုင်ခြေ" စံသတ်မှတ်ချက်** - ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများကို အကောင် အထည်ဖော် ဆောင်ရွက်ရာတွင် အချို့သောလူတန်းစားအလွှာများ၊ စီးပွားရေးလုပ်ငန်းများ၊ လူအုပ်စုများ သို့မဟုတ် လူပုဂ္ဂိုလ် များအား မျက်နှာသာပေးဆက်ဆံမှုများ သို့မဟုတ် အကျိုးခံစားခွင့်များ ရရှိသွားစေရနိုင်ခြေများ ရှိပါသလား။
① မရှိပါ ② ရှိပါသည်

**နမူနာဖြည့်စွက်ပြထားသော ဆန်းစစ်လေ့လာမှုပုံစံ**

<ဇယား ၁-၃> အကျိုးခံစားခွင့်များပေးအပ်သည့် ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများ၏ အသေးစိတ်အချက် အလက်များ

| စဉ်① | ဥပဒေအခြေခံ② | အကျိုးခံစားခွင့်ရှိသူ③ | အကျိုးခံစားခွင့်များ၏ အသေးစိတ်အချက်များ④ |
|---|---|---|---|
| ၁ | ▫ အခြေခံနှင့် အထက်တန်းပညာရေး အက်ဥပဒေပုဒ်မ ၃၃<br>▫ ထိုအက်ဥပဒေလိုက်နာရေး ကြပ်မတ်ဆောင်ရွက်မှုဥပဒေ ပုဒ်မ ၆၄ | ▫ ကျောင်းဦးဆောင် ကော်မတီများ | ▫ ကျောင်းဖွံ့ဖြိုးရေးရန်ပုံငွေများ ကောက်ခံခြင်းနှင့် အသုံးပြုခြင်း၊ |
| ၂ | ▫ စွန့်စားလုပ်ကိုင်သော စီးပွားရေး လုပ်ငန်းများ အားပေးမြှင့်တင်မှု ဆိုင်ရာ အထူးဆောင်ရွက်ချက်များ အက်ဥပဒေ ပုဒ်မ ၁၈-၅ | ▫ ဒေသန္တရအစိုးရများ နှင့် စီးပွားရေးမြှင့်တင် သည့် ခရိုင်များရှိ စွန့်စား လုပ်ကိုင်သော စီးပွားရေးလုပ်ငန်းများ | ▫ အထူးအခွင့်အရေးပေး ထောက်ပံ့သည့် ရန်ပုံငွေများ |
| ၃ | ▫ စီးပွားရေးမြို့တော်များ ဖွံ့ဖြိုး တိုးတက်ရေး အထူးအက်ဥပဒေပုဒ်မ ၂၅ | ▫ ဖွံ့ဖြိုးရေး စီမံချက် ဆောင်ရွက်သူများ | ▫ အခွန်အခများ ကင်းလွတ်ခွင့် |

<အခြားမှတ်ချက်များ> အထူးအခွင့်အရေးပေးဆက်ဆံမှုများအတွက် ကျိုးကြောင်းရှင်းလင်းချက်နှင့် ယင်း၏ လုံလောက်မှု⑤

| စဉ | အထူးအခွင့်အရေးပေးဆက်ဆံမှုများအတွက် ကျိုးကြောင်းရှင်းလင်းချက်နှင့် ယင်း၏ လုံလောက်မှု |
|---|---|
| ၁ | ▫ ကျောင်းအုပ်ချုပ်ရေးအဖွဲ့၏ ကိုယ်တိုင်ဆုံးဖြတ်လုပ်ကိုင်ခွင့်နှင့် မတူကွဲပြားမှုများကို အားပေးမြှင့်တင်ရန် |
| ၂ | ▫ ဒေသများကြား စီးပွားရေးကွာဟချက်ကို လျှော့ချရန်နှင့် ဒေသ၏ ထူးခြားချက်များနှင့် ကိုက်ညီသည့် စွန့်စားလုပ်ကိုင်သော စီးပွားရေးလုပ်ငန်းများကို အားပေးထောက်ပံ့ခြင်းဖြင့် ဒေသများ၏ မဟာဗျူဟာကျ စီးပွားရေးလုပ်ငန်းကဏ္ဍများကို ပြန်လည်အသက်သွင်းရန်၊ |
| ၃ | ▫ စီးပွားရေးမြို့တော်များ ဖွံ့ဖြိုးတိုးတက်ရေး ချောမွေ့စွာ လုပ်ဆောင်နိုင်အောင် ကူညီပံ့ပိုးရန်၊ |

<ရည်ညွှန်းကိုးကားချက်များ>⑥

| စဉ | ရည်ညွှန်းကိုးကားချက်များ၏ အသေးစိတ်အချက်အလက်များ |
|---|---|
| ၁ | ▫ ကျောင်းဖွံ့ဖြိုးရေးရန်ပုံငွေများ စီမံခန့်ခွဲမှုတွင် ပွင့်လင်းမြင်သာမှု တိုးတက်စေမည့် နည်းလမ်းများကို ပေးထားသည့် သုတေသနအစီရင်ခံစာ |

① တစ်စုံတစ်ယောက်အား အကျိုးခံစားခွင့်များ သို့မဟုတ် တစ်ဆင့်ခံအကျိုးခံစားခွင့် ပေးထားသော/ပေးနိုင်သော ပြဋ္ဌာန်းချက် အသစ်များ သို့မဟုတ် ပြင်ဆင်ထားသော ပြဋ္ဌာန်းချက်များကို နံပါတ်စဉ်အလိုက် စာရင်းပြုစုရန်၊

② တစ်ဆင့်ခံအကျိုးခံစားခွင့်များကို အထူးအခွင့်အရေးပေးထားသည့် ဥပဒေပုဒ်မများကို ဖော်ပြရန်၊

③ အကျိုးခံစားခွင့်များ ရရှိသည့်/ ရရှိနိုင်သည့် အကျိုးခံစားခွင့်ရှိသူများကို ဖော်ပြရန်၊

④ ဥပဒေကြမ်းများ၊ ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများတွင် ပြဋ္ဌာန်းထားသော အကျိုးခံစားခွင့်ဆိုင်ရာ အချက်အလက်များကို အကျဉ်းဖော်ပြရန်၊

⑤ အထူးအခွင့်အရေးပေးဆက်ဆံမှုများအတွက် ကျိုးကြောင်းရှင်းလင်းချက်နှင့် ယင်း၏ လုံလောက်မှုတို့အတွက် လိုအပ်သည်ဟု ယူဆပါက သတင်းအချက်များ ထပ်ဆောင်းပံ့ပိုးရန်၊ (ဇယား ၁-၃ တွင် ပေးထားသော နံပါတ်စဉ်အတိုင်း)၊

⑥ ရည်ညွှန်းကိုးကားနိုင်သည့် စာရွက်စာတမ်းများ စာရင်း၊ ထိုစာရွက်စာတမ်းတစ်ခုချင်းစီကို ပူးတွဲထည့်သွင်းပေးရန်၊

**ဆန်းစစ်လေ့လာသည့်နယ်ပယ် - အကောင်အထည်ဖော်ခြင်း/ဆောင်ရွက်ခြင်း**

"ဆုံးဖြတ်ချက်ချမှတ်ပိုင်ခွင့် ပေးအပ်ခြင်းဆိုင်ရာ အခြေခံ၏ ခိုင်မာမှုနှင့် ဓမ္မဓိဋ္ဌာန်ကျမှု" စံသတ်မှတ်ချက် - ကိုယ်ပိုင် ဆုံးဖြတ်ချက်ဖြင့် ဆောင်ရွက်ပိုင်ခွင့်အာဏာနှင့် စပ်လျဉ်းသည့် အချက်အလက်များ (ဥပမာ မည်သည့်ဆုံးဖြတ်ချက်၊ အခွင့် အာဏာ၏ လွှမ်းခြုံမှုအတိုင်းအတာ၊ အခွင့်အာဏာကျင့်သုံးမှုဆိုင်ရာ စံနှုန်းနှင့် လုပ်ငန်းစဉ်များ) ကို ရှင်းလင်း၊ တိကျ၊ ခိုင်မာ၍ ဓမ္မဓိဋ္ဌာန်ကျကျ ပြဋ္ဌာန်းပေးထားပါသလား။ ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် ဆောင်ရွက်ပိုင်ခွင့်အာဏာကို အလွန်အကျွံပေးထားခြင်းမှ ကာကွယ်ထိန်းချုပ်ပေးသည့် လုပ်ထုံးလုပ်နည်းများ ရှိပါသလား။

① ခိုင်မာမှု/ ဓမ္မဓိဋ္ဌာန်ကျမှု (ထိန်းချုပ်မှုလုပ်ငန်းစဉ်တစ်ခုအပါအဝင်)　② ယေဘုယျဆန်မှု/ ပုဂ္ဂဓိဋ္ဌာန်ကျမှု

**နမူနာဖြည့်စွက်ပြထားသော ဆန်းစစ်လေ့လာမှုပုံစံ**

<ဇယား ၂-၁> ကိုယ်တိုင်ဆုံးဖြတ်လုပ်ပိုင်ခွင့်အာဏာနှင့်စပ်လျဉ်းသည့် ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများ၏ အသေးစိတ်အချက်အလက်များ

| စဉ်① | ဥပဒေအခြေခံ② | ကိုယ်တိုင်ဆုံးဖြတ်လုပ်ပိုင်ခွင့်ဆိုင်ရာ အသေးစိတ်အချက်များ③ |
|---|---|---|
| ၁ | ▫ မြစ်များဆိုင်ရာ အက်ဥပဒေပုဒ်မ ၃၃-၃၇ | ▫ မြစ်ဝှမ်းဒေသများတွင် နေထိုင်ခွင့်ပေးခြင်းနှင့် နေထိုင်ခများ ကောက်ခံခြင်း၊ |
| ၂ | ▫ ရေလုပ်ငန်းအက်ဥပဒေ ပုဒ်မ ၉၊ အပိုဒ် ၄ | ▫ အချို့သတ်မှတ်ချက်များအောက်တွင် မြို့တော်ဝန်၊ အုပ်ချုပ်ရေး မှူး သို့မဟုတ် ခရိုင်ရုံးအကြီးအကဲသည် ငါးဖမ်းကျေးရွာအဖွဲ့အစည်း များ၊ ရေလုပ်ငန်းသမဂ္ဂများနှင့် ရေလုပ်ငန်းသမဝါယမများကို လိုင်စင်ထုတ်ပေးနိုင်သည် (ပင်လယ်ငါးဖမ်းလုပ်ငန်းမှ လွဲ၍ ကျေးလက်ရေလုပ်ငန်း၊ သမဝါယမလုပ်ငန်း သို့မဟုတ် အခြား ရေလုပ်ငန်းများအတွက်) |
| ၃ | ▫ စွန့်ပစ်ပစ္စည်း ထိန်းချုပ်မှု အက်ဥပဒေ ပုဒ်မ ၂၅၊ ၂၇၊ ၂၈<br>▫ ထိုအက်ဥပဒေ လိုက်နာရေး ကြပ်မတ်မှု ဥပဒေ ပုဒ်မ ၁၁ (နောက်ဆက်တွဲ ၆) | ▫ စွန့်ပစ်ပစ္စည်းများ သိမ်းခြင်း၊ သယ်ယူပို့ဆောင်ခြင်းနှင့် စီမံခြင်း များအတွက် ခွင့်ပြုချက်ပေးခြင်း၊<br>▫ အချို့သောအခြေအနေများတွင် ပါမစ် (သို့) လိုင်စင် ဖျက်သိမ်း ခြင်း/ ဆိုင်းငံ့ခြင်း (သို့) အပိုဒဏ်ကြေး ကောက်ခံခြင်း၊ |
| ၄ | ▫ အဏ္ဏဝါပတ်ဝန်းကျင် စီမံခန့်ခွဲမှုအက်ဥပဒေ ပုဒ်မ ၁၃၂<br>▫ ထိုဥပဒေ လိုက်နာရေး ကြပ်မတ်သည့်ဥပဒေ ပုဒ်မ ၉၈ (နောက်ဆက်တွဲ ၁၉) | ▫ လိမ်လည်တင်ပြသူများ၊ ညစ်ညမ်းမှုကို ဖြစ်စေသူများ၊ ဥပဒေနှင့် အညီ စာရွက်စာတမ်းများကို ထိန်းသိမ်းရန်၊ ပေးအပ်ရန်နှင့် အစီရင် ခံတင်ပြရန် ၊ စသည့် တာဝန်များ ပျက်ကွက်သူများကို ပြစ်ဒဏ် ချမှတ်ရန်အတွက် အဏ္ဏဝါညစ်ညမ်းမှုဆိုင်ရာ သက်ရောက်မှု ဆန်းစစ်လေ့လာချက်ပေါ် အခြေခံကာ မြင့်မားသောဒဏ်ကြေး နှင့် လျှော့ပေါ့ဒဏ်ကြေးကောက်ခံခြင်း၊ |

**ကိုယ်တိုင်ဆုံးဖြတ်လုပ်ပိုင်ခွင့်များ ရှိ/မရှိ ဆုံးဖြတ်ရန်အတွက် စံနှုန်းများ**

- အုပ်ချုပ်ရေးအစီအမံအတွက် သတ်မှတ်ချက်များနှင့် စံနှုန်းများကို ပြဋ္ဌာန်းထားသော ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများ တွင် တိကျမှုမရှိသော သဘောတရားများ သို့မဟုတ် ကယ်ပေါက်များ ရှိနေပါက ထိုကဲ့သို့သော ဥပဒေကြမ်းများ၊ ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများအတွင်းရှိ ကိုယ်တိုင်ဆုံးဖြတ်လုပ်ပိုင်ခွင့်များကို CRA ဖြင့် ဆန်းစစ်လေ့လာရန် လိုအပ်သည်။
    - ➔ ယေဘုယျဆန်ပြီး အဓိပ္ပါယ်တစ်ခုမက သက်ရောက်သော တိကျမှုရှိသည့် သဘောတရားများ သို့မဟုတ် အတိအကျ ပြဋ္ဌာန်း ပေးရန် လိုအပ်နေသော စည်းမျဉ်းစည်းကမ်းများကို အဓိပ္ပါယ်ပြန်ဆိုကောက်ယူခြင်း၊ အသုံးပြုခြင်းတို့တွင် အစိုးရအရာရှိများ သည် တရားဝင်မဟုတ်သည့် ကိုယ်တိုင်ဆုံးဖြတ်လုပ်ပိုင်ခွင့်များကို အသုံးပြုခြင်း သို့မဟုတ် အာဏာဖြင့် တစ်ဖက်သတ် ဆုံးဖြတ် ခြင်းများကို ပြုလုပ်နိုင်ပါသည်။
- ဥပဒေပြဋ္ဌာန်းချက်တစ်ခုတွင် အရေးယူဆောင်ရွက်မှုတစ်ခုကို လုပ်ကောင်းလုပ်နိုင်သည် သို့မဟုတ် နည်းလမ်းအမျိုးမျိုးထဲမှ အရေးယူဆောင်မှုအချို့ကို လုပ်ဆောင်နိုင်သည်ဟု ပြဋ္ဌာန်းထားပါက ထိုပြဋ္ဌာန်းချက်သည် ကိုယ်တိုင်ဆုံးဖြတ်လုပ်ပိုင်ခွင့် အာဏာကို ပေးထားခြင်း ဖြစ်သည်။
    - ➔ ဥပဒေပြဋ္ဌာန်းချက်တစ်ခုတွင် အရေးယူဆောင်ရွက်မှုတစ်ခုကို လုပ်ကောင်းလုပ်နိုင်သည် သို့မဟုတ် နည်းလမ်းအမျိုးမျိုးထဲမှ အရေးယူဆောင်မှုအချို့ကို လုပ်ဆောင်နိုင်သည်ဟု ပြဋ္ဌာန်းထားပါက ထိုပြဋ္ဌာန်းချက်သည် ကိုယ်တိုင်ဆုံးဖြတ်လုပ်ပိုင်ခွင့် အာဏာကို ပေးထားခြင်း ဖြစ်သည်။
    - ➔ ဥပဒေပြဋ္ဌာန်းချက်တစ်ခုတွင် လုပ်ဆောင်ချက်အမျိုးမျိုးထဲမှ တစ်ခုကို လုပ်ဆောင်ခွင့်ပြုသောအခါ (ဥပမာ "....သောအခါ ၎င်းသည် ......နိုင်သည် .... သို့မဟုတ် .......")

**မှတ်စု** ဇယား ၂-၁ တွင် ထိုကဲ့သို့သော ပြဋ္ဌာန်းချက်များကို ဖော်ပြထားသည်။ ပြဋ္ဌာန်းချက်များသည် ကိုယ်တိုင်ဆုံးဖြတ်လုပ်ပိုင်ခွင့်များကို ပေးထားသလား၊ မပေးထားဘူးလားဆိုသည်မှာ ရှင်းလင်းမှုမရှိပါ (ဥပမာ ..... ကို လုပ်ဆောင်ရန် ရည်ရွယ်သူသည် ○○ ဝန်ကြီး ထံမှ ခွင့်ပြုချက် ရယူရမည်။)

<ဇယား ၂-၂> ကိုယ်တိုင်ဆုံးဖြတ်လုပ်ပိုင်ခွင့်ပေးထားသော စည်းမျဉ်းစည်းကမ်းများ၏ ခိုင်မာမှု/ ဓမ္မဓိဌာန်ကျမှု

| စဉ်④ | ဥပဒေအခြေခံ⑤ | ကိုယ်တိုင်ဆုံးဖြတ်လုပ်ပိုင်ခွင့်အာဏာ ကျင့်သုံး သော လူပုဂ္ဂိုလ်များ (သို့) အဖွဲ့အစည်းများ ⑥ | ထိုလုပ်ပိုင်ခွင့် အာဏာက ကျင့်သုံးသောလုပ်ငန်းစဉ်/ သတ်မှတ်ချက်⑦ | အခွင့်အာဏာ ၏ အတိုင်းအတာ/ လွှမ်းခြုံမှု⑧ | ထိန်းချုပ်မှု လုပ်ငန်းစဉ်⑨ |
|---|---|---|---|---|---|
| ၁ | ▫ အပိုဒဏ်ကြေး တွက်ချက်ခြင်း (မျှတသည့် အမှတ်တံဆိပ် ကပ်ခြင်း နှင့် ကြော်ငြာခြင်းဆိုင် ရာ အက်ဥပဒေ လိုက် နာရေး ကြပ်မတ်မှု ဥပဒေ နောက်ဆက်တွဲ ၁) | ▫ မျှတသောကုန်သွယ်ရေး ကော်မရှင် | ▫ ဥပဒေပုဒ်မ ၁၅<br>▫ ဥပဒေ၏ နောက်ဆက်တွဲ ၁ | ▫ အပိုဒဏ်ကြေး အား လျှော့ပေါ့ ကောက်ခံခြင်း (၅၀% အထိ)<br>▫ အပိုဒဏ်ကြေး မှ ကင်းလွတ်ခွင့် ပေးခြင်း၊ | ▫ ဆုံးဖြတ်ချက်စာ တွင် အပိုဒဏ်ကြေး လျှော့ပေါ ကောက် ခံရသည့် အကြောင်း ရင်းများကို ဖော်ပြရမည်။ |

<အခြားမှတ်ချက်များ> ယေဘုယျဆန်သော/ပုဂ္ဂလဓိဌာန်ကျသော ကိုယ်တိုင်ဆုံးဖြတ်လုပ်ပိုင်ခွင့်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများအတွက် ကျိုးကြောင်းရှင်းလင်းချက်⑩

| စဉ် | ယေဘုယျဆန်သော/ပုဂ္ဂလဓိဌာန်ကျသော ကိုယ်တိုင်ဆုံးဖြတ်လုပ်ပိုင်ခွင့်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများအတွက် ကျိုးကြောင်းရှင်းလင်းချက် |
|---|---|
| ၁ | ▫ ရှောင်လွှဲမရသော အခြေအနေများ (ဥပမာ ဒဏ်ကြေးပေးဆောင်နိုင်စွမ်းမရှိမှု၊ ဈေးကွက်/စီးပွားရေး အခြေအနေ အပြောင်းအလဲ များ သို့မဟုတ် ဆိုးရွားလာမှုများ၊ စီးပွားရေးကပ်များ ဖြစ်ပေါ်မှု၊ စသည်) ကို ထည့်သွင်းစဉ်းစားကာ အပိုဒဏ်ကြေးအား ပြောင်း လွယ်ပြင်လွယ်သည့်ပုံစံဖြင့် ကောက်ခံနိုင်ရန် ဖြစ်သည်။ |

<ရည်ညွှန်းကိုးကားချက်များ>⑪

| စဉ် | ရည်ညွှန်းကိုးကားချက်များ၏ အသေးစိတ်အချက်များ |
|---|---|
| ၂ | ▫ မျှတသော တံဆိပ်တပ်ခြင်းနှင့် ကြော်ငြာခြင်းဆိုင်ရာ အက်ဥပဒေ ချိုးဖောက်သော စီးပွားရေးလုပ်ငန်းများအား အပိုဒဏ်ကြေး ကောက်ခံခြင်းအတွက် စံသတ်မှတ်ချက်များနှင့်စပ်လျဉ်းသည့် ထုတ်ပြန်ကြေညာချက် (ကိုရီးယားမျှတသောကုန်သွယ်ရေးကော်မရှင်၊ အမှတ် ၂၀၁၄-၁၂) |

① ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် ဆောင်ရွက်ခွင့်အာဏာကို ပြဋ္ဌာန်းပေးအပ်ထာသော ပြဋ္ဌာန်းချက် အသစ်များ သို့မဟုတ် ပြင်ဆင် ထားသော ပြဋ္ဌာန်းချက်များကို နံပါတ်စဉ်အလိုက် စာရင်းပြုစုရန်၊

② ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် ဆောင်ရွက်ခွင့်အာဏာကို ပြဋ္ဌာန်းပေးအပ်ထာသော ဥပဒေပုဒ်မများကို ဖော်ပြရန်၊

③ ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် ဆောင်ရွက်ခွင့်အာဏာဆိုင်ရာ အသေးစိတ်အချက်များ (မည်သည့်ဆုံးဖြတ်ချက်၊ အခွင့်အာဏာ၏ လွှမ်းခြုံမှုအတိုင်းအတာ၊ အခွင့်အာဏာကျင့်သုံးမှုဆိုင်ရာ စံနှုန်းနှင့် လုပ်ငန်းစဉ်များ၊ စသည်) ကို အကျဉ်းဖော်ပြရန်၊

**မှတ်စု** ဥပဒေတွင် ကိုယ်တိုင်ဆုံးဖြတ်လုပ်ပိုင်ခွင့်အာဏာကို တိုက်ရိုက်ပြဋ္ဌာန်းထားခြင်း မရှိလျှင်ပင် လက်တွေ့လုပ်ဆောင်နေသောအဆင့်ရှိ အစိုးရအရာရှိများ သို့မဟုတ် သက်ဆိုင်ရာ ဌာနများမှ ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် ဆောင်ရွက်ရန် လိုအပ်သည့်၊ တရားဝင်မဟုတ်သော်လည်း ကိုယ်တိုင်ဆုံးဖြတ်လုပ်ပိုင်ခွင့်ကို ရရှိစေသည့်ဟု ယူဆနိုင်သည့် ပြဋ္ဌာန်းချက်များ၏ အသေးစိတ်အချက်အလက်များကို ဖော်ပြပါရန် (ဥပမာ တိကျမှုမရှိသည့် သဘောတရားများကို အဓိပ္ပါယ်ကောက်ယူအသုံးပြုရခြင်း သို့မဟုတ် နည်းလမ်းအမျိုးမျိုးထဲမှ ရွေးချယ်ဆောင်ရွက်နိုင်ခြင်း၊ စသည်)၊

④ ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် ဆောင်ရွက်ခွင့်အာဏာကို ပြဋ္ဌာန်းပေးအပ်ထားသော ပြဋ္ဌာန်းချက်အသစ်များ သို့မဟုတ် ပြင်ဆင်ချက် များစာရင်းကို (ဇယား ၂-၁ တွင်ပေးထားသည့် နံပါတ်စဉ်အတိုင်း) ဖော်ပြရန်၊

⑤ ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် ဆောင်ရွက်ခွင့်အာဏာကို ပြဋ္ဌာန်းပေးအပ်ထားသော ဥပဒေ၏ ပုဒ်မများကို ဖော်ပြရန်၊ (သက်ဆိုင်ရာ ဥပဒေကြမ်းများ၊ ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများတွင် ပြဋ္ဌာန်းထားသော အခွင့်အာဏာများ၏ အဓိကအချက် အလက်များ သို့မဟုတ် ပြဋ္ဌာန်းချက်များကို အဓိပ္ပါယ်ပြန်ဆိုရာမှ ရရှိနိုင်သော အခြားအခွင့်အာဏာများ)၊

⑥ ကိုယ်တိုင်ဆုံးဖြတ်လုပ်ပိုင်ခွင့်အာဏာကို ကျင့်သုံးသော လူပုဂ္ဂိုလ်များ နှင့်/သို့မဟုတ် အဖွဲ့အစည်းများကို ဖော်ပြရန်၊

⑦ ကိုယ်တိုင်ဆုံးဖြတ်လုပ်ပိုင်ခွင့်အာဏာများကို ကျင့်သုံးရန်အတွက် လုပ်ငန်းစဉ်များနှင့် သတ်မှတ်ချက်များကို ပြဋ္ဌာန်းထားသော အက်ဥပဒေ၏ ပုဒ်မများကို ဖော်ပြထားခြင်း (နောက်ဆက်တွဲအပိုင်းတွင် သို့မဟုတ် နည်းဥပဒေများတွင် ဆက်နွယ်မှုရှိသည့် အချက် များ ပါရှိပါက အကျဉ်းဖော်ပြကာ ပူးတွဲထည့်သွင်းပေးရန်)၊

⑧ ကိုယ်တိုင်ဆုံးဖြတ်လုပ်ပိုင်ခွင့်အာဏာကို ကျင့်သုံးခြင်းဖြင့် လုပ်ဆောင်နိုင်သည့် ဆောင်ရွက်ချက်များ သို့မဟုတ် အကျိုးသက် ရောက်မှုများကို အသေးစိတ်ဖော်ပြရန်၊
**ဆောင်ရွက်ချက် သို့မဟုတ် အကျိုးသက်ရောက်မှု နမူနာများ**
- ခွင့်ပြုချက်ချပေးခြင်း၊ လိုင်စင်ထုတ်ပေးခြင်း၊ ခွင့်ပြုချက် သို့မဟုတ် လိုင်စင် ဖျက်သိမ်းခြင်း သို့မဟုတ် ဆိုင်းငံ့ခြင်း၊ တိကျမှုမရှိသည့် သဘောတရားများကို အဓိပ္ပါယ်ကောက်ယူခြင်း သို့မဟုတ် ကျင့်သုံးခြင်း၊
- အချိန်ကာလ (ဖျက်သိမ်းသည့် သို့မဟုတ် ဆိုင်းငံ့ထားသည့် ကာလ၊ စသည်)
- အမြင့်ဆုံး သို့မဟုတ် အနိမ့်ဆုံး ကောက်ခံနိုင်သည့် ပမာဏ (မြင့်မား သို့မဟုတ် လျှော့ပေါ့ ဒဏ်ကြေး သို့မဟုတ် အပိုဒဏ်ကြေး သတ်မှတ်ရန် အတွက် စံနှုန်းများ)

⑨ ကိုယ်တိုင်ဆုံးဖြတ်လုပ်ပိုင်ခွင့်အာဏာကို အလွန်အကျွံသုံးစွဲမှုအား တားဆီးရန်အတွက် ဥပဒေကြမ်းများ၊ ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများအတွင်း ပြဋ္ဌာန်းထားသော ထိန်းချုပ်မှုလုပ်ငန်းစဉ် အမျိုးအစားများနှင့် ပါဝင်သောအကြောင်းအရာများကို အသေးစိတ်ဖော်ပြရန်၊

⑩ ယေဘုယျဆန်သော/ပုဂ္ဂလဓိဌာန်ကျသော ကိုယ်တိုင်ဆုံးဖြတ်လုပ်ပိုင်ခွင့်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများအတွက် ကျိုးကြောင်းရှင်းလင်းချက် အား (ဇယား ၂-၂ တွင် ဖော်ပြထားသော နံပါတ်စဉ်အတိုင်း) တင်ပြရန်၊

⑪ ရည်ညွှန်းကိုးကားနိုင်သည့် စာရွက်စာတမ်းများ စာရင်း၊ ထိုစာရွက်စာတမ်းတစ်ခုချင်းစီကို ပူးတွဲထည့်သွင်းပေးရန်၊
**ရည်ညွှန်းကိုးကားစရာစာရွက်စာတမ်းနမူနာများ** - သက်ဆိုင်ရာ လုပ်ပိုင်ခွင့်အာဏာကို ပြဋ္ဌာန်းထားသည့် နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများ၊ စသည့် အသေးစိတ်အချက်အလက်များ၊

**"ယုံကြည်အပ်နှံမှု/ တာဝန်ပေးအပ်မှု၏ ပွင့်လင်းမြင်သာမှု နှင့် တာဝန်ခံမှု" စံသတ်မှတ်ချက်** - ပြည်သူ့ဝန်ဆောင်မှု အဖွဲ့အစည်းများ သို့မဟုတ် အခြားပုဂ္ဂလိက အဖွဲ့အစည်းများအား လုပ်ပိုင်ခွင့်များနှင့် တာဝန်များ အပ်နှင်းသောအခါ ထိုသို့ ယုံကြည်အပ်နှံမှု/တာဝန်ပေးအပ်မှုအတွက် သတ်မှတ်ချက်များ၊ ပေးအပ်သည့် အတိုင်းအတာနှင့် ကန့်သတ်ချက်များ၊ ရွေးချယ် ပေးအပ်သည့် လုပ်ထုံးလုပ်နည်းများ၊ စသည်တို့ကို ရှင်းလင်းစွာ သတ်မှတ်ဖွင့်ဆိုထားခြင်း ရှိပါသလား။

① ရှိ ② မရှိ

ယုံကြည်အပ်နှံမှု/တာဝန်ပေးအပ်မှု ပြုသောအခါ တာဝန်ခံမှုရှိစေရန်အတွက် စီမံခန့်ခွဲမှု/ စောင့်ကြည့်လေ့လာမှု လုပ်ငန်းစဉ်တစ်ခု ရှိပါသလား။

① ရှိ ② မရှိ

## နမူနာဖြည့်စွက်ပြထားသော ဆန်းစစ်လေ့လာမှုပုံစံ

<ဇယား ၂-၃> ယုံကြည်အပ်နှံမှု၊ တာဝန်ပေးအပ်မှုနှင့်စပ်လျဉ်းသော ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများ၏ အသေးစိတ်အချက်အလက်များ

| စဉ① | သက်ဆိုင်ရာ အရေးကိစ္စများ ② | ဥပဒေအခြေခံ③ | ပြည့်မီရမည့် သတ်မှတ်ချက် များ④ | အတိုင်းအတာ/ ကန့်သတ် ချက်⑤ | ရွေးချယ်မှု လုပ်ငန်းစဉ်⑥ | စီမံခန့်ခွဲမှု/ စောင့်ကြည့်လေ့လာမှု လုပ်ငန်း စဉ်များ ⑦ |
|---|---|---|---|---|---|---|
| | ▫ နိုင်ငံအဆင့် နည်းပညာအရည်အချင်းသတ်မှတ်ချက်များ ပြည့်မီမှု ကို တရားဝင် အတည်ပြုခြင်း၊ | ▫ အမျိုးသားနည်းပညာ အရည်အချင်း သတ်မှတ်ချက်များ ဆိုင်ရာ အက် ဥပဒေ ပုဒ်မ ၂၃၊ အပိုဒ် ၂<br>▫ ထိုဥပဒေ လိုက်နာရေး ကြပ်မတ်သည့် ဥပဒေ ပုဒ်မ ၂၉၊ အပိုဒ် ၄ | ▫ သက်ဆိုင်ရာ ပညာရပ် နယ်ပယ် တွင် ကျွမ်းကျင်မှု ရှိပြီး တရားဝင် အတည်ပြုပေးရန် လိုအပ်သော အဖွဲ့အစည်း၊ ဝန်ထမ်း အင်အားနှင့်ထောက် ပံ့ပစ္စည်းအဆောက်အအုံများ ပိုင်ဆိုင် သော အကျိုးအမြတ် အတွက် ဆောင်ရွက် နေခြင်း မဟုတ် သည့် အဖွဲ့အစည်း ဖြစ်ရမည်။ (ထို ဥပဒေ လိုက်နာရေး ကြပ်မတ်သည့် ဥပဒေ ပုဒ်မ ၂၉၊ အပိုဒ် ၄) | ▫ ထိုဥပဒေ လိုက်နာရေး ကြပ်မတ်သည့် ဥပဒေ ပုဒ်မ ၂၉၊ အပိုဒ် ၄-၆ | ယုံကြည်အပ်နှံရန် ပန်ကြားလွှာ တင်သွင်းခြင်းနှင့် တရားဝင် အသိ ပေးကြေညာခြင်း၊ ယုံကြည် အပ်နှံမှု အတွက်လျှောက်ထားခြင်း၊ သုံး သပ်စိစစ်ခြင်း၊ ပေးအပ်ခြင်းနှင့် ထုတ်ပြန်ကြေ ညာခြင်း (ဥပဒေလိုက်နာ ရေး ကြပ်မတ် သည့် ဥပဒေ စည်းမျဉ်း ပုဒ်မ ၄၁) | ▫ ယုံကြည်အပ်နှံ ထားသည့် အဖွဲ့အစည်း အား စိစစ်အကဲဖြတ်ခြင်း၊ ဖျက်သိမ်းခြင်း၊ ဥပဒေရည်ရွယ် ချက်အတွက် အစိုးရအရာရှိများ ကဲ့သို့ ယူဆခြင်း (ဥပဒေ ပုဒ်မ ၂၄၊ ၂၄-၂၊ ၂၅) |
| | ▫ ပညာရေး အစီအစဉ်နှင့် သင်တန်းများ ကျင်းပခြင်း၊ | ▫ အမျိုးသား နည်းပညာ အရည်အချင်း သတ်မှတ်ချက် များ ဆိုင်ရာ အက်ဥပဒေ ပုဒ်မ ၁၀၊ အပိုဒ် ၂ | ▫ သမ္မတ၏အမိန့်ဒီကရီဖြင့်ပြဋ္ဌာန်းထားသော စံနှုန်း များ (ဥပမာ - လက်တွေ့စမ်း သပ်ခြင်း၊ သင် တန်းနှင့် သင်ရိုးညွှန်းတမ်းအတွက် ဆရာ၊ ဆရာမ၊ ဌာန၊ ပစ္စည်း ကိရိယာများ) ကိုက်ညီသော အဖွဲ့အစည်းများ (ဥပဒေ၏ ပုဒ်မ ၁၀၊ အပိုဒ် ၂) | ▫ ဥပဒေ၏ ပုဒ်မ ၁၀၊ အပိုဒ် ၂ | တာဝန်ပေးရန် လျှောက်ထားခြင်း၊အလုပ်အကိုင်နှင့် အလုပ်သမား ဝန်ကြီးနှင့် တိုင် ပင်ဆွေးနွေးခြင်း၊ စိစစ်သုံးသပ်ခြင်း၊ တာဝန်ပေးခြင်း၊ ထုတ်ပြန်ကြေညာခြင်း (ဥပဒေ လိုက်နာရေး ကြပ်မတ်မှု ဥပဒေ ပုဒ်မ ၁၄-၂) | ▫ ခန့်အပ် တာဝန် ပေးထားသော အဖွဲ့အစည်းများအား စုံစမ်းစစ် ဆေးခြင်း၊ တာဝန် ပေးအပ်မှုကို ဖျက်သိမ်းခြင်း (ဥပဒေ၏ ပုဒ်မ ၂၄-၄၊ ၂၄-၅) |

<အခြားမှတ်ချက်များ> ယုံကြည်အပ်နှံမှုနှင့် တာဝန်ပေးအပ်ခြင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ ရှင်းလင်းမှုမရှိခြင်း အတွက် ကျိုးကြောင်းရှင်းလင်းချက်⑧

| စဉ် | ယုံကြည်အပ်နှံမှုနှင့် တာဝန်ပေးအပ်ခြင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ ရှင်းလင်းမှုမရှိခြင်း အတွက် ကျိုးကြောင်းရှင်းလင်းချက် |
|---|---|
| | |

< အခြားမှတ်ချက်များ > စီမံခန့်ခွဲမှုနှင့် စောင့်ကြည့်လေ့လာမှုလုပ်ငန်းစဉ်များ မရှိခြင်းအတွက် ကျိုးကြောင်းရှင်းလင်းချက်⑨

| စဉ် | စီမံခန့်ခွဲမှုနှင့် စောင့်ကြည့်လေ့လာမှုလုပ်ငန်းစဉ်များ မရှိခြင်းအတွက် ကျိုးကြောင်းရှင်းလင်းချက် |
|---|---|
| | |

<ရည်ညွှန်းကိုးကားချက်များ>⑩

| စဉ် | ရည်ညွှန်းကိန်းကားချက်များ၏ အသေးစိတ်အချက်များ |
|---|---|
| | |

① ယုံကြည်အပ်နှံမှုနှင့် တာဝန်ပေးအပ်မှု (ယုံကြည်အပ်နှံမှု ပြန်လည်ပေးအပ်ခြင်းအပါအဝင်) ဆိုင်ရာ ကိစ္စရပ်များကို ပြဋ္ဌာန်းထားသော ပြဋ္ဌာန်းချက် အသစ်များ သို့မဟုတ် ပြင်ဆင် ထားသော ပြဋ္ဌာန်းချက်များကို နံပါတ်စဉ်အလိုက် စာရင်းပြုစုရန်၊

မှတ်ချက် — အုပ်ချုပ်မှုရေးရာကိစ္စရပ်များအတွက် ခန့်အပ်ခြင်းများကို ပြဋ္ဌာန်းထားသည့် ပြဋ္ဌာန်းချက်များကိုလည်း ဖော်ပြပေးပါရန်၊

② ယုံကြည်အပ်နှံမှုနှင့် တာဝန်ပေးအပ်မှုဆိုင်ရာ အဓိက အရေးကိစ္စများကို ဖော်ပြရန်၊

③ ယုံကြည်အပ်နှံမှုနှင့် တာဝန်ပေးအပ်မှုကို ပြဋ္ဌာန်းထားသော ဥပဒေ၏ ပုဒ်မများကို ဖော်ပြရန်၊

④ ယုံကြည်အပ်နှံမည့်၊ တာဝန်ပေးအပ်မည့် သူများကို ရွေးချယ်ရန်အတွက် စံနှုန်းများကို အကျဉ်းချုပ် ဖော်ပြရန်၊ (ဥပဒေ၏ သက်ဆိုင်ရာ ပုဒ်မများအပါအဝင်)

⑤ ယုံကြည်အပ်နှံမှုနှင့် တာဝန်ပေးအပ်မှု အရေးကိစ္စများ၏ လွှမ်းခြုံမှုအတိုင်းအတာနှင့် ကန့်သတ်ချက်များကို အကျဉ်းချုပ်ဖော်ပြရန်၊ (ဥပဒေ၏ သက်ဆိုင်ရာ ပုဒ်မများအပါအဝင်)

⑥ ယုံကြည်အပ်နှံရန်၊ တာဝန်ပေးအပ်ရန် ရွေးချယ်သည့် လုပ်ငန်းစဉ်အား အကျဉ်းချုပ်ဖော်ပြရန် (ဥပဒေ၏ သက်ဆိုင်ရာ ပုဒ်မများအပါအဝင်)၊

⑦ ယုံကြည်အပ်နှံမှုနှင့် တာဝန်ပေးအပ်မှုအတွက် စီမံခန့်ခွဲမှု/ စောင့်ကြည့်လေ့လာမှု လုပ်ငန်းစဉ်၏ အချက် အလက်များကို အကျဉ်းဖော်ပြရန် (ဥပဒေ၏ သက်ဆိုင်ရာ ပုဒ်မများအပါအဝင်)၊

⑧ ယုံကြည်အပ်နှံမှုနှင့် တာဝန်ပေးအပ်ခြင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ ရှင်းလင်းမှုမရှိခြင်းအတွက် ကျိုးကြောင်း ရှင်းလင်းချက်အား (ဇယား ၂-၃ တွင် ပေးထားသည့်နံပါတ်စဉ်အလိုက်) တင်ပြရန်၊

⑨ စီမံခန့်ခွဲမှုနှင့် စောင့်ကြည့်လေ့လာမှုလုပ်ငန်းစဉ်များ မရှိခြင်းအတွက် ကျိုးကြောင်းရှင်းလင်းချက်အား (ဇယား ၂-၃ တွင် ပေးထားသည့်နံပါတ်စဉ်အလိုက်) တင်ပြရန်၊

⑩ ရည်ညွှန်းကိုးကားနိုင်သည့် စာရွက်စာတမ်းများ စာရင်း၊ ထိုစာရွက်စာတမ်းတစ်ခုချင်းစီကို ပူးတွဲထည့်သွင်းပေး ထားရန်၊
**ရည်ညွှန်းကိုးကားစရာစာရွက်စာတမ်းနမူနာများ** - သုတေသနစာတမ်းများ၊ လူထုကြားနာပွဲများဆိုင်ရာ စာရွက်စာတမ်း များ၊ စသည်၊

**"အစိုးရ၏ အထောက်အပံ့ များကို လွဲမှားစွာ ခွဲဝေပေးမှု သို့မဟုတ် အလွဲသုံးမှု ဖြစ်နိုင်ခြေ" စံသတ်မှတ်ချက်** - ဘဏ္ဍာငွေကြေး ထောက်ပံ့မှုအစီအစဉ်များ (အစိုးရအမတော်ကြေးငွေများအပါအဝင်) သည် တစ်ခုနှင့်တစ်ခု ထပ်နေပါသလား။ အစိုးရ အထောက်အပံ့အတွက် စံနှုန်းများ ရှင်းလင်းမှုမရှိခြင်းကြောင့် ဘတ်ဂျက်လေလွင့်ဆုံးရှုံးနိုင်ခြေ ရှိပါသလား။

① ရှိပါသည်။ ② မရှိပါ။

ဘတ်ဂျက်လေလွင့်ဆုံးရှုံးမှုကို တားဆီးကာကွယ်ရန် ဒီဇိုင်းရေးဆွဲထားသော စီမံခန့်ခွဲမှုနှင့် စောင့်ကြည့်လေ့လာမှု လုပ်ငန်းစဉ် များ ရှိပါသည်။

① ရှိပါသည်။ ② မရှိပါ။

## နမူနာဖြည့်စွက်ပြထားသော ဆန်းစစ်လေ့လာမှုပုံစံ

<ဇယား ၂-၄> ဘဏ္ဍာငွေကြေး ထောက်ပံ့မှုဆိုင်ရာ ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများ၏ အသေးစိတ် အချက်အလက်များ

| စဉ်① | ဥပဒေအခြေခံ② | ပံ့ပိုးကူညီမှု အမျိုးအစား③ | အကျိုးခံစားခွင့် ရှိသူ④ | စံနှုန်းများ/ လုပ်ထုံးလုပ်နည်းများ⑤ | အလားတူ အစီအစဉ်များ⑥ | စီမံခန့်ခွဲမှု/ စောင့်ကြည့်လေ့လာမှု လုပ်ငန်းစဉ်များ (ပြစ်ဒဏ်များအပါအဝင်)⑦ |
|---|---|---|---|---|---|---|
| ၁ | ▫ ကျွမ်းကျင် လုပ်သား များ အားပေးမြှင့်တင်ရေး အက်ဥပဒေ ပုဒ်မ ၁၀ | ▫ ထောက်ပံ့ ကြေး | ▫ သမ္မတ၏ အမိန့်ဒီကရီတွင် ပြဋ္ဌာန်းထားသော ထူးချွန် သည့် ကျွမ်းကျင် လုပ်သား များ | ▫ ထောက်ပံ့ကြေး ရရှိမည့်သူအား အလုပ်အကိုင်နှင့် အလုပ်သမားဝန်ကြီးမှ သတ်မှတ်ပေးထားသော ထုတ်လုပ်မှုနယ်ပယ်များတွင် အတွေ့အကြုံ ၇ နှစ်နှင့် အထက် ရှိသည့် ကျွမ်းကျင် လုပ်သားများထဲမှ ရွေးချယ် ရမည်။ စီးပွားရေး လုပ်ငန်း ပိုင်ရှင်၏ ထောက်ခံချက်ဖြင့် လျှောက်ထားရမည်။ လျှောက်ထားမှု လုပ်ငန်းစဉ်၊ ရွေးချယ်ရာတွင် အခြေခံ မည့်စံသတ်မှတ်ချက်များနှင့် ထောက်ပံ့ကြေး ရရှိ မည့် သူစာရင်းအပါအဝင် လျှောက်ထားမှု၏ အသေး စိတ် အချက်အလက်များကို ဧပြီ ၃၀ မတိုင်မီ ထုတ်ပြန် ကြေညာရမည် (ဥပဒေလိုက် နာရေး ကြပ်မတ်သည့် ဥပဒေ ပုဒ်မ ၉)<br><br>ကျွမ်းကျင်လုပ်သားများ အားပေးမြှင့်တင်ရေး ကော်မရှင်မှ ထောက်ပံ့ကြေး ရရှိမည့်သူကို ရွေးချယ်ပေး ရမည် (ဥပဒေ လိုက်နာရေး ကြပ်မတ်<br>▫ သည့် ဥပဒေ ပုဒ်မ ၂၂) | ▫ ထူးချွန်သည့် ကျွမ်းကျင်လုပ် သားများအား ရွေးချယ်ခြင်းနှင့် ချီးမြှင့်ခြင်း (မြို့ပြ အသေးစားကုန် ထုတ်လုပ်သူများ အတွက် ကူညီပံ့ပိုး ခြင်း ဆိုင်ရာ အထူး အက် ဥပဒေ ပုဒ်မ ၁၂) | ▫ ငွေကြေး ထောက်ပံ့မှုအား လိမ်လည်သော သို့မဟုတ် မတရားသော နည်းလမ်းဖြင့် ရယူထားသူ (သို့) ရယူရန် ရည်ရွယ် သူသည် ထောက်ပံ့ကြေး ရယူခွင့်မှ တားမြစ်ကောင်း တားမြစ်ခံရနိုင်သည် သို့မဟုတ် ပြန်လည်ပေးဆပ် ကောင်း ပေးဆပ် ရနိုင်သည်။ (ဥပဒေ၏ ပုဒ်မ ၁၉) |

<အခြားမှတ်ချက်များ> ဘဏ္ဍာငွေကြေး ထောက်ပံ့မှုသည် အခြားအထောက်အပံ့များနှင့်မတူဘဲ ထူးခြားကွဲပြားမှု သို့မဟုတ် ဘဏ္ဍာငွေကြေး ထောက်ပံ့မှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ ရှင်းလင်းမှုမရှိခြင်းအတွက် ကျိုးကြောင်း ရှင်းလင်းချက်⑧

| စဉ် | ဘဏ္ဍာငွေကြေး ထောက်ပံ့မှုသည် အခြားအထောက်အပံ့များနှင့်မတူဘဲ ထူးခြားကွဲပြားမှု သို့မဟုတ် ဘဏ္ဍာငွေကြေး ထောက်ပံ့မှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ ရှင်းလင်းမှုမရှိခြင်းအတွက် ကျိုးကြောင်းရှင်းလင်းချက် |
|---|---|
| ၁ | ▫ ငွေကြေးထောက်ပံ့ပေးသည့် နယ်ပယ်များမှ များပြားစုံလင်လှခြင်း (နယ်ပယ် ၉၆ခု) နှင့် နယ်ပယ်အသီးသီးတွင် စိစစ် သုံးသပ်ရသည့် နည်းပညာအဆင့်များနှင့် စံနှုန်းများ မတူညီခြင်းတို့ကြောင့် ထောက်ပံ့ကြေး ရရှိမည့်သူများကို ရွေးချယ် ရာတွင် အများပြည်သူထံအသိပေးကြေညာသည့် နည်းလမ်းဖြင့် ရွေးချယ်သည့်နည်းကို အတိုင်းအတာတစ်ခုအထိ လွဲရှောင်နိုင်ခြင်း မရှိပါ။ (ကျွမ်းကျင်လုပ်သားများ အားပေးမြှင့်တင်ရေး ကော်မရှင်ကို တည်ထောင်ခြင်းဖြင့် တရားမျှတမှု ရှိစေရန် ဆောင်ရွက်ရမည်)။ |

<အခြားမှတ်ချက်များ> စီမံခန့်ခွဲမှုနှင့် စောင့်ကြည့်လေ့လာမှုလုပ်ငန်းစဉ်များ မရှိခြင်းအတွက် ကျိုးကြောင်း ရှင်းလင်းချက်⑨

| စဉ် | စီမံခန့်ခွဲမှုနှင့် စောင့်ကြည့်လေ့လာမှုလုပ်ငန်းစဉ်များ မရှိခြင်းအတွက် ကျိုးကြောင်းရှင်းလင်းချက် |
|---|---|
| | |

<ရည်ညွှန်းကိုးကားချက်များ>⑩

| စဉ် | ရည်ညွှန်းကိုးကားချက်များဆိုင်ရာ အသေးစိတ်အချက်အလက်များ |
|---|---|
| ၁ | ▫ ထူးချွန်သော ကျွမ်းကျင်လုပ်သားများ ရွေးချယ်ခြင်းနှင့် အထူးအခွင့်အရေးပေး ဆက်ဆံခြင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်း များ (ကိုရီးယားနိုင်ငံ၏ လူစွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးဝန်ဆောင်မှု နည်းဥပဒေ) |

① ဘဏ္ဍာငွေကြေးထောက်ပံ့မှုကို ပြဋ္ဌာန်းထားသော ပြဋ္ဌာန်းချက် အသစ်များ သို့မဟုတ် ပြင်ဆင်ထားသော ပြဋ္ဌာန်းချက်များကို နံပါတ်စဉ်အလိုက် စာရင်းပြုစုရန်၊

② ဘဏ္ဍာငွေကြေးထောက်ပံ့မှုကို ပြဋ္ဌာန်းထားသော ဥပဒေ၏ ပုဒ်မများကို ဖော်ပြရန်၊

③ ဘဏ္ဍာငွေကြေးထောက်ပံ့မှု အမျိုးအစားများကို အသေးစိတ်ဖော်ပြရန်၊
**ဘဏ္ဍာငွေကြေးထောက်ပံ့မှု နမူနာများ** - အမတော်ငွေ၊ ထောက်ပံ့ကြေး၊ ထည့်ဝင်ကူညီခြင်း၊ နိုင်ငံတော်ပိုင်နှင့် အများပိုင် ပစ္စည်းများ အသုံးပြုခြင်း၊ ချေးငွေ၊ မြေငှားခ သို့မဟုတ် ချေးငွေအတွက် အဖိုးအခများမှ ကင်းလွတ်ခွင့် ပေးခြင်း၊ စသည်၊

④ ဥပဒေကြမ်းများ၊ ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများတွင် ပြဋ္ဌာန်းထားသည့်အတိုင်း ဘဏ္ဍာငွေကြေး ထောက်ပံ့ မှုတွင် အကျိုးခံစားခွင့်ရှိသူများကို ဖော်ပြရန်၊

⑤ ဘဏ္ဍာငွေကြေးထောက်ပံ့ရန်အတွက် စံနှုန်းများနှင့် လုပ်ထုံးလုပ်နည်းများကို ဖော်ပြရန်၊ (စံနှုန်းများနှင့် လုပ်ထုံး လုပ်နည်းများအား နောက်ဆက်တွဲအပိုင်းတွင် သို့မဟုတ် နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများတွင် အသေးစိတ်ဖော်ပြ ထားပါက အနှစ်ချုပ်ကာ ယင်းတို့ကို ပူးတွဲထည့်ပေးရန်)၊

⑥ အလားတူငွေကြေးထောက်ပံ့မှုများပေးသော အခြားဥပဒေများ၏ ပုဒ်မများကို ဖော်ပြရန်၊

⑦ တရားမဝင် သို့မဟုတ် တရားမျှတမှုမရှိသော ငွေကြေးထောက်ပံ့မှုများကို တားဆီးကာကွယ်ရန် ရေးဆွဲထားသော လုပ်ငန်းစဉ်အကြောင်း အသေးစိတ်ကို ဖော်ပြခြင်း (သက်ဆိုင်ရာအက်ဥပဒေ၏ ပုဒ်မများ အပါအဝင်)၊

⑧ ဘဏ္ဍာငွေကြေး ထောက်ပံ့မှုသည် (အလားတူထောက်ပံ့သည့်အစီအစဉ်များနှင့် နှိုင်းယှဉ်လျှင်) အခြားအထောက် အပံ့များနှင့်မတူဘဲ ထူးခြားကွဲပြားမှု သို့မဟုတ် ဘဏ္ဍာငွေကြေး ထောက်ပံ့မှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ ရှင်းလင်း မှုမရှိခြင်းအတွက် ကျိုးကြောင်းရှင်းလင်းချက်အား လိုအပ်သည်ဟု ယူဆပါက (ဇယား ၂-၄ တွင် ပေးထားသည့် နံပါတ် စဉ်အလိုက်) တင်ပြရန်၊

⑨ စီမံခန့်ခွဲမှုနှင့် စောင့်ကြည့်လေ့လာမှုလုပ်ငန်းစဉ်များ မရှိခြင်းအတွက် ကျိုးကြောင်း ရှင်းလင်းချက်အား (ဇယား ၂-၄ တွင် ပေးထားသည့် နံပါတ် စဉ်အလိုက်) တင်ပြရန်၊

⑩ ရည်ညွှန်းကိုးကားနိုင်သည့် စာရွက်စာတမ်းများ စာရင်း၊ ထိုစာရွက်စာတမ်းတစ်ခုချင်းစီကို ပူးတွဲထည့်သွင်းပေးရန်၊
**ရည်ညွှန်းကိုးကားစရာစာရွက်စာတမ်းနမူနာများ** - ငွေကြေးထောက်ပံ့မှုဆိုင်ရာ စံနှုန်းများကို အသေးစိတ်ပြဋ္ဌာန်းထားသည့် နည်းဥပဒေစည်းမျဉ်းစည်းကမ်းများ၊ စသည်၊

## ဆန်းစစ်လေ့လာသည့်နယ်ပယ် - အုပ်ချုပ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ

### နမူနာဖြည့်စွက်ပြထားသော ဆန်းစစ်လေ့လာမှုပုံစံ

<ပုံ ၃-၁ > ICT စီမံချက်များအား ရန်ပုံငွေပံ့ပိုးခြင်းဆိုင်ရာ လုပ်ငန်းစဉ်အဆင့်ဆင့်①

| Stage | Details |
| --- | --- |
| Planning for Support | ▫ Korea Communications Commission (KCC) shall formulate a plan for support in accordance with the management pkan for the ICT Promotion Fund |
| Agreement on Project Management | ▫ KCC↔ Institute for Information Technology Advancement (IITA)<br>▫ Project budggt : ICT Promtion Fund IITA |
| Announcement of Project Plans | ▫ KCC (via dailies and online notices) |
| Receipt of Application & Assessment | ▫ Application channel : online<br>▫ Assessment: three-phase assessment comprising of conformity assessment, assessment of evalucation committee(paper, presentation, on-site) and overall deliberation |
| Finalization of Recipient Agencies | ▫ Finalization of a selection process and reporting to the Ministry of information and Communication |
| Project-level Agreement & Payment of Research Funds | ▫ IITA↔ recipient agencies (i.e. agencies conducting research projects)<br>▫ Payment of research funds: IITA recipient agencies (in two installments) |
| Performance Management | ▫ Interim evaluation of performance<br>▫ Implementation of on-site investigation |
| Assessment of Results & Settlement | ▫ Assessment of final results (demonstration of prototypes) and settlement of research funds<br>▫ Reporting of assessment/settlement results: IITA KCC |
| Utillzation of R&D Achievements | ▫ Singing of a license agreement: holders of intellectual property licensed agency |
| Collection and Use of Royalties | ▫ IITA and the primary research organization shall collect royalties from a licensed agency<br>▫ Royalties shall be paid pursuant to related regulations |
| Achievement Analysis | ▫ Analysis of achievement: IITA,<br>▫ Reporting of results: IITA ↔ KCC |

<ဇယား ၃-၂ > အမြင်များရယူခြင်း၊ အယူခံဝင်ခြင်းနှင့်စပ်လျဉ်းသည့် ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများ၏ အသေးစိတ်အချက်အလက်များ

| စဉ်② | ဥပဒေအခြေခံ③ | လူထုပါဝင်ဆောင်ရွက်သော လုပ်ငန်းစဉ်များအကြောင်း အချက် အလက်များ④ |
| --- | --- | --- |
| ၁ | ▫ စီမံကိန်းနှင့် အမျိုးသားပိုင်နက်နယ်မြေ အသုံးချမှုဆိုင်ရာ အက်ဥပဒေပုဒ်မ ၁၄ | ▫ မြို့တော်စီမံကိန်းတစ်ခု ရေးဆွဲသောအခါ သို့မဟုတ် ပြင်ဆင်သောအခါ လူထုကြားနာပွဲတစ်ခု ကျင်းပခြင်းနှင့် နေထိုင်သူများ၊ ကျွမ်းကျင်ပညာရှင်များထံမှ အမြင်များ ရယူခြင်း၊ |
| ၂ | ▫ စီမံကိန်းနှင့် အမျိုးသားပိုင်နက်နယ်မြေ အသုံးချမှုဆိုင်ရာ အက်ဥပဒေပုဒ်မ ၂၆ | ▫ နေထိုင်သူများ (စိတ်ဝင်စားသော အဖွဲ့များအပါအဝင်) မြို့ပြဒေသစီမံကိန်းနှင့် ပြည်နယ်စီမံခန့်ခွဲမှု စီမံကိန်းများ ရေးဆွဲခွင့်ပြုခြင်း၊ |

<အခြားမှတ်ချက်များ> လူထုပါဝင်ဆောင်ရွက်သော လုပ်ငန်းစဉ်များ မရှိခြင်းအတွက် ကျိုးကြောင်းရှင်းလင်းချက်⑤

| စဉ် | လူထုပါဝင်ဆောင်ရွက်သော လုပ်ငန်းစဉ်များ မရှိခြင်းအတွက် ကျိုးကြောင်းရှင်းလင်းချက် |
|---|---|
| | |

<ရည်ညွှန်းကိုးကားချက်များ>⑥

| စဉ် | ရည်ညွှန်းကိုးကားချက်များအသေးစိတ် |
|---|---|
| | |

① အုပ်ချုပ်ရေးလုပ်ငန်းစဉ်အား နိုင်ငံသားများ အလွယ်တကူနားလည်နိုင်စေရန် လုပ်ငန်းစဉ်အဆင့်ဆင့်ကို ပုံဖော်ပြရန်၊

မှတ်ချက် ထိုလုပ်ငန်းစဉ်အဆင့်ဆင့်တွင် ဖော်ပြထားသည့် လုပ်ငန်းဆောင်တာတစ်ခုချင်းစီအတွက် ဥပဒေအခြေခံကို ဖော်ပြရန်။ ဥပဒေအခြေခံတွင် သက်ဆိုင်ရာ ဥပဒေကြမ်းများ၊ ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ (ဥပမာ အထက်ဥပဒေများ/ လက်အောက်ခံ ဥပဒေများ၊ အုပ်ချုပ်ရေးဆိုင်ရာ စည်းမျဉ်းများ၊ စည်ပင်သာယာဥပဒေစည်းမျဉ်းများ၊ စသည် ) ပါဝင်သင့်ပါသည်။

② နိုင်ငံသားများ၏ ပါဝင်ဆောင်ရွက်နိုင်မှုအခွင့်အရေးများကို ပြဋ္ဌာန်းထားသော ပြဋ္ဌာန်းချက်အသစ်များ သို့မဟုတ် ပြင်ဆင်ချက် များကို နံပါတ်စဉ်အလိုက် စာရင်းပြုစုရန်၊

③ နိုင်ငံသားများ၏ ပါဝင်ဆောင်ရွက်နိုင်မှုအခွင့်အရေးများကို ပြဋ္ဌာန်းထားသော ဥပဒေ၏ ပုဒ်မများ

④ အကျိုးသက်ဆိုင်သူများ (ဥပမာ နိုင်ငံသားများ၊ ကုမ္ပဏီများ၊ အဖွဲ့အစည်းများ၊ စသည်) အား ၎င်းတို့၏ အမြင်များကို ထုတ်ဖော်ထွင့်ပေးထားသည့် လုပ်ငန်းစဉ်များတွင် ပါဝင်သည်များကို ဖော်ပြရန်၊
**လူထုပါဝင်ဆောင်ရွက်သည့် လုပ်ငန်းစဉ် နမူနာများ** - လူထုကြားနာပွဲများ၊ နေထိုင်သူများ၏ အမြင်များ တောင်းခံရယူခြင်း၊ အမြင်များကို တင်ပြစေခြင်း၊ စသည်၊

⑤ လူထုပါဝင်ဆောင်ရွက်မှု လုပ်ငန်းစဉ်များ မရှိခြင်းအတွက် ကျိုးကြောင်း ရှင်းလင်းချက်အား တင်ပြရန်၊

⑥ ရည်ညွှန်းကိုးကားနိုင်သည့် စာရွက်စာတမ်းများ စာရင်း၊ ထိုစာရွက်စာတမ်းတစ်ခုချင်းစီကို ပူးတွဲထည့်သွင်းပေးရန်၊
**ရည်ညွှန်းကိုးကားစရာစာရွက်စာတမ်းနမူနာများ** - လူထုပါဝင်ဆောင်ရွက်မှုနည်းစနစ်များကို အသေးစိတ်ပြဋ္ဌာန်းထားသည့် နည်းဥပဒေစည်းမျဉ်းစည်းကမ်းများ၊ သုတေသနစာတမ်းများ၊ လူထုကြားနာပွဲဆိုင်ရာ စာရွက်စာတမ်းများ၊ စသည်၊

### လူထုပါဝင်ဆောင်ရွက်မှု လုပ်ငန်းစဉ်များ မရှိခြင်းအတွက် ကျိုးကြောင်းရှင်းလင်းချက် နမူနာများ

ⓐ အုပ်ချုပ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများအက်ဥပဒေတွင် လူထုပါဝင်ဆောင်ရွက်နိုင်သည့် အခွင့်အလမ်းများကို အလုံ အလောက် ပြဋ္ဌာန်းထားသောကြောင့်၊

မှတ်ချက် သို့ဆိုလျှင် အက်ဥပဒေတွင် ပြဋ္ဌာန်းထားသော လူထုပါဝင်ဆောင်ရွက်မှုအခွင့်အလမ်းများသည် လုပ်ထုံးလုပ်နည်းများ၏ ပွင့်လင်းမြင်သာမှုကို လုံလောက်စွာ ရရှိစေရန် မည်သို့ လုပ်ဆောင်ပေးနိုင်ကြောင်း ရှင်းပြပါရန်၊

ⓑ သတင်းပေါက်ကြားမှုကဲ့သို့ ဆိုးကျိုးသက်ရောက်မှုများ ဖြစ်ပေါ်နိုင်ခြေကို တားဆီးရန်အတွက် လူထုပါဝင်ဆောင်ရွက်မှုကို လျှော့ချရန် လိုအပ်သောကြောင့်၊

မှတ်ချက် သို့ဆိုလျှင် လူထုပါဝင်ဆောင်ရွက်မှုကြောင့် ဆိုးကျိုးသက်ရောက်နိုင်ခြေများအကြောင်း ရှင်းပြပါရန်၊

ⓒ လျှင်မြန်စွာ ဆုံးဖြတ်ချက်ချမှတ်မှုနှင့် ချက်ချင်းအရေးယူဆောင်ရွက်မှုတို့ လိုအပ်သောကြောင့်၊

မှတ်ချက် သို့ဆိုလျှင် လျှင်မြန်စွာ ဆုံးဖြတ်ချက်ချမှတ်မှုနှင့် ချက်ချင်းအရေးယူဆောင်ရွက်မှုတို့ အဘယ်ကြောင့် လိုအပ်ရကြောင်းနှင့် လူထု ပါဝင်ဆောင်ရွက်မှုသည် အုပ်ချုပ်ရေးလုပ်ငန်းစဉ်ကို မည်သို့ နှောင့်နှေးစေမည်ဆိုသည်ကို ရှင်းပြပါရန်၊

ⓓ လူထုပါဝင်ဆောင်ရွက်မှုကို တိုးချဲ့ခြင်းဖြင့် အုပ်ချုပ်ရေးလုပ်ထုံးလုပ်နည်းများ၏ ပညာရပ်ဆန်မှုနှင့် စွမ်းဆောင်ရည်ပြည့်ဝမှု ကို ထိခိုက်စေနိုင်သောကြောင့်၊

မှတ်ချက် သို့ဆိုလျှင် လူထုပါဝင်ဆောင်ရွက်မှုသည် အုပ်ချုပ်ရေးလုပ်ထုံးလုပ်နည်းများ၏ ပညာရပ်ဆန်မှုနှင့် စွမ်းဆောင်ရည်ပြည့်ဝမှုကို မည်သို့ ထိခိုက်စေနိုင်ကြောင်း ရှင်းပြပါရန်၊

**"ပွင့်လင်းစွာချပြမှု" စံသတ်မှတ်ချက်** - အုပ်ချုပ်ရေးလုပ်ငန်းစဉ်နှင့်စပ်လျဉ်းသော သတင်းအချက်အလက်များ (ဥပမာ ပါဝင်သည့် အကြောင်းအရာ၊ ကိုင်တွယ်ဆောင်ရွက်သည့်လုပ်ထုံးလုပ်နည်း၊ စသည်) ကို အကျိုးသက်ဆိုင်သူများနှင့် ပြည်သူလူထုထံ လုံလောက်စွာ ထုတ်ဖော်ကြေညာပေးပါသလား။

① ထုတ်ဖော်ကြေညာပေးပါသည်။ ② ထုတ်ဖော်ကြေညာပေးခြင်း မရှိပါ။

**နမူနာဖြည့်စွက်ပြထားသော ဆန်းစစ်လေ့လာမှုပုံစံ**

<ဇယား ၃-၃> သတင်းအချက်အလက်များအား ထုတ်ဖော်ကြေညာမှု လုပ်ငန်းစဉ်များ

| စဉ်① | ဥပဒေအခြေခံ② | သတင်းအချက်အလက်များအား ထုတ်ဖော်ကြေညာပေးမှုဆိုင်ရာ အသေးစိတ် အချက်အလက်များ③ |
|---|---|---|
| ၁ | ▫ အစိုးရပညာရေးအရာရှိများ အက်ဥပဒေ ပုဒ်မ ၄-၃၊ အပိုဒ် ၅ | ▫ တက္ကသိုလ်ဝန်ထမ်းများ ရွေးချယ်ခေါ်ယူခြင်းနှင့်စပ်လျဉ်းသည့် သတင်း အချက်အလက်များ (ရာထူးနေရာ၊ လစ်လပ်ရာထူးနေရာ အရေအတွက်၊ လျှောက်ထားမည့်သူတွင် ရှိရမည့် အရည်အချင်းသတ်မှတ်ချက်များနှင့် စိစစ်ရွေးချယ်မည့်စံသတ်မှတ်ချက်များအပါအဝင်) ကို ကြိုတင်ထုတ်ဖော် ကြေညာပေးခြင်း၊ |
| ၂ | ▫ လမ်းအက်ဥပဒေအား လိုက်နာရေး ကြပ်မတ်မှု စည်းမျဉ်းဥပဒေ၏ ပုဒ်မ ၁၄ | ▫ လမ်းအမျိုးအစားများ၊ လမ်းကြောင်းတစ်ခု၏ နံပါတ်နှင့် အမည်၊ လမ်းအပိုင်း၊ လမ်းမဖုန်၏ တစ်စိတ်တစ်ပိုင်း သို့မဟုတ် ဖုန်တစ်ခုလုံးအား အသုံးပြုသော အခါ သို့မဟုတ် ဖျက်သိမ်းသောအခါ ဖွင့်ရက် သို့မဟုတ် ပိတ်ရက် တို့အား အများပြည်သူသိရှိအောင် ထုတ်ပြန်ကြေညာခြင်း၊ |
| ၃ | ▫ လုပ်ငန်းခွင်ဘေးကင်းရေးနှင့် ကျန်းမာ ရေး အက်ဥပဒေ ပုဒ်မ ၉-၂၊<br>▫ ထိုအက်ဥပဒေ လိုက်နာရေး ကြပ်မတ်သည့်ဥပဒေ ပုဒ်မ ၈-၄၊ | ▫ လုပ်ငန်းခွင်များတွင် စက်ပစ္စည်းများဆိုင်ရာ မတော်တဆမှုများ အရေအတွက်၊ မတော်တဆဖြစ်သည့်နှုန်း၊ အဆင့်များအပါအဝင် သက်ဆိုင်ရာ အချက်အလက်များအား အများပြည်သူ သိရှိအောင် ထုတ်ပြန်ကြေညာခြင်း၊ |

<အခြားမှတ်ချက်များ> ထုတ်ဖော်ကြေညာမှုလုပ်ငန်းစဉ်များ မရှိရခြင်းအတွက် ကျိုးကြောင်းရှင်းလင်းချက်④

| စဉ် | ထုတ်ဖော်ကြေညာမှုလုပ်ငန်းစဉ်များ မရှိရခြင်းအတွက် ကျိုးကြောင်းရှင်းလင်းချက် |
|---|---|
| | |

<ရည်ညွှန်းကိုးကားချက်များ>⑤

| စဉ် | ရည်ညွှန်းကိုးကားချက်များ အသေးစိတ် |
|---|---|
| | |

① သတင်းအချက်အလက်များ ထုတ်ဖော်ကြေညာခြင်းနှင့် အကျိုးသက်ဆိုင်သူအုပ်စုများထံ သတင်းအချက် အလက်များ မဖြစ်မနေ မျှဝေအသိပေးခြင်းတို့ကို ပြဋ္ဌာန်းထားသော ပြဋ္ဌာန်းချက်အသစ်များ သို့မဟုတ် ပြင်ဆင်ချက်များအား နံပါတ်စဉ်အလိုက် စာရင်းပြုစုရန်၊

② သတင်းအချက်အလက်များ ထုတ်ဖော်ကြေညာခြင်းကို ပြဋ္ဌာန်းထားသော ဥပဒေ၏ ပုဒ်မများကို ဖော်ပြရန်၊

③ ထုတ်ပြန်ကြေညာသည့် သတင်းအချက်အလက်များတွင် ပါဝင်သည့် အကြောင်းအရာများ၊ ထုတ်ပြန်ကြေညာ သည့် အချိန်ကာလနှင့် နည်းစစ်များကို အသေးစိတ်ဖော်ပြရန်၊

④ သတင်းအချက်အလက်များ ထုတ်ပြန်ကြေညာမှု မပြုခြင်းအတွက် နောက်ခံအကြောင်းအရာများနှင့် ကျိုးကြောင်း ရှင်းလင်းချက်အား ဖော်ပြရန်၊

⑤ ရည်ညွှန်းကိုးကားနိုင်သည့် စာရွက်စာတမ်းများ စာရင်း၊ ထိုစာရွက်စာတမ်းတစ်ခုချင်းစီကို ပူးတွဲထည့်သွင်းပေးရန်၊
**ရည်ညွှန်းကိုးကားစရာစာရွက်စာတမ်းနမူနာများ** - သတင်းအချက်အလက်များ ထုတ်ပြန်ကြေညာမှုကို ပြဋ္ဌာန်းထားသည့် နည်းဥပဒေစည်းမျဉ်းစည်းကမ်းများ အသေးစိတ်၊ သုတေသနစာတမ်းများ၊ လူထုကြားနာပွဲများမှ စာရွက်စာတမ်းများ၊ စသည်၊

**"ပြည်သူ့ဝန်ဆောင်မှုများ ဆောင်ရွက်ပေးခြင်းနှင့် အုပ်ချုပ်ရေးလုပ်ငန်းစဉ်၏ ရှင်းရှင်းလင်းလင်းရှိမှု" စံသတ်မှတ်ချက်** - နိုင်ငံသားများသည် လိုအပ်သော စာရွက်စာတမ်းများ၊ အုပ်ချုပ်ရေးလုပ်ထုံးလုပ်နည်းများ၊ စီမံကိုင်တွယ်သည့် အချိန်ကာလ များနှင့် ရလဒ်များကဲ့သို့ စီမံအုပ်ချုပ်ရေး လုပ်ထုံးလုပ်ငန်းစဉ်အဆင့်ဆင့်ကို အလွယ်တကူ နားလည်ကာ ကြိုတင်ခန့်မှန်း သိရှိနိုင်ပါသလား ။

① ထုတ်ဖော်ကြေညာပေးပါသည်။ ② ထုတ်ဖော်ကြေညာပေးခြင်း မရှိပါ။

**နမူနာဖြည့်စွက်ပြထားသော ဆန်းစစ်လေ့လာမှုပုံစံ**

<ဇယား ၃-၄> အုပ်ချုပ်ရေးလုပ်ထုံးလုပ်နည်းများ၏ ရှင်းလင်းမှု

| အုပ်စု | ဥပဒေအခြေခံ | အုပ်ချုပ်ရေးလုပ်ငန်းစဉ်၏ အသေးစိတ်အချက်အလက်များ |
|---|---|---|
| ပြင်ဆင်သည့် စာရွက်စာတမ်းများ① | ▫ ဆေးဝါးများ အန္တရာယ် ကင်းရှင်းရေးဆိုင်ရာ စည်းမျဉ်းဥပဒေ ပုဒ်မ ၉ | ▫ ဆေးဝါးထုတ်ကုန်ပစ္စည်း၏ မူလထုတ်လုပ်သည့်ဒေသ၊ ရှာဖွေတွေ့ရှိမှု သို့မဟုတ် ထုတ်လုပ်မှု၊ ဓာတုဖွဲ့စည်းပုံ၊ ဇီဝဓာတုအစွမ်းသတ္တိများ၊ အဆိပ်အတောက်ဖြစ်နိုင်မှုနှင့် ဘေးကင်းမှု၊ စသည့် အသေးစိတ်အချက် အလက်များ |
| လုပ်ထုံးလုပ်နည်းများ② | ▫ ပြဋ္ဌာန်းထားခြင်းမရှိ | |
| ရလဒ်များ③ | ▫ ပြဋ္ဌာန်းထားခြင်းမရှိ | |
| အချိန်ကာလ④ | ▫ ပြဋ္ဌာန်းထားခြင်းမရှိ | |

<အခြားမှတ်ချက်များ> အုပ်ချုပ်ရေးလုပ်ငန်းစဉ်များ ရှင်းရှင်းလင်းလင်းရှိမှုနည်းပါးရခြင်းအတွက် ကျိုးကြောင်း ရှင်းလင်းချက်⑤

| စဉ် | အုပ်ချုပ်ရေးလုပ်ငန်းစဉ်များ ရှင်းရှင်းလင်းလင်းရှိမှုနည်းပါးရခြင်းအတွက် ကျိုးကြောင်းရှင်းလင်းချက် |
|---|---|
| ၁ | ▫ ဆေးဝါးတစ်ခုသည် ဘေးအန္တရာယ်ကင်းပြီး ထိရောက်မှု ရှိ/မရှိ ဆုံးဖြတ်ရန်အတွက် အဆင့်မြင့်ကျွမ်းကျင်မှုနှင့် သိပ္ပံနည်းကျ အတည်ပြုမှုလုပ်ငန်းစဉ်တို့ လိုအပ်ပါသည်။ ထို့ကြောင့် စစ်ဆေးအကဲဖြတ်သည့်ကာလနှင့် ရလဒ်များကို မည်သည့်အချိန်တွင် ထုတ်ပေးနိုင်မည်ဆိုသည်ကို ခန့်မှန်းရန် ခက်ခဲပါသည်။ |

<ရည်ညွှန်းကိုးကားချက်များ>⑥

| စဉ် | ရည်ညွှန်းကိုးကားချက်များ အသေးစိတ် |
|---|---|
| ၁ | ▫ ဆေးဝါးများ၏ အဆိပ်အတောက်ဖြစ်နိုင်မှုအတွက် စံနှုန်း (အစားအသောက်နှင့်ဆေးဝါး ဘေးအန္တရာယ်ကင်းရှင်းရေး ဝန်ကြီးဌာန၊ ကြေညာစာအမှတ် ၂၀၁၄-၁၃၆)၊ |
| ၂ | ▫ ဆေးဝါးများ၏ ဘေးအန္တရာယ်ကင်းရှင်းမှု စစ်ဆေးရန်အတွက် စံနှုန်း (အစားအသောက်နှင့်ဆေးဝါး ဘေးအန္တရာယ်ကင်းရှင်း ရေး ဝန်ကြီးဌာန၊ ကြေညာစာအမှတ် ၂၀၁၄-၅၉) |
| ၃ | ▫ ဇီဝထုတ်ကုန်ပစ္စည်းများအား အတည်ပြုခြင်းနှင့် သုံးသပ်ခြင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ (အစားအသောက်နှင့်ဆေးဝါး ဘေးအန္တရာယ်ကင်းရှင်းရေး ဝန်ကြီးဌာန၊ ကြေညာစာအမှတ် ၂၀၁၄-၄၁) |

① ပြည်သူ့ဝန်ဆောင်မှုများ ရရှိရန် သို့မဟုတ် တိုင်ကြားမှုများ ပြုလုပ်ရန် နိုင်ငံသားများမှ တင်သွင်းရန် သတ်မှတ်ထားသည့် စာရွက်စာတမ်းများကို ဖော်ပြရန်၊ (အက်ဥပဒေ၏ သက်ဆိုင်ရာပုဒ်မများ အပါအဝင်)၊

② အသစ်ပြဋ္ဌာန်းချက်များ သို့မဟုတ် ပြင်ဆင်ချက်များတွင် ပြဋ္ဌာန်းထားသော အုပ်ချုပ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ဖော်ပြရန် (အက်ဥပဒေ၏ သက်ဆိုင်ရာပုဒ်မများ အပါအဝင်)၊

③ နိုင်ငံသားများမှ ကိုင်တွယ်ဆောင်ရွက်မှု၏ ရလဒ်များကို လက်လှမ်းမီနိုင်မည့် နည်းလမ်းကို ဖော်ပြရန် (အက်ဥပဒေ၏ သက်ဆိုင်ရာပုဒ်မများ အပါအဝင်)၊

④ အုပ်ချုပ်ရေးလုပ်ငန်းစဉ်၏ ကိုင်တွယ်ဆောင်ရွက်သည့် အချိန်ကာလကို ဖော်ပြရန် (အက်ဥပဒေ၏ သက်ဆိုင်ရာပုဒ်မများ အပါအဝင်)၊

⑤ အုပ်ချုပ်ရေးလုပ်ငန်းစဉ်များ ရှင်းရှင်းလင်းလင်းရှိမှုနည်းပါးရခြင်းအတွက် ကျိုးကြောင်းရှင်းလင်းချက်ကို ဖော်ပြရန်

⑥ ရည်ညွှန်းကိုးကားနိုင်သည့် စာရွက်စာတမ်းများ စာရင်း၊ ထိုစာရွက်စာတမ်းတစ်ခုချင်းစီကို ပူးတွဲထည့်သွင်းပေးရန်၊
**ရည်ညွှန်းကိုးကားစရာစာရွက်စာတမ်းနမူနာများ** - အုပ်ချုပ်ရေးကိစ္စရပ်များကို ကိုင်တွယ်ဆောင်ရွက်သည့် လုပ်ငန်းစဉ်အဆင့်ဆင့်နှင့် အချိန်ကာလတို့ကို ပြဋ္ဌာန်းထားသော နည်းဥပဒေစည်းမျဉ်းစည်းကမ်းများ၊ သက်ဆိုင်ရာ သုတေသနစာတမ်းများ၊ စသည်၊

### ဆန်းစစ်လေ့လာမှုနယ်ပယ် - အဂတိလိုက်စားမှုထိန်းချုပ်ခြင်း

**"အကျိုးစီးပွားဆက်နွယ်မှုဖြစ်ပေါ်နိုင်ခြေ" စံသတ်မှတ်ချက်** - အုပ်ချုပ်ရေးလုပ်ငန်းစဉ်များတွင် ပုဂ္ဂိုလ်ရေးအကျိုးစီးပွားအတွက် ဆောင်ရွက်ခြင်းများကို တားဆီးကာကွယ်ရန် စံများ၊ လုပ်ထုံးလုပ်နည်းများ သို့မဟုတ် လုပ်ငန်းစဉ်များ ရှိပါသလား။

① ရှိပါသည်  ② မရှိပါ။

### နမူနာဖြည့်စွက်ပြထားသော ဆန်းစစ်လေ့လာမှုပုံစံ

<ဇယား ၄-၁> အကျိုးစီးပွားဆက်နွယ်မှုကို တားဆီးကာကွယ်သော လုပ်ငန်းစဉ်များ

| စဉ်① | ဥပဒေအခြေခံ② | လုပ်ငန်းစဉ်များ၏ အသေးစိတ်အချက်အလက်များ③ |
|---|---|---|
| ၁ | ▫ တီထွင်ဖန်တီးမှု အားပေးမြှင့်တင် ရေး အက်ဥပဒေ ပုဒ်မ ၄၁ နှင့် ၄၁-၂ | ▫ လုပ်ငန်းပိုင်ဆိုင်မှုအငြင်းပွားမှုဖြေရှင်းရေးကော်မတီ အရပ်သားအဖွဲ့ဝင်များ၏ အရည်အချင်းသတ်မှတ်ချက်များနှင့် သက်တမ်းများ၊ ကော်မတီအဖွဲ့ဝင်များအား ဆုံးဖြတ်ချက် ချမှတ်မှုလုပ်ငန်းစဉ်မှ ချန်လှပ်ထားခြင်း၊ ချန်လှပ်ပေးရန် တောင်းဆိုမှု/လျှောက်ထားမှု၊ မိမိ သဘောဆန္ဒအလျောက်ဘေးဖယ်နေမှု လုပ်ငန်းစဉ်များအတွက် စည်းမျဉ်းစည်းကမ်းများ |
| ၂ | ▫ ဆောက်လုပ်ရေးနည်းပညာ အားပေးမြှင့်တင်ရေးအက်ဥပဒေ လိုက်နာရေး ကြပ်မတ်မှုဥပဒေ ပုဒ်မ ၂၀ နှင့် ၂၂ | ▫ ကော်မတီအဖွဲ့ဝင်များအား ဆုံးဖြတ်ချက် ချမှတ်မှုလုပ်ငန်းစဉ်မှ ချန်လှပ်ထားခြင်း၊ ချန်လှပ် ပေးရန် တောင်းဆိုမှု/ လျှောက်ထား မှု၊ မိမိသဘောဆန္ဒအလျောက်ဘေးဖယ်နေမှု၊ ထုတ်ပယ် မှု လုပ်ငန်းစဉ်များအတွက် စည်းမျဉ်း စည်းကမ်းများ |
| ၃ | ▫ ဂိမ်းလုပ်ငန်းကဏ္ဍ အားပေးမြှင့် တင်ရေးအက်ဥပဒေ ပုဒ်မ ၁၇-၂၊ ၁၇-၃ နှင့် ၄၃၊ | ▫ ကော်မတီအဖွဲ့ဝင်များအား ဆုံးဖြတ်ချက် ချမှတ်မှုလုပ်ငန်းစဉ်မှ ချန်လှပ်ထားခြင်း၊ ချန်လှပ် ပေးရန် တောင်းဆိုမှု/ လျှောက်ထား မှု၊ မိမိသဘောဆန္ဒအလျောက်ဘေးဖယ်နေမှု၊ ထုတ်ပယ် မှု လုပ်ငန်းစဉ်များ၊ အစည်းအဝေး မှတ်တမ်းများအား ထုတ်ဖော်ကြေညာခြင်း၊ ပြစ်ဒဏ် ဆိုင်ရာ ပြဋ္ဌာန်းချက်များတွင် အစိုးရအရာရှိများကဲ့သို့ မှတ်ယူခြင်းဆိုင်ရာတို့အတွက် စည်းမျဉ်းစည်းကမ်းများ |
| ၄ | ▫ စက်မှုလုပ်ငန်းမတော်တဆမှု လျော်ကြေးအာမခံအက်ဥပဒေ ပုဒ်မ ၂၄ | ▫ စက်မှုလုပ်ငန်းမတော်တဆမှု လျော်ကြေးအာမခံကော်မတီအဖွဲ့ဝင်များအား ဆုံးဖြတ်ချက် ချမှတ်မှုလုပ်ငန်းစဉ်မှ ချန်လှပ် ထားခြင်း၊ ချန်လှပ်ပေးရန် တောင်းဆိုမှု/ လျှောက်ထားမှု၊ မိမိသဘောဆန္ဒအလျောက် ဘေးဖယ်နေမှု၊ ထုတ်ပယ်မှု လုပ်ငန်းစဉ်များအတွက် စည်းမျဉ်း စည်းကမ်းများ |

<အခြားမှတ်ချက်များ> အကျိုးစီးပွားဆက်နွယ်မှုများကို တားဆီးကာကွယ်သည့် လုပ်ငန်းစဉ်များ မရှိခြင်းအတွက် ကျိုးကြောင်းရှင်းလင်းချက်④

| စဉ် | အကျိုးစီးပွားဆက်နွယ်မှုများကို တားဆီးကာကွယ်သည့် လုပ်ငန်းစဉ်များ မရှိခြင်းအတွက် ကျိုးကြောင်းရှင်းလင်းချက် |
|---|---|
| | |

<ရည်ညွှန်းကိုးကားချက်များ>⑤

| စဉ် | ရည်ညွှန်းကိုးကားချက်များ၏ အသေးစိတ်အချက်အလက်များ |
|---|---|
| | |

① အကျိုးစီးပွားဆက်နွယ်မှုများကို တားဆီးကာကွယ်သည့် လုပ်ငန်းစဉ်များကို ပြဋ္ဌာန်းထားသော ပြဋ္ဌာန်းချက် အသစ်များ သို့မဟုတ် ပြင်ဆင်ချက်များအား နံပါတ်စဉ်အလိုက် စာရင်းပြုစုရန်၊

② အကျိုးစီးပွားဆက်နွယ်မှု အခြေအနေများကို တားဆီးကာကွယ်သည့် လုပ်ငန်းစဉ်များကို ပြဋ္ဌာန်းထားသော ဥပဒေများ၏ ပုဒ်မများကို ဖော်ပြရန်၊

③ အကျိုးစီးပွားဆက်နွယ်မှုများကို တားဆီးကာကွယ်သည့် လုပ်ငန်းစဉ်များ၏ အမျိုးအစားများနှင့် ပါဝင်သည့်အပိုင်းများကို အသေးစိတ်ဖော်ပြရန်၊
**လုပ်ငန်းစဉ်နမူနာများ** - စည်းမျဉ်းစည်းကမ်းများ (ဥပမာ အဖွဲ့ဝင်များ၏ အရည်အချင်းသတ်မှတ်ချက်များ၊ သက်တမ်း၊ အဖွဲ့ဝင်အဖြစ် ပြန်လည် ခန့်အပ်မှု၊ စသည်)၊ အချို့လုပ်ငန်းစဉ်များ (ဥပမာ ဆုံးဖြတ်ချက်ချမှတ်မှု လုပ်ငန်းစဉ်မှ ချန်လှပ်ထားခြင်း၊ ချန်လှပ်ပေးရန် တောင်းဆိုမှု/ လျှောက် ထားမှု၊ မိမိသဘောဆန္ဒအလျောက်ဘေးဖယ်နေမှုနှင့် ထုတ်ပယ်မှု)၊ အစိုးရအရာရှိများကဲ့သို့ မှတ်ယူဆောင်ရွက်ခြင်းတို့အတွက် စည်းမျဉ်းစည်းကမ်း များနှင့် အစိုးရအရာရှိအဖြစ် တာဝန်ထမ်းဆောင်ခြင်းနှင့် အကျိုးအမြတ်ရရှိသည့် လုပ်ငန်း တို့ကို တစ်ပြိုင်တည်း လုပ်ကိုင်ခြင်းအား တားမြစ်သည့် စည်းမျဉ်းစည်းကမ်းများ၊ စသည်၊

④ အကျိုးစီးပွားဆက်နွယ်မှုများကို တားဆီးကာကွယ်သည့် လုပ်ငန်းစဉ်များ မရှိရခြင်းအတွက် ကျိုးကြောင်းရှင်းလင်းချက်ကို ဖော်ပြရန်၊

⑤ ရည်ညွှန်းကိုးကားနိုင်သည့် စာရွက်စာတမ်းများ စာရင်း၊ ထိုစာရွက်စာတမ်းတစ်ခုချင်းစီကို ပူးတွဲထည့်သွင်းပေးရန်၊

**"အဂတိလိုက်စားမှု တိုက်ဖျက်ရေး လုပ်ထုံးလုပ်နည်း ယန္တရားများ ပိုမိုအားကောင်းအောင် လုပ်ဆောင်ရန် လိုအပ်မှု" စံသတ်မှတ်ချက်** - ဥပဒေများ သို့မဟုတ် မူဝါဒများ အကောင်အထည်ဖော်ရာတွင် ပေါ်ပေါက်လာနိုင်သည့် အဂတိလိုက်စားမှု များကို တားဆီးကာကွယ်သည့် အဂတိလိုက်စားမှုထိန်းချုပ်ရေးလုပ်ငန်းစဉ်များကို စတင်ချမှတ်ကျင့်သုံးရန် သို့မဟုတ် ပိုမိုအားကောင်းအောင် လုပ်ဆောင်ရန် လိုအပ်ပါသလား။

① လိုအပ်ပါသည် ② မလိုအပ်ပါ။

### နမူနာဖြည့်စွက်ပြထားသော ဆန်းစစ်လေ့လာမှုနမူနာပုံစံ

<ဇယား ၄-၂> သက်ဆိုင်သည့် အဂတိလိုက်စားမှုများနှင့် အဂတိလိုက်စားမှုထိန်းချုပ်ရေးလုပ်ငန်းစဉ်များ

| စဉ်① | အဂတိလိုက်စားမှုများ② | ဆက်နွယ်သည့် စည်းမျဉ်းစည်းကမ်းများ③ | အဂတိလိုက်စားမှု ထိန်းချုပ် ရေး လုပ်ငန်းစဉ်များ④ |
|---|---|---|---|
| | ▫ လာဘ်ငွေလက်ခံကာ အလွန်ကြီးမားသည့် ဈေးငွေပမာဏကို ထုတ်ပေး ရန်အတွက် အကဲဖြတ်စိစစ်သည့် အစီရင်ခံစာ အတုကို ရေးသားပေးခြင်းအား ဖော်ထုတ် တွေ့ရှိမှု | ▫ ပြည်သူ့ဆောက်လုပ်ရေးနှင့်လျော်ကြေးအတွက် မြေ၊ စသည် သိမ်းယူမှု အက်ဥပဒေ ပုဒ်မ ၆၈ | ▫ မြေ၊ စသည် လျော်ကြေး အတွက် စိစစ်အကဲဖြတ်ရန် အကဲဖြတ်အရာရှိ သုံးဦး ခန့်အပ်ရမည်။ |
| | ▫ ကာကွယ်ရေးကဏ္ဍ ပစ္စည်းဝယ်ယူမှု စီမံချက အောက်တွင် ကုန်ကျ စရိတ်အား ပြန်လည် ထုတ်ပေးသည့် လုပ်ငန်း စဉ်အတွင်း ကုန်ကျစရိတ်များအား ခန့်မှန်းရာတွင် ပို၍ တွက်ချက်ခြင်းနှင့် တစ်ဆင့်ခံ ကန်ထရိုက် တစ်ဦးနှင့် နှစ်ကြိမ် စာချုပ်လက်မှတ်ရေးထိုး ခြင်း ကဲ့သို့သော အဂတိ လိုက်စားမှုများ | ▫ ကာကွယ်ရေးကဏ္ဍ ပစ္စည်းဝယ်ယူမှု၏ ကုန်ကျစရိတ် ခန့်မှန်းတွက်ချက်ခြင်းဆိုင်ရာ စည်းမျဉ်းဥပဒေ ပုဒ်မ ၂၈ | ▫ အဂတိလိုက်စားမှုများ ထပ်မံ မဖြစ်ပွားအောင် ကာကွယ်ရန်အတွက် မျှတ သည့် ကာကွယ်ရေးကဏ္ဍ ဝယ်ယူမှု အစီအစဉ် ကုန်ကျစရိတ် စီမံခန့်ခွဲမှုစနစ် ဆိုင်ရာ အက်ဥပဒေအား ရေးဆွဲပြဋ္ဌာန်းရန် လုပ်ဆောင်နေပါသည်။ |

<အခြားမှတ်ချက်များ> အဂတိလိုက်စားမှုထိန်းချုပ်ရေးလုပ်ငန်းစဉ်များ မရှိခြင်းအတွက် ကျိုးကြောင်းရှင်းလင်းချက်⑤

| စဉ် | အဂတိလိုက်စားမှုထိန်းချုပ်ရေးလုပ်ငန်းစဉ်များ မရှိခြင်းအတွက် ကျိုးကြောင်းရှင်းလင်းချက် |
|---|---|
| | |

<ရည်ညွှန်းကိုးကားချက်များ>⑥

| စဉ် | ရည်ညွှန်းကိုးကားချက်များ အသေးစိတ် |
|---|---|
| | |

① အဂတိလိုက်စားမှုထိန်းချုပ်ရေးလုပ်ငန်းစဉ်များကို ပြဋ္ဌာန်းထားသော ပြဋ္ဌာန်းချက်အသစ်တိုင်း သို့မဟုတ် ပြင်ဆင် ချက်တိုင်းကို စာရင်းပြုစုရန် (အဂတိလိုက်စားမှုများ ဖြစ်ပွားခဲ့သည့် သက်ဆိုင်ရာ ပြဋ္ဌာန်းချက်များ အပါအဝင်)၊

② ပြဋ္ဌာန်းချက်များကို ပြန်လည်ပြင်ဆင်ပြဋ္ဌာန်းရခြင်းနှင့်စပ်လျဉ်းသည့် အဂတိလိုက်စားသည့် အမှုကိစ္စများ အကြောင်း အကျဉ်းဖော်ပြရန်၊

**မှတ်ချက်** သတင်းပို့တိုင်ကြားသော၊ ကိုင်တွယ်ဖြေရှင်းခဲ့သော အဂတိလိုက်စားမှုများ၊ ဌာနတွင်း စာရင်းစစ်ခြင်း သို့မဟုတ် BAI ၏ စုံစမ်းစစ်ဆေးမှုများ၊ လွှတ်တော်မှ လေ့လာတွေ့ရှိချက်များ၊ အဂတိလိုက်စားမှုများအား ဖော်ပြသည့် သတင်းထုတ်ပြန်ချက်များ ကိုလည်း ထည့်သွင်းပေးပါရန်၊

③ အဂတိလိုက်စားမှုများအပိုင်းတွင် ဖော်ပြထားသည့် အမှုများနှင့်သက်ဆိုင်သည့် ဥပဒေ၏ ပုဒ်များကို ဖော်ပြရန်၊

④ ပြဋ္ဌာန်းချက်များ အသစ်ပြဋ္ဌာန်းခြင်း သို့မဟုတ် ပြင်ဆင်ခြင်းကြောင့် ဖြစ်ပေါ်နိုင်ခြေရှိသည့် အဂတိလိုက်စားမှု ဖြစ်နိုင်ခြေများကို တားဆီးကာကွယ်မည့် အဂတိလိုက်စားမှုထိန်းချုပ်ရေးလုပ်ငန်းစဉ်များကို ဖော်ပြရန်၊

**အဂတိလိုက်စားမှုထိန်းချုပ်ရေးလုပ်ငန်းစဉ်နမူနာများ** - လမ်းညွှန်ရန်၊ ဖြို့ခွင်းရန်နှင့် စစ်ဆေးရန် ပူးတွဲစုံစမ်းစစ်ဆေးခြင်း (လူနှစ်ဦးအထက် ပါဝင်ခြင်း)၊ နိုင်ငံသားများပါဝင်ဆောင်ရွက်သည့်စနစ် တစ်ခု ဆောင်ရွက်ခြင်း (အရပ်သားအဖွဲ့ဝင်များ၊ ကောင်စီ၊ စသည်)၊ စိစစ်အကဲဖြတ်ရန် ကော်မတီများ ဖွဲ့စည်းဆောင်ရွက်ခြင်း၊ စိစစ်မှုနှင့် သုံးသပ်ဆွေးနွေးမှုလုပ်ငန်းစဉ်၊ ကုန်ပစ္စည်းများ ပေးသွင်းမှုတွင် လိမ်လည်မှုများကို တားဆီးကာကွယ်ရန် ကုန်ပစ္စည်းစစ်ဆေးအတည်ပြုသည့်စနစ်ကို အားကောင်းအောင် ဆောင်ရွက် ခြင်း၊ စသည်၊

**မှတ်ချက်** ဆီလျော်သက်ဆိုင်သည့် အဂတိလိုက်စားမှုများ မရှိလျှင်ပင် ဖြစ်လာနိုင်ခြေရှိသည့် အဂတိလိုက်စားမှုများကို တားဆီးကာကွယ်ရန် ချမှတ်ထားသော လုပ်ငန်းစဉ်များကို ဖော်ပြရပါမည်။

⑤ အဂတိလိုက်စားမှုထိန်းချုပ်သည့် လုပ်ငန်းစဉ်များ မရှိခြင်းအတွက် ကျိုးကြောင်းရှင်းလင်းချက်ကို ဖော်ပြရန်၊

⑥ ရည်ညွှန်းကိုးကားနိုင်သည့် စာရွက်စာတမ်းများ စာရင်း၊ ထိုစာရွက်စာတမ်းတစ်ခုချင်းစီကို ပူးတွဲထည့်သွင်းပေးရန်၊

### အဂတိလိုက်စားမှုထိန်းချုပ်သည့် လုပ်ငန်းစဉ်များ မရှိခြင်းအတွက် ကျိုးကြောင်းရှင်းလင်းချက်နမူနာများ

ⓐ CRA ပြုလုပ်ထားသည့် ဥပဒေကြမ်းများ၊ ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများတွင် အဂတိလိုက်စားမှုကို ဖြစ်စေနိုင်သော အချက်များ (ဥပမာ - မျက်နှာသာပေးဆက်ဆံမှု၊ စည်းမျဉ်းစည်းကမ်းများ ရှင်းရှင်းလင်းလင်းမရှိမှု၊ စသည်) မပါရှိသောကြောင့်၊

ⓑ CRA ပြုလုပ်ထားသည့် ဥပဒေကြမ်းများ၊ ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများတွင် ပါရှိသော အဂတိလိုက်စားမှုကို ဖြစ်စေနိုင်သော အချက်များသည် အဂတိလိုက်စားမှုဖြစ်ပွားခြင်းနှင့် တိုက်ရိုက်ဆက်နွယ်မှု မရှိခြင်း၊

**မှတ်ချက်** သို့ဆိုလျှင် ထိုသို့တိုက်ရိုက်ဆက်နွယ်မှုမရှိကြောင်း ကျိုးကြောင်းရှင်းလင်းချက်ပေးရန်နှင့် သက်သေအထောက်အထားများ ပေးရန်၊

ⓒ အဂတိလိုက်စားမှုဖြစ်ပွားခြင်းသည် ဥပဒေများ၏ မပြည့်စုံမှု သို့မဟုတ် အဂတိလိုက်စားမှုထိန်းချုပ်ရေးလုပ်ငန်းစဉ်များ မရှိမှုတို့ထက် တာဝန်ရှိသော ပုဂ္ဂိုလ်၏ ကျင့်ဝတ်၊ ကျင့်သုံးမှုများနှင့် ပိုမိုသက်ဆိုင်သည်ဟု ယူဆသောကြောင့်၊

**မှတ်ချက်** သို့ဆိုလျှင် ထိုအတွက် ကျိုးကြောင်းရှင်းလင်းချက်ပေးရန်နှင့် သက်သေအထောက်အထားများ ပေးရန်၊

ⓓ CRA ပြုလုပ်ထားသည့် ဥပဒေကြမ်းများ၊ ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများမှ အဂတိလိုက်စားမှုဖြစ်စေနိုင်သော အချက် များအား ဖယ်ရှားရန်အတွက် သက်ဆိုင်ရာအဖွဲ့အစည်းက အဂတိလိုက်စားမှုထိန်းချုပ်ရေးလုပ်ငန်းစဉ်များအား လက်အောက်ခံ ဥပဒေများ သို့မဟုတ် အုပ်ချုပ်ရေးဆိုင်ရာစည်းမျဉ်းစည်းကမ်းများတွင် ပြဋ္ဌာန်းရန် စီစဉ်ထားသောကြောင့်၊

**မှတ်ချက်** သို့ဆိုလျှင် အဆိုပါ မူကြမ်းရေးဆွဲထားသော လက်အောက်ခံဥပဒေများ သို့မဟုတ် အုပ်ချုပ်ရေးဆိုင်ရာစည်းမျဉ်းစည်းကမ်းများတွင် ပါဝင်သည့် အဓိကအချက်များကို ဖော်ပြရန်နှင့် ထိုစာရွက်စာတမ်းအား ပူးတွဲထည့်သွင်းပေးရန်၊

## ၂ - စည်ပင်သာယာဥပဒေစည်းမျဉ်းများအတွက် CRA ကို ဆောင်ရွက်ရန် အခြေခံအားဖြင့် ဆန်းစစ်လေ့လာရမည့်စာရွက်စာတမ်းများ

<table>
<tr><td>※ Reference Number</td><td colspan="4" rowspan="2">Basic Application for the Corruption Impact Assessment</td></tr>
<tr><td></td></tr>
<tr><td>Title of Municipal egulation</td><td colspan="4"></td></tr>
<tr><td>Type</td><td colspan="2">Ordinance</td><td>Rule</td><td>Educational Rule</td></tr>
<tr><td>Category</td><td colspan="2">Enactment</td><td>Amendment</td><td>Current regulation</td></tr>
<tr><td colspan="2">Name of relevant laws</td><td></td><td colspan="2">(names of delegation laws, enforcement laws of the assessment subject law, etc.)</td></tr>
<tr><td rowspan="2">Local Governments</td><td rowspan="2">Drafting Division</td><td colspan="2">Division (Section or Team)</td><td></td></tr>
<tr><td colspan="2">Person in charge:<br>Rank / Name / Phone number</td><td></td></tr>
<tr><td rowspan="3">Legislative timeline (planned)</td><td rowspan="2">Consultation with relevant agencies</td><td>Counterpart (Division)</td><td colspan="2"></td></tr>
<tr><td>Period</td><td colspan="2">From . . . To . . . ( Day)</td></tr>
<tr><td>Pre-announcement</td><td colspan="3">From . . . To . . . ( Day)</td></tr>
<tr><td>Opinion Gathering</td><td colspan="4">1. Whether the subject materials are reviewed by a legal affair division or an audit division<br>2. whether a public hearing or seminar, etc. is held</td></tr>
<tr><td>Attachment</td><td colspan="4">1. Legislative proposal (including a comparison table of before/after provisions)<br>2. Explanations of the enactment or amendment of regulations<br>※ If a request is being made to have the ACRC conduct an assessment, the reason for this request shall be included as an attachment</td></tr>
</table>

<table>
<tr><td rowspan="2">Drafter</td><td>Division</td><td>Rank</td><td>Name</td><td>Phone number</td></tr>
<tr><td></td><td></td><td></td><td></td></tr>
</table>

※ The reference number shall be filled in by the assessment division

# ၃ - စည်ပင်သာယာဥပဒေစည်းမျဉ်းများအတွက် CRA ကို ဆောင်ရွက်ရန် အသေးစိတ် ဆန်းစစ်လေ့လာရမည့်စာရွက်စာတမ်းများ

**Name of law**

Provision subject to assessment

**Criteria**

**Current Status**

**Issues**

**Result**

# ၄ - စည်ပင်သာယာဥပဒေစည်းမျဉ်းများအတွက် ရလဒ်များ အသိပေး အကြောင်းကြားသည့် ပုံစံများ

| | | | |
|---|---|---|---|
| Name of law | | | |
| Assessor | (Division) | (Rank) | (Name) |
| Drafting divisin | | Notification date | |
| Relevant provision | Assessment result | Measures to taken | |
| ▫ If the assessment result suggenst room for improvement, the concerned provision shall be described | ▫ Problems and measures for improvement shall be briefly described | (Example 1) The assessment division shall directly amend the concerned provision<br><br>(Example 1) The assessment division shall notify the drafting division of the results and request amendment | |

# ၅ - စည်းမျဉ်းစည်းကမ်းများနှင့် နည်းဥပဒေများအတွက် CRA ကို ဆောင်ရွက်ရန် အခြေခံအားဖြင့် ဆန်းစစ်လေ့လာရမည့် စာရွက်စာတမ်းများ

| | | | | |
|---|---|---|---|---|
| ※ Reference Number | | | | |
| Title of Municipal egulation | | | | |
| Type | Ordinance | | Rule | Educational Rule |
| Category | Enactment | | Amendment | Current regulation |
| Name of relevant laws | | | (names of delegation laws, enforcement laws of the assessment subject law, etc.) | |
| Local Governments | Drafting Division | Division (Section or Team) | | |
| | | Person in charge: Rank / Name / Phone number | | |
| Legislative timeline (planned) | Consultation with relevant agencies | Counterpart (Division) | | |
| | | Period | From . . . To . . . ( Day) | |
| | Pre-announcement | From . . . To . . . ( Day) | | |
| Opinion Gathering | 1. Whether the subject materials are reviewed by a legal affair division or an audit division<br>2. whether a public hearing or seminar, etc. is held | | | |
| Attachment | 1. Legislative proposal (including a comparison table of before/after provisions)<br>2. Explanations of the enactment or amendment of regulations<br>※ If a request is being made to have the ACRC conduct an assessment, the reason for this request shall be included as an attachment | | | |

| | Division | Rank | Name | Phone number |
|---|---|---|---|---|
| Drafter | | | | |

※ The reference number shall be filled in by the assessment division

## ၆ - စည်းမျဉ်းစည်းကမ်းများနှင့် နည်းဥပဒေများအတွက် CRA ကို ဆောင်ရွက်ရန် အသေးစိတ်ဆန်းစစ်လေ့လာရမည့် စာရွက်စာတမ်းများ

**Name of law**

Provision subject to assessment

| |
|---|
| |

**Criteria**

**Current Status**

**Issues**

**Result**

# ၇ - စည်းမျဉ်းစည်းကမ်းများနှင့် နည်းဥပဒေများအတွက် ရလဒ်များ အသိပေးအကြောင်းကြားသည့် ပုံစံ

| | | | |
|---|---|---|---|
| Name of law | | | |
| Assessor | (Division) | (Rank) | (Name) |
| Drafting divisin | | Notification date | |
| Relevant provision | Assessment result | Measures to taken | |
| ▫ If the assessment result suggenst room for improvement, the concerned provision shall be described | ▫ Problems and measures for improvement shall be briefly described | (Example 1) The assessment division shall directly amend the concerned provision<br><br>(Example 1) The assessment division shall notify the drafting division of the results and request amendment | |

# ၈ - CRA အတွက် အကြံဉာဏ်တောင်းခံခြင်း

| အမှတ်စဉ် | အဂတိလိုက်စားမှုဖြစ်နိုင်ခြေ ဆန်းစစ်လေ့လာချက်အတွက် အကြံပြုဉာဏ်တောင်းခံခြင်း |
|---|---|
| | |

**လက်ခံမည့်သူ - အဖွဲ့အစည်း**
**အကြံပြုသူအမည်**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် နိုင်ငံသားများ၏ အခွင့်အရေးများ ကော်မရှင်သည် ACRC အက်ဥပဒေအား လိုက်နာရေး ကြပ်မတ်ဆောင်ရွက်မှုအက်ဥပဒေ ပုဒ်မ ၃၁ နှင့်အညီ ၊ အဂတိလိုက်စားမှုဖြစ်နိုင်ခြေ ဆန်းစစ်လေ့လာမှု ဆောင်ရွက်ခြင်းဆိုင်ရာ လုပ်ငန်းလမ်းညွှန် အပိုဒ် ၂၃ နှင့်အညီ အထက်ဖော်ပြပါ ပုဂ္ဂိုလ်ထံမှ အဂတိလိုက်စားမှုဖြစ်နိုင်ခြေဆန်းစစ်လေ့လာမှုအတွက် အကြံဉာဏ်ကို တောင်းခံပါသည်။

နေ့စွဲ

တောင်းခံသူအမည် - ဝ ဝ ဝ ၊ အဂတိလိုက်စားမှုဖြစ်နိုင်ခြေဆန်းစစ်လေ့လာမှု ဌာန

ACRC (ဖုန်း/ဖက်စ် - )

(အီးမေးလ် - )

<table>
<tr><td rowspan="4">ဆန်းစစ်လေ့လာသည့် အကြောင်းအရာ</td><td>ဥပဒေ အမည်</td><td colspan="7"></td></tr>
<tr><td>အမျိုးအစား</td><td colspan="2">အသစ်ပြဋ္ဌာန်းခြင်း</td><td colspan="3">ပြင်ဆင်ခြင်း</td><td colspan="2">တည်ဆဲဥပဒေစည်းမျဉ်းများ</td></tr>
<tr><td>အမျိုးအစား</td><td>အက်ဥပဒေ</td><td>သမ္မတအမိန့်ဒိုကရီ</td><td>ဝန်ကြီးချုပ်အမိန့်ဒိုကရီ</td><td>ဝန်ကြီးဌာနမှ ပြဋ္ဌာန်းသော အမိန့်စည်းမျဉ်းဥပဒေ</td><td>အုပ်ချုပ်ရေး စည်းမျဉ်း စည်းကမ်းများ (နည်းဥပဒေများ၊ အသင်းအဖွဲ့ စည်းမျဉ်းအပါအဝင်)</td><td>အမိန့်စည်းမျဉ်း ဥပဒေများ</td><td>စည်းမျဉ်းစည်းကမ်းများ</td></tr>
<tr><td>ရည်ညွှန်းအမှတ်</td><td colspan="7"></td></tr>
<tr><td>အကြံဉာဏ် တောင်းခံရခြင်း အကြောင်းရင်း</td><td colspan="8"></td></tr>
<tr><td>တောင်းခံသည့် အကြံဉာဏ်</td><td colspan="8">- ဥပဒေကြမ်းအား ဆန်းစစ်လေ့လာမှုစံသတ်မှတ်ချက်ဖြင့် သုံးသပ်ချက် အမြင်များ</td></tr>
<tr><td>ပူးတွဲပါ စာရွက် စာတမ်းများ</td><td colspan="8">၁။ သက်ဆိုင်ရာဌာနမှ တင်ပြထားသော ဆန်းစစ်လေ့လာရန် အခြေခံစာရွက်စာတမ်းများ၊<br>၂။ CRA ဌာနမှ ဝန်ထမ်းများ ပြုစုထားသည့် ကနဦးဆန်းစစ်ချက်အစီရင်ခံစာ<br>၃။ သက်ဆိုင်ရာ ဥပဒေကြမ်း၊ ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများ မိတ္တူ</td></tr>
<tr><td>မှတ်ချက်</td><td colspan="8">ကျေးဇူးပြု၍ အကြံဉာဏ်တောင်းခံမှုအား (လ/ရက်/နှစ်) နောက်ဆုံးထား ပြန်ကြားပေးပါရန်</td></tr>
</table>

# ၉ - အဂတိလိုက်စားမှုဖြစ်နိုင်ခြေ ဆန်းစစ်လေ့လာမှု ဆောင်ရွက်ခြင်းဆိုင်ရာ လုပ်ငန်းလမ်းညွှန်ချက်များ

## အဂတိလိုက်စားမှုဖြစ်နိုင်ခြေ ဆန်းစစ်လေ့လာမှု ဆောင်ရွက်ခြင်းဆိုင်ရာ လုပ်ငန်းလမ်းညွှန်ချက်များ

### အခန်း ၁ အထွေထွေပြဋ္ဌာန်းချက်များ

#### အပိုဒ် ၁ (ရည်ရွယ်ချက်)

ဤလုပ်ငန်းလမ်းညွှန်ချက်စည်းမျဉ်းသည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး နှင့် နိုင်ငံသားအခွင့်အရေးများ ကော်မရှင် ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ခြင်း အက်ဥပဒေ ပုဒ်မ ၂၈၊ ယင်း ဥပဒေ အား လိုက်နာစေရန် ကြပ်မတ်ဆောင်ရွက်ရေး ဥပဒေ ပုဒ်မ ၃၀ မှ ၃၂ တို့နှင့်အညီ အဂတိလိုက်စားမှုဖြစ်နိုင်ခြေ ဆန်းစစ်လေ့လာမှုအား စွမ်းဆောင်ရည်ပြည့်ဝစွာ ဆောင်ရွက်နိုင်စေရန် လိုအပ်သည့် သတ်မှတ်ချက်များကို ပြဋ္ဌာန်း ပေးရန် ရည်ရွယ်ပါသည်။

#### အပိုဒ် ၂ (အဓိပ္ပါယ်ဖွင့်ဆိုချက်)

ဤစည်းမျဉ်းတွင် ဖော်ပြပါရှိသည့် အဂတိလိုက်စားမှုဖြစ်နိုင်ဖြေ ဆန်းစစ်လေ့လာမှု (နောက်ပိုင်းတွင် "ဆန်းစစ် လေ့လာမှု"ဟူ၍သာ ဆက်လက်ခေါ်ဝေါ်သုံးနှုန်းသွားပါမည်) ဟူသည်မှာ အပိုဒ် ၃ တွင် ဖော်ပြထားသော ဆန်းစစ် လေ့လာသည့် ဥပဒေများတွင် ပါရှိသည့် အဂတိလိုက်စားမှုကို ဖြစ်စေသော အကြောင်းအချက်များကို ဆန်းစစ်လေ့လာ မှု၊ စိစစ်သုံးသပ်မှုများကို ရည်ညွှန်းခြင်းဖြစ်ပြီး အောက်ပါရလဒ်များ ထွက်ပေါ်လာမည်ဖြစ်ပါသည်

၁။ မူလဥပဒေကြမ်းအား လက်ခံခွင့်ပြုခြင်း - အပိုဒ် ၃ တွင် ဖော်ပြထားသော ဆန်းစစ်လေ့လာသည့် ဥပဒေများတွင် အဂတိလိုက်စားမှုကို ဖြစ်စေနိုင်သော အချက်များ မရှိကြောင်း ကောက်ချက်ချကာ ထိုဥပဒေများအတိုင်း ပြင်ဆင် ပြောင်းလဲခြင်းမရှိဘဲ လက်ခံခွင့်ပြုခြင်း၊

၂။ တစ်စိတ်တစ်ပိုင်း လက်ခံခွင့်ပြုခြင်း - ဆန်းစစ်လေ့လာသည့်ဥပဒေများတွင် ပါရှိသည့် အဂတိလိုက်စားမှုကို ဖြစ်စေသော အချက်များကို ဖယ်ရှားရန် သို့မဟုတ် ပြင်ဆင်ရန်အလို့ငှာ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း သို့မဟုတ် ဆန်းစစ်လေ့လာသည့်ဥပဒေများ၏ ပြဋ္ဌာန်းချက်များအား တစ်ခုလုံး သို့မဟုတ် တစ်စိတ်တစ်ပိုင်း ဖျက်ပစ်ခြင်းတို့ ပြုလုပ်ရန် အကြံပြုခြင်း၊

၃။ ရုပ်သိမ်းခြင်း - ဆန်းစစ်လေ့လာသည့်ဥပဒေများတွင် အဂတိလိုက်စားမှုကို ဖြစ်စေနိုင်သော အချက်များ များပြား ထင်ရှားလွန်းသည့်အတွက် ပိုကောင်းအောင် ပြုပြင်နိုင်ဖွယ်မရှိသောကြောင့် ဆန်းစစ်လေ့လာသည့် ဥပဒေကို ရုပ်သိမ်းရန် အကြံပြုခြင်း၊

#### အပိုဒ် ၃ (ဆန်းစစ်လေ့လာသည့်ဥပဒေများ)

အောက်ပါဥပဒေကြမ်းများ၊ ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများကို ဆန်းစစ်လေ့လာပါသည်

၁။ အသစ်ပြဋ္ဌာန်းသော သို့မဟုတ် ပြင်ဆင်သော အက်ဥပဒေများ၊ နိုင်ငံတော်သမ္မတ၏ အမိန့်ဒီကရီများ၊ ဝန်ကြီးချုပ် ၏ အမိန့်ဒီကရီများ၊ ဝန်ကြီးဌာနများမှ ထုတ်ပြန်ပြဋ္ဌာန်းသော အမိန့်များ၊ စည်းမျဉ်းဥပဒေများ (နောက်ပိုင်းတွင် "အသစ်ပြဋ္ဌာန်း/ပြင်ဆင်သော ဥပဒေကြမ်းများ" ဟု ဆက်လက်ခေါ်ဝေါ်သုံးနှုန်းသွားပါမည်)၊

၂။ အက်ဥပဒေများ၊ နိုင်ငံတော်သမ္မတ၏ အမိန့်ဒီကရီများ၊ ဝန်ကြီးချုပ် ၏ အမိန့်ဒီကရီများ၊ ဝန်ကြီးဌာနများမှ ထုတ် ပြန်ပြဋ္ဌာန်းသော အမိန့်များ၊ စည်းမျဉ်းဥပဒေများသာမက ယင်းတို့ကို အခြေခံကာ ထုတ်ပြန်သော ညွှန်ကြားချက်များ၊ စည်းမျဉ်းစည်းကမ်းများ၊ ကြေညာချက်များနှင့် အမိန့်ကြော်ငြာစာများ (အသစ်ပြဋ္ဌာန်းသော သို့မဟုတ် ပြင်ဆင်သော ညွှန်ကြားချက်များ၊ စည်းမျဉ်းစည်းကမ်းများ၊ ကြေညာချက်များနှင့် အမိန့်ကြော်ငြာစာများပါအဝင်)၊ စည်းမျဉ်းဥပဒေ များ (နောက်ပိုင်းတွင် "အက်ဥပဒေများနှင့် လက်အောက်ခံနည်းဥပဒေစည်းမျဉ်းစည်းကမ်းများ" ဟု ဆက်လက် ခေါ်ဝေါ်သုံးနှုန်းသွားပါမည်)၊

၃။ ဒေသန္တရအစိုးရအကြီးအကဲမှ ဆန်းစစ်လေ့လာပေးရန် ပန်ကြားလာသော အသစ်ပြဋ္ဌာန်းသည့် သို့မဟုတ် ပြင်ဆင် သည့် စည်းမျဉ်းဥပဒေများ (နောက်ပိုင်းတွင် "အသစ်ပြဋ္ဌာန်း/ပြင်ဆင်သည့် စည်ပင်သာယာစည်းမျဉ်းဥပဒေများ" ဟု ဆက်လက်ခေါ်ဝေါ်သုံးနှုန်းသွားပါမည်) နှင့်

၄။ ပြည်သူ့ဝန်ဆောင်မှုနှင့်စပ်လျဉ်းသော အဖွဲ့အစည်း၏ အကြီးအကဲမှ ဆန်းစစ်လေ့လာမှု ပြုလုပ်ပေးရန် ပန်ကြား လာသော ကုမ္ပဏီစည်းမျဉ်းများနှင့် အသင်းအဖွဲ့စည်းမျဉ်းများကဲ့သို့ ပြည်သူ့ဝန်ဆောင်မှုအဖွဲ့အစည်းများ၏ စည်းမျဉ်း စည်းကမ်းများ (အသစ်ပြဋ္ဌာန်းရန် သို့မဟုတ် ပြင်ဆင်ရန် ရှိသည့်စည်းမျဉ်းစည်းကမ်းများအပါအဝင်) (နောက်ပိုင်းတွင် "ပြည်သူ့ဝန်ဆောင်မှုအဖွဲ့အစည်းများ၏ စည်းမျဉ်းများ/နည်းဥပဒေများ" ဟု ဆက်လက်ခေါ်ဝေါ်သုံးနှုန်းသွားပါမည်)။

#### အပိုဒ် ၄ (ဆန်းစစ်လေ့လာမှုစံသတ်မှတ်ချက်များ)

ဥပဒေများအား ဆန်းစစ်လေ့လာမှုတစ်ခု ပြုလုပ်မည်ဆိုပါက ပူးတွဲပါ စံသတ်မှတ်ချက်များ (နောက်ပိုင်းတွင် "ဆန်းစစ် လေ့လာမှုစံသတ်မှတ်ချက်များ" ဟု ဆက်လက်ခေါ်ဝေါ်သုံးနှုန်းသွားပါမည်) နှင့်အညီ ဆုံးဖြတ်ချက်များကို ချမှတ်မည် ဖြစ်သည်။

## အခန်း ၂ အဂတိလိုက်စားမှုဖြစ်နိုင်ခြေ ဆန်းစစ်လေ့လာချက် လုပ်ထုံးလုပ်နည်းများ

### အပိုင်း ၁ - အသစ်ပြဋ္ဌာန်းသော/ပြင်ဆင်သော ဥပဒေကြမ်းများအတွက် အဂတိလိုက်စားမှုဆန်းစစ်လေ့လာချက်ကို ဆောင်ရွက်ခြင်း

#### အပိုဒ် ၅ (ဥပဒေကြမ်းများနှင့် အခြေခံစာရွက်စာတမ်းများ လက်ခံရယူခြင်း)

ဗဟိုအုပ်ချုပ်ရေးအဖွဲ့အစည်းတစ်ခု၏ အကြီးအကဲသည် အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် နိုင်ငံသားအခွင့်အရေး များကော်မရှင် (နောက်ပိုင်းတွင် "ACRC" ဟု ဆက်လက်ခေါ်ဝေါ်သုံးနှုန်းသွားပါမည်) သို့ အသစ်ပြဋ္ဌာန်းသည့်/ ပြင်ဆင်သည့် ဥပဒေကြမ်းများနှင့် နောက်ဆက်တွဲ ၁ တွင် ဖော်ပြပါရှိသည့် CRA ဆောင်ရွက်ရန် အခြေခံအားဖြင့် ဆန်းစစ်လေ့လာရမည့် စာရွက်စာတမ်းများကို တင်ပြကာ ဆန်းစစ်လေ့လာမှု ပြုလုပ်ပေးရန် ပန်ကြားလာပါက ACRC သည် သက်ဆိုင်ရာ ဗဟိုအုပ်ချုပ်ရေးအဖွဲ့အစည်း (နောက်ပိုင်းတွင် "သက်ဆိုင်ရာအဖွဲ့အစည်း" ဟု ဆက်လက် ခေါ်ဝေါ်သုံးနှုန်းသွားပါမည်) ၏ စာဖြင့်ရေးသားပန်ကြားချက်နှင့် တင်ပြလာသော စာရွက်စာတမ်းများကို လက်ခံရယူ ပါသည်။ ဥပဒေကြမ်းများသည် အသစ်ပြဋ္ဌာန်းခြင်း သို့မဟုတ် ပြဋ္ဌာန်းချက်များအားလုံးကို ပြင်ဆင်ခြင်း ဖြစ်ပါက နောက်ဆက်တွဲ ၂ တွင် ဖော်ပြပါရှိသော CRA အတွက် အသေးစိတ်ဆန်းစစ်လေ့လာရမည့် စာရွက်စာတမ်း များကိုပါ ပူးတွဲတင်ပြထားခြင်း ရှိ/မရှိ ACRC မှ စစ်ဆေးသင့်ပါသည်။

#### အပိုဒ် ၆ (ဆန်းစစ်လေ့လာသူတစ်ဦးချင်းစီအား ဌာနများအလိုက် သတ်မှတ်တာဝန်ပေးအပ်ခြင်း)

၁ လေ့လာဆန်းစစ်မှုများအား ထိရောက်ကျွမ်းကျင်ပိုင်နိုင်စွာ ဆောင်ရွက်နိုင်ရန်အတွက် ဆန်းစစ်လေ့လာသူ တစ်ဦး ချင်းစီအား ဌာနအဖွဲ့အစည်းများအလိုက် သတ်မှတ်တာဝန်ပေးအပ်ကာ ဆန်းစစ်လေ့လာသူများသည် မိမိတာဝန်ယူရ သည့် ဌာနအဖွဲ့အစည်းများအတွက် သီးသန့်တာဝန်ယူဆောင်ရွက်ရပါမည်။

၂ ဆန်းစစ်လေ့လာပေးရန် စာဖြင့်ရေးသား ပန်ကြားလွှာတစ်စောင် လက်ခံရရှိပါက တင်သွင်းလာသော စာရွက် စာတမ်းများကို တာဝန်ယူလက်ခံရသော အရာရှိများသည် သက်ဆိုင်ရာ ဆန်းစစ်လေ့လာသူထံ လွှဲပြောင်းပေးအပ် ရမည်။

၃ စာရွက်စာတမ်းများကို လက်ခံရရှိသော ဆန်းစစ်လေ့လာသူသည် CRA ဌာန၏ ညွှန်ကြားရေးမှူးအား စာရွက် စာတမ်းများကို ဦးစွာလေ့လာခွင့် ပေးအပ်ကောင်း ပေးအပ်နိုင်သည်။

#### အပိုဒ် ၇ (ထပ်ဆောင်းတင်ပြသော စာရွက်စာတမ်းများအား လက်ခံခြင်းနှင့် ဆန်းစစ်လေ့လာချက်အစီရင်ခံစာကို ပြုစုခြင်း)

၁ ဆန်းစစ်လေ့လာပေးရန် စာဖြင့် ပန်ကြားလွှာကို တင်သွင်းလာပါက ဆန်းစစ်လေ့လာသူသည် တင်ပြထားသော စာရွက်စာတမ်းများကို စစ်ဆေးကြည့်ရှုရပါသည်။ လိုအပ်နေသော စာရွက်စာတမ်းများ ရှိပါက သို့မဟုတ် အခြေခံ အားဖြင့်/အသေးစိတ် ဆန်းစစ်လေ့လာရမည့် စာရွက်စာတမ်းများ မပြည့်စုံပါက ဆန်းစစ်လေ့လာသူသည် သက်ဆိုင် ရာအဖွဲ့အစည်းသို့ လိုအပ်နေသော စာရွက်စာတမ်းများ သို့မဟုတ် ထပ်မံဖြည့်စွက်တင်ပြရမည့် စာရွက်စာတမ်း များကို တောင်းဆိုရပါမည်။

၂ ဆန်းစစ်လေ့လာသူသည် သက်ဆိုင်ရာအဖွဲ့အစည်းမှ တင်ပြထားသော ဥပဒေအဆိုပြုလွှာနှင့် အခြေခံအားဖြင့်/ အသေးစိတ် ဆန်းစစ်လေ့လာရမည့် စာရွက်စာတမ်းများပေါ်တွင် အခြေခံကာ ဆန်းစစ်လေ့လာမှုစံသတ်မှတ်ချက်များ ကို အသုံးပြု၍ အသစ်ပြဋ္ဌာန်းမည့်/ပြင်ဆင်မည့် ဥပဒေကြမ်းများအတွင်းရှိ အဂတိလိုက်စားမှုကို ဖြစ်စေနိုင်သော အချက်များကို ဆန်းစစ်ရှာဖွေပါသည်။ ထို့နောက် ဆန်းစစ်လေ့လာသူသည် နောက်ဆက်တွဲ ၃ တွင် ပါရှိသည့်အတိုင်း အခြေခံဆန်းစစ်လေ့လာမှုအစီရင်ခံစာကို ပြုစုရပါမည်။ ပိုကောင်းအောင် ပြင်ဆင်ရန် အကြံပြုချက်များ/ ရုပ်သိမ်းသင့် သည်ဟု ထင်မြင်ချက်များကို ပေးရသောအခါ သို့မဟုတ် အခြားအရေးကြီးသော ကိစ္စရပ်များကို သုံးသပ်လေ့လာရန် လိုအပ်သောအခါ ဆန်းစစ်လေ့လာသူသည် နောက်ဆက်တွဲ ၄ တွင် ဖော်ပြပါရှိသည့် အသေးစိတ်ဆန်းစစ်လေ့လာမှု အစီရင်ခံစာကို ပြုစုရပါမည်။

၃ စာပိုဒ် ၂ နှင့်အညီ ဆန်းစစ်လေ့လာမှုတစ်ခုကို ပြုလုပ်သောအခါ ဆန်းစစ်လေ့လာသူသည် အထက်ဥပဒေများ၊ အုပ်ချုပ်ရေးစည်းမျဉ်းများ၊ ဥပဒေများကဲ့သို့ လက်အောက်ခံဥပဒေများနှင့် အခြားသက်ဆိုင်သော သို့မဟုတ် အလားတူ သော ဥပဒေများထဲရှိ အဂတိလိုက်စားမှုကို ဖြစ်နိုင်သည့် အချက်များကို ဘက်ပေါင်းစုံမှ ဆန်းစစ်လေ့လာသုံးသပ် နိုင်ပါသည်။

#### အပိုဒ် ၈ (ဆန်းစစ်လေ့လာသည့်ကာလ)

ဆန်းစစ်လေ့လာသူသည် အသစ်ပြဋ္ဌာန်းသော/ပြင်ဆင်သော ဥပဒေကြမ်းအား ကနဦးထုတ်ပြန်ကြေညာထားသည့် ကာလ နောက်ဆုံးရက်မတိုင်မီ ဆန်းစစ်လေ့လာမှုကို ပြီးစီးအောင် ဆောင်ရွက်ပြီး ဆန်းစစ်လေ့လာမှုရလဒ်များကို သက်ဆိုင်ရာအဖွဲ့အစည်းသို့ ချက်ချင်း အသိပေးအကြောင်းကြားရပါမည်။ ဆန်းစစ်လေ့လာသူသည် မလွှဲသာမရှောင် သာသော အခြေအနေများဖြစ်သည့် ဆန်းစစ်ရမည့် စာရွက်စာတမ်းများအား တင်ပြရာတွင် နှောင့်နှေးခြင်း သို့မဟုတ် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် တိုင်ပင်ဆွေးနွေးသည့်လုပ်ငန်းစဉ်တွင် နှောင့်နှေးမှုများ ရှိခြင်းတို့ကြောင့် ဆန်းစစ် လေ့လာမှုကို ပြီးစီးအောင် မဆောင်ရွက်နိုင်ပါက ဆန်းစစ်လေ့လာသည့်ကာလအား ဥပဒေကြမ်းကို ကနဦးထုတ်ပြန် ကြေညာသည့် နောက်ဆုံးရက်မှ ရက်ပေါင်း ၄၀ အထိ တိုးမြှင့်ဆောင်ရွက်နိုင်ပါသည်။

## အပိုဒ် ၉ (အကြံဉာဏ်များ တောင်းခံခြင်းနှင့် ဆက်စပ်အဖွဲ့အစည်းများနှင့် တိုင်ပင်ဆွေးနွေးခြင်း၊ စသည်)

၁ ဆန်းစစ်လေ့လာသူသည် အောက်ပါအခြေအနေများတွင် ဤစည်းမျဉ်း၏ အပိုဒ် ၂၁ နှင့်အညီ ကျွမ်းကျင်ပညာရှင် များနှင့် တိုင်ပင်ဆွေးနွေးနိုင်ပါသည်

၁။ ပညာရပ်ပိုင်းဆိုင်ရာနှင့် နည်းပညာဆိုင်ရာ အသိပညာနှင့် အတွေ့အကြုံများ လိုအပ်သောအခါ
၂။ ကြီးမားသည့် အကျိုးစီးပွားဆက်နွယ်မှုများ ရှိသောအခါ သို့မဟုတ် ACRC နှင့် သက်ဆိုင်ရာအဖွဲ့အစည်းတို့၏ အမြင်များမှာ ဆန့်ကျင်ဘက်ဖြစ်နေသောအခါ၊
၃။ အခြားအကြောင်းများကြောင့် ပြင်ပမှ အကြံဉာဏ်များ လိုအပ်သောအခါ၊ ဥပမာ သက်ဆိုင်ရာအဖွဲ့အစည်းမှ ဆန်းစစ်လေ့လာမှုကို ပြန်လည်ပြုလုပ်ပေးရန် တောင်းဆိုသောအခါ၊

၂ ဆန်းစစ်လေ့လာသူသည် ဥပဒေကြမ်းများ၊ ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများကို ပိုမိုကောင်းမွန်အောင် ပြုလုပ် ရန် အကြံပြုချက်များ ပေးအပ်သောအခါ သက်ဆိုင်ရာအဖွဲ့အစည်းနှင့် တိုင်ပင်ဆွေးနွေးရပါမည်။ လိုအပ်ပါက ဆန်းစစ် လေ့လာသူသည် အကြံပြုချက်များကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန်အတွက် အစိုးရ၏ ဥပဒေပြုရေး ဝန်ကြီးဌာန (MOLEG)ကဲ့သို့ ဆက်စပ်အဖွဲ့အစည်းများနှင့်လည်း တိုင်ပင်ဆွေးနွေးနိုင်ပါသည်။

၃ ဆန်းစစ်လေ့လာသူသည် ဆန်းစစ်လေ့လာရမည့် အကြောင်းအရာသည် အောက်ပါစာပိုဒ်ခွဲများ (နောက်ပိုင်းတွင် "အရေးကြီးသော ကိစ္စရပ်များ" ဟု ဆက်လက်ခေါ်ဝေါ်သုံးနှုန်းသွားပါမည်) ထဲမှ မည်သည့်စာပိုဒ်ခွဲနှင့်မဆို အကျုံးဝင် ပါက အကျိုးသက်ဆိုင်သူများနှင့် ဆက်စပ်အဖွဲ့အစည်းများ၏ အမြင်များကို ရယူနိုင်သည်

၁။ ပြည်သူများ၏ ဘဝအပေါ် ကြီးမားသော သက်ရောက်မှုရှိသည့် ကိစ္စရပ်များ၊
၂။ ကြီးမားသည့် အကျိုးစီးပွားဆက်နွယ်မှုများ ရှိခြင်း သို့မဟုတ် ACRC နှင့် သက်ဆိုင်ရာအဖွဲ့အစည်းတို့၏ အမြင်များမှာ ဆန့်ကျင်ဘက်ဖြစ်နေခြင်း
၃။ ဗဟိုအုပ်ချုပ်ရေးအဖွဲ့အစည်းတစ်ခုထက်မကနှင့် သက်ဆိုင်သော ကိစ္စရပ်များ၊

## အပိုဒ် ၁၀ (ဆန်းစစ်လေ့လာမှုရလဒ်များအား အစီရင်ခံခြင်းနှင့် အသိပေးအကြောင်းကြားခြင်း)

၁ အသစ်ပြဋ္ဌာန်းမည့်/ပြင်ဆင်မည့် ဥပဒေကြမ်းအား ပိုမိုကောင်းမွန်အောင် လုပ်ဆောင်ရန် သို့မဟုတ် ပြန်လည်ရုပ် သိမ်းရန် အကြံပြုချက်များကို သက်ဆိုင်ရာအဖွဲ့အစည်းသို့ အသိပေး အကြောင်းကြားခြင်း မပြုမီ ဆန်းစစ်လေ့လာသူ သည် ACRC ဥက္ကဋ္ဌ (နောက်ပိုင်းတွင် "ဥက္ကဋ္ဌ" ဟု ဆက်လက်ခေါ်ဝေါ်သုံးနှုန်းသွားပါမည်) ထံမှ အတည်ပြုချက် ရယူရ ပါမည်။ သာမန် သို့မဟုတ် ထပ်မံပေးပို့သော အကြံပြုချက်များကို အသိပေးအကြောင်းကြားရာတွင် ဆန်းစစ်လေ့လာ သူသည် အောက်ပါအတိုင်း အတည်ပြုချက် ရယူရပါမည်

၁။ အထွေထွေကိစ္စရပ်များအတွက် - အဂတိလိုက်စားမှုတိုက်ဖျက်ရေးဗျူရို၏ ညွှန်ကြားရေးမှူးချုပ်
၂။ အသေးအဖွဲကိစ္စရပ်များအတွက် - ထိုကိစ္စရပ်ကို တာဝန်ယူရသော ညွှန်ကြားရေးမှူး

၂ ဆန်းစစ်လေ့လာမှုရလဒ်များသည် အရေးကြီးသော ကိစ္စရပ်များ(ဆိုလိုသည်မှာ တစ်စိတ်တစ်ပိုင်းသာ လက်ခံ အတည်ပြုခြင်း သို့မဟုတ် ရုပ်သိမ်းရန်အကြံပြုခြင်း) ဟု သုံးသပ်သော အခါ ယင်းအား စာပိုဒ် (၁) နှင့်အညီ ACRC မှ ဆွေးနွေးသုံးသပ်ကောင်း သုံးသပ်နိုင်ပါသည်။ ထိုအခါမျိုးတွင် ACRC သို့ မတင်ပြမီ ဥပဒေအကြံပေးများ (အဂတိလိုက် စားမှုတိုက်ဖျက်ရေးနှင့် နိုင်ငံသားများအခွင့်အရေးကော်မရှင်နှင့် ဆက်စပ်အဖွဲ့အစည်းများ တည်ထောင်ခြင်းဆိုင်ရာ နိုင်ငံတော်သမ္မတ၏ အမိန့်ဒီကရီ အပိုဒ်၊ စာပိုဒ် (၂) နှင့်အညီ အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများ ဆောင် ရွက်ရန် တာဝန်ရှိသော) က သုံးသပ်လေ့လာရပါမည်။

၃ အသစ်ပြဋ္ဌာန်းသော/ပြင်ဆင်သော မူလဥပဒေကြမ်းကို လက်ခံအတည်ပြုသောအခါ ဆန်းစစ်လေ့လာသူသည် ထိုကိစ္စရပ်အတွက် တာဝန်ရှိသည့် ညွှန်ကြားရေးမှူးထံမှ အတည်ပြုချက် ရယူသင့်ပါသည်။

၄ ဆန်းစစ်လေ့လာသူသည် ဆန်းစစ်လေ့လာမှုရလဒ်အား အတည်ပြုချက်ရသည်နှင့်တစ်ပြိုင်နက် သက်ဆိုင်ရာ အဖွဲ့အစည်းထံ ချက်ချင်းအသိပေးအကြောင်းကြားရပါမည်။

၅ ဆန်းစစ်လေ့လာသူသည် ဆန်းစစ်လေ့လာမှုရလဒ်အား သက်ဆိုင်ရာအဖွဲ့အစည်းထံ အသိပေးအကြောင်းကြား ရာတွင် ရလဒ်များအသိပေးအကြောင်းကြားသည့်ပုံစံ (နောက်ဆက်တွဲ ၅ တွင် ဖော်ပြထား) တွင် ဖြည့်စွက်ကာ နောက်ဆက်တွဲ ၄ တွင် ဖော်ပြပါရှိသော အသေးစိတ်ဆန်းစစ်လေ့လာရမည့် စာတရွက်စာတမ်းများ (မူလဆန်းစစ် လေ့လာမည့်ဥပဒေအတွက် သဘောတူညီချက်မှလွဲ၍) နှင့်အတူ အကြောင်းကြားရပါမည်။

၆ ဆန်းစစ်လေ့လာမှုရလဒ်များသည် တစ်စိတ်တစ်ပိုင်းသာ လက်ခံအတည်ပြုခြင်း သို့မဟုတ် ရုပ်သိမ်းရန် အကြံပြု ခြင်း ဖြစ်ပြီး အုပ်ချုပ်ရေးစည်းမျဉ်းစည်းကမ်းများ ဆိုင်ရာ မူဘောင်ဥပဒေ ပုဒ်မ ၇ နှင့်အညီ ဆောင်ရွက်သော စည်းမျဉ်း စည်းကမ်းဆိုင်ရာ သက်ရောက်မှုဆန်းစစ်လေ့လာချက်နှင့် နီးကပ်စွာ ဆက်နွယ်မှုရှိနေပါက ယင်းအား စည်းမျဉ်း စည်းကမ်းဆိုင်ရာ သုံးသပ်လေ့လာမှုတွင် အသုံးပြုရန်အတွက် စည်းမျဉ်းစည်းကမ်းပြုပြင်ပြောင်းလဲရေးကော်မတီသို့ ပေးပို့နိုင်ပါသည်။

၇ ဆန်းစစ်လေ့လာမှုရလဒ်များသည် တစ်စိတ်တစ်ပိုင်းသာ လက်ခံအတည်ပြုခြင်း သို့မဟုတ် ရုပ်သိမ်းရန် အကြံပြု ခြင်း ဖြစ်ပြီး ဥပဒေပြုရေးတာဝန်ထမ်းဆောင်မှုဆိုင်ရာ နည်းဥပဒေ ၂၁ နှင့် ၂၄ အရ ဥပဒေသုံးသပ်လေ့လာမှုနှင့် ဥပဒေ များအား ပိုကောင်းအောင် ပြင်ဆင်ရာတွင် ရည်ညွှန်းကိုးကားချက်အဖြစ် အသုံးပြုမည်ဆိုပါက ယင်းအား MOLEG သို့ ပေးပို့ကာ ဥပဒေပြုရေးလုပ်ငန်းများအတွက် အသုံးပြုနိုင်ပါသည်။

### အပိုဒ် ၁၁ (ပြန်လည်ဆန်းစစ်မှုလုပ်ငန်းစဉ်)

၁ သက်ဆိုင်ရာအဖွဲ့အစည်းက ဆန်းစစ်လေ့လာမှုရလဒ်အား ပြန်လည်ဆန်းစစ်ပေးရန် ပန်ကြားလာပါက ACRC သည် အောက်ပါစာပိုဒ်ခွဲများတွင် ဖော်ပြထားသည့်အချက်များကို ထည့်သွင်းစဉ်းစားကာ ပြန်လည်ဆန်းစစ်လေ့လာမှု ကို ဆောင်ရွက်ပါသည်

၁။ ပြန်လည်ဆန်းစစ်လေ့လာပေးရန် ပန်ကြားရခြင်း၏ ရည်ရွယ်ချက်နှင့် ကျိုးကြောင်းခိုင်လုံမှု
၂။ အခြေအနေများ ပြောင်းလဲမှု (ဥပမာ ပြင်ပပတ်ဝန်းကျင်အခြေအနေ အပြောင်းအလဲများ)၊
၃။ ပြန်လည်ဆန်းစစ်မှု ပြုရန် လိုအပ်သည့် အခြားခိုင်လုံသည့်အကြောင်းပြချက်များ (ဥပမာ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် တိုင်ပင်ဆွေးနွေးရန်၊ ပေါင်းစပ်ညှိနှိုင်းရန် ခက်ခဲမှုများ)

၂ အသစ်ပြဋ္ဌာန်းသည့်/ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြန်လည်ဆန်းစစ်လေ့လာသောအခါ ကနဦး ဆန်းစစ်လေ့လာ ခဲ့သူမဟုတ်သည့် ဆန်းစစ်လေ့လာသူများက ဆောင်ရွက်ရမည်ဖြစ်ပြီး ကျွမ်းကျင်ပညာရှင်များထံမှ အမြင်များ ရယူခြင်း သို့မဟုတ် ဌာနများကြား ပူးတွဲဆွေးနွေးပွဲများ ကျင်းပခြင်းကဲ့သို့သော လုပ်ငန်းစဉ်များကို လုပ်ဆောင်ရပါမည်။

၃ ပြန်လည်ဆန်းစစ်မှုရလဒ်သည် ကနဦးဆန်းစစ်မှုရလဒ်ကို ထပ်မံအတည်ပြုပါက ထိုရလဒ်အား ဥက္ကဋ္ဌထံမှ အတည် ပြုချက်ရယူပြီးနောက် သက်ဆိုင်ရာအဖွဲ့အစည်းထံသို့ အသိပေးအကြောင်းကြားရပါမည်။

၄ ပြန်လည်ဆန်းစစ်မှုရလဒ်သည် ကနဦးဆန်းစစ်မှုရလဒ်နှင့်ကွဲပြားနေပါက ထိုရလဒ်အား ဥက္ကဋ္ဌထံမှ အတည် ပြုချက်ရယူပြီးနောက် သက်ဆိုင်ရာအဖွဲ့အစည်းထံသို့ အသိပေးအကြောင်းကြားရပါမည်။ အကယ်၍ ကနဦးဆန်းစစ် လေ့လာမှုရလဒ်အား ACRC မှ သုံးသပ်ဆွေးနွေးမှုပြုပြီးမှ အကြောင်းကြားခဲ့ခြင်း ဖြစ်ပါက ပြန်လည်ဆန်းစစ်မှုရလဒ်ကို ဥပဒေအကြံပေးများက သုံးသပ်လေ့လာရမည်ဖြစ်ပြီး ဥက္ကဋ္ဌထံမှ အတည်ပြုချက် ရယူရပါမည်။ ထို့နောက် ပြန်လည် ဆန်းစစ်မှုရလဒ်ကို သက်ဆိုင်ရာအဖွဲ့အစည်းသို့ ထုတ်ပြန်ပေးခြင်းမပြုမီ သုံးသပ်ဆွေးနွေးမှု ပြုလုပ်ရပါမည်။

### အပိုဒ် ၁၂ (စောင့်ကြည့်လေ့လာခြင်း၊ အကောင်အထည်ဖော်မှုအဆင့်ကို သုံးသပ်ခြင်း၊ စသည့် အပါအဝင် အဂတိလိုက်စားမှုဖြစ်နိုင်ခြေဆန်းစစ်လေ့လာမှုပြုပြီးနောက်ပိုင်း စီမံဆောင်ရွက်မှုများ)

၁ CRA ဌာန ညွှန်ကြားရေးမှူးသည် ဆန်းစစ်မှုရလဒ်များမှ ထွက်ပေါ်လာသော အကြံပြုချက်များကို သက်ဆိုင်ရာ အဖွဲ့အစည်းများမှ အကောင်အထည်ဖော်ဆောင်ရွက်မှုအား ခြောက်လတစ်ကြိမ် စောင့်ကြည့်သုံးသပ်ကာ ဥက္ကဋ္ဌထံ အစီရင်ခံတင်ပြရပါမည်။

၂ CRA ဌာန ညွှန်ကြားရေးမှူးသည် အကြံပြုချက်များအား အကောင်အထည်ဖော်မှုအခြေအနေကို လိုအပ်သည်ဟု ယူဆပါက ကွင်းဆင်းစစ်ဆေးမှု ပြုကောင်းပြုနိုင်ပါသည်။

၃ သက်ဆိုင်ရာအဖွဲ့အစည်းသည် အကြံပြုချက်များအား သတ်မှတ်ထားသောအချိန်ကာလအတွင်း ခိုင်လုံသော အကြောင်းမရှိဘဲ အကောင်အထည်ဖော်ခြင်းမရှိပါက ACRC သည် အခြေအနေကို ဒုတိယဝန်ကြီးများအစည်းအဝေး သို့မဟုတ် အစိုးရအဖွဲ့ဝင်ဝန်ကြီးများအစည်းအဝေးသို့ တင်ပြအစီရင်ခံခြင်းကဲ့သို့ လိုအပ်သည့် အရေးယူဆောင်ရွက်မှု များကို ပြုလုပ်နိုင်ပါသည် ။

၄ အကယ်၍ အခြေအနေအပြောင်းအလဲများ ရှိခြင်းကြောင့် ဆန်းစစ်လေ့လာမှုပြုပြီးနောက်ပိုင်း စီမံဆောင်ရွက်မှု များကို အဆုံးသတ်ရန် လိုသည်ဟု သိရှိပါက အဂတိလိုက်စားမှုတိုက်ဖျက်ရေးဗျူရို၏ ညွှန်ကြားရေးမှူးချုပ်ထံမှ အတည်ပြုချက်ရယူကာ အဆုံးသတ်နိုင်ပါသည်။ အရေးကြီးသောကိစ္စရပ်တစ်ခုအတွက် ဆန်းစစ်လေ့လာမှုပြုပြီး နောက်ပိုင်း စီမံဆောင်ရွက်မှု များကို အဆုံးသတ်မည်ဆိုပါက ACRC မှ သုံးသပ်ဆွေးနွေးပြီးမှသာ အဆုံးသတ်ရပါမည်။

၅ CRA ပြုလုပ်ပြီးနောက်ပိုင်း စီမံဆောင်ရွက်မှုများတွင် ထည့်သွင်းလုပ်ဆောင်ရမည့်အရာများကို ဥက္ကဋ္ဌမှ ဆုံးဖြတ် ပေးနိုင်ပါသည်။

## အပိုင်း ၂ - တည်ဆဲအက်ဥပဒေများနှင့် နည်းဥပဒေစည်းမျဉ်းစည်းကမ်းများအတွက် အဂတိလိုက်စားမှုဖြစ်နိုင်ခြေ ဆန်းစစ်လေ့လာမှု ပြုလုပ်ခြင်း

### အပိုဒ် ၁၃ (အဂတိလိုက်စားမှုဖြစ်နိုင်ခြေ ဆန်းစစ်လေ့လာမှုကို ဆောင်ရွက်ရန် ကာလလတ်နှင့် ကာလရှည်စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ခြင်း)

၁ ACRC သည် တည်ဆဲအက်ဥပဒေများ၊ နိုင်ငံတော်သမ္မတ၏ အမိန့်ဒီကရီများ၊ ဝန်ကြီးချုပ်၏ အမိန့်ဒီကရီများ၊ ဝန်ကြီးဌာနများမှ ထုတ်ပြန်ပြဋ္ဌာန်းသည့် အမိန့်များ၊ စည်းမျဉ်းဥပဒေများ သာမက ယင်းတို့ကို အခြေခံကာ ထုတ်ပြန် ထားသော ညွှန်ကြားချက်များ၊ စည်းမျဉ်းစည်းကမ်းများ၊ ကြေညာချက်များနှင့် အမိန့်ကြော်ငြာစာများ စည်းမျဉ်းဥပဒေ များ (နောက်ပိုင်းတွင် “တည်ဆဲအက်ဥပဒေများနှင့် လက်အောက်ခံနည်းဥပဒေစည်းမျဉ်းစည်းကမ်းများ” ဟု ဆက် လက်ခေါ်ဝေါ်သုံးနှုန်းသွား ပါမည်) အတွက် CRA ကို ဆောင်ရွက်ရန် ကာလလတ်နှင့် ကာလရှည်စီမံကိန်းများ ရေးဆွဲ အကောင်အထည်ဖော် နိုင်ပါသည်။

၂ ကာလလတ်နှင့် ကာလရှည် ဆန်းစစ်လေ့လာမှုစီမံကိန်းများကို ရေးဆွဲနိုင်ရန်အတွက် CRA ဌာန ညွှန်ကြားရေးမှူး သည် ဗဟိုအုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသန္တရအစိုးရများအား တည်ဆဲဥပဒေများ၊ လက်အောက်ခံနည်းဥပဒေ စည်းမျဉ်းစည်းကမ်းများနှင့် စပ်လျဉ်း၍ ဆန်းစစ်လေ့လာရမည့် ဥပဒေများကို တင်ပြရန် ပန်ကြားတောင်းခံနိုင်သည်။

၃ CRA ဌာန ညွှန်ကြားရေးမှူးသည် ဗဟိုအုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသန္တရအစိုးရများထံမှ တင်ပြလာသော လေ့လာဆန်းစစ်ရမည့်ဥပဒေများကို လက်ခံကာ စီမံဆောင်ရွက်ရပါမည် ။

၄ ACRC သည် အဖွဲ့အစည်းတစ်ခုချင်းစီမှ တင်သွင်းလာသော ဆန်းစစ်လေ့လာရမည့်ဥပဒေများကို အခြေခံကာ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် တိုင်ပင်ဆွေးနွေး၍ ကာလလတ်နှင့် ကာလရှည်စီမံကိန်းများကို ရေးဆွဲရပါမည်။

၅ ACRC က ကာလလတ်နှင့် ကာလရှည် ဆန်းစစ်လေ့လာမှုစီမံကိန်းများကို သုံးသပ်ဆွေးနွေးမှု ပြုပြီးနောက်တွင် အတည်ပြုကာ သက်ဆိုင်ရာအဖွဲ့အစည်းများထံ ထိုစီမံကိန်းများကို အသိပေးအကြောင်းကြားပါသည်။ ဆန်းစစ်လ့လာ မှုအချိန်ဇယားအရ ACRC သည် ဆန်းစစ်လေ့လာမည့် အက်ဥပဒေများနှင့် လက်အောက်ခံဥပဒေများအတွက် အခြေခံ အားဖြင့် လေ့လာရမည့်၊ အသေးစိတ် လေ့လာရမည့် စာရွက်စာတမ်းများကို သက်ဆိုင်ရာအဖွဲ့အစည်းများထံမှ လက်ခံရယူကာ ဆန်းစစ်လေ့လာမှုကို ဆောင်ရွက်ရပါမည်။

### အပိုဒ် ၁၃-၂ (အရေးကြီးပြဿနာများအတွက် အဂတိလိုက်စားမှုဖြစ်နိုင်ခြေ ဆန်းစစ်လေ့လာခြင်း)

ကာလလတ်နှင့် ကာလရှည် စီမံကိန်းများကို အခြေခံကာ ဆန်းစစ်လေ့လာမှုများ ပြုသည့်အပြင် ACRC သည် အောက်ဖော်ပြပါ စာပိုဒ်ခွဲများနှင့်အကျုံးဝင်သော တည်ဆဲအက်ဥပဒေများနှင့် လက်အောက်ခံနည်းဥပဒေ စည်းမျဉ်း စည်းကမ်းများအတွက်လည်း CRA ကို ဆောင်ရွက်နိုင်ပါသည်

၁ အဂတိလိုက်စားမှု သို့မဟုတ် အခြားမှုမမှန်မှုများသည် လူမှုရေးပြဿနာများအဖြစ် တွေ့ရှိရသောအခါ သို့မဟုတ် လူ့ဘောင်အဖွဲ့အစည်းအတွင်း စိုးရိမ်ပူပန်မှုများ မြင့်တက်လာနိုင်သည်ဟု ခန့်မှန်းမိသောအခါ၊

၂ သဘာဝအားဖြင့် အဂတိလိုက်စားမှုဖြစ်နိုင်ခြေများသော နယ်ပယ်များအတွက် CRA ကို ဆောင်ရွက်ရန် လိုအပ်သည်ဟု ယူဆသောအခါ၊

၃ သက်ဆိုင်ရာဥပဒေနှင့်စပ်လျဉ်းသည့် မူဝါဒအား အမျိုးသားမူဝါဒတစ်ရပ်အဖြစ် အကောင်အထည်ဖော်သော ကြောင့် သို့မဟုတ် ဘတ်ဂျက်အသုံးစရိတ်များ တိုးသွားသောကြောင့် အဂတိလိုက်စားမှုများကို ဖြစ်စေနိုင်သည့် အချက်များအား ဖယ်ရှားရန် သို့မဟုတ် လျှော့ချရန် အရေးတကြီး လိုအပ်လာသောအခါ၊

၄ အသစ်ပြဋ္ဌာန်း/ပြင်ဆင်သော ဥပဒေကြမ်းများအတွက် CRA ကို ဆောင်ရွက်သောအခါ ဥပဒေကြမ်းများနှင့် ဆက်စပ်ပတ်သက်သည့် တည်ဆဲဥပဒေများတွင် အဂတိလိုက်စားမှုကို ဖြစ်စေနိုင်သောအချက်များ ရှိကြောင်း ပေါ်လွင်လာသောအခါ၊

### အပိုဒ် ၁၄ (အခြေခံအားဖြင့်/ အသေးစိတ် လေ့လာဆန်းစစ်ရမည့် စာရွက်စာတမ်းများအား လက်ခံရယူခြင်းနှင့် ဆန်းစစ်လေ့လာမှုအစီရင်ခံစာများ ပြုစုခြင်း၊ စသည်)

အခြေခံအားဖြင့် ဆန်းစစ်လေ့လာရမည့် စာရွက်စာတမ်းများနှင့် အသေးစိတ်ဆန်းစစ်လေ့လာရမည့် စာရွက်စာတမ်း များကို လက်ခံခြင်း၊ လိုအပ်သော စာရွက်စာတမ်းများကို ဖြည့်စွက်တောင်းခံခြင်း၊ ဆန်းစစ်လေ့လာမှုအစီရင်ခံစာကို ပြုစုခြင်းနှင့် တည်ဆဲအက်ဥပဒေများနှင့် လက်အောက်ခံဥပဒေများအတွက် CRA ကို ဆောင်ရွက်ရန် ပြင်ပမှ အကြံ ဉာဏ်များ တောင်းခံခြင်းတို့ကို လုပ်ဆောင်သောအခါ ဤစည်းမျဉ်း၏ အပိုဒ် ၅၊ ၇ နှင့် ၉ တို့ကို ကျင့်သုံးကာ လုပ် ဆောင်ရမည်။

### အပိုဒ် ၁၅ (အထောက်အကူစာရွက်စာတမ်းများ တောင်းခံခြင်းနှင့် အချက်အလက်ရှာဖွေသည့် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ခြင်း၊ စသည်)

၁ ဆန်းစစ်လေ့လာသူသည် CRA ကို ဆောင်ရွက်ရန်အတွက် လိုအပ်သည်ဟု ယူဆသော စာရွက်စာတမ်းများ (ဥပမာ နည်းပညာဆိုင်ရာ လမ်းညွှန်ချက်များ၊ စည်းကမ်းထိန်းသိမ်းရေး ဆောင်ရွက်ချက်များ/ စာရင်းစစ်ခြင်း/ စုံစမ်း စစ်ဆေးခြင်း ရလဒ်များ၊ တိုင်ကြားစာများကို ကိုင်တွယ်ဖြေရှင်းမှုအနေအထား) ကို တင်ပြရန် သက်ဆိုင်ရာ အစိုးရ အဖွဲ့အစည်းများထံ အဂတိလိုက်စားမှုတိုက်ဖျက်ရေး နှင့် နိုင်ငံသားအခွင့်အရေးများကော်မရှင် ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ခြင်း အက်ဥပဒေအား လိုက်နာစေရန် ကြပ်မတ်ဆောင်ရွက်ရေးအက်ဥပဒေ (နောက်ပိုင်းတွင် “ကြပ်မတ်ဆောင်ရွက်ရေးဥပဒေ” ဟုသာ ဆက်လက်ခေါ်ဝေါ်သုံးနှုန်းသွားပါမည်) ပုဒ်မ ၃၀၊ စာပိုဒ် (၃) နှင့်အညီ တောင်းဆိုနိုင်ပါသည်။

၂ ဆန်းစစ်လေ့လာသူသည် သက်ဆိုင်သည့်စာရွက်စာတမ်းများ (ဥပမာ လမ်းညွှန်ချက်များ၊ စည်းကမ်းထိန်းသိမ်းရေး ဆောင်ရွက်ချက်များ/ စာရင်းစစ်ခြင်း/ စုံစမ်း စစ်ဆေးခြင်း ရလဒ်များ ၊ တိုင်ကြားစာများကို ကိုင်တွယ်ဖြေရှင်းမှုအနေ အထား) ကို သိရှိရန်အတွက် ကနဦးသုံးသပ်လေ့လာမှုနှင့် သက်ဆိုင်ရာ အစိုးရအဖွဲ့အစည်းများထံသို့ ကွင်းဆင်းသွား ရောက်ကာ စုံစမ်းစစ်ဆေးမှု ပြုနိုင်ပါသည်။ ထို့ပြင် ဆန်းစစ်လေ့လာသူသည် ဆန်းစစ်လေ့လာမှုအတွက် လိုအပ်သည် ဟု ယူဆပါက စိတ်ဝင်စားသူများ၊ သက်သေခံထွက်ဆိုပေးမည့်သူများ သို့မဟုတ် သက်ဆိုင်ရာ အစိုးရအရာရှိများအား ဖိတ်ကြားကာ ၎င်းတို့၏ အမြင်များကို တောင်းခံနိုင်ပါသည်။

### အပိုဒ် ၁၆ (သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် တိုင်ပင်ဆွေးနွေးခြင်းနှင့် အမြင်များ ရယူခြင်း)

ဆန်းစစ်လေ့လာသူသည် ဥပဒေများအား လက်ရှိအကောင်အထည်ဖော်နေသည့် အခြေအနေအား သုံးသပ်စစ်ဆေးမှု နှင့် ဆန်းစစ်လေ့လာမှုစံသတ်မှတ်ချက်များမှ ရရှိလာသော ဆန်းစစ်လေ့လာမှုရလဒ်များပေါ်တွင် အခြေခံကာ အကြံပြု ချက်များကို ပြုစုရေးသားရမည်ဖြစ်ပြီး ယင်းတို့နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာအဖွဲ့အစည်းနှင့် တိုင်ပင်ဆွေးနွေးရပါမည်။ အရေးကြီးသော ကိစ္စရပ်များကို ကိုင်တွယ်ဖြေရှင်းရန်အတွက်မူ လူထုကြားနာပွဲများနှင့် ဆွေးနွေးပွဲများ ကျင်းပကာ သက်ဆိုင်ရာ အဖွဲ့အစည်းများ၊ အကျိုးသက်ဆိုင်သူများနှင့် အခြားကျွမ်းကျင်ပညာရှင်များထံမှ အမြင်များကို ရယူနိုင် ပါသည်။

### အပိုဒ် ၁၇ (CRA အကြံပြုချက်များအား အစီရင်ခံခြင်းနှင့် နှိုင်းချိန်သုံးသပ်ဆွေးနွေးခြင်း)

၁ အကြံပြုချက်တစ်ခုသည် အရေးကြီးသည့်ကိစ္စရပ်များနှင့် ဆက်နွယ်နေပါက ဆန်းစစ်လေ့လာသူသည် သက်ဆိုင် ရာအဖွဲ့အစည်းများနှင့် တိုင်ပင်ဆွေးနွေးမှုများ မပြုလုပ်မီ ကြားဖြတ်အစီရင်ခံစာတစ်စောင်ကို ဥက္ကဋ္ဌထံ ပေးပို့နိုင် ပါသည်။

၂ သက်ဆိုင်ရာအဖွဲ့အစည်းနှင့် တိုင်ပင်ဆွေးနွေးပြီးနောက်တွင် ဆန်းစစ်လေ့လာသူသည် တိုင်ပင်ဆွေးနွေးမှုရလဒ် များကို ထည့်သွင်းကာ အကြံပြုချက်ကို ပြုစုပြီး ဥပဒေအကြံပေးများထံ သုံးသပ်လေ့လာရန် ပေးပို့ရပါမည်။ ထို့နောက် အကြံပြုချက်အား ဥက္ကဋ္ဌထံ တင်ပြကာ ACRC မှ နှိုင်းချိန်သုံးသပ်ဆွေးနွေးပါမည်။ အသစ်ပြဋ္ဌာန်း/ပြင်ဆင်သော ဥပဒေ ကြမ်းများနှင့်အတူ တည်ဆဲအက်ဥပဒေများနှင့် လက်အောက်ခံနည်းဥပဒေစည်းမျဉ်းစည်းကမ်းများအတွက် အကြံပြု ချက်များကို ပေးသောအခါ ဤစည်းမျဉ်း၏ အပိုဒ် ၁၃-၂၊ စာပိုဒ်ငယ် ၄၊ အပိုဒ် ၁၀ တို့နှင့်အညီ ဆောင်ရွက်ရပါမည်။

### အပိုဒ် ၁၈ (အကြံပြုချက်များအား အသိပေးအကြောင်းကြားခြင်းနှင့် ပြန်လည်ဆန်းစစ်လေ့လာမှု ပြုလုပ်ခြင်း၊ စသည်)

၁ ဆန်းစစ်လေ့လာသူသည် ACRC ၏ သုံးသပ်ဆွေးနွေးမှုလုပ်ငန်းစဉ်မှ လက်ခံအတည်ပြုလိုက်သော အကြံပြု ချက်များကို ဥက္ကဋ္ဌထံသို့ တင်ပြကာ သူ သို့မဟုတ် သူမ၏ အတည်ပြုချက်ကို ရယူရပါမည်။ ထို့နောက် ဆန်းစစ် လေ့လာသူသည် အကြံပြုချက်ကို စာဖြင့်ရေးသား၍ သက်ဆိုင်ရာ အဖွဲ့အစည်းအကြီးအမှူးထံ ဆုံးဖြတ်ချက် မိတ္တူနှင့် အတူ ပူးတွဲ၍ ပေးပို့ရပါမည် ။

၂ ပြန်လည်ဆန်းစစ်လေ့လာမှုလုပ်ငန်းစဉ်အတွက် အပိုဒ် ၁၁ အတိုင်း ဆောင်ရွက်ရပါမည်။

၃ CRA ဆောင်ရွက်ပြီးနောက်ပိုင်း စီမံဆောင်ရွက်မှုများအတွက် အပိုဒ် ၁၂ အတိုင်း ဆောင်ရွက်ရပါမည်။

## အပိုင်း ၃ - အသစ်ပြဋ္ဌာန်း/ပြင်ဆင်သော စည်ပင်သာယာဥပဒေစည်းမျဉ်းများအတွက် အဂတိလိုက်စားမှုဖြစ်နိုင်ခြေ ဆန်းစစ်လေ့လာမှုအား ဆောင်ရွက်ခြင်း

### အပိုဒ် ၁၉ (အသစ်ပြဋ္ဌာန်း/ပြင်ဆင်သော စည်ပင်သာယာဥပဒေစည်းမျဉ်းများအား ဆန်းစစ်လေ့လာခြင်း)

၁ ဒေသန္တရအစိုးရများက ပန်ကြားလာပါက ACRC သည် အသစ်ပြဋ္ဌာန်း/ပြင်ဆင်သော စည်ပင်သာယာဥပဒေ စည်းမျဉ်းများကို ဆန်းစစ်လေ့လာနိုင်ပါသည်။

၂ အသစ်ပြဋ္ဌာန်း/ပြင်ဆင်သော စည်ပင်သာယာဥပဒေစည်းမျဉ်းများကို စာပိုဒ် (၁) နှင့်အညီ ဆန်းစစ်လေ့လာသော အခါ ဤစည်းမျဉ်း၏ အပိုဒ် ၅၊ ၇ နှင့် အပိုဒ် ၉ မှ ၁၁ အထိအတိုင်း ကျင့်သုံးဆောင်ရွက်ရပါမည်။

## အပိုင်း ၄ - ပြည်သူ့ဝန်ဆောင်မှုအဖွဲ့အစည်းများ၏ စည်းမျဉ်းများ/နည်းဥပဒေများအတွက် အဂတိလိုက်စားမှုဖြစ်နိုင်ခြေ ဆန်းစစ်လေ့လာမှုကို ဆောင်ရွက်ခြင်း

### အပိုဒ် ၂၀ (ပြည်သူ့ဝန်ဆောင်မှုအဖွဲ့အစည်းများ၏ စည်းမျဉ်း/နည်းဥပဒေများကို ဆန်းစစ်လေ့လာခြင်း)

၁ ပြည်သူ့ဝန်ဆောင်မှုအဖွဲ့အစည်း၏ အကြီးအကဲက ကုမ္ပဏီစည်းမျဉ်းများနှင့် အသင်းအဖွဲ့အစည်းမျဉ်းများကဲ့သို့ ၎င်းအဖွဲ့အစည်း၏ စည်းမျဉ်းများ/နည်းဥပဒေများအတွက် CRA ကို ဆောင်ရွက်ပေးရန် ACRC သို့ ပန်ကြားလာပါက ACRC သည် သက်ဆိုင်ရာအဖွဲ့အစည်းနှင့် တိုင်ပင်ဆွေးနွေးပြီးနောက် ဆန်းစစ်လေ့လာမှုကို ဆောင်ရွက်ပေးနိုင် ပါသည်။

၂ ပြည်သူ့ဝန်ဆောင်မှုအဖွဲ့အစည်း၏ အသစ်ပြဋ္ဌာန်း/ပြင်ဆင်သော စည်းမျဉ်းများ/နည်းဥပဒေများကို စာပိုဒ် (၁) နှင့်အညီ ဆန်းစစ်လေ့လာသောအခါ ဤစည်းမျဉ်း၏ အပိုဒ် ၅၊ ၇ နှင့် အပိုဒ် ၉ မှ ၁၁ အထိအတိုင်း ကျင့်သုံး ဆောင်ရွက် ရပါမည်။

၃ ပြည်သူ့ဝန်ဆောင်မှုအဖွဲ့အစည်း၏ တည်ဆဲဖြစ်သော စည်းမျဉ်းများ/နည်းဥပဒေများကို စာပိုဒ် (၁) နှင့်အညီ ဆန်းစစ်လေ့လာသောအခါ ဤစည်းမျဉ်း၏ အပိုဒ် ၅၊ ၇၊ ၉နှင့် အပိုဒ် ၁၄ မှ ၁၇ စာပိုဒ် (၂) အထိအတိုင်း ကျင့်သုံး ဆောင်ရွက် ရပါမည်။

## အခန်း ၃ အဂတိလိုက်စားမှုဖြစ်နိုင်ခြေဆန်းစစ်လေ့လာချက်အတွက် အကြံဉာဏ်များ ပေးခြင်း

### ပုဒ်မ ၂၁ (အကြံပေးအဖွဲ့ဖွဲ့စည်းခြင်း)

၁ ဆန်းစစ်လေ့လာမှုလုပ်ငန်းစဉ်၏ ပညာရပ်ပိုင်းဆိုင်ရာ အဆင့်နှင့် တရားမျှတမှုတို့ မြင့်မားစေရန်အလို့ငှာ ACRC သည် CRA အကြံပေးအဖွဲ့(နောက်ပိုင်းတွင် "အကြံပေးအဖွဲ့" ဟုသာ ဆက်လက်သုံးနှုန်းသွားပါမည်) အား ACRC အက်ဥပဒေလိုက်နာရေး ကြပ်မတ်ဆောင်ရွက်မှုဥပဒေ ပုဒ်မ ၃၁၊ အပိုဒ် (၁) နှင့်အညီ ဖွဲ့စည်းနိုင်ပါသည်။

၂ အကြံပေးအဖွဲ့တွင် သက်ဆိုင်ရာ အဖွဲ့အစည်းများမှ ထောက်ခံအကြံပြုထားသော သို့မဟုတ် ACRC မှ အောက်ပါအပိုဒ်ခွဲများနှင့် ကိုက်ညီသည့်အတွက် ရွေးချယ်ထားသော နယ်ပယ်အသီးသီးမှ ကျွမ်းကျင်ပညာရှင်များ ပါဝင်ပါသည်

၁။ တက္ကသိုလ်များ၊ သုတေသနဌာနများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းအုပ်စုများ သို့မဟုတ် အစိုးရအဖွဲ့အစည်း များတွင် အလုပ်လုပ်နေသည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများတွင် ကျွမ်းကျင်မှု ရှိသူများ၊

၂။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများတွင် အတွေ့အကြုံများနှင့် ဗဟုသုတများ ရှိသော အရည်အချင်း ပြည့်မီသည့် ရှေ့နေများ၊ မူပိုင်ခွင့်ရှေ့နေများ၊ စာရင်းကိုင်များ၊ အင်ဂျင်နီယာများ သို့မဟုတ် အကောက်ခွန်ပွဲစားများ

၃။ ပညာရှင်အဖွဲ့အစည်းတစ်ခုမှ အဖွဲ့ဝင်ဖြစ်ပြီး စာပိုဒ် ၁ သို့မဟုတ် ၂ တွင် ဖော်ပြထားသည့်အရည်အချင်း များနှင့်တူညီသော ကျွမ်းကျင်မှုများနှင့် အတွေ့အကြုံများ ရှိသည်ဟု အသိအမှတ်ပြုခံထားရသော အခြားသူများ၊

### အပိုဒ် ၂၂ (အကြံဉာဏ်တောင်းခံခြင်း)

၁ စည်းမျဉ်း၏ အပိုဒ် ၉၊ စာပိုဒ် (၁) ၏ စာပိုဒ်ခွဲများတွင် ဖော်ပြထားသော အကြောင်းများ ရှိပါက ဆန်းစစ်လေ့လာ သူသည် သက်ဆိုင်သည့်ကျွမ်းကျင်မှုများ ရှိသော အကြံပေးအဖွဲ့မှ ကျွမ်းကျင်ပညာရှင်များ သို့မဟုတ် အပိုဒ် ၂၁၊ စာပိုဒ် (၂)၏ စာပိုဒ်ခွဲများတွင် ဖော်ပြထားသည့်၊ ACRC ၏ ပြင်ပကျွမ်းကျင်ပညာရှင်များစာရင်းတွင် ပါရှိသည့် ပြင်ပ ကျွမ်းကျင်ပညာရှင်များထံမှ အကြံပြုချက်များကို တောင်းခံနိုင်ပါသည်။

၂ အရေးကြီးသောကိစ္စရပ်များကို ကိုင်တွယ်ဖြေရှင်းရန်အတွက် အကြံပြုချက်များ တောင်းခံသောအခါ ဆန်းစစ် လေ့လာသူသည် တစ်ဦးထက်မကသော ကျွမ်းကျင်ပညာရှင်များထံမှ အကြံဉာဏ်များကို တောင်းခံနိုင်ပါသည်။

### Article 23 (Methods for Receiving Advice)

၁ ဆန်းစစ်လေ့လာသူသည် ဤစည်းမျဉ်း၏ နောက်ဆက်တွဲ ၆ တွင် ဖော်ပြထားသည့်အတိုင်း CRA အတွက် အကြံဉာဏ်တောင်းခံမှုပုံစံကို အသုံးပြုကာ တောင်းခံရပါမည်။

၂ ဆန်းစစ်လေ့လာသူသည် လိုအပ်သည်ဟု ယူဆပါက ကျွမ်းကျင်ပညာရှင်များနှင့် ဆွေးနွေးပွဲများ သို့မဟုတ် အစည်းအဝေးများ ကျင်းပနိုင်ပါသည်။ အရေးကြီးသော ကိစ္စရပ်များကို ကိုင်တွယ်ဖြေရှင်းသောအခါ ကျွမ်းကျင်ပညာ ရှင် နှစ်ဦး သို့မဟုတ် ထို့ထက်များသော ပညာရှင်များကို အဆိုပါဆွေးနွေးပွဲများ သို့မဟုတ် အစည်းအဝေးများသို့ ဖိတ်ကြားရပါမည်။

၃ ဆန်းစစ်လေ့လာသူသည် လိုအပ်ပါက အကြံဉာဏ်များကို လက်ခံရရှိရန်အတွက် တယ်လီဖုန်း၊ ဖက်စက်၊ အီးမေးလ် သို့မဟုတ် အခြားဆက်သွယ်ရေးနည်းလမ်းအမျိုးမျိုးကို အသုံးပြုနိုင်ပါသည်။

### ပုဒ်မ ၂၄ (အကြံဉာဏ်ပေးခြင်းအတွက် ချီးမြှင့်ခြင်း)

ဆန်းစစ်လေ့လာသူများမှ တောင်းဆိုသောအခါ CRA အတွက် သဘောထားအမြင်များ ပေးခဲ့သည့် ကျွမ်းကျင်ပညာရှင် များအား ACRC က ချီးမြှင့်ငွေများ ပေးအပ်ပါသည်။ ချီးမြှင့်ငွေများကို ACRC က ဆုံးဖြတ်သတ်မှတ်သည့် ဘတ်ဂျက် အတွင်းမှ ပေးအပ်ရပါမည်။

### အပိုဒ် ၂၅ (အသေးစိတ်လုပ်ငန်းလမ်းညွှန်ချက်များ)

ဤစည်းမျဉ်းတွင် ဖော်ပြမထားသည့် အကြံပေးအဖွဲ့ဖွဲ့စည်းဆောင်ရွက်ရန်အတွက် လိုအပ်သည့် အခြားအသေးစိတ် ကိစ္စရပ်များကို အဖွဲ့ဥက္ကဋ္ဌမှ ACRC နှင့် တိုင်ပင်ဆွေးနွေးပြီးနောက်တွင် ဆုံးဖြတ်ဆောင်ရွက်နိုင်ပါသည်။

## အခန်း ၄ | စာရွက်စာတမ်းများ၊ သတင်းအချက်အလက်များ၊ စွမ်းဆောင်ရည်များအား စီမံခန့်ခွဲခြင်း

### အပိုဒ် ၂၆ (စာရွက်စာတမ်းများအား စီမံခန့်ခွဲခြင်း)

၁ ဆန်းစစ်လေ့လာသူသည် စာရွက်စာတမ်းများအား တင်သွင်းသည့် အစီအစဉ်အလိုက် နံပါတ်များ (တင်သွင်းသည့် နေ့စွဲ၊ နံပါတ်စဉ်များဖြင့် အုပ်စုခွဲပါသည်) တပ်ရပါမည်။

၂ ဆန်းစစ်လေ့လာသူသည် စာရွက်စာတမ်းများအား တင်သွင်းသည့်နေ့နှင့် ဆန်းစစ်လေ့လာမှုပြီးဆုံးနေ့ကြား ထွက်လာသော ဆန်းစစ်လေ့လာမှုနှင့်သက်ဆိုင်သော စာရွက်စာတမ်းများအား စီမံခန့်ခွဲမှုစနစ်အတွင်း မှတ်ပုံတင် စာရင်းသွင်းကာ ထိုစနစ်ကို အသုံးပြု၍ စာရွက်စာတမ်းများအား စီမံခန့်ခွဲရပါမည်။

### အပိုဒ် ၂၇ (အဂတိလိုက်စားမှုနှင့်စပ်လျဉ်းသော သတင်းအချက်အလက်များများအား စုဆောင်းခြင်းနှင့် စီမံခန့်ခွဲခြင်း)

CRA ဌာန ညွှန်ကြားရေးမှူးသည် ဆန်းစစ်လေ့လာမှုတွင် အသုံးပြုရန်အတွက် အဂတိလိုက်စားမှုနှင့်စပ်လျဉ်းသော သတင်းအချက်အလက်များ (ဥပမာ ဖြောင့်မတ်မှန်ကန်မှုဆန်းစစ်ချက် ရလဒ်များ၊ အဂတိလိုက်စားသော အစိုးရအရာရှိ များ၏ စာရင်းအင်းအချက်အလက်များနှင့် ACRC သို့ သတင်းပို့အစီရင်ခံထားသော အမှုများကို ပြန်လည်သုံးသပ် ချက်များ၊ စသည်) ကို စုဆောင်းခြင်းနှင့် စီမံခန့်ခွဲခြင်းတို့ကို ဆောင်ရွက်နိုင်ပါသည်။

### အပိုဒ် ၂၈ (အဂတိလိုက်စားမှုဖြစ်နိုင်ခြေ ဆန်းစစ်လေ့လာချက် စီမံခန့်ခွဲမှုစနစ် တည်ထောင်ခြင်း)

CRA ဌာန ညွှန်ကြားရေးမှူးသည် ဆန်းစစ်လေ့လာရမည့် စာရွက်စာတမ်းများ၊ ကျွမ်းကျင်ပညာရှင်များထံမှ အကြံဉာဏ် များ၊ စသည်နှင့် ဆန်းစစ်လေ့လာမှုရလဒ်များကို စနစ်တကျ မှတ်ပုံ တင်ကာ စီမံဆောင်ရွက်နိုင်ရန်အတွက် CRA စီမံခန့်ခွဲမှုစနစ်တစ်ခုကို တည်ထောင်ဆောင်ရွက်နိုင်ပါသည်။

### အပိုဒ် ၂၈-၂ (အဂတိလိုက်စားမှုဖြစ်နိုင်ခြေ ဆန်းစစ်နိုင်မှုစွမ်းရည်များအား စီမံခန့်ခွဲခြင်း)

၁ ACRC သည် ဆန်းစစ်လေ့လာသည့်နည်းစနစ်များ တိုးတက်ကောင်းမွန်စေရေးနှင့် ဆန်းစစ်လေ့လာသူများ၏ ကျွမ်းကျင်မှုများ မြင့်မားစေရန် ကြိုးပမ်းအားထုတ်ဆောင်ရွက်ရမည်။

၂ ACRC သည် ဗဟိုအုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဒေသန္တရအစိုးရများ၊ ပြည်သူ့ဝန်ဆောင်မှုအဖွဲ့အစည်းများ၏ ဆန်းစစ်လေ့လာမှုစွမ်းရည်များ တိုးတက်စေရန်နှင့် အဆင့်များအားလုံးရှိ အဖွဲ့အစည်းများကိုယ်တိုင် အဂတိ လိုက်စား မှုကို ဖြစ်စေနိုင်သည့်အချက်များအား သတ်မှတ်ဖော်ထုတ်ခြင်း၊ ရှင်းလင်းဖယ်ရှားခြင်းများ လုပ်ဆောင်ရေး အားပေး တိုက်တွန်းနိုင်ရန် နည်းလမ်းများကို ချမှတ်အကောင်အထည်ဖော်နိုင်ပါသည်။

### အပိုဒ် ၂၉ (နောက်တစ်ကြိမ် ပြန်လည်ဆန်းစစ်လေ့လာမှုပြုရမည့် ကာလ)

သမ္မတ၏ အမိန့်ညွှန်ကြားချက်အမှတ် ၃၃၄ - ညွှန်ကြားချက်များနှင့် စည်းမျဉ်းများ ထုတ်ပြန်ခြင်းနှင့်စီမံခန့်ခွဲခြင်း ဆိုင်ရာ စည်းမျဉ်းနှင့်အညီ ဤစည်းမျဉ်းအား ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်းကဲ့သို့သော လုပ်ဆောင်ချက်များကို ဤစည်းမျဉ်းအား ထုတ်ပြန်ပြီးနောက်ပိုင်း ဥပဒေများ သို့မဟုတ် အခြေအနေအပြောင်းအလဲများကို ထည့်သွင်းစဉ်းစား ကာ ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့ နောက်ဆုံးထားကာ ဆောင်ရွက်ရမည်။

## ရည်ညွှန်းကိုးကားသည့် စာရွက်စာတမ်းများ

Anti-Corruption and Civil Rights Commission of the Republic of Korea. 2011. "Operational Guidelines for Corruption Risk Assessment".

Anti-Corruption and Civil Rights Commission of the Republic of Korea. 2012. "The Anti-Corruption Policy of Korea and Efforts to Enhance the Integrity".

Anti-Corruption and Civil Rights Commission of the Republic of Korea. 2015. "Guidelines for the 2016 Corruption Impact Assessment".

Anti-Corruption and Civil Rights Commission of the Republic of Korea. 2017. "Handbook for the Corruption Impact Assessment".

Anti-Corruption and Civil Rights Commission of the Republic of Korea. 2018. "2017 Annual Report".

Choi, Jinwook, Park, Joonghoon, and Lee, Ahjung. 2017. Development Solutions Think Piece Series No. 2: Anti-Corruption Policies and Institutions in Korea and Singapore. United Nations Development Programme, Seoul Policy Centre for Global Development Partnerships, Seoul.

## အခြားဝက်ဆိုက်လင့်ခ်များ

More about Anti-Corruption and Civil Rights Commission (ACRC): http://www.acrc.go.kr/en/index.do

More about Board of Audit and Inspection (BAI): http://english.bai.go.kr

More about Supreme Prosecutors' Office (SPO): http://www.spo.go.kr/eng/about/departments.jsp

# ဖွံ့ဖြိုးမှုအတွက် အဖြေများ ပူးပေါင်းရှာဖွေခြင်း

## ဖွံ့ဖြိုးမှုအတွက် တစ်ကမ္ဘာလုံးပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ UNDP ဆိုးလ်မူဝါဒစင်တာ

UNDP သည် ကိုရီးယားနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုဆီသို့ ရှေးရှုရာ လမ်းကြောင်းတစ်လျှောက်ရှိ နယ်ပယ်ပေါင်း ၂၀ ကျော်မှ စီမံချက်ပေါင်း ၂၇၀ ကို အကောင်အထည်ဖော်နိုင်ရန်အတွက် ကိုရီးယားပြည်သူများနှင့် ကိုရီးယား နိုင်ငံအစိုးရအား နှစ်ပေါင်းလေးဆယ်ကျော် (၁၉၆၃-၂၀၀၉) ကူညီပံ့ပိုးလာခဲ့ပါသည်။ ကိုရီးယားနိုင်ငံသည် ဖွံ့ဖြိုးရေး အကူအညီအထောက်အပံ့များတွင် ထိရောက်စွာ ပါဝင်ကူညီမည့်နိုင်ငံအဖြစ် အခိုင်အမာပြသသည့် အနေဖြင့် OECG ဖွံ့ဖြိုးမှုအကူအညီများကော်မတီ (DAC) သို့ ဝင်ရောက်ခဲ့သည့်အတွက် UNDP သည် ကိုရီးယားနိုင်ငံရှိ ၎င်း၏ ဌာနေရုံးအား ၂၀၀၉ ခုနှစ်တွင် ပိတ်ခဲ့ပါသည်။ ထို့နောက် ကိုရီးယားနိုင်ငံနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများကြား ပူးပေါင်းဆောင်ရွက်မှုအသစ်များကို UNDP ၏ ကွန်ရက်များမှတစ်ဆင့် ကူညီပံ့ပိုးပေးနိုင်ရန်အတွက် UNDP ဆိုးလ်မူဝါဒစင်တာ (USPC) ကို ထူထောင်ခဲ့ပါသည်။ USPC အား ကိုရီးယားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် UNDP တို့မှ ပူးတွဲ ရန်ပုံငွေ ပံ့ပိုးပေးပါသည်။

## "ဖွံ့ဖြိုးမှုအတွက် အဖြေများ ပူးပေါင်းရှာဖွေခြင်း" (DSP) ဆိုသည်မှာ အဘယ်နည်း

DSP သည်   ကိုရီးယားနိုင်ငံ၏ ဖွံ့ဖြိုးမှုအတွေ့အကြုံများနှင့် ဆန်းသစ်တီထွင်သော မူဝါဒနည်းလမ်းများအား ကျယ်ပြန့်သည့် UNDP ကွန်ရက်မှတစ်ဆင့် ဖြန့်ဝေပေးသည့် USPC အစီအစဉ်၏ အဓိကကျသော အစိတ်အပိုင်းတစ်ခု ဖြစ်ပါသည်။ DSP သည် နိုင်ငံများအား စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ၎င်းတို့၏ ဦးစားပေးကိစ္စရပ်များ ပြည့်မြောက်အောင်မြင်စေရေးအတွက် ကိုရီးယားနိုင်ငံ၏ မူဝါဒနည်းလမ်းများကို လိုက်လျောညီထွေ ပြင်ဆင်အသုံးပြုနိုင်အောင် ကူညီပေးနိုင်ရန် ကြိုးပမ်းဆောင်ရွက်ပါသည်။

ကိုရီးယားစစ်ပွဲအပြီး ဖွံ့ဖြိုးမှုအကူအညီများကို လက်ခံရယူခဲ့သည့် နိုင်ငံအဖြစ်မှ အလှူရှင်နိုင်ငံအဖြစ်သို့ ကူးပြောင်းခဲ့သော ကိုရီးယားနိုင်ငံတွင် ဖွံ့ဖြိုးဆဲနိုင်ငံများကို မျှဝေပေးနိုင်မည့် အလွန်ကြွယ်ဝ၍ လက်တွေ့ကျသော အတွေ့အကြုံများနှင့် ဗဟုသုတများ ရှိနေပါသည်။ သို့သော် ထက်သန်တက်ကြွသည့် အတွေးအကြံ များအား မြေပြင်တွင် လက်တွေ့အကောင်အထည်ဖော်နိုင်ဖို့ဆိုလျှင် ပြင်ဆင်ရမည့် လုပ်ငန်းပေါင်းများစွာနှင့် ခိုင်မာသည့် မိတ်ဖက်ပြုပူးပေါင်းမှုများ လိုအပ်မည်ဖြစ်ပါသည်။ မူဝါဒပိုင်းဆိုင်ရာ ဆန်းသစ်တီထွင်မှုများအား ခိုင်မာသောနည်းလမ်းများဖြင့် ရယူခြင်း၊ မျှဝေခြင်းနှင့် လက်တွေ့အသုံးပြုခြင်းတို့ ပြုလုပ်နိုင်ရန်အတွက် စုပေါင်းအားထုတ်ကြိုးပမ်းကြရပါမည်။ "ဘာသာပြန်ဆိုမှုတွင် အဓိပ္ပါယ်ပျောက်ဆုံးသွားခြင်း" မရှိဘဲ ရှေ့ဆက်နိုင်စေရန်အတွက် ကန့်လန့်ကာနောက်ကွယ်မှ ပံ့ပိုးဆောင်ရွက်ပေးမှုပေါင်း မြောက်များစွာ လိုအပ်ပါသည်။ ဘာသာစကားအရ ဘာသာပြန်ဆိုမှုပေးရုံမျှသက်သက်မဟုတ်ဘဲ၊ လက်တွေ့လုပ်ကိုင် ဆောင်ရွက်နေကြသူများကြား အဓိပ္ပါယ်ပြည့်ဝစွာ ရှင်းလင်း၊ ချိတ်ဆက်၊ မျှဝေနိုင်ရန်အတွက် စနစ်တကျနှင့် စဉ်ဆက်မပြတ် ပူးပေါင်းဆောင်ရွက်မှုများ လိုအပ်ပါသည်။


ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်
ဆိုးလ်မူဝါဒစင်တာ

Korea University 4F, International Studies Hall
145, Anam-Ro, Seongbuk-Gu, Seoul, Republic of Korea

အီးမေးလ် - info.kr@undp.org
ဝက်ဆိုက် - www.undp.org/uspc

အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် နိုင်ငံသား
အခွင့်အရေးများဆိုင်ရာ ကော်မရှင်
အစိုးရရုံးဝင်း - ဆေဂျုံ

20, Dorum 5-ro, Sejong-si, 30102
Republic of Korea

အီးမေးလ် - acrc@korea.kr
ဝက်ဆိုက် - www.acrc.go.kr